www.burmeseclassic.com

# နေနွယ်ဇင်မြင့်

## တွယ်တာရစ်နှောင်ဖွဲ့




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# နေနွယ်ဇင်မြင့်

# တွယ်တာရစ်နှောင်ဖွဲ့

BURMESE CLASSIC .com

စီစဉ်သူ


မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



## အခန်း(၁)

အခန်းသည် •သင့်ရုံမျှသာ ကျယ်သည်။

ပုဂ္ဂလိကဆေးခန်းမို့ ဆေးရုံကြီးတွေလို ပြန့်ပြူး ကျယ်ပြောခြင်း မရှိလှပါ။ အလင်းရောင်သည် လူနာ၏ဝမ်းဗိုက်သားနေရာပေါ်တွင် ကွက်လျက် စူးရှထိန်လင်းနေ၏။ ခုတင်ပေါ်မှာ မေ့မြောနေသည့် အမျိုးသမီးလူနာသည် ဗိုက်ပွင့်လျက်၊ ပက်လက်။

ဆေးပညာကို နားမလည်သူအတွက် ဗိုက်ဟောင်းလောင်းထဲမှာ ဘာတွေမှန်းမသိ ခြင်းခြင်းရဲလျက်မို့ မြင်ကွင်းသည် မကြည့်ရဲ မမြင်ရဲ၊ တုန်လှုပ်ချောက်ချားဖွယ် ဖြစ်နေ၏။

စိုးစိုးကြည် မျက်နှာလွှဲလိုက်သည်။

ကိုယ်တိုင် ထဘီပြာဝတ် သူနာပြုဆရာမတစ်ဦးပါ။ လက်ရှိဝတ်ဆင်ထားသည့် ပိုးသတ်ပြီးသား ခွဲခန်းဝင်ဝတ်စုံသည် ရင်ထဲမှာ မချိတင်ကဲဝေဒနာကို အားဖြည့်မပေးနိုင်အောင်ဖြစ်နေ၏။ ဆရာဝန်ကြီးကတော့ ပြောသား။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လူနာတစ်ယောက်ပဲ ကုချင်တယ်၊ စတပ်ဖ် ကျွန်တော့်ကို မကူညီပါနဲ့"တဲ့။

တခြားဆရာမတွေ ဆရာဝန်ကြီးကို ကူညီနေကြသည်။ စိုးစိုးကြည်က ကျွန်မ ဆရာမပါ၊ စတပ်ဖ်ပါ ဆရာကြီးရယ်၊ ကူညီခွင့်မရလျှင်တောင် ဝင်တော့ကြည့်ပါရစေဟု ငိုယိုခွင့်တောင်းခဲ့သည့်မို့၊ သူနာပြုဆရာမလည်း ဖြစ်နေသည်မို့ ဆရာကြီးက ခွင့်ပြုခဲ့ခြင်း ဖြစ်ပါ၏။

"ကဲ ... ကဲ ... ချော့လိုက်ကြပါဦး၊ ဝင်ပါစေတော့" တဲ့။

ခွင့်ပြုချက်သည် စိုးစိုးကြည်၏ အငိုအရှိုက်ကိုတန့်စေ၏။ စိုးစိုးကြည် မျက်နှာသစ်သည်။ ပေါင်းတင်ထားသည့် ခွဲခန်းဝတ်စုံကို ဝတ်သည်။ ခွဲခန်းထဲသို့ ဆေးပညာရှင်များနှင့်အတူ ဝင်ရောက်ခဲ့သည်။ ခုတော့ မှားပြီ။

ဘယ်လိုဥပေက္ခာနှလုံးသားမျိုးနှင့် တစ်ဦးတည်းသော ညီမလေး စိုးစိုးရီကို ကြည့်နိုင်ရက်မှာတဲ့လဲ။

စိုးစိုးကြည် နောက်တစ်လှမ်းဆုတ်သည်။ မျက်စိမှိတ်လိုက်၏။

ဆရာဝန်ကြီး လက်မြှောက်လိုက်သည်။ ဘာတွေစိုရွှဲပေရေနေမှန်းမသိသည့် ကလေးလေး ဖောက်ထိုးပါလာ၏။ စိတ်မှန်းဖြင့် ကလေး အပြင်ရောက်လောက်ပြီဟုသိသော စိုးစိုးကြည် ရင်ထဲ ဝုန်းခနဲဆောင့်ခုန်သွားသည်။

မငိုပါလား။



မိခင်ဝမ်းမှကျွတ်လာသည့် ကျန်းမာသန်စွမ်းသော ကလေးတိုင်းသည် "အူ ... ဝဲ ... ဝဲ"ဟူ၍ သံရှည်ဆွဲလျက်အော်ကာ လောကကြီးထဲသို့ ကြွေးကြော်ဝင်ရောက်လာမြဲဖြစ်၏။ ကြွေးကြော်နိုင်ခြင်းကင်းသည့် လူအသေးစားကလေးများသည် လူ့လောကထဲသို့ ခန္ဓာကိုယ်သာ ရောက်လာလျက် ဝိညာဉ်ပါမလာတတ် ဖြစ်တတ်၏။

စိုးစိုးကြည် ခေါင်းငုံ့ချလိုက်သည်။ မျက်ရည်စက်လက်တွေက ခတ်ခွဲခန်းကြမ်းပြင်ပေါ်သို့ ပိုးပိုးပေါက်ပေါက် တဖောက်ဖောက် ကျလေ၏။ နောက်ထပ် တစ်လှမ်းထပ်ဆုတ်သည့်အခါမှာ တံခါးဝနားသို့ ရောက်နေပြီ။

ဆရာဝန်ကြီးက အကူဆရာဝန် ဆရာမတွေလက်ထဲသို့ သုံးပြီးသားဓား၊ ကတ်ကြေး၊ အပ် စသည့် ခွဲစိတ်ကိရိယာများတင်ပေးသည့် အခိုက်မှာတောင် ညင်သာသံ တိုးတိုးလေး ထွက်လာသည်ဟု ထင်ရ၏။ အခန်းသည် အဲသလောက်ထိ တိတ်ဆိတ်သည်။ စိုးစိုးကြည် ခေါင်းထဲမှာ မူးလာသည်။

မျက်ရည်စက်လက်က စီးကျမြဲကျလျက်။

ဗိုက်ပေါင်းလောင်းပွင့် အမျိုးသမီးငယ်သည် စိုးစိုးကြည် အလွန်ချစ်ရပါသော ညီမလေးဖြစ်၏။ "စိုးစိုးရီ"တဲ့။ သည်တစ်ကမ္ဘာလုံးမှာ သွေးသားရင်းချာဆိုလို့ သည်ညီအစ်မနှစ်ယောက်တည်းရှိသည်။ အလွန်ချစ်သည်ဟု ပြောရမှာတောင် ခံစားချက် ပေါ့တိမ်သွားမှာစိုးသည်မို့ မပြောရက်ပါ။ သည့်ထက် ချစ်လို့ရလျှင် ချစ်ချင်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးညီမလေး၏ မင်္ဂလာပွဲကို ကျေနပ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်းကဲ့သို့သော ဆန့်ကျင်ဘက် ခံစားမှုများကို ရင်ထဲမှာ အပြည့်ထည့်လျက် ဆင်နွှဲခဲ့ရ၏။ ညီမလေး၏ရင်သွေးသည်၊ စိုးစိုးကြည် ရင်မှဖြစ်သည်နှင့်မခြား။ ခုတော့ တူလေးလား၊ တူမလေးလားတောင် သိခွင့်မရလိုက်ပါလား။ သိမှဖြစ်မည်။ စုံမှိတ်ထားသည့် မျက်ဝန်းစုံကို ကြောက်ရွံ့စွာ ဖြည်းဖြည်းဖွင့်သည်။ မေးကျဉ်း၍ ကြည့်ဖို့ကြိုးစား၏။ ခြေဖျားကို နည်းနည်းထောက်သည်။

"သုံးမိနစ်"

စကားသံက တိုးသည်။ တိုးတိုးသဲ့သဲ့ကလေးက နားစည်ကို ပြင်းထန်စွာ ဆောင့်လေ၏။ နာကျင်သွားသည်။ ရင်တဲမှာ ရှူးခနဲ ထိုးအောင့်သွားသည်။ ဘာအဓိပ္ပာယ်လဲ။ ဆရာဝန်ကြီး၏နှုတ်ဖျားမှ ထွက်ပေါ်လာသော သုံးမိနစ်ဆိုသည့် စကားသည် ဘယ်လောက်နက်ရှိုင်းဆိုးရွားသည့် အကုသိုလ်ကို ရည်ညွှန်းပါသနည်း။

ခွဲစိတ်ခန်းတံခါးကို ဝုန်းခနဲ တွန်းဖွင့်ပစ်လိုက်သည်။ ဆေးရုံကော်ရစ်ဒါပေါ် ဝမ်းလျားထိုးလဲမတတ် မှောက်လျက်သားကြီး ပြေးထွက်ခဲ့လေ၏။



နှလုံးခုန်သံက ဘောက်ဘက်ခတ်နေ၏။ တစ်ချက် ထခုန်တိုင်း လူပါမြောက်တက်သွားမလား ထင်မိသည်။ ခွဲခန်း ထဲမှာ ချစ်လှစွာသော ဇနီးငယ်ငယ်လေးသည် သေမင်းကိုအန်တုနေ၏။ ကိုယ့်ဇနီးဘက်မှာ တတ်ကျွမ်းနားလည်သည့် ခွဲစိတ်ဆရာဝန်ကြီးများ၊ ဆေးပေးကုသမှု ဆရာဝန်ကြီးများ၊ အကူဆရာဝန်ကြီးများ၊ သူနာပြုဆရာမများနှင့် ဆေးဝါးများ၊ ဆေးပစ္စည်းများ ရှိနေသည်။

သူတို့အားလုံးက တစ်ဖက်မှ ဝိုင်းဆွဲပေးနေကြသည်။ ကျန်တစ်ဖက်မှာက အသူတစ်ရာနက်သောချောက်ကြီး။ အဲသည်ထဲမှာ သေမင်းရှိသည်။ သေမင်းလက်တံကရှည်၏။ ချောက်ထဲမှ လှမ်းဆွဲချနေသည်။

ချစ်လှစွာသော ဇနီးသည်က ချောက်နှုတ်ခမ်းသို့ ရောက်နေပြီး ဆေးပညာရှင်အုပ်စုသည် ချောက်နှုတ်ခမ်းမှပင် စုပေါင်းအားဖြင့် ဝိုင်းဆွဲ ကျားကန်ပေးနေကြရသည်။

"လူကြီးရော ကလေးပါ အသက်ရှင်ပါစေ"

ကျန်းမာပါစေဟု ဆုမတောင်းဖြစ်ပါ။ မကျန်းမာ ချင်နေပါစေ ... နောက်မှ ငွေကိုပုံအောရ အောရ၊ ဘာကိုပဲအောရ

www.burmeseclassic.com

www.burmeseclassic.com



အောရ ကုယူတော့မည်။ လောလောဆယ် သေမင်းချောက်ကမ်းပါးထဲ ဇနီးရော ကလေးပါ ထိုးကျပါမသွားဖို့ပဲ အရေးကြီးသည်။

"အသက်ရှင်ပါစေ"

ဆုတောင်းရင်း နှလုံးသားနေရာဆီမှ ထိုးအောင့်သွားသည်။ ကျဉ်ခနဲ ဖြစ်သွားသည်။ စူးကျဉ်ကျဉ်ဝေဒနာက မီးခြစ်ဆံခေါင်းလောက်သာ ရှိသည့်နေရာမှာ ဖြစ်တည်လျက်ဘေးသို့ အကျယ်ကြီး ဖြာထွက်သွားသည်။ စူးကျဉ်စက်ဝိုင်း ကျယ်ပြန့်သွားသည်။ အသက်ရှူ ကျပ်သွား၏။ ရင်ဘတ်ကိုဖိနိုက်မှာပဲ ခွဲခန်းတံခါး ဂုန်းခနဲ ပွင့်သွားသည်။

ဦးမြင့်မောင် မတ်တတ်ထရပ်လိုက်၏။

မျက်စိထဲ ပြာခနဲဖြစ်၍ လူပါ မိုက်ခနဲ ယိုင်ကျသွားတော့မလို ဖြစ်တာကို အားတင်း၍ ထိန်းလိုက်၏။ ခွဲခန်းထဲမှ ဟပ်လျားထိုး ပြေးထွက်လာသူက မရီးတော်သူ စိုးစိုးကြည်။ စိုးစိုးကြည်သည် မရီးမို့ အစ်မနေရာမှာရှိပေမယ့် ဦးမြင့်မောင်ထက် များစွာငယ်သည်။ ဇနီး စိုးစိုးရီဆိုလျှင် ထက်ဝက်နီးပါးကို ငယ်ရာ၏။

"စိုးစိုးကြည်"

ဦးမြင့်မောင် ပြေးသွားလိုက်သည်။ မှောက်ခုံကြီးလဲလုနီးပါး ပြေးထွက်လာသည့် မရီးရှေ့မှာ စုံရပ်သည်။ စိုးစိုးကြည် ဖြုန်းခနဲ တန့်၏။

"ရီရီလေး"

"သုံးမိနစ်"

"ခင်ဗျာ"



"မရှိတော့ဘူး"

"က ... ကလေး"

"အသက်မပါဘူး၊ ညီမလေးက လွန်ခဲ့တဲ့ သုံးမိနစ်ကပဲ သူ... သူ ..."

ဦးမြင့်မောင် မရီး၏ပခုံးကိုစုံကိုင်၍ လှုပ်လိုက်၏။ ဆွဲဆောင့်ကိုင်လှုပ်ယမ်းနေမိတာ အချက်ပေါင်း အကြိမ်ပေါင်းများစွာ။ နှစ်ယောက်လုံး၏ မျက်ဝန်းတွေက ပုစွန်မျက်လုံးလို ပြူးထွက်နေကြသည်။ အဆုပ်အညှစ်က ရုတ်တရက်ကြီး လျော့ကျသွားသည်။ ဦးမြင့်မောင် ရှုန်းခနဲပြိုလဲ၏။ စိုးစိုးကြည် ယောင်ယမ်း၍ လှမ်းဆွဲသည်။ မနိုင်ပါ။ နှစ်ယောက်လုံး ပြိုလဲကျသည်။ စိုးစိုးကြည်သာလျှင် လူးလဲထလာ၏။

ဦးမြင့်မောင် လူသွားစင်္ကြံပေါ်မှာ နှလုံးသွေးရပ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သုံးမိနစ်အတွင်းမှာ တစ်ခုခု မဖြစ်ဘူးဆိုရင် တို့ဘက်ကို ပါပြီ"

ကလေးကို နွေးထွေးစွာ ပတ်လိုက်ကြသည်။ ဗိုက်ခွဲထားသည့် လူနာက အိပ်ပျော်ရာမှ မနိုးတစ်ဝက်၊ နိုးတစ်ဝက်လိုလို၊ မသိတစ်ချက် သိတစ်ချက် အသံတွေကိုလည်း ကြားနေရသည်။ မျက်စိကျတော့မဖွင့်နိုင်။ ခေါင်းထဲက မခံမရပ်နိုင်အောင် မူးကိုက်၏။ တစ်ကိုယ်လုံး အသားတွေ ကျိန်းစပ်နေသည်။

ဗိုက်အတွင်းထဲမှာ ဘာတွေမှန်းမသိ၊ ထိုးကြိတ်ခံထားရသလို နာချင်နာချင်ဖြစ်၏။ ဗိုက်အရေပြားလည်း နာချင်သည်။ မခံမရပ်နိုင်အောင်တော့ မဟုတ်ပါ။ အသက်ရှူရကျပ်သည်။ နည်းနည်းမောချင်၏။ ပြီးတော့ အိပ်ပျော်သွားတော့သည်။

စိုးစိုးရီ ပြန်နိုးလာသည့်အချိန်မှာ တစ်ကိုယ်လုံး တရှိန်ရှိန်ပူနေသည်ဟု ခံစားရသည်။ မျက်စိတွေလည်းပူ၊ အာခေါင်တွေလည်းပူ၊ ရင်ထဲကလည်းပူ၏။ နှုတ်ခမ်းတွေခြောက်၍အလိပ်လိုက် ကွာထွက်နေသည်ဟု ခံစားရသည်။ မျက်စိဖွင့်ချင်စိတ်အရမ်းဖြစ်၏။ ဖွင့်ကြည့်သည်။ မပွင့်ဘူးလားမသိ။ ဘာကိုမျှမမြင်ရ။ မီးခိုးရောင်တိမ်ကြီးတွေ ရွေ့နေသည်ဟု ထင်၏။



"မစိုးစိုးရီ ... နေကောင်းလား"

သည်အသံကို ကြားဖူးသည်။

ဘယ်သူပါလိမ့်။ အစ်ကိုကြီးလား ... မဟုတ်ဘူးထင်သည်။ အစ်ကိုကြီးကယောကျ်ား၊ အခုအသံက မိန်းမသံ၊ မမကြည်လား။ မမကြည်အသံက သည်လောက်မသေးမစူးဘူးထင်သည်။ မမကြည်အသံက ဝါ၍အောင်၏။

"ညီမလေး ... ရှိရှိ၊ သတိရလား"

ဟော ... အဲဒါမှ မမကြည်အသံပါ။ ဒါဆို စောစောကအသံဟာ သူနာပြုဆရာမလား။ ကိုယ့်တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေတာ လည်ချောင်းတွေ ခြောက်သွေ့အက်ကွဲနေတာ၊ ခေါင်းထဲက မူးကိုက်အောင့်ကျိန်းနေတာတွေဟာ ကိုယ် ဆေးဝါးကုသမှု တစ်ခုခုကို ခံယူထားရလို့ ဖြစ်နေတာတွေ မဟုတ်လား။ ဟုတ်ပါပြီ။ ကိုယ် ဗိုက်နာခဲ့တာ ကလေးမွေးဖို့အတွက် ဗိုက်နာခဲ့တာ။ အချိန်က ကြာသင့်တာထက် အများကြီးပိုကြာသွားခဲ့တာကို မှတ်မိလာ၏။

ကိုယ်ဆေးရုံကို ရောက်လာခဲ့တာ သုံးရက်လား၊ နှစ်ရက်လား၊ လေးရက်လား မမှတ်မိပါ။ အဲသည်ကတည်းက ကိုယ့်နားမှာ သူနာပြုဆရာမတစ်ယောက် ရှိနေခဲ့သည်ဆိုတာ သတိရလာသည်။ ကိုယ် ကလေးမွေးပြီးပြီလား။ ကလေးငိုသံမကြားရသေးဘူးထင်သည်။ မမွေးသေးဘူးလား။

မဟုတ်ပါဘူး၊ မွေးပြီးလောက်ပါပြီ။ တစ်ကိုယ်လုံး ကတ်ကြေးနဲ့ညှပ်၊ ဓားနဲ့လှီးခံထားရသလို နာနေတာပဲ။ စောစောကထက်တောင် အခု ပိုနာလာပြီ။ ကိုယ်သိပြီ။ ကိုယ့်ဗိုက်ကိုခွဲခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြတာပဲ။ ကိုယ်ဗိုက်ခွဲခံခဲ့တာ၊ ဗိုက်ခွဲခံဖို့ ပြင်ဆင်နေတာ ကိုယ်ကောင်းကောင်းသိလိုက်တာပဲ။ ခွဲပြီးသွားပြီပေါ့။ ထုံဆေးတွေတောင် ပြယ်ပြီထင်သည်။ ဗိုက်က အသားတွေရော၊ အထဲက ဘာတွေမှန်း မသိ။ နာလိုက်တာ။

ကလေးက ဘာလေးလဲ။

သားလေးလား၊ သမီးလေးလား။ ကိုယ့်ကို ဘာဖြစ်လို့ လာမပြကြတာလဲ။ ကိုယ့်နားမှာ ကိုယ့်ရင်သွေးကို ထားမပေးကြဘူးလား။ ကလေးအသံ၊ ငိုသံလေးပဲပေါ့။ ကိုယ်ကြားချင်တယ်၊ ကြားပါရစေ၊ ကြားခွင့်ပေးကြပါ။ အစ်ကိုကြီးက ဘယ်ရောက်နေတာလဲ။ ကော်ရစ်ဒါမှာ ကလေးထွက်ထိန်းနေတာလား၊ မဟုတ်ဘူးနဲ့တူတယ်။ ကလေးပေါက်စလေးကို ဘယ်ပေးချီပါ့မလဲ၊ ယောက်ျားနဲ့သား ဘယ်မှာလဲ၊ သမီးလည်း ဖြစ်ချင်ဖြစ်နေနိုင်တာပဲ။

"သူ သတိမရသေးဘူး"

မဟုတ်ဘူးလို့ ငြင်းချင်သည်။ ရနေပြီ၊ ပြောကြစမ်းပါ။ အကျိုးအကြောင်းတွေ ... သည်မှာအကုန်လုံး ကြားနေရပါတယ်ရှင်ဟု အော်ပြောလိုက်သည်။ ကိုယ့်အသံမထွက်တာ ကိုယ့်ဘာသာ သိလိုက်သည်။ ခေါင်းထဲက မူးလိုက် ကိုက်လိုက်ပုံများ နားထင်ထဲ ကတ်ကြေးချွန်သွင်းပြီး ထိုးလိုက်မွှေလိုက် ညှပ်လိုက်များ လုပ်နေသလား ထင်မိသည်။

အမယ်လေးနော် ... မခံနိုင်လိုက်တာများနှယ်။

"ကလေးက အရမ်းကံကောင်းတာပဲ၊ သုံးမိနစ်အတွင်း အသက်ရှူမလာရင် မရနိုင်တော့ဘူး၊ ခုတော့ သုံးမိနစ်ပြည့်ဖို့ သုံးစက္ကန့်အလိုမှာ အသက်ရှူလာတယ်၊ စိတ်ချရပြီ"



မြတ်စွာဘုရား ... ကလေးလေးက ဝေဒနာနဲ့မမျှရှာပါလား၊ ဒါပေမဲ့ စိတ်ချရပြီဆိုပဲ။ တော်ပါသေးရဲ့၊ အသက်ရှင်ပြီပေါ့။ သားလေးလား၊ သမီးလေးလားဆိုတာ ပြောကြပါဦး။ ကိုယ်က ဘာဖြစ်လို့ အသံမထွက်ရတာလဲ၊ ခေါင်းမူးတာနဲ့ဆိုင်လား ... ဘုရား ... ဘုရား၊ ကယ်တော်မူပါ၊ ကိုယ့်တစ်ကိုယ်လုံးကို ချားရဟတ်ပေါ်မှာ တင်ထားကြသလား။ ဘယ်သူက မေတ္တာရိနှိပ်စက်ပြီး လှည့်ပေးနေတာလဲ။ မူးလှပါပြီ။ ရပ်ပါတော့။

"ကျွန်မက ကလေးကို အသက်ပါမလာဘူး ထင်တာ"

"ဩော် ... အဲဒါကြောင့် ရှင် ထွက်ပြေးသွားတာလား"

"မဟုတ်ဘူး၊ သုံးမိနစ်လို့ ဘယ်သူကမှန်းမသိဘူး၊ ပြောသံထွက်လာတာကို ရီရီ လွန်ခဲ့တဲ့ သုံးမိနစ်ကပဲ ဆုံးသွားပြီလို့ ထင်လိုက်မိလို့"

"ရှင် ဦးမြင့်မောင်ကို ပြောလိုက်မိသလား၊ အဲဒီလို"

"ဟုတ်ကဲ့"

"မိုက်လိုက်တာ၊ ဦးမြင့်မောင်ဆုံးတာ ဟုတ်အတက်ခ်"

အောင်မယ်လေး ... အစ်ကိုကြီး၊ ကျေးဇူးရှင်ကြီး။ မြင်းမိုရ်တောင်ကြီး ပြိုသွားပြီဆိုပါရောလား။ ဒါကြောင့် ... ဒါကြောင့် အစ်ကိုကြီးအသံကို မကြားရတာ၊ အစ်ကိုကြီး ... အစ်ကိုကြီးရေ ... ဒုက္ခသည်သားအမိကို ပစ်မထားခဲ့ပါနဲ့ရှင်၊ အစ်ကိုကြီးကလွဲလို့ အားကိုးရာ မရှိပါဘူး။

ကျွန်မကို လာကယ်ပါ၊ မူးလှပြီ။ ချားရဟတ်ကြီး ရပ်ပေးပါ။ ကျွန်မ အသက်ရှူလို့ မရတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ လာခြင်းကောင်းတဲ့ကလေး မဟုတ်ခဲ့ပါဘူး။ ကျွန်မရဲ့မိခင်ဟာ ကျွန်မကို သူ့ဗိုက်ထဲမှာထည့်ပြီး လွယ်လိုက်ရကတည်းက ကျန်းမာရေးချို့တဲ့ခဲ့တယ်တဲ့၊ ချူချာတယ်တဲ့။ ကျွန်မအဖေက ကျွန်မအမေထက် အသက်နှစ်ဆနီးပါးကြီးတယ်တဲ့။ ကျွန်မအမေရယ်၊ ကျွန်မ အခု ကြီးမေလို့ခေါ်နေတဲ့၊ ကျွန်မနဲ့ဘယ်တော့မှမတည့် မသင့်မြတ်တဲ့ တစ်ဦးတည်းသော ဆွေမျိုးရယ်၊ အဲသည်နှစ်ယောက်ဟာ ဆင်းရဲစွာ၊ ကျပ်တည်းစွာ၊ မလှပစွာ၊ ငတ်ပြတ်စွာ လူ့ဘဝရေစီးကို အလျားလိုက်ကူးတုန်းမှာ ကျွန်မအဖေဟာ ကယ်တင်ရှင် ဖြစ်ခဲ့တယ်တဲ့။

အဖေ့အားကိုးနဲ့ ဘဝကို ရပ်တည်ခဲ့ကြရတယ်တဲ့။

ကျွန်မကိုမွေးဖွားဖို့ အမေက ဗိုက်နာတဲ့အချိန်မှာ ကျွန်မက လူ့လောကထဲ ခုန်ချဖို့ မကြိုးစားဘဲ ပျင်းရိနေခဲ့တယ်တဲ့၊ လူ့ဘဝထဲ တိုးဝင်လာသင့်တဲ့အချိန် တော်တော်ကြီး ကျော်လာတော့မှ ကျွန်မကို ကျွန်မအမေဗိုက်ထဲက ခွဲထုတ်ပြီး လူ့ပြည်ကို ဇွတ်ပို့ဖို့ ကြိုးစားကြတယ်တဲ့။ ကျွန်မဟာ တစ်ကိုယ်လုံးကို ပြာနှမ်းပြီး အမေ့ဗိုက်ထဲက ထွက်လာခဲ့တယ်။



"ကျွန်မ လူ့ဘဝထဲရောက်ပြီ"လို့ ငိုကြွေးဟစ်အော်ဖို့ တာဝန်ကို ကျွန်မ လုံးဝမယူခဲ့ဘူးတဲ့။ တာဝန်မဲ့ကလေးတဲ့။ ကြီးမေက အဲသည်လို အမြဲပြောပါတယ်။ ကျွန်မဟာ သုံးမိနစ်အတွင်းမှာမှ အသက်ရှူမလာရင် သေတော့မယ်တဲ့။ ကျွန်မအမေဟာ ခွဲခန်းထဲက ခွဲစင်ပေါ်မှာ ဗိုက်ပွင့်ပက်လက်နဲ့ သေလုမြောပါး၊ ကျွန်မအဖေက သူ့ရဲ့နှလုံးရောဂါကို လက်နဲ့ဖိပြီး ခွဲခန်းအပေါက်ဝနဲ့ မနီးမဝေးမှာ အသက်မရှူဘဲ ကျွန်မတို့သားအမိ သတင်းကို စောင့်နေခဲ့တယ်တဲ့။

"ကျွန်မ အသက်ပါမလာဘူး၊ ကျွန်မအမေ လွန်ခဲ့တဲ့ သုံးမိနစ်ကပဲ သေဆုံးသွားပြီ"ဆိုတဲ့ လုံးဝ(လုံးဝ)မှားတဲ့ သတင်းဆိုးကြီးကို ဖေဖေ့ဆီ ရက်စက်စွာ သယ်ဆောင်သွားသူက ကြီးမေ။ သူ့အပြစ် သူ့တာဝန်။ ကျွန်မအဖေကို နှလုံးသွေးရပ်ပြီး လဲကျသေဆုံးသွားအောင် ဥပဒေဘောင်ထဲကနေ လူသတ်မှုတစ်ခုကို တရားဝင် ကျူးလွန်လိုက်တာ ကြီးမေ။

ကျွန်မအမေဟာ ခွဲစိတ်ပြီး သတိပြန်လည်မလာတော့ဘဲ သွေးခုန်နှုန်းတွေ သွေးဖိအားတွေ အရမ်း၊ အရမ်းမြင့်တက်လာပြီး သေဆုံးသွားတယ်လို့ ဆိုကြတာကို ကျွန်မ လက်မခံနိုင်ပါဘူး၊ ကျွန်မအမေဟာ သတ္တိကောင်းတဲ့ မိန်းမတစ်ယောက်ဖြစ်ချင် ဖြစ်နေမှာ။ အစောကြီး သတိပြန်ရချင် ရနေမှာ။ သူတို့ ကျွန်မအမေနားမှာ မပြောသင့်တဲ့စကားတွေ ပြောချင်ပြောနေနိုင်တာပဲ။ သူတို့ဆိုတာ ကျွန်မအမေကိုစောင့်တဲ့သူနာပြုရယ်၊ ကျွန်မ ကြီးမေရယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်အချိန်မှာ ကျွန်မ အသက်ရှူနေပြီမို့ ကျွန်မ ဆုံးပြီဆိုတဲ့ သတင်းမှားကြီးကိုတော့ ပြောဖြစ်မယ် မထင်ပါဘူး။ ကျွန်မက တရားမျှမျှတတ တွေးပါတယ်။ ကျွန်မအဖေ သေဆုံးသွားပြီဆိုတာကိုတော့ သူတို့ ပြောကိုပြောဖြစ်ကြမှာပါ။ ကျွန်မအမေက စကားမပြောနိုင်သေးဘဲ နားကကြားနေနိုင်တာ ဖြစ်ရမယ်။

အဲဒါကြောင့် ကျွန်မအမေ၊ ဗိုက်ခွဲထားတဲ့လူနာ၊ ရှေးမြန်မာ အယူအဆအရ သင်္ချိုင်းကုန်းကို မျက်စောင်းထိုးနေတဲ့ မီးနေသည်ဟာ သွေးတက်ပြီး သေဆုံးခဲ့တာပဲ ဖြစ်ရမယ်။

ဖြစ်ကို ဖြစ်ရမယ်။ ကျွန်မ အဲသည်လိုပဲ ယုံတယ်။

"နင်ဟာ ဂြိုဟ်မ၊ နင့်ကို မွေးရလို့ ငါ့ညီမသေတယ်၊ ငါ့မတ်သေတယ်၊ ငါ့ကို တစ်သက်လုံး ဒုက္ခပေးဖို့ နင်က ကျန်ခဲ့တယ်"

ကြီးမေက စိတ်ဆိုးတိုင်း၊ ကျွန်မနဲ့ ရန်ဖြစ်တိုင်း အဲသည်စကားကိုပြောတယ်။ ရန်ကလည်း နေ့တိုင်းဖြစ်တယ်။ တစ်နေ့မှာ သုံးလေးကြိမ်ဖြစ်တယ်။ အနှစ်နှစ်ဆယ်နီးပါးဆိုတဲ့ သက်တမ်းကာလအတွင်းမှာ ကျွန်မနားမလည်သေးတဲ့ အချိန်ကရော၊ နားလည်လာပြီးမှ အချိန်ရော ပေါင်းလိုက်လျှင် ...

"နင်ဟာဂြိုဟ်မ"ဆိုတဲ့ စကားဟာ ကျွန်မရဲ့နားထဲကို အကြိမ်ပေါင်း နှစ်သောင်းကျော် သုံးသောင်းနီးပါး ဝင်ခဲ့ပြီးပြီ ဖြစ်ရမယ်။



"ကြီးမေက လူကြီးဖြစ်ပြီး အဆင်ခြင်နည်းလို့၊ ကြီးမေ မသိတတ်လို့ အဖေရော အမေရော သေပြီး ကျွန်မ တစ်ကောင်ကြွက် ဖြစ်ရတာ၊ ကြီးမေကြောင့်၊ ကြီးမေအပြစ်"

ရန်ဖြစ်တိုင်း ကျွန်မက အဲသည်လို ပြန်ပြောခဲ့တာ ဆယ်နှစ်လောက်ရှိပြီ။ နေ့တိုင်းလည်းပြောတယ်၊ တစ်နေ့လည်း သုံးလေးကြိမ် ပြောတယ်ဆိုတော့ ကျွန်မကို အသက်မသေအောင် စောင့်ရှောက်ကျွေးမွေး၊ ကျောင်းထားပေး (အဲဒါတွေအားလုံး စုစုဆောင့်ဆောင့်)၊ လူဖြစ်အောင် မွေးလာတဲ့ မျက်နှာကြောမတည့်တဲ့ ကျေးဇူးရှင်ကို ကျွန်မ ခံပက်တဲ့အကြိမ်ပေါင်းက တစ်သောင်းကျော် တစ်သောင်းခွဲလောက်ရှိမယ်။

ကြီးမေက ကျွန်မကို အမြဲဆူတယ်၊ ဆောင့်တယ်၊ အောင့်တယ်၊ အပြစ်တင်တယ်။ ဒါပေမဲ့ မိဘရင်းနဲ့ နေကြရတဲ့ ကလေးတွေကိုမှ သူတို့မိဘက ရိုက်နှက်ဆုံးမချင် ဆုံးမဦးမယ်၊ ကြီးမေက ကျွန်မကို တစ်ခါမှ မရိုက်မနှက်ခဲ့တာ၊ ကျွန်မ စိတ်ကောင်းဝင်တဲ့အခါလေးတွေမှာ ကျွန်မ ကျေးဇူးတင်မိတယ်။

ကျွန်မကလည်း တစ်ခွန်းမခံ နေ့ရှိသရွေ့ ပြန်ပက်နေခဲ့တာပေမယ့် ကျွန်မ ဝတ်စရာအဝတ် နည်းပါးနေတဲ့အခါတွေ၊ ကြီးမေ အင်္ကျီလုံချည်အသစ်ကလေးတွေ ဝယ်လာပေးတဲ့ အခါတွေမှာ ကြီးမေက ...

"ဂြိုဟ်မ ... ဒီလိုတော့လည်း လှသား"လို့ ပြုံးတောင့်ပြုံးခဲ အပြုံးကြီးနဲ့ ပြောလေ့ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကြီးမေ ပြောစရာမလိုပါဘူး၊ ကိုယ့်ကိုယ်ကိုယ် အသိဆုံး"လို့ ကျွန်မ ပြန်ပြောပစ်လိုက်တယ်။ ဟုတ်တယ်လေ ... ကျွန်မလှတာ ကျွန်မကိုယ်ကျွန်မထက် ဘယ်သူက ပိုသိရဦးမှာလဲ၊ ကျွန်မကိုယ်တိုင် အသိဆုံးပေါ့။ သူတို့တွေ သိကြတာက အပေါ်ယံပါ။

ကျွန်မဆံပင်တွေဟာ နက်မှောင်ပြီး ပိုးသားလိုနုထွေးပျော့အိနေတယ်။ ကျွန်မရဲ့အသားရောင်ဟာ ဆင်စွယ်နှစ်လိုဝါဖန့်ဖန့်လေးစွက်တဲ့ အဖြူနောက်ရောင်။ ကျွန်မရဲ့မျက်ခုံးတန်းတွေဟာ စိမ်းညို့ညို့တောတန်းတွေလို ဆေးကူစရာလည်းမလို၊ နုတ်သိမ်းစရာလည်းမလို၊ သဘာဝတရားနဲ့ စွဲမက်စရာကောင်းလောက်အောင်ကို လှပကြတယ်။

ကျွန်မရဲ့နှာတံဟာ ဖြောင့်စင်းစွာ ဆင်းလာပြီးမှ နှာသီးဖျားလေးမှာ ယောင်ယောင်လေး ကော့ချွန်တက်သွားတာကမ္ဘာမှာ နာမည်ကျော်ကြားခဲ့တဲ့ မင်းသမီး "နတ်တလီဝုဒ်"နဲ့သွားတူပြီး ဆွဲဆောင်ညှို့ငင်မှု အပြည့်ရှိတယ်တဲ့၊ ပြောကြတယ်။ နှုတ်ခမ်းထူထူ ဝိုင်းဝိုင်းစိုစိုလေးတွေကတော့ နှုတ်ခမ်းပါးလေးနဲ့လှလိုက်တာလို့ ပြောကြတဲ့ခေတ်မှာ တစ်မူထူးခြားတဲ့ အလှတစ်ပါးပါပဲ။

ပင့်ကူတစ်ကောင်ရဲ့ စေးပျစ်တဲ့ ကွန်ရက်မှာ ပိုးဖလံတိုင်း ကပ်ငြိကျရှုံးကြရသလို ဆန့်ကျင်ဘက် ဖိုသတ္တဝါတွေကော၊ မဆန့်ကျင်တဲ့ မ,သတ္တဝါတွေပါ ကျွန်မ မျက်ဝန်းအကြည့်တစ်ချက်မှာ ဒူးထောက် အညံ့ခံကြရတယ်လို့ ဆိုပါတယ်။ ဒါတွေဟာ



သူတို့ လူသားအားလုံး မြင်တွေ့ခံစား ချီးမြှောက်ကြတဲ့ မြင်မြင်ထင်ထင် အလှတရားတွေပါ။

ကျွန်မရဲ့ကိုယ်ခန္ဓာပေါ်မှာ ကျွန်မကိုယ်လုံးကိုယ်ထည်ထက် တစ်ဆခွဲ၊ နှစ်ဆရှိလောက် ပွချောင်နေတဲ့ ရှပ်အင်္ကျီတို့လို၊ တီရှပ်တို့လိုမျိုးကို ကျွန်မက ဝတ်ထားရတယ်။ ကြီးမေက အကျပ်မဝတ်ရတဲ့။

အဲသည် ပွရောင်းကြီးတွေဟာလည်း မှေးမှိန်နွမ်းဖျော့ပြီး အရောင်ပြယ် ဆေးလွင့်နေကြပါတယ်။ ကျွန်မရဲ့အလှပဆုံးကိုယ်ခန္ဓာကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် သူတို့က မလိုတမာနှာ ကာကွယ်ဖုံးဖိထားကြတာမို့ ...

အသရေလျော့အောင် ဖန်တီးထားကြတာမို့ ကျွန်မရဲ့အချိုးအစား ပြေပြစ်လှတဲ့ ကိုယ်ခန္ဓာအလှအပကို သူတို့တွေ မသိကြဘူးလေ။ ကျွန်မ တစ်ယောက်တည်းရှိတုန်း၊ ကြီးမေ ဈေးသွားတုန်း အိမ်တံခါးပိတ်ပြီး ကျွန်မကိုယ်ကျွန်မ ကျွန်မရဲ့ခန္ဓာကိုယ်အချိုးအစားကို သင်အူကြိုးနဲ့တိုင်း၊ ပေတံမှာ တစ်ခါပြန်တိုင်း လုပ်ကြည့်ထားတာ၊ ကျွန်မ ဖတ်ဖူးတဲ့မဂ္ဂဇင်းတစ်စောင်ထဲက မယ်စကြဝဠာရဲ့ကိုယ်ခန္ဓာ အချိုးအစား အရုပ်အမောင်းနဲ့ကွက်တိ ချွတ်စွပ်မှ တစ်သေဝေမတိမ်းဖြစ်လို့ နေလေရဲ့ရှင်။

ကဲ ... အဲဒါကို ဘယ်သူသိလဲ။ ကျွန်မလည်း မပြောပါဘူး။ ဒါကြောင့် ကျွန်မလှတာ သူများက လာပြောစရာမလိုပါ။ ကျွန်မကိုယ်တိုင်သာလျှင် အတွင်းသိအပြင်သိ အသိဆုံးလို့ ဆိုလိုတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုယ်ကျွန်မ ယုံတယ်။ ကျွန်မ သိပ်လှတယ်၊ အလွန်လှတယ်။ ဒါပေမဲ့ ကျွန်မက စာညံ့တယ်၊ မလိမ္မာဘူး၊ ကြီးမေကို မိုက်ရိုင်းစွာ နေ့တိုင်းခံပက်နေတယ်။ ကြီးမေ ချက်ပြုတ်ကျွေးနေတဲ့ ထမင်းဟင်းကို ဇိမ်နဲ့အဆင်သင့် နေ့တိုင်းစမတ်တကျ စားသောက်ပြီး တစ်စက်ကလေးမှ ကူညီညာ လုပ်ကိုင်ပေးဖို့ စိတ်ကူးမရှိတဲ့ "ဂြိုဟ်မ"လေ။

သိပ်လှတဲ့ ဂြိုဟ်မ။



## အခန်း(၂)

"အဲဒီကောင်မလေးကို မေမေဖြင့် မျက်စိထဲ ကြည့်မရပါဘူး သမီးရယ်၊ သိပ်မပေါင်းစေချင်ဘူး"

"သူက ပေါင်းလို့သင်းလို့ ကောင်းပါတယ် မေမေရဲ့၊ သူငယ်ချင်းတွေဆိုရင် ညည်းညည်းခံပေါင်းတတ်ပါတယ်"

"ကိုယ့်ကျွေးရူးရှင် ကြီးတော်ကြီးကိုများ နေ့ရှိသရွေ့ ခံပက်နေလိုက်တာ၊ နားထဲကိုရိုင်းနေတာပဲ၊ ဆရာမကြီး ခများ ခုထိ စပါယ်ရှယ်နှာစ်လုပ်ပြီး ကျွေးနေရတာ၊ သက်သာရှာတာ မဟုတ်ဘူး"

"အဲဒီကြီးမေကလည်း ကြီးမေပဲ မေမေရဲ့၊ တစ်နေ့မှစကားကောင်းမပြောဘူး၊ ခေါ်လိုက်မှဖြင့် ဂြိုဟ်မ ... ဂြိုဟ်မနဲ့"

"ဟဲ့ ... အဲဒါ သူ့နာမည်ပဲ"

"နာမည်ဆိုတာ လူကြီးက မှည့်ပေးတာ၊ ကောင်းကောင်းလေး မှည့်ပေးပါလား၊ သူ့နာမည်ကျတော့ ဒေါ်စိုးစိုးကြည်တဲ့၊ တူမကျတော့ ဂြိုဟ်မတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး ... ဆတ်ဆတ်ထိမခံ နာနေလိုက်ရတာ၊ ညည်းနဲ့က သမီးယောက်မလား"

"သမီးယောက်မဆိုရင်လည်း သူ့မှာတော့ မောင်မရှိဘူး၊ မေမေ့သားပဲ ပေးရမှာ၊ မေမေက သဘောတူလို့လား၊ နား ဖောက်လိုက်တော့မယ်"

"တော်စမ်း ... အမေက ဆုံးမနေရင် သူက ပြက်တီး ပြက်ချော်နဲ့ အကျင့်စရိုက်ကောင်းတွေ ကူးပြပါလိမ့်မယ်"

"မည်သူမပြု မိမိမှုပါ မေမေရဲ့၊ ကိုယ့်ဘာသာပျက်ချင်ပျက် မှာပဲ၊ သူများဆီကကူးမှ ပျက်ရတာ မဟုတ်ပါဘူး"

"ဟဲ့ ... တစ်ခွန်းမခံပါလား၊ ဘယ်လိုဖြစ်နေတာလဲ"

"မေမေကပြောလို့ သမီးက ပြန်ရှင်းပြနေတာ"

"ညည်းပါးစပ် ပိတ်မလား၊ ငါလာပိတ်ပေးရမလား"

အမေဖြစ်သူက သမီးထံ ဝုန်းခနဲ ရောက်လာသည်။ ရိုက်မောင်း ပုတ်မောင်းတွေ ဖြစ်ကုန်သည်။ တံခါးဖွင့်သံ၊ ပိတ်သံ၊ ပစ္စည်းရွှေ့သံ၊ လမ်းလျှောက်သံတွေ ဝုန်းဝုန်းဒိုင်းဒိုင်းတွေ မြည် ကုန်သည်။ ဆောင့်ကြီးအောင့်ကြီးတွေ ဖြစ်ကုန်သည်။

အိမ်ချင်းက ကပ်လျက်မို့ အတိုင်းသား ကြားနေရ သည်။ လူနေစိပ်သော ရပ်ကွက်မှာ ပေလေးဆယ်ခြောက်ဆယ်ဆို သည့် မြေကွက်ထဲမှာ နှစ်အိမ်ဆောက်ထားတာလေ၊ တစ်ခြံလုံးမှ ပေနှစ်ဆယ်ပဲကျယ်သည်။ ဝါးထရံ ကိုယ်တစ်ချပ် သူတစ်ချပ် နှစ်ချပ်သာခြားသည့်ကြားမှာ မြေကြီးက နှစ်ပေလောက်ကျန်လျက် ပူးကပ်နေသည်။ သူ့အိမ်မှာ အိပ်ရင်းပေါက်လျှင် ကိုယ့်အိမ်က နားငြီး၍ အိပ်ရေးပျက်ရသည်။



မကြားချင်မှအဆုံး။

"ကြားလား၊ ဂြိုဟ်မတို့ ဂြိုဟ်မွှေပလားဆို သူများတကာ သားအမိချင်းတောင် ထသတ်လုနီးပါး"

"ဘာဆိုင်လဲ၊ သူများသားသမီးကို မှိုချိုးမျှစ်ချိုး ပြောချင် တော့ တရားမျှတမှုရှိတဲ့ သမီးက ပြန်ရှင်းပြတာကို ခံပက်တယ်ထင်တဲ့ အမေ့ရဲ့အလွန်၊ ဘာမှဂြိုဟ်မမွှေဘူး၊ သူတို့ဂြိုဟ်နဲ့ သူတို့"

"ညည်းကြောင့် သူတို့သားအမိ ရန်ဖြစ်ရတာ"

"ဘာ ... မှ မဆိုင်ဘူး"

သံရှည်ဆွဲ၊ လက်ဝါးခါ၍ ပြလိုက်သည်။

"ပုံစံကိုက ပျက်တီပျက်ယွင်း"

"ရည်းစားတစ်ယောက်မှ မထားသေးဘူး၊ ဘာမှမပျက်စီး ဘူး"

"သွားလေရာ တရုန်းရုန်း လုပ်မနေနဲ့"

"ဘာတွေလဲ၊ အညီရှိရင် ယင်အုံမှာပဲ"

"ညည်းက ညီမနေနဲ့"

"ကိုယ်ကတော့ တမင်ညီအောင် ဘာမှမလုပ်ဘူး၊ သဘာဝ ညှီလို့ ယင်အုံတာကို၊ အအုံမခံရတဲ့သူတွေ မနာလိုနေတာ တော့ မတတ်နိုင်ဘူး"

"ဘယ်သူလဲ ... ယင်အုံမခံရတာ"

"ဘယ်သူရှိရမလဲ၊ အသက်ငါးဆယ်ကျော်ပြီး ယောကျ်ား မရသေးတဲ့သူတွေပေါ့၊ အပျိုဆွေးကြီးတွေပေါ့"

www.burmeseclassic.com

www.burmeseclassic.com



“ဂြိုဟ်မ … နင် မိုက်ရိုင်းလှချည်လား၊ ငါယောကျ်ားမယူတာ နင့်ကို လူဖြစ်အောင် မွေးနေရလို့၊ နင့်တန်းလန်းနဲ့ အပျိုကလေးအမေကို ဘယ်ယောကျ်ားက ယူမလဲ၊ ယူတော့ကော နင့်ကို မသဒ္ဓါရင် ဘယ့်နှယ်လုပ်မလဲ၊ နင် လူဖြစ်ဖို့ ငါ ယောကျ်ားမရတာ”

“အဲဒါနဲ့ ကျွန်မကိုမဲပြီး စိတ်နာရောလား၊ ထားခဲ့ပါ၊ အသက်နှစ်ဆယ် ရှိပါပြီ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပါပြီ၊ ကြီးမေ ယောကျ်ားယူပါ”

တစ်ခါ တစ်ခါတော့ ကြီးမေကို ချစ်စနိုးနှင့် စချင်၏။

“ခွေးစကား မပြောနဲ့”

“အောင်သွယ်လိုရင်လည်းပြော၊ မျက်စောင်းထိုးအိမ်က ဒေါ်စိန်တုတ်ကြီးရှိတယ်၊ ကိုယ့်ထမင်းကိုယ်စားပြီ ဟိုမုဆိုးဖိုနဲ့ ဒီတစ်ခုလပ်နဲ့၊ ဟိုအပျိုကြီးနဲ့ နောက်ထပ် နှစ်ခုလပ်လောက်နဲ့၊ အပျိုလူပျိုချင်းတော့ မရဘူး၊ လူငယ်တွေက ဒီကိစ္စမျိုး သူများအားမကိုးဘူး”

ရင်ထဲမှာ ကျိတ်ရယ်ပြီး ကြီးမေကို စကောင်းကောင်းနှင့် ဆက်စ၏။

“ဂြိုဟ်မ … နင့်ပါးစပ်ပိတ်”

“ကူညီမလို့ပါ၊ ကြီးမေ ယောကျ်ားယူချင်တာ ကျွန်မကြောင့် အနှစ်နှစ်ဆယ်လုံးလုံး အောင့်နေခဲ့တာဆိုရင် ကျွန်မနဲ့ ဒေါ်စိန်တုတ် တာဝန်ထား”



ဒေါ်စိုးစိုးကြည် ဆွေ့ဆွေ့ခုန်သည်။ လက်သီးကျစ်ကျစ်ဆုပ်၍ တကယ်ပဲ ခုန်နေ၏။ စိတ်ဆိုးလွန်းလို့ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ ဒေါသက ရှေ့သို့အလုံးအရင်းနှင့် ထွက်နေသည်မို့ စကားလုံးတွေ ထွက်ခွင့်မရတော့သလို ဖြစ်နေ၏။ ပြောချင်လိုက်တာတော့ အဲသည်ဂြိုဟ်မ အသည်းဆတ်ဆတ်ခါနာသွားအောင်ကို ပြောချင်တာပါ။ သို့ပေမဲ့ လောလောဆယ် အသည်းရော နှလုံးပါ တဆတ်ဆတ်ခါနေရသူက ဒေါ်စိုးစိုးကြည် ဖြစ်နေ၏။

“စိတ်လျှော့ … စိတ်လျှော့၊ ကြီးမေ … အချိန်မလွန်သေးပါဘူး၊ အိုးနဲ့ဆန် တန်ရုံတော့ ရမှာပေါ့”

“ဂြိုဟ် … မ”

ဒေါ်စိုးစိုးကြည် ကျုံးအော်လိုက်သည်။ လူက ယိုင်သွား၏။ ကြမ်းကုလားထိုင်နောက်မှီကို လှမ်းထောက်ထိန်းလိုက်ရသည်။ ပြီးတော့ ကြမ်းပြင်ပေါ် ဖြည်းဖြည်းထိုင်ချသည်။ မျက်စိကို မှိတ်ထား၏။ ခေါင်းထဲက မူးလိုက်တာ။

ညီမလေး စိုးစိုးရီကို မြင်၏။

“ရီရီ … နင့်သမီး ငါ့ကို မသေမချင်း သတ်နေတာ၊ ထ, ကြည့်ပါဦး”

အော်ငိုလိုက်၏။

ဒေါ်စိုးစိုးကြည် လဲပြိုသည်မို့ ဖေးတွဲဖို့ ရောက်လာသည့် ဂြိုဟ်မက တုံ့ခနဲရပ်သည်။ မျက်စိကိုမှိတ်၍ ခေါင်းတစ်ချက်ခါ၏။ ချစ်ခင်ရင်းနှီးစွာ စ,ချင်နောက်ချင်စိတ်တွေ ထွက်ပြေးကုန်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... စိတ်ဆင်းရဲရတဲ့အထဲမှာ အဲဒါတွေ ရှေ့ဆုံးက"

တစ်ဆိတ်ရှိ အမေ့ကိုတ,သည်။ အဖေ့ကိုတ,သည်။ "ကိုမြင့်မောင်၊ ရှင်တို့ သမီးတစ်ယောက်ချန်ပြီး ဒုက္ခတစ်ထုပ် ပေးခဲ့တာလား"တဲ့။ "တစ်လက်စတည်း ဘာဖြစ်လို့ အပြီးခေါ်မသွားကြတာလဲ"တဲ့။ ဂြိုဟ်မ သေချင်အောင် စိတ်ညစ်သည်။ ကြီးတော်အရင်းပေမယ့် ကိုယ့်ကို သည်လောက် မလိုမလားဖြစ်နေမှတော့ မျက်နှာချင်းဆိုင်ချင်စိတ်မရှိ။

တစ်အိမ်တည်း တူတူနေချင်စိတ် ကုန်ခန်းသည်။ ဖြစ်ချင်ရာဖြစ် အိမ်ကထွက်သွားတော့ဖို့ စိတ်ကူးရှိသည်။ စိတ်ကူးရုံမကပါဘူးလေ၊ ဆုံးဖြတ်ချက်တောင် ချပြီးပါပြီ။ ထွက်လည်းသွားခဲ့ဖူးပါပြီ။ အဲသည်တုန်းက တစ်ကိုယ်လုံး ဖုတ်လှိုက် ဖုတ်လှိုက်ဖြစ်အောင် အမောဆို့သည်ထိ ပြေးလိုက်လာတာ ဘယ်သူလဲ။

ဒေါ်စိုးစိုးကြည် ဆိုသည့် ကြီးမေပဲ မဟုတ်လား။

"ဒါလေးပြောတာ ဒီလောက်နာရသလား၊ ဒါ ထွက်သွားစရာလား၊ ကြီးတော်ကို စိတ်လုပ်တယ်၊ ငါ့မှာတော့ ဒါလေးတစ်ယောက် ရှိရှိ့ကိုယ်ပွား ကျန်တယ်ဆိုပြီး ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်က နို့ဘူးတိုက်ပြီး မွေးခဲ့ရတာ ..."

"ငါ အိပ်ရေးပျက်တာ အနှစ်နှစ်ဆယ် ရှိပြီဟဲ့၊ နင်မွေးပြီးကတည်းက တစ်ညမှ အိပ်ရေးမဝသေးဘူး"

ဂြိုဟ်မလက်ကို အတင်းလိုက်ဆွဲထားသည်။ ငိုလိုက်တာ သောက်သောက်လဲဟုပင် ပြောချင်၏။ လူငါးယောက်ဝိုင်းငိုသလောက်ကို ကြီးမေက တစ်ယောက်တည်းနှင့် တာဝန်ယူငို



နိုင်သည်။ ကြီးမေလောက် ငိုနိုင်သူလည်း သည်လောကမှာ မတွေ့ဖူးတော့ပါဘူး။

"အသည်းနှလုံးမရှိတဲ့ဟာမ၊ ငါ ဒီလောက်ဖြစ်နေတာ မျက်ရည်တစ်စက်ကျဖော် မရဘူး"

ကြီးမေက ငါးယောက်စာလောက် ငိုထားပြီးနှင့်နေပြီမို့လို့ကို ဂြိုဟ်မ မငိုတော့တာ၊ ငိုဖို့မှမလိုတော့တာ။ သည်အိမ်မှာ ငိုသံတွေ သည်လောက်ထွက်ပြီးမှတော့ ထပ်ထွက်စရာလိုသေးလား။

"ငါ့ကိုသတ်ပြီးမှ သွား"

လက်ကိုမလွှတ်တော့။ ဘယ်မှလဲ မသွားတော့။ တစ်နေကုန် ဂြိုဟ်မနားမှာပဲ ကပ်နေသည်။ သူ မသိဘဲ လစ်ခနဲထွက်သွားမှာစိုးပုံရသည်။ ထမင်းတောင် သွားမချက်ပါ။ ဂြိုဟ်မက ဗိုက်ဆာ၍ ထချက်တော့ အနားမှာ တကပ်ကပ်ပါလာသည်။

နှုတ်မှတော့ တစ်ခွန်းမျှ အကောင်းမပြောပါ။

"ကြီးမေ ဒီလောက် မုန်းတီးစက်ဆုပ် ရွံရှာနေရင် မွေးစားသမီးအဖြစ်က စွန့်ပစ်လိုက်ပါ၊ လမ်းပေါ်မှာ သူတောင်းစားလုပ်စားပါရစေ၊ နားအေးရင် ပြီးရော"

"ညည်းကို အသက်နှစ်ဆယ်ရှိမှ စွန့်ပစ်နိုင်မှာဆိုရင် ဖဝါးလက်နှစ်လုံးက ရောဂါသည်ကို ဒုက္ခခံပြီး မွေးမလာဘူး..."

"ညည်းလိုကောင်မမျိုး လမ်းပေါ်မှာ သူတောင်းစားလုပ်စားရင် နားတော့ အေးမအေးမသိဘူး၊ ဗိုက်တော့ပူမှာ သေချာတယ်"

"မျှစ်တို့ မှိုတို့ဆိုတာ တော်ရုံချိုးရင် ကောင်းတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ပွက်ပွက်ဆူနေသည့် ထမင်းအိုးကို ထားရစ်ခဲ့ကာ ဂြိုဟ်မ အိမ်ရှေ့ထွက်လာတော့ ကြီးမေ ဗျာများလေ၏။ ထမင်းအိုးကြီး ပစ်သွားရမှာ နမြောသည်။ ဂြိုဟ်မ မငှဲ့တော့ဘူးဆိုတာ သေချာလျှင် ကိုယ့်ဘာသာ ငှဲ့လိုက်မည်။ ထမင်းအိုးငှဲ့နေတုန်း ဂြိုဟ်မ အိမ်ကထွက်သွားမှာလည်းစိုးသည်။

"ဂြိုဟ်မ ... ငါ ထမင်းအိုးငှဲ့မလို့၊ နင် ဘယ်မှထွက်မသွားနဲ့၊ ပြောစရာတွေ အများကြီးရှိသေးတယ်၊ စောင့်ဦး" တဲ့။

အဲဒါမျိုးက ဖြစ်ဖူးပေါင်းများပြီ။ စကားပြောလို့ တစ်ခါမှမတည့်၊ ဂြိုဟ်မကိုဆိုလျှင် "ဂြိုဟ်မ ... ဂြိုဟ်မ" တွင်တွင်ခေါ်လျက် တစ်ခါမျှ အကောင်းမပြောပါ။

"နင်ဂြိုဟ်မွှေလို့ ငါ့ညီမ သေရတာ၊ ငါ့မတ်သေရတာ၊ နင်ဟာ မိဘကိုတောင် ဂြိုဟ်မွှေပြီး ထွက်လာတဲ့ဟာမ" ဆိုသည့် ဝါကျမျိုးက မကြားချင်မှအဆုံး။ ကြားရလွန်းလို့ ထုံတောင်နေပါပြီ။ နာရကောင်းမှန်းတောင် မသိတော့ပါ။ တစ်ခါတစ်ခါတော့လည်းနာ၏။ သည် ကြီးတော်ဆိုသည့် အမျိုးသမီးကြီးနှင့် တစ်မိနစ် တစ်စက္ကန့် အတူတူမနေချင်တော့ပါ။

ခွဲလည်း မခွဲနိုင်ပါ။

သူငယ်ချင်းအိမ်မှာ ဘုရားကိုးဆူလုပ်လို့ ညအိပ်သွားကူပေးတုန်းက ကြီးမေ၏ပူညံပူစီအသံတွေကို လွမ်းလွန်းလို့ နောက်တစ်နေ့ နံနက်အစောကြီး ပြန်ပြေးလာခဲ့ဖူးသည်။

"ကြီးမေရာ ... တစ်ညလုံး အောက်မေ့လိုက်တာ"

ရင်ထဲမှအသံဖြင့်ပြောရင်း ပခုံးနားမှာ ရှိနေသည့် ကြီးမေအင်္ကျီအစုတ်ထဲ လက်ညှိုးထည့်၍ ဆွဲချပစ်လိုက်သည်။



"ဂြိုဟ်မ ... ပြန်လာတာနဲ့ ဂြိုဟ်မွှေပြီ၊ အင်္ကျီတစ်ထည်ဆိုနည်းလား၊ တစ်ညလုံးလွမ်းပြီး ငိုမိတဲ့မျက်ရည်တွေ ဒီလိုမှန်းသိ မီးနဲ့မြှိုက်တယ်"

ဂြိုဟ်မတောင် သည်လောက် သတိတရဖြစ်လျှင် ကြီးမေငိုမည်ဆိုတာ ယုံ၏။

"ညည်းလျော်၊ တစ်ပြားရအောင် ရှာနိုင်လို့လား၊ ကျုပ်အင်္ကျီတစ်ထည် ပစ်သွားရပြီ ဂြိုဟ်မ"

"ချစ်လို့စတာပဲ ကြီးမေရယ်"

"ခွေးမ"

အဲသည်နံနက်က တူဝရီးနှစ်ယောက် ငါးမိနစ်လောက် တည့်လိုက်သည်။ တူဝရီး အချစ်နာလန်ထစဉ် ကြီးမေက ဈေးအစောကြီးထသွားပြီး ဂြိုဟ်မပြန်လာလျှင်စားဖို့၊ ဂြိုဟ်မကြိုက်တတ်သည့် ငါးသလဲထိုးတွေကြော်ဖို့ ဆေးကြော၊ ဆား၊ နနွင်းလူးထားတာတွေ နောက်ဖေးပေါက်မှ ခွေးတက်စားသွားသည်။

"ကုန်ပါပြီ ဂြိုဟ်မရယ်၊ ညည်းက ချစ်တယ်ဆိုလို့ အဟုတ်မှတ်ပြီး အဖက်ခံလိုက်တာ၊ ငါ့ငါးတွေ ခွေးစားလို့ကုန်ပြီ ဂြိုဟ်မရဲ့"

ဂြိုဟ်မ အော်ရယ်၏။

"မိန်းကလေးတဲ့၊ ဘာသံနဲ့ရယ်တာလဲ၊ ဟိမနေနဲ့၊ အိမ်ရှေ့အိမ်မှာ တက္ကသိုလ်ကျောင်းသားရှိတယ်"

"အဲဒါတွေ ကြီးမေနဲ့ မတည့်တာ"

တက္ကသိုလ်ကျောင်းသား ဘာလုပ်ရအောင်လဲဟု မေးချင်၏။ ဂြိုဟ်မ မလိုချင်လို့၊ ဂြိုဟ်မသာ လိုချင်လျှင် ဆ[illegible]န်

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ အင်ဂျင်နီယာတွေ၊ သူဌေးသားတွေ၊ ကုန်သည်ပေါက်စတွေ ခေါင်းကို တဒေါင်ဒေါင်ခေါက်လို့တောင် ယူနိုင်သေးသည်။ တက္ကသိုလ်ကျောင်းသားလောက်ကို ဟီစရာလားဟု ဂြိုဟ်မက ပြန်ပြောသည်။

ရန်ဖြစ်ရတာနှင့် တစ်ညတာအလွမ်းလေး ဘယ်ရောက်ပျောက်ပျက်သွားမှန်း မသိကြတော့ပါ။

အခုလည်း ဒေါ်စိုးစိုးကြည် တအိအိငိုနေပြန်ပြီ။ သူ့ကို ယောကျ်ားယူချင်နေသူဟု ဂြိုဟ်မက စွပ်စွဲလို့တဲ့။ ယောကျ်ားယူဟု ဂြိုဟ်မက တိုက်တွန်းလို့တဲ့။ ယူရမည့်ယောကျ်ားကလည်း မဆိုးဖို့နှင့် နှစ်ခုလပ်ကြီးတဲ့။

"တိတ်ပါတော့ ... တော်ပါတော့၊ နားလည်းငြီးလှပါပြီ နော်၊ သူများကြားရင် ဒီအိမ်မှာ လူသေတယ် ထင်တော့မယ်"

ဂြိုဟ်မ နားကိုပိတ်ပစ်လိုက်သည်။

ဟိုတုန်းကလို ကျောင်းကိုထွက်သွားခွင့်ရှိလျှင် ဘယ်လောက်ကောင်းမလဲ။ ခုတော့ ဆယ်တန်းကို နှစ်နှစ် ဘယ်ကမလဲ၊ သုံးနှစ်ဆက်တိုက် ကျတယ်ပဲထားပါတော့။ အလယ်နှစ်က (ခ) စာရင်းနဲ့အောင်တာ၊ ဘာလုပ်ရမှာလဲ။ နောက်နှစ်မှာ (ခ)စာရင်း တောင် ပြန်မချိတ်တော့တာ။ ခုလို ဆယ်တန်းကျပြီး အိမ်မှာပဲ နေနေရတော့ ထွက်သွားစရာ နေရာမရှိ။

လုပ်စရာအလုပ်လည်းမရှိ။

ပျင်းလွန်းလို့၊ အိမ်မှာ နားငြီးလွန်းလို့ သူငယ်ချင်းတွေအိမ် လျှောက်သွားပြန်တော့လည်း ရွာရိုးကိုးပေါက်လျှောက်



သတဲ့၊ ဘာလုပ်ရမှာလဲ။ ဘယ်လိုနေရင် လူပြောလွတ်မလဲ။ ဘယ်လိုနေလို့မှ လူပြောမလွတ်ဘူးလား။ မလွတ်မယ့်တူတူ ထင်သလို နေပစ်လိုက်ရမှာလား။

ဂြိုဟ်မသာမဟုတ်ဘဲ ဂြိုဟ်ထီးဆိုလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။ ယောကျ်ားလေးဆိုတာ ထောင်အပြင့် တန်းမရှိဘူး။ မိန်းမလေးကျမှ ထောင်ရောတန်းရော ရှိသတဲ့။ အဖေတို့ အမေတို့ကလည်း တစ်ကောင်ကြွက် ထားခဲ့မယ့်တူတူ ဂြိုဟ်ထီးလေးအဖြစ်များ ဖန်ဆင်းခဲ့ရောပေါ့။

"ဂြိုဟ်ထီး ဖြစ်ချင်တယ်ဟေ့"

မြောင်းကူး အုန်ပင်ပြတ်ကို ဆောင့်ကန်တော့ ခြေမထိပ်က အသည်းခိုက်အောင် နာသွားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုတော်မာမာအေးရဲ့ အနှစ်နှစ်ဆယ်တေးတစ်ပုဒ် ရှိခဲ့ဖူးပါတယ်တဲ့။ ကျွန်မကတော့ ဘယ်မိလိုက်ပါ့မလဲ။ ဒေါ်မာမာအေး ကိုယ်တိုင် သီဆိုမှုကိုလည်း ကျွန်မနားနဲ့ တိုက်ရိုက် တစ်ခါမှ မကြားဖူးခဲ့ရပါ။ ဒါပေမဲ့ ကျွန်မရဲ့ကြီးမေ ...

ကြီးမေ အမြဲလိုလို ဆိုနေတတ်တာမို့ ကျွန်မအမြဲကြားနေရတဲ့ ကြီးမေအသံနဲ့ သီချင်းကတော့ ဒေါ်မာမာအေးရဲ့ သီချင်းပါ။

ဘယ်အနမ်းနဲ့ နွေးရမှာလဲ အချစ်ရယ် ...

ငယ်ကျွမ်းနဲ့ ဝေးရတာလည်း အနှစ်နှစ်ဆယ် ...

တဲ့။

ကြီးမေဟာ အပျိုကြီးပါ။ ကလေးတစ်ယောက်အမေဆိုလည်း မှန်ပါပေတယ်။ ကျွန်မ အူဝဲဆိုတဲ့အချိန်မှာ ကျွန်မရဲ့မိခင်နဲ့ ဖခင်တို့ကို ရှင်သေမင်းက ရက်စက်စွာ ဆွဲထုတ်သွားခြင်းခံခဲ့ရတာမို့ ကျွန်မဆိုတဲ့ ကံဆိုးမိုးမှောင်မကို ကြီးမေဟာ မိခင်နေရာမှာနေပြီး ပြုစုယုယခဲ့ရှာပါတယ်။ ဖခင်နေရာမှာနေပြီး ရှာဖွေကျွေးမွေးခဲ့ရှာပါတယ်။



ကြီးမေဟာ ကျွန်မရဲ့ဖေဖေ၊ ကြီးမေဟာ ကျွန်မရဲ့မေမေပါ။ ကြီးမေဟာ မြင်းမိုရ်တောင်ဦးမကကျူးတဲ့ ကျေးဇူးရှင်ပါ။

ဒါပေမဲ့ ...

ကြီးမေဟာ သူ့ရဲ့ညီမ၊ ကျွန်မရဲ့မေမေ ဒေါ်စိုးစိုးရီကို သိပ်ချစ်ရှာတဲ့ အစ်မကြီးပါ။ ပြောရမယ်ဆိုရင် ကြီးမေဟာ အလွန်သနားစရာကောင်းတဲ့ ကံဆိုးသူစာရင်းဝင်တစ်ဦး ဖြစ်ခဲ့ပါတယ်။ ကြီးမေနဲ့ မေမေဟာမိဘမဲ့။ နှီးလေးတွေ အဒေါ်တွေ အုပ်ထိန်းမှုနဲ့ ကြီးပြင်းခဲ့ရရှာတဲ့ ညီအစ်မနှစ်ယောက်။

ဟို ... မိဘတွေချင်းချင်း၊ လက်ထက်တွေတုန်းက မိဘများ သက်ရှိထင်ရှားစဉ်တုန်းက "မောင်မြင့်မောင်နဲ့ စိုးစိုးကြည်" ဆိုတာ သားပေးသမီးယူ၊ နှစ်ဖက်မိဘတွေ နှုတ်ဖျားမှာ ပြောစရာနောက်စရာ၊ အတည်ပြုစရာ ရွှေလမ်း ငွေလမ်းကိစ္စပါ။ ကြီးမေခမျာ အပျိုလေးမှ ပီပီပြင်ပြင်မဖြစ်ခင် စိတ်ကလေးမှ ယောကျ်ားမခတ်ခင်၊ သစ်ရွက်လှုပ်တာမြင်လို့ ရယ်ရတာလေးမှ ဝအောင်မရယ်ရခင်မှာ "မောင်မြင့်မောင်"ဆိုတာ ရင်ထဲ၊ အသည်းထဲ၊ ဦးနှောက်ထဲမှာ စွဲထင်နေရတဲ့ ဖူးစာဖက်ကြီးကို ဖြစ်လို့ပါ။

နှစ်ဖက်မိဘတွေဟာ စစ်ပြီးကာလ၊ မြန်မာပြည်လွတ်လပ်ရေးရခါစ အကြမ်းဖက်သောင်းကျန်းသူတွေက ဟိုနေရာဆူ၊ သည်နေရာဆူ ဖြစ်ရတဲ့ မငြိမ်မသက်မှုကြားမှာ အလုပ်အကိုင်ပျက်၊ စီးပွားပြုန်းတီး၊ နာဖျားမကျန်းရောဂါထူ၊ တချို့နယ်တွေမှာ ရှာလုံးကျွတ်ပြုတ်ရတဲ့ ကပ်ရောဂါတွေ ဆိုက်လိုဆိုက်၊ အဲသည်အချိန်မှာ ကွယ်လွန်ခဲ့ကြပါတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့ ကြီးမေတို့ ညီအစ်မဟာ ဟိုဦးလေးအိမ်ရောက်၊ သည်အဒေါ်အိမ်ရောက်၊ အိမ်မှုကိစ္စကူလိုက်၊ ကလေးဝိုင်းထိန်းလိုက်နဲ့ ကျောင်းစာကိုလည်း ဟိုတစ်ဝက် သည်တစ်ပျက်တဲ့။ အဲသည်ကြားထဲက အလုပ်တစ်ဖက်နဲ့ သက်ကြီးတက္ကသိုလ်တက်နေပါတယ်ဆိုတဲ့ ကျွန်မရဲ့ဖေဖေဖြစ်လာမယ့် ဦးမြင့်မောင်အကြောင်းကို ကြားတာနဲ့ ကြီးမေဟာ ဟိုက်စကူးဖိုင်နယ် မအောင်မဖြစ်မဆုတ်မနစ် ကြိုးစားခဲ့ပါတယ်တဲ့။

မေမေကတော့ ခုနစ်တန်းလား၊ ရှစ်တန်းလားနဲ့ ကျောင်းပြီးရသူပါတဲ့။

အခု ကျွန်မတို့ ဆယ်ကျော်သက်ခေတ်တိုင် နုသစ်ဆဲပျိုမျစ်ဆဲဖြစ်တဲ့ အချစ်ဝတ္ထုများရဲ့ဖန်တီးရှင် "ဆရာတက္ကသိုလ်ဘုန်းနိုင်"ရဲ့ "ညီမလေးရယ် စိုးရိမ်မိတယ်"ဝတ္ထုကို ကြီးမေက မြတ်နိုးခုံမင်တတ်နေပါပြီ။

မမြင့်ဖူးခင်က ... မေ့မှာဖြင့် ရူးပြီမောင် ...

ဆိုတာကို ရွတ်တတ်နေပါပြီ။ ဇာတ်လမ်းချင်းကတော့ ကွဲပြားပါတယ်။ ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ဇာတ်လမ်းက အစ်မရဲ့ချစ်သူ၊ အစ်မက ချန်ရစ်ခဲ့တဲ့ ချစ်သူကို ညီမလေးက ဝင်သနားပြီး မမြင်ဖူးခင်ကတည်းက စွဲလမ်းစိတ်နဲ့ ကရုဏာသက်နေရတဲ့ဇာတ်လမ်း၊ ကြီးမေကတော့ ကိုယ်နဲ့တစ်သက်တာ လက်တွဲရမယ့် အဖော်မွန်ကို လူကြီးမိဘတွေက စီမံပေးထားတာ၊ သူလည်းသိ၊ ကိုယ်လည်းသိ၊ သူလည်းမငြင်း၊ ကိုယ်လည်းလက်ခံ။ ခက်တာက နှစ်ယောက်တစ်ကမ္ဘာ တည်ဆောက်ကြရမယ့်သူချင်းက မတွေ့မမြင်ဖူးကြသေးတာ။



ဒါပေမဲ့ ကြီးမေရဲ့ စိတ်ကူးယဉ်ကမ္ဘာလေးထဲက ကဗျာတစ်ပုဒ်ကတော့ မမြင်ဘူးခင် မေ့မှာဖြင့်ရူးပြီမောင်ပါပဲ။

ကျွန်မဖေဖေ ဖြစ်လာမယ့် ဦးမြင့်မောင်က ကြိုးစားသူ၊ ရိုးသားသူ၊ လှုပ်ရှားရုန်းကန်သူပါတဲ့။ ဘွဲ့တစ်ခုကို ပိုင်ခဲ့တယ်၊ ဌာနဆိုင်ရာစာမေးပွဲတွေအောင်လို့ အရာရှိအဆင့်ကို ရောက်ခဲ့တယ် ဆိုတဲ့အချိန်မှာ သူ့ လက်ထပ်ရမယ့် "စိုးစိုးကြည်"ဆီကို လာခဲ့တယ်။ အဲသည်အချိန်မှာ စိုးစိုးကြည်၊ စိုးစိုးရီညီအစ်မဟာ ဆွေမျိုးဉာတကာရဲ့ ကြည့်ရှုကျွေးမွေးခံဘဝကတော့ လွတ်ခဲ့ပါပြီ။ စိုးစိုးကြည်က သားဖွားဆရာမသင်တန်းအောင်၊ ထဘီနီဝတ်သူနာပြုဆရာမအဆင့်နဲ့ လုပ်သက်ရ၊ ဟိုက်စကူးဖိုင်နယ်အောင် ထဘီပြာဝတ် သူနာပြုဆရာမအဆင့်ကို တက်ခါစအချိန်၊ ညီမလေး စိုးစိုးရီကို လုပ်ကိုင်ရှာဖွေကျွေးမွေးနေတဲ့ အချိန်ကာလ။

"ကျွန်တော် မြင့်မောင်ပါ"တဲ့။

"ဟောတော့ ... မမရေ၊ အစ်ကိုမြင့်မောင်တဲ့"

အိမ်ရှေ့မှာ စတင်မြင်ဖူးလိုက်သူက မေမေစိုးစိုးရီပါ။ စိုးစိုးကြည် အပျိုကြီးက "အစ်ကိုမြင့်မောင်"တဲ့ ဆိုတာနဲ့ ရင်ထဲ ဒိုင်းခနဲဆောင့်ခုန်၊ နှလုံးသွေးရပ်၊ ကြောင်ငေးကြီးဖြစ်၊ အရှက်မွန်စိတ်နဲ့ ကျောက်ရုပ်ကြီးဖြစ်သွားလိုက်တာ မိနစ်ပေါင်းများစွာတဲ့လေ။

မေမေစိုးစိုးရီကပဲ ဧည့်ခံစကားပြော၊ စားစရာတည်ခင်း။ ငယ်ကလည်းငယ်၊ သွက်ကလည်းသွက်၊ "ကိုယ့်လူ"မဟုတ်တော့လည်း သိပ်မရှက်ဘူးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကြီးမေ စိုးစိုးကြည် ခများတော့ ကြာလေ အထွက်ရခက်လေ၊ မထွက်ရဲလေ၊ ရှက်စရာပိုဖြစ်လေနဲ့ အပျိုကြီးတို့ထုံးစံ ကြောက်ကန်ကြီးကန်ပြီး ညီမဖြစ်သူ အားကုန်သုံးပြီး လာဆွဲထုတ်မှ တရွတ်တိုက်ကြီး ပါလာတာတောင် မျက်စိကြီးမှိတ်လို့ဆိုပဲ။

မျက်စိမဖွင့်ရဲအောင် အရှက်မွှန်၊ ဧည့်ခန်းမှာကိုယ်က သူစိမ်းကြီးကျလို့။ ငုတ်တုတ်ကြီးထိုင်၊ ကိုယ်ကိုကျုံ့၊ လက်ကြီးနှစ်ချောင်း ဒူးနှစ်လုံးကြားပို့၊ ဒူးနဲ့ပြန်ညှပ်ထားတဲ့ကြားက တဆတ်ဆတ် တုန်နေသေးဆိုပဲ။

ဖေဖေဦးမြင့်မောင်က တည်ခင်းကျွေးမွေးတာကို စားသောက်တယ်၊ ရယ်စရာ မောစရာ စကားစမြည်ဆိုတယ်၊ ရင်းနှီးမှုကို တည်ဆောက်တယ်၊ မိန်းမသားဘက်ခြမ်းက ဖြည့်စွက်သူကတော့ မေမေ ဒေါ်စိုးစိုးရီပါ။ ပြန်သွားပြီး နှစ်ရက်အကြာမှာ စာတိုက်ကနေ စာတစ်စောင် ရောက်လာပါတယ်။ စိုးစိုးကြည်ခင်ဗျာတဲ့။ ဖေဖေက ကြီးမေထက်ကြီးလို့ စိုးစိုးကြည်လို့ပဲ ခေါ်ပါတယ်။ အစ်မကြီး အမိအရာထားပြီး လေးစားစွာ ခွင့်ပန်ပါရစေ ... တဲ့။

စိုးစိုးရီကိုသာလျှင် လက်ထပ်ခွင့်ပြုပါမည့်အကြောင်း။

သည်တစ်ခါရှက်တာမှ အရင်ရှက်တာနှင့်မတူ။ ရှက်လွန်းလို့ သည်မျက်နှာကြီး ဓားနဲ့လှီး၊ သည်ခြေထောက်တွေဓားနဲ့ခုတ်၊ သည်လက်တွေ လွှနဲ့ဖြတ်၊ သည်ကိုယ်လုံးကြီး ဆုံထဲထည့်ထောင်းပြီး သည်ခေါင်းကြီးကိုကျမှ တူနဲ့ထုပစ်ဖို့ကောင်းအောင် အရှက်တကာ့အရှက်ဆုံး၊ အရှက်ဘုရင်၊ အရှက်တကာ့ထိပ်ခေါင်တင်ကြီး ဖြစ်ခဲ့ရတာတဲ့လေ။ ဖေဖေလာစဉ်က သူလို



ငါလို ထွက်တွေ့နိုင်ခဲ့ရင်တောင် သည်လောက်ရှက်ဖို့မရှိ။ ကိုယ့်လာကြည့်တာပဲဆိုပြီး အရှက်တွေသည်းပြ၊ မျက်စိကြီးမှိတ်လုပ်ထားခဲ့သမျှ အရှက်တွေ မြစ်ဖျားခံပြီး ရှက်ပင်ကြီးပေါက်၊ ရှက်ပွင့်တွေကြွေ၊ ရှက်သီးတွေ ပင်လုံးညွတ်တဲ့အထိ အရှက်ကြီးရှက်ရပြန်ပါသတဲ့။

ကျွန်မ လူမှန်းသိတတ်လာတဲ့အချိန်ထိ သက်ရှိကျန်ရစ်ခဲ့တဲ့ ဘယ်နှဝမ်းကွဲမှန်းတော့မသိ၊ ဆွေနီးမျိုးစပ်တချို့ ပြန်ပြောပြလို့ ကျွန်မ သိခဲ့ရတဲ့ ကျွန်မအကြောင်း မြစ်ဖျားခံရာတွေပါ။

ဂြိုဟ်မဘဝရဲ့ သမိုင်းအစလို့လည်း ဆိုနိုင်တယ်ပေါ့ရှင်။

ဆွေထဲမျိုးထဲက လက်ကျန် လူကြီးသူမ “ဘွားလေး” ကကြားဝင်၊ အရှက်ပြေရာပြေကြောင်း ဖာဖာထေးထေး၊ အဆင်လည်းချောစေ၊ လူရိုးလူကောင်းတစ်ယောက်ကိုလည်း လက်မလွှတ်စေနှင့်၊ မိဘစကားလည်း နာခံရာရောက်၊ မင်္ဂလာတစ်ပွဲလည်းအထမြောက်၊ ညီမလေး စိုးစိုးရီလည်း အတည်တကျဖြစ်၊ အစ်မကြီး စိုးစိုးကြည်အဖို့လည်း ညီမ အိမ်ထောင်သည်ကို အားကိုးရာရ၊ အကောင်းတကာ့ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးခဲ့လို့ သည်ကမ္ဘာမှာ အစ်မကြီးအမိအရာ ဒေါ်စိုးစိုးကြည်နှင့် ချစ်သူမောင်နှံမတ်နှင့်ညီမ “ကိုမြင့်မောင်နှင့် စိုးစိုးရီ” ဆိုတဲ့ မိသားစုသုံးယောက်ပါဝင်တဲ့ ကမ္ဘာလေးတစ်ခု အောင်မြင်စွာ ဖြစ်ထွန်းခဲ့ရပါတယ်တဲ့။

အဲသည်ကမ္ဘာလေးကို ဖြိုခွဲဖျက်ဆီးသူဟာ ကျွန်မ ဂြိုဟ်မပါပဲတဲ့ရှင်။

www.burmeseclassic.com

www.burmeseclassic.com



ကြီးမေ ဆိုလေ့ရှိတဲ့ ဘယ်အနမ်းနဲ့ နွေးရမှာလဲ အချစ်ရယ်၊ ငယ်ကျွမ်းနဲ့ ဝေးရတာလည်း အနှစ်နှစ်ဆယ်ဆိုတာ ဖေဖေနဲ့မေမေတို့ရဲ့ အိမ်ထောင်သက်တမ်းပါ။ ဖေဖေဟာ ကြီးမေ အတွက်တော့ ငယ်ကကျွမ်းတဲ့ ငယ်ကျွမ်းဆွေပါ။ မမြင်ဖူးဘဲ ရူးရတဲ့ ချစ်ဦးသူပါ။ ရင်ထဲက ငယ်ကျွမ်းဆွေကို ဘယ်သူကမှ လက်ကြမ်းကြီးနဲ့ အေးစက်စွာ လာဆွဲမထုတ်ပါဘူး၊ သူ့ဘာသာ ခုန်ထွက်ပြေးသွားခဲ့တာပါ။

ကြီးမေ ရင်ထဲကို ဝင်ကြည့်ပါ။

ရင်နာရှာပါလိမ့်မယ်။ စူးမျက် နာကြည်းရှာပါလိမ့်မယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာ မိဘမဲ့ညီမလေးကိုလည်း သမီး တမျှနီးပါး ချစ်မြတ်နိုးနေပါတယ်။

သီပေါမင်းသားနဲ့ ထိပ်တင်စုဖုရားကြီးတို့ရဲ့ လက်ထပ်မင်္ဂလာသဘင်မှာ စုဖုရားလတ်က ရွှေဖျာငွေဖျာတွေ ကျိတ်ရက်၊ မင်္ဂလာသဘင်ဆင်ယင်တော့မှ အတင်းဖွတ်ဝင်ထိုင်၊ ဘုရင်တစ်ယောက်လုံးကို အပိုင်စီးလိုက်လို့ ထိပ်တင်စုဖုရားကြီးခမျာ နန်းမတော်မိဖုရားကြီးဖြစ်လျက် အပျိုကြီးစစ်စစ်ဖြစ်ရတဲ့ အကြောင်းမျိုးနဲ့ တင်စားလို့လည်း မဆီလျော်။

သည်ကိစ္စမှာ လုသူမရှိ၊ အပြစ်မဲ့စွာ တိုက်ဆိုင်ခြင်းသာလျှင် ဖြစ်ခဲ့တာပါ ဆိုပေမယ့် သည်ဖြစ်ရပ်ကြီး တစ်ခုလုံးဟာ မထွေးနိုင် မမျိုနိုင် လည်ချောင်းထဲ တနင်နင်နဲ့ ကြီးမေအနေခက်စိတ်ဆင်းရဲနေတုန်း ဖြုန်းဆို ညီမနဲ့မတ်တော်မောင်တို့က မမျှော်လင့်ဘဲ သေဆုံး၊ ဖြစ်ရပ်အားလုံးကို ပုံချစရာ တရားခံရှာတဲ့အခါ



မှာ “ဂြိုဟ်မ”ဆိုတဲ့ ကလေးပေါက်စသာပဲ ကြီးမေနားမှာ ကျန်ရစ်ခဲ့တာ မဟုတ်လား။

အသည်းရိုတဲ့ထိ နာကြည်းစရာ “ဂြိုဟ်မ” တစ်ယောက်ရှိနေသလို တစ်ကမ္ဘာလုံးမှာ အရင်းနှီးဆုံး သွေးသား၊ အချစ်ဆုံး ညီမလေးရဲ့ရင်သွေး၊ ကိုယ့်တူမရင်းလေးမို့ အသည်းနိုက်အောင် ချစ်နေရတာလည်း သည်ဂြိုဟ်မပါပဲ။ ဒါတွေကို ဂြိုဟ်မ နားလည်ခဲ့ပါတယ်။ ကျေးဇူးမြင်းမိုရ်ကိုလည်း အသိအမှတ်ပြုခဲ့ပါတယ်။ နိစ္စဓူဝ ပူညံပွမ်စီတွေက နေ့တိုင်းလည်း ကြုံရတယ်၊ တစ်နေ့တည်းမှာလည်း လေးငါးကြိမ် ကြုံရတယ်ဆိုတဲ့ အခါမှာတော့ ဂြိုဟ်မလည်း ပုထုဇဉ်၊ အမျက်စိတ်နဲ့ ခံပက်ပစ်လိုက်တာလည်း ရှိပါတယ်၊ ငုံ့ခံခဲ့တာမျိုးလည်း ရှိပါတယ်။

ဂြိုဟ်မတို့ တူဝရီးဟာ ရပ်ကွက်ထဲမှာတော့ မတည့်အတူနေ၊ သူ့ ကိုယ် အကောင်းမထင်၊ ကိုယ့် သူ အဆိုးထင်၊ တစ်နေ့နဲ့တစ်ညပြည့်အောင်လည်း မခွဲနိုင်ကြ။ ထာဝရ တကျက်ကျက်ပါပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

ဂြိုဟ်မတို့အိမ်ရှေ့လမ်းပေါ်ဆင်း၊ နည်းနည်းလျှောက်၊ ညာဘက်ကွေ့၊ တော်တော်လေး လျှောက်လိုက်လျှင် လမ်းမကြီးပေါ်သို့ရောက်၏။ လောကကြီး၏ဆူကြုံ နိမ့်မြင့်သဘောတရားကို ဤလမ်းမကြီးက သက်သေပြလျက်ရှိသည်ဟု ဂြိုဟ်မ ယူဆသည်။

လမ်းက လမ်းကျယ်ကြီး။

လမ်း၏သည်ဘက်ခြမ်းမှာ ဂြိုဟ်မတို့လို လူမျိုးတွေ အနေများသည်။ ပေလေးဆယ်ခြောက်ဆယ်မှာ နှစ်ဦးတို့ သုံးဦးတို့ ဖြစ်၏။ ဟိုဘက်နည်းနည်း ပိုလျှောက်လိုက်လျှင် တစ်ဦးတည်းသမားတချို့လည်း ရှိ၏။ သို့ပေမဲ့ အိမ်ကြီးအိမ်ကောင်း နည်းသည်။

လမ်း၏ဟိုဘက်ခြမ်းကျတော့ လေးဆယ်ခြောက်ဆယ် နှစ်ကွက်။ စုစုပေါင်း ရှစ်ဆယ်ခြောက်ဆယ်ထဲမှာမှ တိုက်တစ်လုံး၊ ခြံနှင့် ဝင်းနှင့် တိုက်နှင့် ကားနှင့်ချည်းသာ ဖြစ်၏။ လမ်းမကြီးတစ်ခုတည်းပေါ်မှာ တည်ရှိပါလျက် ဟိုဘက်ခြမ်းနဲ့



သည်ဘက်ခြမ်း ကုသိုလ်ကံတရားချင်း ကွာခြားလှပါ၏။ ဟိုဘက်ခြမ်းမှာ ကံကောင်းသူ စည်းစိမ်ရှင်တွေနေသည်။ သည်ဘက်ခြမ်းမှာ ဂြိုဟ်မတို့ နေသည်။

"လောကကြီးက မတရားဘူး"

ဂြိုဟ်မ အမြဲတမ်းရွတ်လေ့ရှိသည့် ဝါကျပါ။ ဂြိုဟ်မ လူ့ပြည်မှာနေ၍ လူဖြစ်နေရသည့်အတွက် ဂြိုဟ်မ တစ်ခါမှကံမကောင်းသေးဟု ဂြိုဟ်မ ထင်သည်။ ကောင်းချင်သည့် သူတွေကျတော့ ဘာကောင်းသလဲ မမေးနှင့် ... ဟု ဂြိုဟ်မ ပြောချင်၏။ ကောင်းမှကောင်း။

လမ်းမကြီးပေါ်မှာ ဂြိုဟ်မ တစ်ယောက်တည်း လျှောက်နေတာတော့ မဟုတ်ပါ။ လူသွားလူလာတွေ ရှိပါသည်။ သို့ပေမဲ့ ဂြိုဟ်မရင်ထဲမှာ အထီးကျန်ဆန်လွန်းစွာ ခံစားရသည်။ ကတ္တရာလမ်း မည်းမည်းပေါ်မှာ ဂြိုဟ်မ တစ်ယောက်တည်း။ ဤကမ္ဘာမှာ ဂြိုဟ်မ တစ်ယောက်တည်းပါ။ ဂြိုဟ်မ ချစ်သူခင်သူ ကြင်နာသူများကို ငတ်မွတ်စွာ တမ်းတသည်။

ဂြိုဟ်မမှာ နေစရာအိမ် ရှိပါသည်။ ဝတ်စရာအဝတ်ကို ကြီးမေ ဆင်ပါသည်။ စားစရာထမင်းကို ကြီးမေ ကျွေးပါသည်။ သို့ပေမဲ့ ဂြိုဟ်မ ငတ်မွတ်နေရတာတွေ အများကြီးပါ။ ဂြိုဟ်မ အချစ်ခံချင်သည်၊ ဂြိုဟ်မကလည်း ပြန်ချစ်ချင်သည်။ အကြင်နာ အယုယထဲမှာ မွေ့လျော်ချင်သည်။ သူများကိုလည်း ကြင်နာမြတ်နိုးခြင်းများဖြင့် တယုတယလေးတွေ ပေးဆပ်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂြိုဟ်မမှာ တစ်ယောက်မှ မရှိပါ။

ဂြိုဟ်မ တစ်ယောက်တည်း လမ်းမည်းမည်းကြီးပေါ်မှာ လျှောက်နေခဲ့ပါသည်။ ဦးတည်ရာလည်း မဲ့ပါ၏။ ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက် လျှောက်သွားနေချင်သည်။ ဂြိုဟ်မ အိမ်မှာနေရတာ မပျော်ပါ။ ကြီးမေက အမြဲဆူ၏။ ကြီးမေ ကမ္ဘာမြောက်ဝင်ရိုးစွန်းမှာ ရှိနေလျှင် ဂြိုဟ်မက ကမ္ဘာတောင်ဝင်ရိုးစွန်းသို့ ဆင်းနေချင်သည်။

သို့ပေမဲ့ ကြီးမေနှင့် တစ်ညတာလေး ခွဲအိပ်ရတာတောင် လွမ်းလို့မဆုံး။ ကြီးမေ့ ပူညံ့ပျောက်ဆုံးနေသည့်ညမှာ တစ်မှေးမှ မှေးလို့မရ။ ကြီးမေ ဆူသံနှင့်မှ အိပ်တတ်ပြီ ထင်ပါရဲ့။

"ဂြိုဟ်မ"

ဆတ်ခနဲ လှည့်ကြည့်ပစ်လိုက်သည်။

"အေး"

ဂြိုဟ်မ ရယ်ပစ်လိုက်၏။ သူ့ကို ခင်သည်လေ၊ ဂြိုဟ်မက အပေါင်းအသင်းများသည်။ သူ့ကို ချစ်သည့်ခင်သည့်သူ များသလို ကြည့်မရအောင် ရွံမုန်းသူတွေလည်းရှိ၏။ မတည့်သည့်သူတွေကို တွေ့လိုက်သည်နှင့် ဂြိုဟ်မ နှုတ်ခမ်းစူလျက် မျက်စောင်းထိုးပစ်လိုက်တတ်သလို သူခင်သည့်သူတွေကိုကျတော့ တွေ့တွေ့ချင်း ရယ်ပြတတ်တာ ဂြိုဟ်မ၏အလေ့အကျင့်ပဲ ဖြစ်၏။

"ဘယ်လဲ"

"အလုပ်ထွက်ရှာတာပဲ"

"အောင်မယ် ... ကြီးကြီးကျယ်ကျယ်"



ဂြိုဟ်မ တခစ်ခစ် ရယ်ပစ်လိုက်သည်။ ကြွေရောင်တောက်နေသည့် ပါးမွတ်မွတ်လက်လက်ကလေး မို့တက်ကာ သွေးကြောဖြာဖြာနီနီလေးတွေ ပေါ်လာ၏။ ဂြိုဟ်မ သိပ်ကိုလှရှာပါ၏။

"လမ်းလယ်ကောင် ဒီလောက်အော်ရယ်ရလား"

"ရယ်ချင်တာကိုးဟဲ့"

"မိန်းကလေးကွ မရယ်ရဘူး၊ ဆင်ခြင်ရတယ်"

"လူအထင်သေးလား"

"အကြောင်းမသိတဲ့လူတွေက သေးမှာပေါ့"

"ဆင်ခြင်မယ်"

"လိမ္မာတာ မြန်လွန်းလို့ သိပ်တောင်မယုံချင်ဘူး"

ဂြိုဟ်မ မပွင့်တပွင့်လေး ပြုံးသည်။

"နင်က တော်တော်လှတာပဲ"

"ပြောမနေနဲ့ ကာယကံရှင် အသိဆုံး၊ မိန်းကလေးတစ်ထောင်မှာ တစ်ယောက် ငါ့လိုမလှကြဘူး"

"မြှောက်လို့လည်း မရပါလား၊ မြှောက်တာက အရင်ပဲ"

"ကျော့ရှင်းနဲ့ အဆင်ပြေလား"

"လုပ်မနေနဲ့၊ ကတ်တောက်"

"ဟ ... ဘယ်လိုဖြစ်တာလဲ"

"နင်နဲ့တွဲလို့တဲ့ဟာ"

"ငါ ဂြိုဟ်မွှေလိုက်ပြန်ပြီပေါ့"

ဝင်းထိန်မျက်နှာက မဝင်းထိန်နိုင်တော့ဘဲ ဖြစ်သွားရသည်။ ပျော်တတ်သူဖြစ်ပြီး ရယ်စရာလည်း ပြောတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသားကလည်းဖြူ၏။ ထို့ကြောင့် သူ့မျက်နှာက အမြဲတမ်း ဝင်းထိန် ကြည်လင်နေတတ်သည်။ ခုတော့ သူ့မျက်နှာ ယာယီ အားဖြင့် "မှိုင်းမှုန်"ဖြစ်သွားရသည်။

ဂြိုဟ်မ ရင်ထဲမှာတော့ ကြေကွဲရပြန်ပါပြီ။

ကိုယ့်အတွက်နှင့် ချစ်သူစုံတွဲတွေ ကွဲကြတာ ငါးတွဲ လောက်ရှိပြီထင်သည်။ တချို့ကျတော့ မိန်းကလေးက မကျေနပ် တာ။

"ဂြိုဟ်မနဲ့ လုံးဝစကားမပြောရ"တဲ့။

ဂြိုဟ်မ နေတတ်ထိုင်တတ်ပုံက ယောကျ်ားမိန်းမ မရွေး တရင်းတနှီး ရယ်ရယ်မောမောမို့ ကိုယ့်ချစ်သူ ကိုယ့်ရည်းစား နှင့် ပုတ်ပုတ်ခတ်ခတ်မို့ မရှုဆိတ်တာပါသည်။ ဂြိုဟ်မ သိပ်လှသည့် အတွက် မနာလိုတာလည်းပါသည်။ ဂြိုဟ်မ အလှနှင့်မယှဉ်နိုင် သည်မို့ ကိုယ်ကျန်ရစ်ဖြစ်ခဲ့မှာလည်း စိုးသည်။ အဲသည်အကြောင်း တွေကြောင့် ဂြိုဟ်မနှင့် ကင်းကင်းရှင်းရှင်း နေခိုင်းသည်။

တချို့ကျတော့ ယောကျ်ားလေးတွေ တားခြင်းဖြစ် ၏။

"ဂြိုဟ်မနဲ့ မပေါင်းနဲ့ကွာ"တဲ့။

ဂြိုဟ်မ၏ပုံစံကို ပေါ့သွမ်းသည်ဟု လူတကာက သတ်မှတ်သည်။ ဂြိုဟ်မသည် အကျင့်စာရိတ္တ ကောင်းချင်မှကောင်း မည်ဟု ယူဆ၏။ ဂြိုဟ်မနှင့်ပေါင်းခြင်းဖြင့် ဂြိုဟ်မထံမှ အမူအကျင့် ဆိုးတွေ ကူးစက်လာမှာ စိုးစိတ်ဖြင့် အပေါင်းအသင်း မဖြစ်စေ ချင်ကြပါ။

"ငါ စိတ်မကောင်းပါဘူး ဝင်းထိန်ရယ်"



ဝင်းထိန်တို့နှင့်က ငယ်သူငယ်ချင်းတွေပါ။ တစ် ကျောင်းတည်း တူတူတက်ခဲ့သည်။ ဆင်းရဲသားမိသားစုမှ ပေါက် ဖွားလာခဲ့သူချင်းတူသည်။ တစ်ရပ်ကွက်တည်းမှာ နေကြသည်။ ဂေါ်လီတူတူပစ်ခဲ့သည်။ ထွေခင်းခဲ့သည်။ သားရေကွင်းပစ်ခဲ့သည်။ ကားထပ်ခဲ့သည်။ ယောကျ်ားလေးကစားနည်းတိုင်းမှာ ဝင်းထိန်၊ အုံးချို၊ မြင့်ထွန်း၊ ကျော်ငြိမ်းတို့နှင့် ဂြိုဟ်မ ဝင်ကစားခဲ့သည်။

ဂြိုဟ်မတို့ တစ်ဖွဲ့ကြီး ညသာသာမှာ လမ်းမကြီးကို ပိတ်၍ ထုပ်ဆီးတိုးကြတော့လည်း ဝင်းထိန်၊ အုံးချို၊ မြင့်ထွန်း နှင့် ကျော်ငြိမ်းတို့ ပါတာပဲ။ ဖန်ခုန်မလား၊ ပါတာပဲ၊ ကြိုးခုန် လည်း ပါတာပဲ။ ခွက်ပစ်တမ်း၊ ကုလားမစည်းတမ်း ကစားနည်း တွေမှာလည်း တူတူဆော့ကစားခဲ့ကြတာပဲ။

အဲသည်အုပ်စုတွေထဲမှ တချို့က ရှစ်တန်း၊ ခုနစ် တန်းလောက်မှာ ကျန်ရစ်ခဲ့သည်။ အလုပ်ထွက်လုပ်သူကလုပ်၊ ဘာမှမလုပ်ဘဲ လတ်လျားလတ်လျား ကျန်သည့်သူကကျန်။

တချို့ကျတော့ ဆယ်တန်းထိ ပါလာသည်။

ဂြိုဟ်မတို့လိုပေါ့၊ ဆယ်တန်းရောက်မှတစ်သည်။ ပညာရေးလောက အဆက်ပြတ်သည်။ အလုပ်ထွက်လုပ်သူရှိ၏။ ဂြိုဟ်မကျတော့၊ အလုပ်မရှိ။ စာမေးပွဲ ဆက်ဖြေချင်စိတ်လည်း မရှိတော့။ အဲသည်ထဲမှ ကြော့ရှင်းတို့ ဝင်းထိန်တို့က ဆယ်တန်း ကို နှစ်ချင်းပေါက် အောင်သွားကြသူတွေဖြစ်သည်။ ခုဆို ဒုတိယ နှစ်တောင် ရောက်ကြပြီ။ သူတို့ မေဂျာချင်းလည်းတူ၏။

ငယ်သူငယ်ချင်း မေဂျာတူမို့ တက္ကသိုလ်ရောက်လို့ လေးငါးလအကြာမှာ ချစ်သူတွေအဆင့်သို့ ကူးသည်။ အဲသည်

www.burmeseclassic.com

www.burmeseclassic.com



တုန်းကများ ဂြိုဟ်မ ဝမ်းသာလိုက်ရတာ၊ လက်ခုပ်လက်ဝါးလေး တီး၍ ရယ်တော့ ခင်ကျော့ရှင်းဆိုသည့် ကျော့ရှင်းက ရှက်မျက် စောင်းလေးတဝဲဝဲနှင့် ခေါင်းလေးငုံ့၍ ပြုံးနေတာ ခုထိ မြင်ယောင် ပါသေးသည်။

ဝင်းထိန်က "နင်ကလည်း ဘာရှက်စရာရှိလဲ၊ ရှက်နေတာကမှ ပိုရှက်ရသေးတယ်၊ မရှက်ဘူးဆိုပြီးရော၊ လုံးဝ မရှက်ရတော့ဘူး"ဟု ပြောတော့၊ ကျော့ရှင်းက "မောင်နော်"ဆို၍ ဝိုင်းရယ်ပေးခဲ့သေးသည်။

"ဟာ ... ဟာ၊ မောင်နော်တဲ့၊ မောင် ... မောင်"

ဝင်းထိန်ကို "မောင်"ဟု နောက်ပြီး လိုက်ခေါ်ကြ သည်မို့ ကျော့ရှင်းပဲ လက်သီးဆုပ်နှင့် လိုက်ထုခဲ့သေးတာ။ ခုတော့ ဂြိုဟ်မနှင့်တွဲ၍ ချစ်သူချင်း လမ်းခွဲကြရပြီတဲ့လား။

"ငါနဲ့တွဲလာတာ ဆန်းသလား၊ တစ်သက်လုံးက တွဲလာ တာပဲ၊ သူ့ထက်တောင် စောသေးတယ်၊ သူက နင်တို့ ငါတို့ သုံးတန်းလောက်ရောက်မှ ဒီရပ်ကွက်ထဲကိုရော တို့ကျောင်းကိုပါ ပြောင်းတာ"

"နင် လှတယ်လို့ ပြောမိလို့"

"ဩော် ... ငါလှတာ အပြစ်လား၊ တစ်ယောက်နဲ့ တစ် ယောက် ချစ်ကြတယ်ဆိုတဲ့နေရာမှာ လှတာတစ်ခုတည်းကို ကြည့်ချစ်ကြတာလား၊ လှလို့သာ ကြိုက်ရမယ်ဆိုရင် နင် ရော အုံးချိုရော၊ ကျော့်ငြိမ်းရော၊ မြင့်ထွန်းရော လက်ရှိ ရည်းစားတွေနဲ့ ကြိုက်ကြမလား၊ ငါ့ကိုပဲ ဝိုင်းကြိုက်ကြမှာ ပေါ့၊ နင်တို့ဟာမတွေ တစ်ယောက်မှ ငါ့လောက်မလှဘဲ"



"နင့်စကားက မှန်တော့မှန်တယ်၊ ဒါပေမဲ့ ဟိုသူငယ်မတွေ ကြားရင် ဟိုကောင်တွေနဲ့ တစ်တွဲချင်း အကုန်ခွာပြီမှာပဲ"

"ခက်ပါလား၊ လောကကြီးဟာ ငါ့အတွက် နေရာကျဉ်း တယ်၊ နေပါဦး၊ နင်ကကော ချော့တော့မော့တော့လေး မလုပ်ဘူးလား၊ ကိုယ့်ရည်းစား ကိုယ်ချော့ရတာ အောက် မကျပါဘူး"

"ချော့ခြင်း"ကို ဂြိုဟ်မ သိပ်သဘောကျသည်။ သူ့တစ်သက်တာမှာ ဘယ်သူကမျှ သူ့ကိုမချော့ခဲ့သည်မို့ သူအရမ်း အချော့ခံချင်သည်။

"ငါ့ကိုသာ လာချော့လို့ကတော့ ပျော့ပျောင်းလိုက် မှာပဲ"ဟု သူ အမြဲပြောသည်။ တစ်ဖက်သားကိုလည်း ချော့ချင် သည်။ ဂြိုဟ်မမှာ ခင်မင်သည့် သူငယ်ချင်းတချို့ ရှိနေတာ၊ ဂြိုဟ်မက စိတ်လိုသည့်အခါတွေမှာ သည်းညည်းခံပြီး ချော့တတ် လို့ပဲ ဖြစ်လေ၏။

"နေမလား၊ ချော့လိုက်တာမှ အရမ်း ... အရမ်းကိုချော့ တာပါပဲ ခင်ဗျာလို့တောင် ပြောနိုင်တယ်"

"သူက ငါ့ကို ဘာစိတ်ဆိုးသွားလို့လဲ၊ ငါ ကြားဝင်ရမလား"

"မဝင်နဲ့၊ နင်ဝင်ရှင်းရင် ရှုပ်ကုန်မယ်"

"ဘာတွေလဲဟာ"

"နင် ဟိုတလောက ကုန်တိုက်တစ်ခုမှာ အရောင်းစာရေး သွားလျှောက်မယ်ဆိုပြီး လှတပတတွေပြင်ပြီး ထွက်လာ တာ၊ ဂြိုဟ်မတို့က ကုသိုလ်ကံသာဆိုးရှာတယ်၊ ရပ်ကနေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု လှလိုက်တဲ့ဖြစ်ချင်းလို့ ငါက ပြောမိတဲ့နေ့ကစပြီး ကောက်တော့တာပါပဲ"

"အင်း ..."

"ငါက ပြောပါတယ်၊ ယော်သူငယ်ချင်းမို့ ဂြိုဟ်မကိုဆို မိန်းမလို့တောင် သိပ်ထင်တာမဟုတ်ဘူး၊ ယောကျ်ားပေါင်း ပေါင်းတာပါလို့၊ လှလို့ လှတယ်ပြောတာ၊ ကြိုက်တာ၊ ချစ်တာမှ မဟုတ်ဘဲလို့"

"အေးလေ"

"မို့မို့မြင့်အောင်တို့ မေသန်းနုတို့ ဘယ်လောက်လှလဲ၊ စိုးမြတ်သူဇာ ဘယ်လောက်လှလဲ၊ လှတယ်ပြောတာပဲ၊ ချစ်တယ်ပြောတာမှ မဟုတ်တာ၊ ရည်းစားဖြစ်ချင်တာက သတ်သတ်ပဲ၊ အဲဒါကို သဘောမပေါက်ဘူး"

"ကျော့ရှင်းကတောင် ဒီလိုဖြစ်ပြီဆိုတော့ ဟိုကောင်တွေနဲ့လည်း ငါ အနေအထိုင်ဆင်ခြင်မှ ဖြစ်တော့မယ်၊ ငါ့ကြောင့် ရည်းစားတွေ တစ်တွဲပြီးတစ်တွဲ ကွဲရရင် မကောင်းဘူး"

"ကျော့ရှင်းက မဖြစ်သင့်ဘူးကွာ၊ သူပြောတာတွေတောင် နင့်ကို အကုန်ပြန်မပြောပါဘူး၊ ကလေးဆန်လွန်းလို့၊ ရှင်းစရာမဟုတ်တာကို ရှင်းနေရတာ ကြာတော့ ရှက်လာရော"

"ခု နင်က ဘယ်ကလဲ"

"မြို့ထဲ ... နင် နံပါတ်ဘယ်လောက်စီးမှာလဲ"



"လေးဆယ့်နှစ်"

"ငါလည်း လေးဆယ့်နှစ်"

"ဒီနေ့ ကျောင်းမတက်ဘူးလား"

"ညနေမှ ပရက်တီကယ် သွားလုပ်မယ်"

"အင်း ... ကားတူတူစီးပြီး ချိန်းထွက်တယ် ဖြစ်တော့မှာပဲ"

"ဖြစ်ဖြစ်ဟာ၊ ငါလည်း ချော့ရလွန်းလို့ စိတ်ကုန်သွားပြီ၊ ချော့နိုင်တဲ့ အတိုင်းအတာ လွန်သွားပြီ၊ သူ့ဘာသာ ပြန်ကပ်ရင်လာကပ်၊ မကပ်ရင် အသစ်ရှာတော့မယ်၊ စိတ်ပျက်တယ်"

"နင်တို့ယောကျ်ားတွေ ဒီလိုချည်းပဲလား"

"ရည်းစားက ပစ်သွားလို့ မျက်ရည်တောက်တောက်ယိုတဲ့ ကောင်ညံ့တွေလည်း ရှိချင်ရှိမှာပေါ့"

"အချစ်ကြီးသူတွေလည်း ဖြစ်နိုင်တာပဲ"

ကားဂိတ်သို့ ရောက်လာသည်။ လာသည့်ကားက လူအပြည့် ဆိုပေမယ့် အတွယ်အတာ ပါမလာသေးတာမို့ ချောင်လှပြီဟုတောင် ဆိုနိုင်သည်။

ကားဂိတ်မှာ စောင့်နေသည့်လူတွေက ကားချည်း သတ်သတ်၊ လူလွတ် စင်းလုံးသုံးစီးလောက်လာမှ သည်လူတွေ ကုန်အောင် ကောက်တင်နိုင်မည်။

"ဘဲအုပ်က တစ်ရာ နှစ်ရာ မဗေဒါက တစ်ပင်တည်း"

www.burmeseclassic.com

www.burmeseclassic.com



ဂြိုဟ်မက ကားနှင့်လူအုပ်ကိုကြည့်၍ သီချင်းဆိုလိုက်၏။ ဝင်းထိန်က ရှေ့မှ တိုးတက်လိုက်သည်။ ဂြိုဟ်မက ကပ်လိုက်၏။ သို့ပေမဲ့ ပြုံတိုးသည့် လူအုပ်ကြီးကြောင့် ဂြိုဟ်မ ဘယ်ဘက်ဘေးသို့ ယိုင်သွားသည်။ ဝင်းထိန်နှင့် ကွဲသွား၏။ မသွားတတ် မလာတတ်၊ တောဘုရားဖူးသာဆိုလျှင် ခက်ရချည်သေးရဲ့ ဟုတွေးပြီး ဂြိုဟ်မ တစ်ချက်ပြုံးဖြစ်လိုက်၏။

"ဒီလောက်တောင် တက်ချင်ကြတာ၊ တက်ကြစမ်းပါ"

ဂြိုဟ်မ ဘေးဖယ်ပေးလိုက်သည်။

ပွဲကြည့်ပရိသတ် လုပ်လိုက်၏။ တိုးလိုက် ဖော့လိုက်ကြတာ လူတွေဆိုတာ၊ ဂြိုဟ်မကြည့်ရင်း ရယ်ချင်လာသည်။ လိုရာခရီးသို့ အချိန်မီရောက်ဖို့ လူတိုင်းအရေးကြီးနေကြသည်။ ကိုယ့်ကိစ္စသည်သာ အရေးကြီးဆုံး။ ကိုယ့်ဆန္ဒပြည့်ဝဖို့အတွက် တစ်ဖက်သားကိုတွန်းဖို့၊ ထိုးဖို့၊ ဖယ်ချခဲ့ဖို့ဆိုလျှင် ဝန်မလေးကြပါ။ လူဆိုသည်မှာ ဤကဲ့သို့ပါဟု ရှင်းတမ်းတစ်ခု ထုတ်ချင်သည်။ "ဒသံန"ဟုတော့ ပြောချင်သားပါ။ ဂြိုဟ်မ ဆယ်တန်းမအောင်ပေမယ့် "ဒဿန"ဆိုသည့် စကား၏အဓိပ္ပာယ်ကို နားလည်ပါ၏။ ဝတ္ထုတွေတဲမှာ မဂ္ဂဇင်းတွေထဲမှာ ဖတ်ဖူးထားသည်။ သို့ပေမဲ့ ဂြိုဟ်မ၏နှုတ်ထွက်စကားကို "ဒဿန"ဟုဆိုလျှင် ကြီးကျယ်လိုက်တာဟု လူတကာကဲ့ရဲ့ကြမှာ သေချာ၏။ လူဆိုသည်မှာ မြေနိမ့်လျှင် လုံ့စိုက်ရမှ။

သည်တော့ ရှင်းတမ်းဟုပဲ ဂြိုဟ်မ လွယ်လွယ်ပြောပစ်လိုက်သည်။ အဓိပ္ပာယ်တိကျချင်မှတော့ တိကျမည်။



ငါးပုံမှာ လေးပုံခွဲလောက်သောလူတွေ နောက်ဆုတ်တပ်ခေါက်ကျန်ရစ်ခဲ့တာကိုကြည့်ပြီး ဂြိုဟ်မ ကျိတ်ရယ်လိုက်သည်။ ကိုယ့်လို အေးအေးဆေးဆေး စောစီးစွာ နောက်ဆုတ်ပေးလိုက်လျှင် ချွေးစော်လည်းမနံ၊ ပင်လည်း မပင်ပန်း။ တကယ်တမ်းဆို ဂြိုဟ်မက မတက်ချင်လို့၊ တက်ချင်လျှင် ထိုးတက်သွားနိုင်၏။

စိတ်ကောင်းဝင်တုန်း အရှုံးပေးထားတာ။

ခုချိန်မှာ ဂြိုဟ်မ စိတ်ထဲမှာ ဆန္ဒတစ်ခုတည်း ကြီးစိုးနေ၏။ အလုပ်၊ အလုပ်ရချင်သည်။ အလုပ်တစ်ခု လုပ်ချင်သည်။ အဲသည် အလုပ်သည် ဝင်ငွေကောင်းရမည်။ ဂြိုဟ်မတို့ဘူဝရီး ဝမ်းဝခါးလှရမည်ပေါ့။ နေ့စဉ် အိမ်မှထွက်ရသည့်အလုပ်လည်း ဖြစ်ရမည်။

"နင့်အိမ်မှာ နင်ထိုင်ပြီး ဒီအလုပ်ကိုလုပ်၊ တစ်လ ငါးထောင်ပေးမယ်"

ဆိုလျှင် ဂြိုဟ်မ အဲသည်အလုပ်ကို လက်မခံဖြစ်မှာ သေချာသည်။ ငွေငါးထောင်ကို တမ်းတမ်းမွတ်မွတ် မက်မောပါသည်။ သို့ပေမဲ့ ဂြိုဟ်မ ကျောပူခံချင်၏။ နားပူမခံချင်ပါ။ ကြီးမေ၏ ပူညံစီပွမ်သံထဲမှ တစ်နေကုန် ကင်းလွတ်ခွင့် ရချင်၏။ နှစ်ဆယ့်လေးနာရီမှာ အိပ်ချိန်ကို ဂြိုဟ်မက ခြောက်နာရီပဲယူသည်။ ကျန်သည့် ဆယ့်ရှစ်နာရီမှာ ရှစ်နာရီလောက်မှ နားချမ်းသာခွင့်မရှိလျှင် ဂြိုဟ်မ အသက်တိုသွားလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် ဆယ်နာရီလုံးလုံး နားရွက်ကို ငရဲချပေးထားတာ။ သည်တော့ လခကောင်းရမည်။ အိမ်က နေ့တိုင်းထွက်ရသည့်အလုပ် ဖြစ်ရမည်။ အမြန်ဆုံးရမှလည်း ဖြစ်မည်။ ဂြိုဟ်မ အလုပ်တစ်ခု အရေးတကြီး လိုချင်နေပါသည်။ ကိုယ်ကျင့်တရား မပျက်စီးလျှင် ပြီးရော။



မိုးတွေအရမ်းရွာရင် ကျွန်မ အရမ်းပျော်ပါတယ်။

ကျွန်မတို့ နေထိုင်ရာ ဆင်းရဲသားရပ်ကွက်ကလေးကို ရေမြုပ်ပါတယ်၊ ခြေမျက်စိဆိုတာ သာသာလေး ဖုံးတာပေါ့၊ တစ်ခါတစ်ရံကျ ခြေသလုံးကြွက်သားထိ ရေတက်စိုပြီလားဆိုရင် ကျွန်မ ပျော်လွန်းလို့ လုံချည်မ,မဘဲ ရေထဲတဗွမ်းဗွမ်းလျှောက်ပြီး ရပ်ကွက်ရဲ့နောက်ကျောက မြောင်းကြီးလိုလို၊ ချောင်းပေါက်စလိုလို စီးဆင်းနေတဲ့ ရေစီးကြောင်းကြီးဆီ အမြဲသွားနေကျပါ။

“သေမယ် ... ကလေးတစ်ယောက်လောက်များတော့ အပျော့၊ ရေစီးက သန်ပါဘိ”လို့ ကြီးမေတားရင် ကျွန်မ တခစ်ခစ်ရယ်ပစ်လိုက်ပြီး “ကျွန်မက ကလေးမှ မဟုတ်တော့တာ”လို့ ပြန်ပြောပစ်လိုက်တာချည်းပဲ၊ ကျွန်မ ရောက်ဖြစ်အောင် သွားတာချည်းပဲ။ အဲသည်မှာ ကျွန်မဘော်ဒါတွေ ရှိနေတယ်လေ။

အရွယ်စုံ ဆိုက်စုံပေါ့။ အဖေ့အလစ်မှာ အမေမနိုင်တဲ့အုပ်စု။ လေးငါးနှစ် သားသမီးတွေကနေ ဆယ့်လေးငါးနှစ်သားသမီးတွေထိ ရှိတယ်။ သိတဲ့အတိုင်း မျောက်မူးလဲအုပ်စုဆိုရင်လည်းရတယ်။ မိဘအလစ်မှာ လာကြတာ၊ တချို့က မိဘ[illegible]

www.burmeseclassic.com

www.burmeseclassic.com



တဲ့ကြားထဲက မကြောက်လို့၊ မနာခံလို့ လာကြတာတွေ၊ တချို့ကျတော့ မိဘကိုက ဆိုဆုံးမရကောင်းမှန်း မသိလို့ လွှတ်ထားတာ၊ တချို့ကျတော့ မိဘက ဝမ်းရေးအတွက် အိမ်မကပ်နိုင်လို့ သားသမီးတွေ သွားချင်ရာသွား၊ လာချင်ရာလာ ကိုယ့်သဘောနဲ့ကိုယ်ဖြစ်နေဝဲ့ဟာတွေ၊ အဲသည်အုပ်စုထဲမှာ ကျွန်မက ခေါင်းဆောင်လည်းမဟုတ်၊ နောက်လိုက်လည်းမမည်၊ အဖွဲ့တော့ ကျပါရဲ့။ ကျွန်မက တသီးတသန့်လေ။

ဆီးထုပ်ဝယ်စားရင်၊ အာလူးကြော်ဝယ်စားရင်၊ တစ်ခုခုဝယ်လို့ ပလတ်စတစ်ပါလာရင် အဝတ်နဲ့သုတ်တန်သုတ်၊ ရေနဲ့ဆေးတန်ဆေးပြီး အခြောက်လှန်း၊ ပြီးရင် သေချာခေါက်ပြီးသိမ်းထား၊ ကိုယ်လိုချင်တော့ အရွယ်အစားအလိုက် ထည့်သုံးချင်ရာပြန်သုံးတဲ့။ ကြီးမေက စနစ်ကျတာပါ။

မိုးရွာပြီဆိုရင် ကျွန်မ သိပ်ပျော်တယ်လို့ ပြောခဲ့ပါရော။

ကျွန်မဆော့နည်းက တစ်မျိုး။ ကလေးဆော့တော့ မကဘူး ထင်ပါရဲ့၊ လူကြီးဆော့လို့ ပြောရအောင်ကလည်း ရင့်ကျက်ပြီဆိုတဲ့ ဘယ်လိုလူကြီးမျိုးကမှ ကျွန်မလို ဆော့ကြမယ်လို့ မထင်ပါဘူး။ ကျွန်မက အဲသည်ဆော့နည်းကိုလည်း ဝါသနာပါတယ်၊ မိုးရေထဲ လုံချည်ရှည်ကြီး ချဝတ်ပြီး တဖွမ်းဖွမ်းလျှောက်ရတာလည်း ပျော်တယ်။ ကျွန်မစက္ကူလေးတွေကို နှစ်လက်မ၊ သုံးလက်မလောက်ကလေးတွေဖြစ်အောင် ကတ်ကြေးနဲ့ညှပ်တယ်၊ စက္ကူတစ်ရွက်မှာ စာတန်းတစ်ခုရေးတယ်။



"တို့ဘဝ ခဏ ဘယ်သူယူချင်လဲဟေ့"

ကိုယ့်ဘဝကိုယ် နာကြည်းလွန်းခြင်းရဲ့ ထွက်ပေါက်တစ်ခုပါရှင်။ တစ်ခါတလေတော့ ကျွန်မဟာ သိမ်မွေ့စွာ ပေါက်ကွဲနေတတ်ပါတယ်။ တစ်ခါတစ်ရံမှာတော့ ကြမ်းတမ်းစက်ထန်ခြင်းများနှင့် ဆရာမနိုင်နှစ်ဆောင်ပြိုင်ပုံစံမျိုးမှာလည်း ရှိနေတတ်ပါတယ်။

"မဏိမေခလာ အမျိုးသားအသွင်ဖန်ဆင်း
လာနိုင်ခဲ့ရင် ကျွန်မနဲ့ လက်ထပ်မယ်နော်"

အဲဒါကတော့ ဆယ်ကျော်သက်- စိတ်ကစားတဲ့အရွယ်မှာ လှုပ်တဲ့သစ်ရွက်ကလေးကို ရယ်ရင်း အားကိုးရှာချင်တဲ့ စာတန်းကလေးပါ။ သိက္ခာမဲ့လှချည့်လို့ အပြစ်တင်ရင်လည်း လည်စင်းပြီး ခံယူဖို့ပါ။

"ကွယ်လွန်သူ ဂြိုဟ်မ၊ အသက် သုံးမိနစ်"

ကျွန်မဟာ သုံးမိနစ်သမီးမှာသာ ကွယ်လွန်ခဲ့ရင် ခုလို အသက်အရွယ် ကြီးရင့်ပြီဖြစ်တဲ့ ကြီးမေကို ဒုက္ခပေးရခြင်း၊ မိဘမဲ့ဘဝနဲ့ မျက်နှာငယ်စွာ ကြီးပြင်းရခြင်း၊ ကျွန်မရဲ့ဝန်းကျင်မှာ ဂြိုဟ်ဆိုးတွေ အစဉ်ယှဉ်တွဲ ဝန်းဖြာနေတယ်လို့ ကြီးမေရဲ့ စွပ်စွဲခံရခြင်းတို့မှ လွတ်မြောက်နိုင်မယ်လေ။

"ကူပါလှည့် သခင်"

တစ်ခါတစ်ရံမှာတော့ ရည်ညွှန်းမဲ့ တမ်းတစာမျိုးကိုလည်း ရေးတတ်ပါတယ်။ ကျွန်မ အဲသည်စာကြောင်းလေးတွေပါတဲ့ စာရွက်တစ်ရွက်စီကို ပလတ်စတစ်အိတ်ကလေး တစ်လုံးထဲမှာ ထည့်ပါတယ်။ ဖောင်းသွားအောင် လေမှုတ်သွင်းပါတယ်၊ သားရေကွင်းနဲ့ စည်းပါတယ်။ ပိုပြီးကြီးတဲ့ ပလတ်စတစ်အိတ်

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်လုံးထဲထည့်၊ လေထပ်မှုတ်သွင်း၊ ဖောင်းဖောင်းကြီးရမှ ချောင်းထဲမြောင်းထဲ ပေါလောမျှောလိုက်ပါတယ်။

ရောက်လိုရာရောက်၊ ဆိုက်ချင်တဲ့ကမ်းမှာဆိုက်၊ ရချင်တဲ့သူရစေ၊ ပေးချင်တဲ့ မှတ်ချက်မျိုးကိုချစေ။ ရသူရဲ့အမြင်မှာ ရေးသူ၊ မျှောသူဟာ အရူးမတစ်ယောက်လို စွပ်စွဲရင်လည်း ကျွန်မ အပြုံးပျက်ဖို့ စိတ်ကူးမရှိပါဘူးရှင်။

တစ်ခါတုန်းကတော့ မိုးလည်းမရွာ၊ ချောင်းကြီးလည်း ရေမလျှံ၊ ကျွန်မဆိုတဲ့ ဆယ်တန်းကျ မိန်းမသားအဖို့ အိမ်ထဲမှာ စိတ်လေဖို့ကလွဲပြီး တာဝန်မဲ့နေတဲ့ အချိန်တစ်ချိန်ပေါ့။ ကြီးမေက ...

"မိန်းကလေးပဲဖြစ်ဖြစ်၊ ယောကျာ်းလေးပဲဖြစ်ဖြစ်၊ အချိန်အားတွေများ၊ အချိန်တွေပိုနေရင် စိတ်လေပြီး ပျက်စီးတတ်တယ်"တဲ့။

"ချက်ချင်ချက်၊ ချုပ်ချင်ချုပ်၊ ပညာရှာရင်ရှာ၊ အဲဒါတွေမှ မရှာနိုင်ရင် ကုသိုလ်ရှာ။ စီးပွားထွက်ရှာဖို့တော့ စောသေးတယ်၊ ငါစိတ်မချဘူး၊ ညည်းကလည်း ဂြိုဟ်မဆိုတော့ ငါပဲ ဘယ်ဒုက္ခတွင်းထဲက လိုက်ဆယ်ရမယ် မသိဘူး"... တဲ့။

ကြီးမေတို့များ စေတနာစကား၊ ဆုံးမစကားကို တောင် ကျွန်မအတွက် အနှောင့်မလွတ် အသွားမလွတ် ပြောတတ်တာ အကျင့်တစ်ခုလို ဖြစ်နေပါပြီ။ ကျွန်မကလည်း တစ်ခါတလေတော့ ...

"ပညာလည်းမရှာ၊ စီးပွားလည်းမရှာဆိုတော့ကြင်ရာပဲရှာတော့မယ် ကြီးမေ"လို့။



ခနိုးခနဲ့စကားကို ပြန်ပြီးပြောတတ်ပေမယ် တစ်ခါ တစ်ရံမှာတော့ ကြီးမေရဲ့ အမှတ်မထင်စကားလုံးတွေဟာ ရင်ထဲကို ပူပြင်းစွာ တိုးဝင်တတ်တာမို့ တိတ်တဆိတ် ကြေကွဲရပါတယ်။ ကျွန်မရင်ထဲမှာ နာကျင်ပြီ၊ ကိုယ့်ဘဝကိုယ် နားကြည်းပြီ၊ နှလုံးသားမှာ ဒဏ်ရာရပြီဆိုရင် ကျွန်မဟာ သုံးရက်လောက် စကားသံတိတ်သွားရပါတယ်။ ကြီးမေကတော့ ကျွန်မ "စိတ်ကောက်"နေတယ် ထင်မှာပါ။ ကျွန်မမှာတော့ ဝါကျဟူသမျှ ပျောက်ဆုံး၊ စကားလုံးတွေ ခန်းခြောက်ပြီး အသံဆိုတာ ကျွန်မ မပိုင်တော့တဲ့ ပစ္စည်းတစ်မျိုး ဖြစ်သွားရတာမျိုးပါ။

စာနာစိတ်နဲ့ ယုံကြည်စမ်းပါနော်။

အဲသည်လို ကျွန်မ တာဝန်မဲ့ပြီး စိတ်လေနေချိန်၊ အားငယ်ကြေကွဲစိတ်နဲ့ ဘဝကို စိတ်နာချိန်၊ အသက်မဲ့လူသားလို တွေဝေနေတဲ့အချိန်။ အဲသည်အချိန်မှာပဲပေါ့ ... လမ်းထဲကို ဘောလုံးသည်တစ်ယောက် ဝင်လာခဲ့ဖူးပါတယ်။ လမ်းထဲကို ဘောလုံးသည်လာတာ အဆန်းလားရှင့်။ ဒါပေမဲ့ ဆန်းနေပါတယ်။ အဲဒီဘောလုံးမျိုးတွေက ခုခေတ်မှာ လမ်းထဲလျှောက်ရောင်းတာ သိပ်မတွေ့ရတော့တာ။

မိုးပျံပူဖောင်းတွေလေ။

ဟိုဖွင့်ပွဲ သည်ဖွင့်ပွဲတွေမှာသာ တွေ့နေရတဲ့ အမျိုးအစား။ ဒါမျိုးတွေကို တီဗီမှာသာ အတွေ့များပါတယ်။ ကျွန်မတို့အိမ်မှာ တီဗီမရှိတော့ နှစ်ကျပ်ပေးပြီး သွားကြည့်မှ ရပါတယ်။ ကျွန်မက ရှက်လို့ သိပ်သွားလေ့မရှိပါဘူး။ ကလေးတွေကြားထဲ ရောထိုင်ပြီး ကလေးဗိုလ်လုပ်ရတာ ရှက်တတ်တဲ့အရွယ် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေပါပြီ။ ရွယ်တူတန်းတူတွေတော့ ရှိပါရဲ့။ တချို့က ဘယ်လိုမှ မလှတဲ့ သူတို့ရုပ်ရည်နဲ့ ကိုယ်လုံးကိုယ်ထည်ကို အခမ့်လှစေတဲ့ အုပ်စုရယ်၊ တချို့ကျတော့ စည်ကမ်းကလနားဆိုတာ လုံးဝမထား၊ ဣန္ဒြေသိက္ခာမဲ့လွန်းပြီး ကလေးဆိုးလိုလို ဘာလိုလို ပုံစံမျိုးဖန်ထားတဲ့ အုပ်စုရယ်။ ကျွန်မက ဘယ်အုပ်စုမှာမှ မဝင်ဆံ့တော့ ရွယ်တူတွေနဲ့လည်း ပေါင်းလို့သိပ်မရပါဘူး။

အဲသည်အတွက် ...

“သူက ဂြိုဟ်မဆိုတော့ ဘယ်သူနဲ့မှ ပေါင်းလို့မရဘူး၊ သူနဲ့ပေါင်းရင် ဒုက္ခတစ်ခုခုတွေ့တတ်တယ်”လို့ မကြားတကြားလိုလိုနဲ့ အတင်းတစ်ခုကို ကြားအောင်ပြောတာလည်း ကျွန်မ ခံယူရပါတယ်။

အဲသည်တော့ ကျွန်မ ပြောချင်တာက မိုးပျံပူဖောင်းဆိုတဲ့ ဘောလုံးကို မြင်ချင်တာတောင် မြင်ခွင့် လမ်းနည်းတာကိုပါ။ သူက ဈေးကြီးသားရှင်။ ကလေးအုပ်ကတော့ နောက်မှာပါပါတယ်။ ဘယ်သူမှလဲ မဝယ်နိုင်ပါဘူး။ ကျွန်မက ဘောလုံးသည်ကို လှမ်းခေါ်တော့ ကလေးတွေက ဈေးသည်ထက်အရင် ကျွန်မအိမ်ပေါ် ရောက်ကြတယ်။

အဲဒါ ကျွန်မတို့ရပ်ကွက်လေးရဲ့ လူမှုဆက်ဆံရေး သဘောသဘာဝပါ။

ကျွန်မ ဆယ်လုံးဝယ်ပါတယ်။ ပျံတက်မသွားအောင် ချည်နှောင်လို့လည်း ထားရသေးတယ်။ ဈေးသည် ပြန်ဆင်းတော့ ကလေးတွေက ဈေးသည်အရင် လမ်းမပေါ် ရောက်နှင့်နေကြပြီ။ သူတို့လေးတွေ ချစ်စရာတော့လည်း ကောင်းကြတယ်။ တစ်ခါ



တလေတော့ မျက်စိနောက်ရတာ အမှန်ပါ။ ကျွန်မ စာရွက်ကလေးတွေ ဖြုတ်ပါတယ်။ ထုံးစံအတိုင်း ကျွန်မရဲ့မွန်းကျပ်စိတ်များထွက်ပေါက်အဖြစ် ကျွန်မ ချစ်သော၊ သို့ပေမဲ့ သူများဖတ်မှာရှက်သော ကျွန်မရေးတာလို့ မသိစေရဘဲ တစ်စုံတစ်ယောက်လက်ထဲသို့ ကျရောက်စေလိုသော ဝါကျကလေးများကို ကျွန်မ ရေးပါတယ်။

ကူပါလှည့် သခင်ရယ် ...
ကျွန်မဘဝကို ခဏယူပါရှင်
ဂြိုဟ်မဘဝကို လာရောက် သင်္ဂြိုဟ်လှည့်ပါ
ပြန်လာပါ ဖေဖေနဲ့ မေမေ
ကျွန်မမှာ အပြစ်ရှိသလား ...

အဲဒါမျိုးလေးတွေ။

ကျွန်မချစ်သော ဝါကျလေးတွေ စုစုပေါင်းကိုးခု။ စာရွက် ကိုးရွက်ပေါ်မှာရေး၊ ပလတ်စတစ်အိတ်ကလေးထဲထည့်၊ သည်တစ်ခါတော့ လေမှာလွတ်မှာမို့ ရေမြုပ်မှာ မစိုးရဘူးလေ။ လေမှုတ်သွင်းပြီး ဖောင်းစေတာမျိုး မလုပ်ဘဲ ပြားပြားကပ်ကပ်ပဲထားပါတယ်။ မိုးပျံပူဖောင်းလေးရဲ့ အောက်ခြေမှာ ခိုင်မြဲစွာချည်နှောင်လိုက်ပါတယ်။ နောက်ဆုံးလက်ကျန် စာရွက်လေးပေါ်မှာတော့ နောက်ဆုံးစာကြောင်းလေးတစ်ခု ရေးပါတယ်။

ကျွန်မရှက်သော စာကြောင်းလေး။

သူများမဖတ်စေလိုသော၊ ကျွန်မရေးမှန်း တစ်ပါးသူမသိစေလိုသော၊ လေဟာပြင်မှာ ပေါက်ကွဲဆုံးရှုံးမသွားဘဲ တစ်စုံတစ်ယောက်ထံကိုတော့ ဆိုက်မြိုက်စွာ ရောက်ရှိစေလိုသော စာကြောင်းလေးပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီစာရွက်ကလေးကို ရတဲ့သူဟာ
ကျွန်မရဲ့ဖူးစာရှင်ပါပဲရှင်"

ပညာမရှာ၊ ဥစ္စာမရှာ အချိန်တွေပိုပြီး စိတ်လေနေတဲ့ ဆယ်ကျော်သက်မလေးရဲ့ သိက္ခာမဲ့ လေလွင့်ဝါကျလေးရယ်ပါ။

ဘောလုံးဆယ်လုံးကို စုကိုင်ပြီး ကျွန်မ လမ်းမပေါ် ဆင်းတဲ့အချိန်ဟာ ညဆယ်နာရီ ထိုးနေပါပြီ။ ကြီးမေတောင်မှ အိပ်ရာထဲရောက်လို့ အိပ်ဖို့အဆင်သင့်ဖြစ်နေချိန်ပါ။ လမိုက်ညမို့ ကလေးတွေက လမ်းပေါ်လျှံကျမလာဘဲ အိပ်ရာထဲမှာ မျက်စိတွေ မှေးကုန်ပြီဖြစ်တဲ့ အချိန်ပါ။

လမ်းသွယ်ထောင့်ချိုးနေရာမှာရှိတဲ့ ကျွန်မတို့အိမ်လေးက ကားပြေးလမ်းမကျယ်ကြီးပေါ်ကိုရောက်ဖို့ နှစ်မိနစ်ပြည့်အောင်တောင် မလျှောက်လိုက်ရပါဘူး။ လမ်းရဲ့သည်ဘက်(ကျွန်မတို့ဘက်ခြမ်း)က ဆင်းရဲသားဘက်ခြမ်းဖြစ်ပြီး ဟိုတစ်ဖက်ခြမ်းက သူဌေးဘက်ခြမ်း ဖြစ်နေတာလည်း သံဝေဂယူစရာ တစ်ခုပါပဲ။

ကံ, ကံ၏အကျိုး၊ လူသားတို့ ဘဝဇာတ်ခုံမှာ ဇာတ်ဆရာစီစဉ်သလို ကပြကြရတယ် ဆိုတာကိုလည်း တရားပြနားချနေသလိုပါ။ လမ်းမကျယ်တစ်ခု ခြားလိုက်ရုံနဲ့ လူတန်းစားချင်းက မိုးနဲ့မြေလို ကွာခြားသွားရတာပါ။ သူဌေးအိမ်တွေမို့ ခြံထိပ်တိုင်မီး၊ ခြံထဲမီး၊ အိမ်ထဲ မိုးအလင်း မီးတွေနဲ့ လျှံဖြာနေတဲ့ သူဌေးရောင်တွေက ကျွန်မအတွက် အမှောင်ထုကို ဖြိုခွဲပေးပါတယ်။

ကျွန်မတို့ဘက်ခြမ်းမှာ မည်းမည်းလို့ မှောင်ရပေမယ့် အဲသည်ဘက်ခြမ်းကျမှ ထိန်ထိန်လင်းလို့သာ နေတာဟာလည်း လူချင်းမတူ၊ ကံချင်းမတူတဲ့ သဘာဝပါပဲ။ ကျွန်မက လာခြင်းမကောင်းသော "ဂြိုဟ်မ"လေ။



ကျွန်မ ဘောလုံးလေးများကို တစ်လုံးစီ လွှတ်တင်ပါတယ်။ ညမှောင်ရဲ့ တိမ်မည်းကြားမှာ သူတို့ကို ကြာရှည်စွာ မြင်ခွင့်မရလိုက်ပါဘူး။ လေယူရာတိမ်းလို့ ယိမ်းနွဲ့လွင့်မျောသွားကြတဲ့ မိုးပျံဘောလုံးလေးများနှင့်အတူ ကျွန်မရဲ့နှလုံးသား၊ ကျွန်မရဲ့ခံစားမှုတွေ ထည့်လွှတ်လိုက်ပါတယ်။ စကြဝဠာအနံ့ ခြေဆန့်လို့ ပျံပေးကြပါ ဘောလုံးလေးတွေရယ်။

"ဘောလုံးလေးတွေရယ်၊ မိုးကောင်းကင် တစ်နေရာမှာ တာဝတိံသာဆိုတာများ ရှာလို့တွေ့ခဲ့ရင် ဖေဖေနဲ့မေမေကို ရှာပေးကြပါ၊ ဂြိုဟ်မတစ်ယောက်တည်း ပစ်မထားခဲ့ပါနဲ့ လို့ ပြောပေးပါ"

ကြီးမေ ကြားရင်တော့ "အရှုးမ၊ ဂြိုဟ်မ"လို့ လေးလေးပျစ်ပျစ်ကြီး ခေါ်ချမှာ ကြားယောင်နေမိပါတယ်။ ဖေဖေနဲ့မေမေသာ နတ်ပြည်ရောက်ခဲ့ရင် ဂြိုဟ်မတို့ လူ့ပြည်လေးကို ငုံ့ကြည့်စေချင်ပါတယ်။ သူတော်ကောင်းတွေ ဒုက္ခရောက်ရင် သိကြားမင်းကြီး ထိုင်နေတဲ့ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာဟာ ကျောက်စိုင်ကျောက်သားကဲ့သို့ တင်းမာသွားတယ်တဲ့။

အဲသည်အခါမှာ သိကြားမင်းကြီးက လူ့ပြည်ကို ငုံ့ကြည့်တော့ ကယ်တင်ရမယ့်သူကိုတွေ့ပြီး လူ့ပြည်ဆင်းလို့ ကူညီတတ်တယ်ဆိုတာ ရပ်ကွက်ထဲ လူကြီးသူမတွေ ပြောလွန်းလို့ ကျွန်မ အလွတ်ရနေတဲ့ ပုံပြင်ပါ။

"သိကြားမင်းကြီးရဲ့ ပဏ္ဍုကမ္ဗလာ မတင်းဘူး ထင်ပါရဲ့၊
ကျွန်မက သူတော်ကောင်းများ မဟုတ်လို့လားရှင်"

ကျွန်မ မျက်ရည်ကျမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ကယ်တင်ရှင် အဖော်ကို သိပ်ကို တမ်းတတတ်သူပါ။ အဲဒါ ကျွန်မ မှားလားဟင်။

"ဒီစာရွက်လေးကို ရတဲ့သူဟာ ကျွန်မရဲ့ဖူးစာရှင်ပါပဲရှင် ဆိုတဲ့ စာရွက်ပါတဲ့ မိုးပျံပူဖောင်းလေးရေ၊ မင်း ခရီးဆန့်နော်၊ ဂြိုဟ်မဘဝကို ကယ်တင်နိုင်မယ့် ဘဝအဖော်မွန် ဖူးစာရှင်စစ်စစ်ဆီ ရောက်အောင်သွားနော် ...

"ဂြိုဟ်မဘဝလေး နိမ့်ကျနေတာ၊ အားငယ်နေရတာတွေ ပြောပြနော်၊ ဂြိုဟ်မကို ဒုက္ခတွေထဲက လာရောက်ကယ်တင်လှည့်ပါလို့ ပြောပြနော် ...

"ဂြိုဟ်မကို ကူညီပါ ပူဖောင်းလေးရယ်"



အခန်း(၄)

"မုန့်ထပ်ယူပါဦး အစ်ကိုကြီး"

ဂြိုဟ်မက မုန့်လိုက်ပွဲပန်းကန်ကို ရှေ့သို့ တိုးပေးလိုက်သည်။

"နေ ... နေ ... ရပြီ၊ ဟာ ..."

မုန့်ယူပါဦးဟု အပြောခံရသူ ပုဂ္ဂိုလ်ကြီးက ထုံးစံအတိုင်း ဝပါပြီဟု ဆိုလိုရင်း မိမိစားလက်စ မုန့်ပန်းကန်နားသို့ တိုးကပ်လာသည့် လိုက်ပွဲပန်းကန်ကို လက်ကာရင်း လူမှုရေးအလို့ငှာ ယူပါဦး ပြောလာသူကို မော့ကြည့်လိုက်သည်။ ကိုယ့်အသက်က လေးဆယ့်ရှစ်သို့ ချဉ်းနင်းပြီမို့ တချို့တလေ လူငယ်လူရွယ်တွေက "အန်ကယ်" ခေါ်စပြုပြီ။

ဆယ်ကျော်သက်၊ နှစ်ဆယ်ကျော်သက်တွေက ခေါ်လျှင်တော့ ရှိစေ၊ သုံးဆယ်ကျော်ဟု ကိုယ်သိထားရသည့်လူတွေကပါ "အန်ကယ်"လာလုပ်သည့်အခါ ခင်ဗျားက အသက်ဘယ်လောက်မို့တုံး၊ ဆယ့်သုံးနှစ်သားလားဟု မညာမတာ စိတ်ရှေ့ကိုယ်ပါပေမယ့် နောက်သလို ပြောင်သလို မေးချပစ်ခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



အခေါ်အဝေါ် အသုံးအနှုန်းနှင့် ပတ်သက်လာလျှင် အဲသည်လောက် ဆတ်ဆတ်ခါတတ်သည်မို့ "အစ်ကိုကြီး" အခေါ်ခံရတော့ တော်တော်လေး ကျေနပ်သွားသည်။

အဲသည်အကြောင်းကြောင်းတွေကြောင့် မော့ကြည့်လိုက်သည်။ ရည်ရွယ်ချက်မဲ့စွာ ပြုံးပြလိုက်သည်။ အပြုံးသည်မပီပြင်နိုင်တော့ပါ။ အံ့သြလွန်းအားကြီးသည်မို့ နှုတ်ခမ်းက ပွင့်အာနိုင်စွမ်းကုန်သည်ထိ မပွင့်တော့ဘဲ လမ်းခုလတ်မှာ တန့်သွားသည်။ "ဟာ"ဆိုသည့်အသံက စင်စစ် တကယ်မြည်သွားသည့်အသံမဟုတ်ပါ။ နှုတ်ခမ်းအဟောင်းသားပွင့်လျက် တစ်ဖက်သား၏အလှမှာ ယစ်မူးသွားသည့်အသံကို မြင်နေရသူက ကြားယောင်မိခြင်းဖြစ်ပါ၏။

လှ,လှချည်လား ...

"လိုက်ပွဲယူပါဦး အစ်ကိုကြီး"

"အဟဲ ... ယူချင်တာပေါ့ကွယ်၊ ဒါပေမဲ့ ဗိုက်မဆံ့တော့ပါဘူး"

ကြိတ်လိုက်ကွဟု အော်ချင်၏။

သည်ပုဂ္ဂိုလ် လေးဆယ့်ရှစ်နှစ်ကြီး အကြောင်းကိုတံခွန်ကောင်းကောင်းသိသည်မို့ သည်သူငယ်မနှင့်တော့ ခက်ပြီဟု မဆီမဆိုင် ရင်ဝင်လေးရတော့သည်။ အဲသည်ကလေးမသည် ဆွမ်းကျွေးမှာ လတ်လျားလတ်လျား ပါနေတာ စောစောကတည်းက သတိထားမိခဲ့၏။ တော်တော်လှတဲ့ ကောင်မလေးဟု မှတ်ချက်ချခဲ့ပြီးပြီ။ ဝန်ခံရလျှင် ကိုယ့်တစ်သက်မှာ သည်လောက်လှသည့် ကောင်မလေးမျိုးကို ခုလိုပျိုမျစ်ခြင်းနှင့် တွဲဖက်လျက် တစ်ခါမျှ



မမြင်ဖူးခဲ့ပါ။ နုသစ်လတ်ဆတ်သလောက် ရွှင်လန်းတက်ကြွမှုအပြည့်နှင့် ကောင်းကင်ယံသို့ ပျံတက်တော့မည့် ဟင်္သာမလေးလားဟု တင်စားရလောက်အောင် သူ့လှုပ်ရှားဟန်ကလေးတွေကလည်း ချစ်ဖို့ကောင်းနေသည်။

အဲဒါကြောင့် သတိထားလိုက်မိစဉ်မှာပဲ သူငယ်မက ဟိုပုဂ္ဂိုလ်နားသို့ ရောက်သွားခဲ့ပြီ။

ပြောသည့်စကားကို ကြည့်ပါဦး၊ လိုက်ပွဲယူပါဦး အစ်ကိုကြီးတဲ့။ လေးဆယ့်ရှစ်နှစ်ရွယ်နှင့် လိုက်ဖက်သည့် ဇရာကို လက်ခံရယူပြီးသား ဖြစ်နေသည့် ပုဂ္ဂိုလ်ကြီးကို သည်သူငယ်မက အစ်ကိုကြီးခေါ်၏။

ပြီးတော့ လိုက်ပွဲယူပါဦးတဲ့။

အသုဘရက်လည်ဆွမ်းကျွေး၊ မုန့်ဟင်းခါးကျွေးသည့်ပွဲမို့ ဤစကားကို ပြောရိုးပြောစဉ်ဟု ဆိုလျှင်ရသည်။ "မုန့်ထပ်ယူပါဦး"ပြောလည်း ရပါလျက် "လိုက်ပွဲ"ဆိုသည့်စကားကို ဤသူငယ်မ တကယ်ပဲ နားမလည်လို့လား၊ တမင်လား။ ပိုက်ဆံပေါသည့် ဝါသနာရှင်ကဏ္ဍသမားတွေ၊ နောက်ထပ် ဇနီးမယားတစ်ယောက်ကို အတည်ဖြစ်စေ၊ အပျော်ဖြစ်စေ ထပ်ယူပြီဆိုလျှင် စမောဆွဲသည်၊ လိုက်ပွဲယူသည်ဟု သုံး၏။

"ဒါဖြင့် ဟင်းရည်သောက်ပါဦး"

စားပွဲဝိုင်းပေါ်တွင် ပြင်ထားသည့် ဟင်းရည်သောက်ပန်းကန်ကြီးထဲမှ ဇွန်းကြီးနှင့်ခပ်၍ ထိုပုဂ္ဂိုလ်ကြီး မုန့်ပန်းကန်ထဲသို့ ခပ်ထည့်ပေးလိုက်သည်။

"ကျေးဇူးပဲ ညီမ"

www.burmeseclassic.com

www.burmeseclassic.com



တယ်လည်း အတိုင်အဖောက် ညီနေကြပါလားဟု ရယ်ချင်၏။ ကလေးမ ရှိလှနှစ်ဆယ်ပေါ့။ အဲဒါကို လေးဆယ့်ရှစ်နှစ်က ညီမတဲ့။ တံခွန် ရယ်ချင်စိတ် ပေါက်သွားသည်။ ငါ အော်ရယ်ပစ်လိုက်ရ၊ ပွဲပျက်သွားမှာ ထင်ပါရဲ့။

"ညီမလေးနာမည်က နှောင်ကြိုးပါရှင့်"

အောင်မယ် ... အောင်မယ် ညီမမှာ "လေး"တစ်လုံးတောင် ထပ်တိုးသွားပြန်ပါရောလား။ နာမည်လေးက "နှောင်ကြိုး" ဆိုပဲ။ ကောင်းပါပေ့၊ ရစ်ပတ်မယ်၊ တွယ်နှောင်မယ်၊ ဆိုင်းဖွဲ့မယ်ပေါ့၊ လူတစ်ယောက်လုံးကို မရုန်းနိုင်အောင် ခိုင့်ခိုင်တုပ်မယ်ပေါ့။ ပြီးရင် မင်း ဘာလုပ်မှာလဲ၊ တုတ်တုတ်မျှ မလှုပ်နိုင်တော့တဲ့လူသား ယောက်ျားတစ်ယောက်ကို မင်း တုတ်နဲ့ရိုက်မလား၊ ဓားနဲ့ခုတ်မလား၊ တံတွေးနဲ့ထွေးမှာလား၊ မင်း ဘာလုပ်မှာလဲ တို့သိချင်လိုက်ပါဘိ။

"ဟား ... သိပ်လှတဲ့ နာမည်လေးပါလားကွာ"

"အစ်ကိုကြီးနာမည်ကိုတော့ ညီမလေးက သိနေခဲ့ပါတယ်"

"ဟုတ်လား"

"ညီမက ဖွတ်ကြီးလာမိတ်ဆက်ရတာပါ၊ ညီမက အသက်အရွယ်အိုမင်းနေတဲ့ ကြီးတော်အပျိုကြီးနဲ့ နှစ်ယောက်တည်းနေရတာပါ အစ်ကိုကြီးရယ်၊ အစ်ကိုကြီးကုမ္ပဏီမှာ ညီမကို ပေးစရာအလုပ်ရှိရင် ညီမ ရချင်ပါတယ်"

ဩော် ... တကယ်သာဆိုရင်တော့ သနားစရာလေး။

"အစ်ကိုကြီးက ဦးတံခွန် မဟုတ်လား"



"သေဟ"ဟု ကိုယ့်နဖူးကိုယ် ရိုက်လိုက်ချင်သည်။ သူတို့နှစ်ယောက်ကို "တံခွန်"မကြည့်မိအောင် မျက်စိကိုမနည်းကြီး ထိန်းထားရသည်။ နားကိုကျတော့ မထိန်းသည့်အပြင် မိုင်ကုန်လွှတ်ပေးထားလိုက်သည်။

"ကြယ်တံခွန်ကုမ္ပဏီကြီးကို ပိုင်တာမဟုတ်လား"

"အင်း ... ဟုတ်တော့ ဟုတ်ပါတယ်"

အဲသည်ပုဂ္ဂိုလ် တာဝန်ယူထားရသည့် ကုမ္ပဏီလုပ်ငန်းခွဲတစ်ခုရှိသည်။ ကုမ္ပဏီနာမည်က ကြယ်တံခွန်ဖြစ်၏။ အဲသည်ကုမ္ပဏီက ကန်ထရိုက်ကုမ္ပဏီခေါ်ရမလား၊ သစ်သားအိမ်တွေဖျက်ပြီး တိုက်ဆောက်ချင်လျှင် အခန်းပေး အခန်းယူစနစ်နှင့် အဲသည်ကုမ္ပဏီက ဆောင်ရွက်သည်။ ဌာနဆိုင်ရာအဆောက်အအုံတွေဆောက်ပြီဆိုလျှင်လည်း ထိုပုဂ္ဂိုလ် ဆောက်ခွင့်ရအောင် ဆောင်ရွက်ရတာတွေရှိသည်။ အဲသည်ကုမ္ပဏီနာမည်က "ကြယ်တံခွန်" မှန်၏။ သို့ပေမဲ့ အဲသည်လူနာမည်က "ဦးတံခွန်"မဟုတ်ပါ။ ပြီးတော့ ထိုပုဂ္ဂိုလ်မှာ လုပ်ပိုင်ခွင့်အပြည့်ရှိသည်မို့ "ပိုင်"သည်ဆိုလျှင်ရပေမယ့် စီးပွားရေးအရမှာ ထိုပုဂ္ဂိုလ်ပိုင်သော ပစ္စည်းမဟုတ်ပါ။

ကလေးမ ... မင်း တစ်နေရာရာလွဲနေပြီ၊ တံခွန်အစစ်က ဒီမှာကွဟု ခေါင်းကိုလှမ်းပုတ်၍ နောက်လိုက်ချင်သည်။

"အတုအပ သတိပြုပါ"ဟု ထအော်လိုက်ရလျှင်တော့ ဆွမ်းကျွေးပွဲလာ ပရိသတ်တွေက "အရူး"ဆိုပြီး စိတ်ရောဂါကုဆေးရုံကို ဖမ်းပို့ကြလိမ့်မည်ထင်သည်။ သူတို့ကို နားစွင့်ရတာနှင့်ပင် တံခွန် ကြိုက်လှသည့် မုန့်ဟင်းခါးကို စားရတာခရီးမတွင်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကြယ်တံခွန်က ဘာလုပ်ငန်းလုပ်တာလဲ မင်းသိလို့လား"

"အလဲ့ … မင်းတွေ ကိုယ်တွေ ဖြစ်ကုန်ပါရောလား" ဟု ရယ်ချင်ပြန်သည်။ ဦးအောင်ကြိုင် ဆိုသည့် ပုဂ္ဂိုလ်ကိုတော့ ညကျမှပဲဖြစ်ဖြစ် ဖုန်းဆက်နောက်ရင်း ဒေါက်ဖြုတ်ရဦးမည်။

"ကန်ထရိုက်တိုက်တွေ ဆောက်တယ်ဆိုတာ သိပါတယ်"

"မင်း စဉ်းစားကြည့်ကွာ၊ အဲဒီကုမ္ပဏီမှာ မိန်းကလေးအလုပ် ဘယ်သိပ်ရှိမလဲ"

"ဟို … စာရေးမလေး ဘာလေး"

"စာရေးဝန်ထမ်းနေရာဆိုတာ ယောက်ျားရော မိန်းမပါလုပ်လို့ ရတဲ့အလုပ်ဖြစ်တယ်၊ နောက်ပြီး ဗိသုကာ၊ အဲဒါလည်း ယောက်ျားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် လုပ်လို့ရတဲ့နေရာဖြစ်တယ်၊ ကျန်တဲ့အလုပ်တွေကတော့ ယောက်ျားအလုပ်သီးသန့် တွေများတယ်၊ မင်းက အတန်းပညာ ဘယ်လောက်ရှိလဲ"

"ညီမ ဆယ်တန်းထိ သင်ဖူးပါတယ်"

"သင်ဖူးပါတယ်ဆိုတော့ မအောင်ဘူးပေါ့"

"ဟုတ်ကဲ့"

"အမျိုးသမီးဗိသုကာနေရာမှာ မင်း မရနိုင်တော့ဘူးပေါ့၊ စာရေးကျပြန်တော့လည်း ကိုယ့်ကုမ္ပဏီမှာ စာရေးတစ်ယောက်တည်းထားတာ၊ သူပဲ စာရေးကြီး၊ သူပဲစာရေးလေး၊ သူပဲ လက်နှိပ်စက်ရိုက်တယ်၊ လခကောင်းကောင်းပေးထားတယ်၊ အဲဒါလည်း ခန့်ပြီးသားဖြစ်နေပြီ၊ လောလောဆယ်လုပ်နေတာ ယောက်ျားကြီး …



"မင်းအတွက် မလွှဲမသွေ အလုပ်တစ်ခု ပေးကိုပေးရမယ်ဆိုရင် မင်း မဆလာသယ်တဲ့အဖွဲ့ထဲ ထည့်ပေးလို့တော့ ရတယ်"

နှောင်ကြိုးဆိုသည့် သူငယ်မ မျက်နှာရှုံ့သွားမှာပဲဟု တံခွန် မကြည့်ဘဲ သိလိုက်သည်။

"အဲဒီအလုပ်ကျတော့လည်း မင်းရုပ် မင်းရည်လေးနဲ့ ဘယ်လိုနိုင်းရက်ပါ့မလဲကွယ်၊ နေပူမိုးရွာမရှောင် လုပ်ရတာ၊ တစ်ခါတလေကျရင် အုတ်ခဲခြောက်လုံးဆင့်ပြီး သယ်ရတာ ရှိသေးတယ်၊ မင်း … ဘယ်နိုင်မလဲ"

သည်ကောင်မလေးကို ဘယ်လိုကူညီရပါ့မလဲဟု တံခွန် စဉ်းစားသည်။ "ဦးတံခွန်" ဆိုသည့်နာမည်ကို သူ ဘယ်က ကြားထားသည်မသိ။ ကြယ်တံခွန်နှင့် "ဦးတံခွန်" ကို သူ ဘယ်လို တွဲပြီး မှတ်မိလျက်သား ဖြစ်နေရသည်မသိ။ သူ့ကို ဘယ်သူကများ သတင်းမှားတွေ ပေးထားပါလိမ့်။ မင်း … ဒုက္ခရောက်တော့မယ့်ထင်တယ် လုတပတ ကောင်မလေးရေ။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘယ်သူလဲ"

"ဂြိုဟ်မလေ"

"ဘယ်သူ"

"ဂြိုဟ်မတဲ့၊ သူ့နာမည်"

"စောစောကပြောတော့ နှောင်ကြိုး ဆိုပါလား"

"ဒီလိုပဲ၊ သူ့နာမည်သူ မျိုးစုံမှည့်တာပဲ၊ တစ်ခါတလေကျတော့ ကန္တာရနှင်းဆီတဲ့"

"ဟား ... ဟား ..."

တံခွန် ရယ်ပစ်လိုက်သည်။ တံခွန်က အရယ်သန်သည်။ ကြေကွဲဖွယ်ရပ်ရှင်ကားကို ကြည့်လျှင်တောင် ဟော ... ဟော ... မျက်ရည်တွေ ပါးစပ်ထဲဝင်ပြီဆိုကာ အော်ရယ်တတ်သည့်သူ။

ယခုဆွမ်းကျွေးပွဲမှာ ကွယ်လွန်သူ၏သားက တံခွန့်သူငယ်ချင်း။ သူငယ်ချင်းဆိုပေမယ့် ဆိုးတူကောင်းဖက် ကျောင်းနေဖက်သူငယ်ချင်းမဟုတ်၊ တစ်ဆင့် တစ်ဆင့် သိပြီး မိတ်ဆွေဖြစ်နေတာမို့ ငယ်ပေါင်းအကြောင်းသိ မဟုတ်ချေ။ သူ့မိတ်ဆွေတွေက ကိုယ့်မိတ်ဆွေတွေမဟုတ်။ သို့ပေမဲ့ ခင်တော့ခင်သည်။



ရင်းတော့ ရင်းနှီးသည်။ သည်ကောင်က နွမ်းနွမ်းပါးပါး မဟုတ်ပေမယ့် ပေါများလှသည်လည်း မဟုတ်တော့ သူ့ဖခင်ဈာပနကို တံခွန်က တကူးတက မရောက်‚ရောက်အောင် လာရခြင်းဖြစ်သည်။

"သူ့မှာ မိဘမရှိဘူး၊ သူ့ကြောင့် သူ့အမေရော အဖေရော သူ့မွေးမွေးချင်း သေတယ်တဲ့၊ ကြီးတော်နဲ့ ကြီးရတာ၊ ကြီးတော်က အရင်တုန်းကတော့ စစ္စတာကြီးပေါ့၊ ခုတော့ စပါယ်ရှယ်နာ့စ်လုပ်တယ်၊ သိပ်မပြေလည်ဘူး"

"နာမည်ကလည်းဗျာ ဂြိုဟ်မရယ်လို့"

"သူ့ကြီးတော်မှည့်တာ နေမှာပေါ့၊ တူဝရီးကလည်း မတည့်ပါဘူး"

"တခြားနာမည် ရှိသေးလား"

"မရှိဘူး၊ မွေးစာရင်းမှာကိုက ဂြိုဟ်မ၊ မှတ်ပုံတင်မှာလည်း ဂြိုဟ်မပဲ၊ သန်းခေါင်စာရင်းမှာလည်း ဂြိုဟ်မပဲ၊ ကျွန်တော့် ညီမလေးနဲ့ ခင်တာ၊ ပေါင်းလို့ သင်းလို့တော့ ကောင်းပါတယ်၊ စိတ်ဝင်စားလို့လား"

"သူ ... အလုပ်သွားတောင်းနေတာကြားလို့၊ အဲဒီလူက ဒါမျိုးဝါသနာရှင်ကကျွ"

တံခွန်က ဘရစ်လီပုံနှင့် နှာခေါင်းကို ပွတ်ပြလိုက်သည်မို့ အိမ်ရှင် သိန်းဆောင်က ရယ်၏။

"သူနဲ့ပတ်သက်ရင် ဂြိုဟ်မွေတာများတယ်"

"ဘယ်လိုမွေတာလဲ"

"ပထမ သူ့အဖေနဲ့အမေ ... သူ့ကြောင့် သေတာ"

"ဟာဗျာ ... ရောဂါကြောင့် မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ပြောကြတာပဲ"

"နောက်ကော"

"သူ့ကြီးတော်ကြီးဗျာ။ ပထမတုန်းက ဘလူးစတပ်ဖ်ပေါ့၊ ထဘီပြာ၊ နောက် စစ္စတာဖြစ်ပြီးမှ လေဖြတ်သွားလို့ အလုပ်က ထွက်လိုက်ရတယ်၊ တော်တော်ဒုက္ခရောက်လိုက်သေးတယ်၊ အခု ပြန်ကောင်းလို့ စပါယ်ရှယ်နာ့စ် ပြန်လုပ်နေတာ"

"လေပဲဗျာ၊ ဖြတ်ချင်ဖြတ်မှာပေါ့"

"သူ့ကြောင့် ကွဲကြတဲ့ ရည်းစားတွေ ငါးတွဲရှိပြီ"

ဒါတော့ သူ့အလှကလေးကြောင့် မနာလိုစိတ်နှင့် ရန်ဖြစ် ကွဲကွာကြတာ ဖြစ်နိုင်သည်ဟု တံခွန် တွေးလိုက်သည်။

"သူ့အိမ်မှာ လူခဏခဏ သေတယ်"

"နှစ်ယောက်တည်းရှိတာ ဘယ်လို ခဏခဏသေတာလဲ"

"သူတို့အိမ်က ထောင့်အိမ်လေးဗျ၊ နှစ်ဖက်မျက်နှာစာရထားတော့ ပေခြောက်ဆက်ဘက်ကို သူတို့မျက်နှာစာဖွင့်တယ်၊ အလယ်က ခြမ်းလိုက်တော့ ပေနှစ်ဆယ် သုံးဆယ် အခန်းနှစ်ခန်းရတယ်"

"အင်းပေါ့"

"တစ်ခြမ်းမှာ သူတို့တူဝရီးနေပြီး နောက်တစ်ခြမ်းမှာ အိမ်ငှားတင်ထားတယ်"

ပေနှစ်ဆယ် သုံးဆယ်ဆိုတာ အိမ်မှာ တံခွန်၏အိပ်ခန်းအကျယ်အဝန်း ဖြစ်လေ၏။ အဲသည်မှာ ခုတင်တစ်လုံး၊ မှန်တင်ခုံ၊ စာရေးစားပွဲနှင့် ဒရင်းဘက်ဒ်ဟုခေါ်သော အလှမီနီယံ



ပက်လက်ကုလားထိုင်တစ်လုံး၊ ဂစ်တာကနှစ်လက်။ သီချင်းစာအုပ်တွေ မရှိတော့ပေမယ့် တံခွန်ဖတ်သည့် တခြားစာအုပ်တွေ ပွစိတက်ကာ တစ်ခါတလေ ခြေချစရာတောင် နေရာမရှိလို့ မေမေဆူပူမာန်မဲကာ လာလာရှင်းပေးရတာ ခဏခဏ။

သူတို့တူဝရီး သည်အကျယ်လေးထဲမှာ လူကနှစ်ယောက်၊ အိပ်ကြ၊ ချက်ကြ၊ စားကြ၊ ဧည့်သည်လာလည်းဧည့်ခံ၊ ဘယ်လိုများ နေကြပါလိမ့် ... တွေးရင်းက အသက်ရှူတောင်ကြပ်သည်။

"ဟိုဘက်ခြမ်းက မိသားစုခြောက်ယောက်ဟာ တစ်ယောက်ပြီးတစ်ယောက် ဆုံးလိုက်ကြတာ၊ နှစ်ယောက်ပဲကျန်တယ်"

"ဘာရောဂါတွေနဲ့လဲ"

"တချို့ကတော့ ရိုးရာလို့ပြောတယ်၊ ကြောင်တောင်တောင်ဖြစ်၊ သတိလစ်ပြီး သေကြတာပဲ၊ တော်တော်များများကတော့ ဂြိုဟ်မကြောင့်တဲ့"

"သူနဲ့ ဘာဆိုင်လို့လဲ"

"သူ့အိမ်ပဲ"

ကြောင်တောင်တောင်ဖြစ်၊ သတိလစ် ဆိုတော့ ဦးနှောက်နှင့် ဆိုင်ပါလိမ့်မည်။ ဦးနှောက်သို့ ငှက်ဖျားပိုး၊ ကာလသားရောဂါပိုး၊ ဘယ်ပိုးပဲရောက်ရောက် ကြောင်တောင်တောင်ဖြစ်ပြီး သတိလစ်တတ်ကြသည်ပဲ။ အခြားသော ဦးနှောက်ရောဂါတွေလည်း အများကြီး ရှိသေးသည်။

"နောက်ပြီး သူတို့အိမ် မီးလောင်တယ်"

"ထင်းမီးဖိုးကမှ ဟုတ်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

သည်အခန်းကျဉ်းလေးထဲ ထရံလောက်ပဲကာမှာ၊ ခနီလောက်ပဲမိုးမှာ၊ ဒါမှမဟုတ် သုံးထပ်သားမိုးလျှင် မိုးလိမ့်မည်။ အဲဒါလေးထဲ ထင်းနင့်ချက်တော့ မီးထင်းကိစ္စကတော်တော်လေး စိုးရိမ်ရဖွယ်သာ ရှိသည်။ ဒါ ဂြိုဟ်မွေခြင်းကိစ္စတော့ မဟုတ်နိုင်ပါ။

"နောက်လည်း သူနဲ့ပတ်သက်ရင် ဘာတစ်ခုမှ အကောင်း မရှိပါဘူးဗျာ၊ သူငယ်ချင်းတွေလည်း သူနဲ့လမ်းတူတူထွက်ရင် ဆိုက်ကားတိုက်တာတို့၊ ချော်လဲတာတို့ စုံနေတာပါပဲ၊ အကုသိုလ်တော်တော်ကြီးတဲ့ ကောင်မလေးလို့ ပြောကြတာပဲ"

"အကုသိုလ် တော်တော်ကြီးသည့် ကောင်မလေး" ဟု အပြောခံရသူလေး၊ ဒုက္ခတော်တော်ကြီးတာနှင့် တွေ့တော့မည်။ တံခွန် သနားမိလေ၏။ ဘယ်လိုကူညီရပါ့။

"သူ့လိပ်စာ ခင်ဗျားသိလား"

"တစ်ရပ်ကွက်တည်းသားချင်းတွေပဲဗျာ၊ ကြည့်တော့ရှောင်ဗျာ၊ ပြဿနာဖြစ်ရင် ကျွန်တော် မပါဘူးနော်"

တံခွန် ရယ်နေလိုက်သည်။ မျက်စိရှေ့ လှတပတ ကောင်မလေး ကျားစာဖြစ်တော့မှာမျိုးကို တံခွန် ကြည့်မနေရက်တာခက်သည်။ တံခွန်ဆိုတာကလည်း ပျော်တတ်သလောက် လူက စပ်စုကာ နေရာတကာ ပါတတ်တာခက်သည်။ လမ်းကြောင်းသွားရင် ခွေးနစ်ကောင် ကိုက်နေတာမြင်လျှင်တောင် နည်းနည်းပိုဝသည့်ခွေးကို ခဲနှင့်ပစ်ခဲ့ရမှ အနေဖြောင့်သည့်သူ။



ဩော် ... သူ့နာမည်က ဂြိုဟ်မ ဆိုပဲ။

သူပြောတော့ နှောင်ကြိုးတဲ့။

ကိုသိန်းဆောင် ပြောတော့ ကန္တာရနှင်းဆီ တဲ့။

မင်း ဘယ်လိုမိန်းကလေးပါလိမ့်၊ တို့ စိတ်ဝင်စားသွားပြီ နှောင်ကြိုးရေ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

"ဟော့ ... ဘယ်လဲ"

ခေါ်သံကြားသည်မို့ ဂြိုဟ်မက နောက်သို့လှည့်ကြည့်သည်။ ရယ်ကျဲကျဲမျက်နှာတစ်ခုနှင့် တန်းခနဲ တိုးသည်။ သည်မျက်နှာကို မမြင်ဖူးတာ သေချာသည်။ သူ့မျက်နှာကသာ ရယ်ကျဲကျဲ ဖြစ်နေတာ၊ သူ့အရွယ်က ကြောင်ရမည့်အရွယ်ကို လွန်ပြီဟုထင်၏။ ဂြိုဟ်မထက် အနည်းဆုံး ငါးနှစ်ခြောက်နှစ်ကြီးမည်။

"ခေါ်သံကြားတိုင်း ကိုယ့်နာမည် မဟုတ်ရင် လှည့်မကြည့်ရဘူး"ဟု ဟိုကောင် ဝင်းထိန် ပြောထားတာ မှန်ပြီ။

"မိန်းကလေးမှာ သိက္ခာမဲ့တာပေါ့" ... တဲ့။

"အမယ်လေး ... ငါ့အမေသေတာ ကြာပြီ၊ ခုမှလာပြီး ကိုယ်ထင်ပြမနေနဲ့၊ ယောက်ျားဖြစ်ပြီး ငါ့အမေပါးစပ် အငှားတပ်လို့"

စိတ်တိုတိုနှင့် ပြန်ခွပ်ခဲ့၏။ အဲသည်ကောင် ဝင်းထိန် သူငယ်ချင်းစစ်ဖြစ်၏။ သူ့ရည်းစား ကျော့ရှင်းနှင့်တောင် ပြတ်တောက်သွားရသည်အထိ ဂြိုဟ်မကို ဖေးမခဲ့သည်။



"သူငယ်ချင်းက သူငယ်ချင်း၊ ရည်းစားက ရည်းစားပဲ၊ မဟုတ်ပါဘူးပြောလည်း မယုံ၊ သူငယ်ချင်းချင်းပေါင်းရင် ရည်းစားက ဖြတ်မယ်တဲ့၊ အဲဒါကို ငါကလျှော့ပေးပြီး နင်နဲ့ သူငယ်ချင်းချင်း မပေါင်းတော့ဘူးထား ...

"အကျင့်က ပါသွားပြီ၊ နောက်တစ်ခါလာဦးမယ်၊ ဟိုဟာ မလုပ်နဲ့၊ ဒီဟာ မလုပ်နဲ့၊ လုပ်ရင် ရည်းစားက ဖြတ်မယ် ဆိုတာ ဘယ်တော့မှ ဆုံးနိုင်မှာ မဟုတ်တော့ဘူး ...

"ကိုယ့်ရည်းစား ကိုယ်ချစ်လို့ အလိုလိုက်တယ်ဆိုတာ အတိုင်းအတာရှိတယ်၊ အတိုင်းအတာတစ်ခုထက် ကျော်ပြီး အလိုမလိုက်နဲ့၊ လိုက်လေဝေးလေ မဆုံးနိုင်ဘူးမှတ် ...

"အဲဒါမျိုးနဲ့ အိမ်ထောင်ကျရင်လည်း အိမ်ထောင်ရေးသာယာဖို့ မလွယ်ဘူး၊ ငါကတော့ ပြတ်သင့်တာ ပြတ်၊ တားသင့်တာတား၊ ငါလက်ခံမယ် ...

"အဓိပ္ပာယ် မရှိတာတွေ လာပြီးမခြိမ်းခြောက်နဲ့၊ သနားသည်ပဲ၊ ညောင်း ..."တဲ့။

သူငယ်ချင်းတွေထဲမှာ ဝင်းထိန်ကို နည်းနည်းအထင်ကြီးသည်။ သည်ကောင် လူကြီးဆန်သည်။ ဂြိုဟ်မကိုဆို အမြဲတမ်းလိုလို ဆုံးမလေ့ရှိသည်။ ဂြိုဟ်မက ရှေ့တင်တော့ တစ်ခွန်းမခံ ပြန်ပက်ပစ်လိုက်သည်။ နောက်ကွယ်ကျ သူပြောတာတွေ မှန်ပါလားဟု လက်ခံကျင့်သုံးရ၏။

www.burmeseclassic.com

www.burmeseclassic.com



ခုလည်း ကြည့်လေ၊ နောက်ကခေါ်သံကြားရင် လှည့်မကြည့်နဲ့ပေါ့။ ကိုယ့်နာမည်ဆိုလျှင်တောင် လူသိထဲက ဟုတ်ရဲ့လား၊ နည်းနည်းပါးပါးစေ့ငု။ ခုတော့ ဟော့ဆိုတာနဲ့ လှည့်ကြည့်၊ ကြောင်ကြီးတစ်ဦးက စပ်ဖြဲဖြဲကြီးကြည့်နေ၊ အမယ်လေးနော် ... မုန်းဖို့ကောင်းလိုက်တာ။

"ဘယ်သွားမလို့လဲ"

ဟိုတုန်းက ဆိုရင်တော့ ရှင့်ကိစ္စလား၊ ကျုပ်ဟာကျုပ် ဘယ်သွားသွားဟု ပြောဖြစ်မည်ထင်သည်။ ခုတော့ ဝင်းထိန်၏ဆုံးမစကားလေးတွေ နားထဲရောက်နေလို့ နှုတ်ဆိတ်နေပေးလိုက်သည်။

"မေးနေတယ်လေကွာ၊ ဖြေပါဦး၊ တို့က ခင်ချင်လို့"

ဘေးနားမှာ ကပ်၍လိုက်လာ၏။ ကပ်လိုက်လာသည်ဆိုပေမယ့် လူချင်းတစ်ပေခွဲလောက်တော့ ကွာမည်ထင်သည်။ ပခုံးချင်းလိုက်တိုက်သည့် ကြမ်းပိုးတွေထက်တော့ နည်းနည်ပိုသန့်သည်ပေါ့။

"ကျေးဇူးပြုပြီး ကျွန်မကို အနှောင့်အယှက် မပေးပါနဲ့၊ ကျွန်မ မိကောင်းဖခင် သားသမီးပါ"

ဂြိုဟ်မ အေးဆေးစွာ ပြန်ပြောလိုက်သည်။

ပြီးတော့ ... သက်ပြင်းမောကိုချ၏။ ရင်ထဲမှာ မကောင်းပါ။ ခုချိန်မှာ ဂြိုဟ်မက မိစုံဖစုံ၊ သူဌေးသမီး၊ ယာဉ်မောင်း မောင်းပို့သည့် ဘယ်နှသိန်းတန်မှန်း မသိသည့် ကားကြီး၏ နောက်ခန်းမှာ မြိန့်မြိန့်ကလေးသာဆို ခုလို တေလေတွေ အနားကပ်ခွင့် ဘယ်ရလိမ့်မလဲ။



ပြည့်စုံခြင်းသည်လည်း မိန်းကလေးတစ်ဦးအတွက် အကွယ်အကာ ခံတပ်တစ်ခု ဖြစ်လေ၏။ တစ်နည်းအားဖြင့် ပြောင်းပြန်ယူမည်ဆိုလျှင် ...

မပြည့်စုံခြင်း၊ နွမ်းပါးချို့တဲ့ခြင်းသည် မိန်းမသားတစ်ဦးအတွက် အကွယ်အကာ အရံအတားမဲ့စေသော အချက်တစ်ချက် ဖြစ်လေ၏။ ပြည့်စုံသူတို့ထက် နှစ်ဆ၊ သို့မဟုတ် သုံးလေးဆပို၍ ပို၍ ဆင်ခြင်ထိန်းသိမ်းနိုင်ပါမှ သူများတန်းတူလောက်ရှိမည် ဆိုတာကို သဘောပေါက်လိုက်သည်။

ကိုယ့်ဒဿနလေး ဝင်းထိန်ကိုသာ ပြန်ပြောရလျှင်သည်ကောင် ဝမ်းသာချီးကျူးမည်ထင်ဘာည်။

"သိပါတယ် နှောင်ကြိုးရယ်၊ တို့က ခင်ချင်လို့ပါ၊ ရိုးရိုးသားသား မိတ်ဆွေဖွဲ့တာပါ"

"နှောင်ကြိုး" ... တဲ့။ ဂြိုဟ်မ အံ့သြသွားသည်။ ဂြိုဟ်မမှာ ဂြိုဟ်မဆိုသည့် နာမည်တစ်ခုပဲရှိ၏။ မွေးစာရင်းမှာ ဂြိုဟ်မ၊ အိမ်ထောင်စုစာရင်းမှာ ဂြိုဟ်မ၊ ကျောင်းတက်တော့လည်း မဂြိုဟ်မ။

ရှစ်တန်းလောက် ရောက်လာတော့ အတန်းပိုင်ဆရာမက နာမည်ပြောင်းပါလားဟု ပြောသေးသည်။

သတင်းစာမှာ ကြေညာရမည်။ သတင်းစာဖြတ်ပိုင်းသုံးစောင်နှင့် ကျောင်းရုံးသို့ နာမည်ပြောင်းခွင့် လျှောက်လွှာတင်ရမည်။ လုပ်ငန်းအဆင့်ဆင့်လေးတွေရှိသည်။ မိဘအုပ်ထိန်းသူ၏ သဘောတူခွင့်ပြုချက်လည်း ပါရမည်။ အဲဒါတွေကို ဂြိုဟ်

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ချင်ပါ။ မလုပ်နိုင်ပါ။ အဲသည်လောက် ကရိကထကို ကြီးမေ မခံယူမှာ သေချာသည်။ ဖြစ်ချင်ရာဖြစ် ဂြိုဟ်မ နာမည် မပြောင်းတော့ပါ။ ဆယ်တန်းကို သုံးနှစ်ဆက်တိုက်ကျထားသည့် နာမည် ... မဂြိုဟ်မ။

ဆရာမက နာမည်ပြောင်းပါလားဟု အကြံပေးပြီးသည့်နောက်ပိုင်းမှာ ဂြိုဟ်မနာမည်လှလှလေးတွေ စဉ်းစားသည်။ ဘယ်မှာမှ တရားဝင်မပြောင်းပေမယ့် ကိုယ့်ပါးစပ်ထဲမှာ ကိုယ်ပြောင်းသည်။

"ကန္တာရနှင်းဆီ" ဆိုတော့ သူငယ်ချင်းတွေက လူနာမည်မှမဟုတ်ဘဲဟု ကောင်းချီးပေးကြသည်။ ဂြိုဟ်မ ကိုယ့်ကိုယ်ကိုယ် ပေးခဲ့သည့် နာမည်တွေထဲမှာ "မဗေဒါ" လည်းပါ၏။ သူငယ်ချင်းတွေက အငြိမ့်ထောင်ပါလားတဲ့။ "လှထိပ်ထား" ဆိုတော့ ဇာနဲ့ဘော်လီနာမည်ကြီးတဲ့။ မေသန်းနုကိုတု၍ "မေသဲနု" ဆိုတော့ ...

"နင့်ဟာ ... မေသန်းနုဆိုတဲ့ နာမည်ကို မပီဘဲ ခပ်ဝဲဝဲခေါ်တဲ့ လေသံထွက်တယ်၊ မကောင်းသေးဘူး" ... တဲ့။

"ဒါဖြင့် စိုးမြတ်သက်လျာကွာ"

စိုးမြတ်သူဇာနှင့် နီးနီးစပ်စပ်ကလေး မှည့်ကြည့်သည်။ အဲသည်တုန်းက အရင်ဆုံး အော်ရယ်ခဲ့တာ "ဝင်းထိန်" ပါပဲ။

"မင်းသမီးမဟုတ် ဘာမဟုတ်ကွာ၊ မင်းသမီးနာမည်လိုက်မှည့်လို့ အစိမ်းရောင်တွေ ပန်းဦးမယ်"



ဝင်းထိန်ကို သုံးရက်လောက်တော့ စကားမပြောဘဲ နေပစ်လိုက်သည်။ သုံးရက်မြောက်နေ့မှာ ဝင်းထိန် လာစခေါ်တော့ လက်မောင်းကို သုံးကြိမ်တိတိ ဆွဲလိမ်ပြီးမှ ပြန်ခေါ်ခဲ့တာ။ ကျော့ရှင်းနှင့် ဝင်းထိန်တို့ ပြဿနာတက်ကြရတာ အဲသည်အမှုလည်း အကျုံးဝင်သည်တဲ့။

"နှောင်ကြိုး" ဆိုသည့် နာမည်ကို ဟိုတစ်နေ့က အသုဘရက်လည် မုန့်ဟင်းခါးဆွမ်းကျွေးမှာ ကုမ္ပဏီတော်တော်များများပိုင်သည့် သူဌေးကြီး၊ အလုပ်ပေးနိုင်သူဟု တစ်ယောက်က မြှောက်ပေးလိုက်သည်နှင့် အလုပ်ကိုမရှက်မကြောက် သွားတောင်းစဉ်က နှုတ်ဖျားမှာ ရုတ်တရက် ရောက်လာသည့် နာမည်ကို ကောက်ပေးလိုက်တာ။

ကိုယ့်နာမည်တောင် ကိုယ်မေ့နေလို့ မနည်းပြန်စဉ်းစားရသည်။ သည်နာမည်ကိုခေါ်၍ နှုတ်ဆက်နိုင်သူသည် အဲသည်နေ့က ဆွမ်းကျွေးမှာ ရှိခဲ့သူ ဖြစ်ရမည်။

"တို့က ပျော်တတ်တယ်၊ စကားပြောရင်လည်း မျက်နှာကို ပြုံးပြီး ပြောတတ်တယ်၊ အပြောင်အနောက်လည်းသန်တယ်၊ အဲဒီတော့ ဒီမျက်နှာက သိပ်အပိုးမကျိုးဘူး၊ စပ်ဖြဲဖြဲဖြစ်နေတတ်တယ်"

ဂြိုဟ်မ ရယ်ချင်သွားရသည်။

"တို့က နှောင်ကြိုးနဲ့ မိတ်ဆွေလိုခင်ချင်တာ၊ သူငယ်ချင်းလို ခင်ချင်တာ၊ သိတဲ့လူနဲ့ မိတ်ဖွဲ့နိုင်းရင် ကြာလို့၊ တို့မစောင့်နိုင်လို့ ..."

www.burmeseclassic.com

www.burmeseclassic.com



"တို့ရဲ့ စိတ်ပျက်စရာကောင်းတဲ့ အကျင့်ဆိုးတွေထဲမှာ စိတ်မရှည်တတ်တာလည်းပါတယ်၊ တို့သာ အသိတစ်ယောက်ယောက်နဲ့ စောင့်ပြီးမိတ်ဖွဲ့ခိုင်းရင် ကြာနေရတာပေါ့ ...

"တို့ မှားသွားတယ်၊ ဒါပေမဲ့ မှားလက်စနဲ့ ဆက်လျှောက်လိုက်တော့မယ်၊ တို့နာမည် တံခွန်"

"ရှင်"

ဟိုနေ့က ဆွမ်းကျွေးမှာရှိနေတဲ့လူ ... သေချာပါပြီ။ ဂြိုဟ်မက ဦးတံခွန်ကို သွားမိတ်ဖွဲ့ခဲ့တာမို့ သူ့ကိုယ်သူ တံခွန်ဟု ပြောနေတာထင်သည်။ သူ့မျက်နှာက ခပ်ပြုံးပြုံး၊ ရိုးရိုးသားသားပါဆိုတာ တကယ်ရိုးသားတာ ဘယ်ဖြစ်နိုင်တော့မှာလဲ။

"ရှင့်နာမည် တံခွန် မဖြစ်နိုင်ဘူး"

"ခက်တာပဲ၊ နိုင်ငံသားကတ်ကိုလည်း ပျောက်မှာစိုးလို့ သွားရင်းလာရင်း သယ်လေ့မရှိဘူး၊ တို့ တံခွန်ပါ၊ အစစ်၊ ယုံ"

"ကျွန်မနာမည် ဂြိုဟ်မပါ"

"သိပါတယ်"

"ဒါဖြင့် ဘာဖြစ်လို့ နှောင်ကြိုးလို့ လာခေါ်နေလဲ"

"နှောင်ကြိုးက ဟိုနေ့က ကြယ်တံခွန်က မန်နေဂျာနဲ့ မိတ်ဆက်နေတာ ကြားလိုက်ရတယ်လေ၊ အဲဒီ လူကြီးနာမည်က ဦးတံခွန် မဟုတ်ဘူး၊ ဦးအောင်ကြိုင် ... တဲ့"

"ဟာ ... မဟုတ်ပါဘူး"

"ဟုတ်ပါတယ်၊ တို့နာမည်ကမှ တံခွန်"



"မနောက်ပါနဲ့"

"မနောက်ပါဘူး၊ ကြယ်တံခွန်မှာ မန်နေဂျာဖြစ်တိုင်း ဦးတံခွန် ဖြစ်ရတော့မှာလားကွာ၊ ကြယ်တံခွန်ကုမ္ပဏီက အလုပ်တွေ အများကြီးလုပ်တာ၊ အဲဒီအများကြီးထဲက တစ်ခုက ကန်ထရိုက်လုပ်ငန်း ...

"ဦးအောင်ကြိုင်က ကန်ထရိုက်လုပ်ငန်း တစ်ခုတည်းမှာ မန်နေဂျာ၊ တခြားလုပ်ငန်းတွေမှာ သူ့လိုမန်နေဂျာတွေ အများကြီးရှိသေးတယ်"

"ဘာလို့ အဲဒါတွေ လာပြောနေတာလဲ"

"ဦးအောင်ကြိုင်က နည်းနည်းပါးပါးပွေတယ်၊ အဲဒါ သိစေချင်လို့"

"ကျွန်မကို အထင်မသေးပါနဲ့"

"အထင်ကြီးလို့ ခင်ချင်တာပေါ့"

"ရှင်ကမှ ကြယ်တံခွန်သူဌေး ဦးတံခွန်လို့ ဆိုချင်တာလား"

"မဆိုလိုချင်ပါဘူး"

"ရှင့်နာမည် တံခွန်ဆို"

"ဟုတ်တယ်လေ"

"ဘာတွေမှန်းလဲ မသိဘူး၊ ကျွန်မလမ်း ကျွန်မ သွားပါရစေတော့၊ ရှင်နေခဲ့ပါ၊ ကျွန်မက နေ့တိုင်း အိမ်ကထွက်ပြီး အလုပ်ရှာနေရတဲ့သူ၊ ကျွန်မ မိကောင်းဖခင် သားသမီး၊ ဒါပဲ ပြောချင်တယ်"

"တို့ကလည်း ခင်ချင်ရုံ ရိုးရိုးသားသားပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ၊ ခင်တယ်ရှင် ... ခင်တယ်၊ ရှင် ကျန်ရစ်တော့"

"နောက်တစ်ခါတွေ့ရင် နှုတ်ဆက်မယ်"

"သဘော၊ ဒါပေမဲ့ ခုတော့ ကျွန်မကို တကယ်ခင်တယ်ဆိုရင် ကျွန်မဘေးက လိုက်မလာနဲ့တော့၊ လူတွေက ဂြိုဟ်မကိုဆိုရင် အတင်းပြောဖို့လောက် စောင့်ကြည့်နေတာ၊ အကောင်းဆုံးနေတာတောင် အပြောလွတ်တာ မဟုတ်ဘူး"

"ကောင်းပြီလေ၊ နောင်ကြိုး မကြိုက်ရင် တို့ ဆက်မလိုက်ပါဘူး"

"ကျွန်မနာမည် ဂြိုဟ်မပါ"

"တို့က နောင်ကြိုးဆိုတဲ့ နာမည်ကိုပဲ ကြိုက်တယ်၊ ရစ်ပတ်တွယ်နှောင်တတ်တဲ့ သဘောရှိတယ်၊ မေတ္တာရိပ်နဲ့ နွေးထွေးစေချင်တယ်"

မချိမဲ့နှင့် ပြုံးဖြစ်လိုက်သေးသည်။ ဘယ်လောက်ရိုးရိုးသားသား ခင်ချင်ပါသည်ပြောပြော ရိသဲ့သဲ့လေးက ပါလာရသေးတာပဲ မဟုတ်လား။ ယောကျ်ားတွေတော့ ဂြိုဟ်မ တကယ်ပဲသြချသည်။ လှလှလေးမြင်ရင် ရောပစ်လိုက်ဖို့ပဲ။ ဟိုလူကြီးကြည့်ပါလား။ သူ့အရွယ်ကြီးကိုမထောက် မြှောက်ပင့်ပြီး အစ်ကိုကြီးခေါ်ပစ်လိုက်တာ၊ အလုပ်ကလေးများ ရမလားလို့။

အလုပ်မရဘဲ "ညီမ"အခေါ်ခံလိုက်ရတာ အဖတ်တင်သည်။ စင်စစ် အဖေအရွယ်ကြီး။ နောက်တစ်ခါ ထပ်တွေ့ကြည့်၊ ကိုယ်မှ အလုပ်မရတာ။ "အဘ"လို့ကို ခေါ်ဦးမည်။

"နေခဲ့တော့"



"ခင်တယ်နော်"

"အင်းပါ"

ဂြိုဟ်မ ခပ်သွက်သွက်ကလေး လျှောက်လာခဲ့သည်။ ဘတ်စ်ကားမှတ်တိုင်မှာ လူတွေကျပ်နေပြန်ပြီ။ သည်နေ့ ဘယ်ကုမ္ပဏီကိုတက်ပြီး မျက်နှာပြောင်ပြောင်နှင့် အလုပ်တောင်းရဦးမည်မသိ။ လူတွေကြားထဲ ရောနှောရပ်ရင်း နောက်ကြောင်းကိုပြန်ကြည့်လိုက်မိသည်။ ဟိုလူ ... တံခွန်ဆိုတဲ့လူ၊ လမ်းခွဲခဲ့သည့်နေရာမှာ ရပ်ဆဲဖြစ်၏။ ဂြိုဟ်မရှိရာ လှမ်းကြည့်နေသည်။ လူချင်းကတော့ ဝေးသည်။ သို့ပေမဲ့ မြင်နေရသည်။

သူကြည့်နေပုံက စူးစူးဝါးဝါး။ ပြီးတော့ စောစောတုန်းက ဂြိုဟ်မဘေးမှာ ပါလာတာ၊ ကားမှတ်တိုင်မှာ အစောင့်ကြာခဲ့ပြီဖြစ်သည့် လူတချို့က တွေ့ထားမှာ။ နေပူပူ ကျဲတောက်ထဲ လမ်းပေါ်မှာ အဓိပ္ပာယ်မဲ့စွာ ခြေစုံရပ်လျက် ဂြိုဟ်မဆီ လှမ်းကြည့်နေတာ လူတွေသိကုန်ကြပြီထင်သည်။ မှတ်တိုင်ရပ်စောင့်သူတချို့ သူ့ကို လှမ်းကြည့်လိုက်၊ ဂြိုဟ်မကို ငဲ့ကြည့်လိုက်နှင့် အလုပ်ရှုပ်ကုန်ကြပြီ။

လူဆိုတာ တော်တော်ခက်သည့် အမျိုးအစား။

အလုပ်မရှိ အလုပ်ရှာတတ်ပါဘိခြင်း။ လူဆိုသည်မှာ တိရစ္ဆာန်ထက် သာတာဆိုလို့ တစ်ခုပဲရှိသည်တဲ့။ "အသိဉာဏ်"ရယ်၊ "စပ်စုခြင်း"ရယ်။ တကယ် တိရစ္ဆာန်တွေ လူလိုစပ်စုကြမှာမဟုတ်။ စပ်စုသည့်နေရာမှာတော့ မစပ်စုတတ်သည့် တိရစ္ဆာန်တွေကို စပ်စုတတ်သည့်လူထက် ပို၍ချစ်ခင်လိုက်ချင်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



ဂြိုဟ်မ မွေးထားသည့် လမ်းဘေးခွေး ငပိန်ညှောင် သနားလွန်းလို့ ထမင်းခေါ်ကျွေးထားရင်း ခုတော့ ဂြိုဟ်မခွေး ဖြစ်နေသည့်ကောင်ဆိုလျှင် ဘယ်တုန်းက စပ်စုဖူးလို့လဲ။ ဘယ်လောက်ချစ်စရာကောင်းလဲ။

"ဟာ ..."

လူတွေအားလုံး ဝိုင်းအော်လိုက်ကြသည်။

ဟိုလူ ... ဟိုလူပေါ့။ တံခွန်ဆိုသည့်လူ။ ဂြိုဟ်မဆီပဲ ငေးကြည့်နေရာက မဆင်မခြင် ကိုယ်ကိုလှည့်ပစ်လိုက်သည်။ နောက်က ကားတစ်စင်းက လာနေသည်၊ ကိုယ်ကိုလှည့်တာလှည့်ရုံမဟုတ်ဘဲ ဘေးကို ဝိုက်ပန်းပြီး လှည့်ထွက်လိုက်သည်။ နောက်ကမောင်းလာသည့်ကား ရှိမရှိ တစ်ချက်ကလေးမျှမကြည့်။ ကားတစ်စင်းက မောင်းလာလျက်ရှိ၏။

တိုက်ပြီပေါ့။

ကားက ထိုးရပ်သည်၊ အဲသည်ပုဂ္ဂိုလ် ခွေခနဲလဲသည်။ မြတ်စွာဘုရား၊ သေများသေပြီလား။ မှတ်တိုင်စောင့်ဦးစပ်စု ဒေါ်စပ်စုကြီးများ၊ ဦးကူညီ ဒေါ်ကူညီကြီးများ၊ ဦးရှုပ်ဒေါ်ရှုပ်တို့တစ်တွေ တော်တော်များများ ပြေးသွားကြသည်။ ဂြိုဟ်မလည်း ပြေးသွားဖို့ ခြေပြင်လိုက်၏။

သူက ဂြိုဟ်မမိတ်ဆွေလေ။ ခုလေးတင် ခင်သွားရသည့် လောလောလတ်လတ် သူငယ်ချင်း။ ခင်ပါသည်ဟုပြောခဲ့ပြီးပြီ။ ဂြိုဟ်မ သွားကြည့်ကူညီသင့်၏။ ဤလူတစ်အုပ်တစ်ပြုံကြီးကြားထဲမှာ သူ့နာမည် တံခွန် ဆိုတာလောက် သိထားသူတောင်



ဂြိုဟ်မတစ်ယောက်တည်း ပါမည်။ ကျန်အုပ်စုကြီးက နာမည်တောင် သိကြမှာ မဟုတ်ချေ။

ဂြိုဟ်မ သွားကူမှဖြစ်မည်။

ချက်ချင်း ဆုံးဖြတ်ချက်ကို ပြင်လိုက်သည်။ ဂြိုဟ်မမသွားချင်တော့ပါ။ ထိုပုဂ္ဂိုလ်လေး ဂြိုဟ်မကို ခင်ချင်လို့ ဂြိုဟ်ဝင်ပြီနှင့်တူ၏။

"နင်နဲ့ပတ်သက်သမျှ ဂြိုဟ်ဝင်တာချည်းပဲ၊ ဂြိုဟ်မှတကယ့်ဂြိုဟ်ဆိုး"တဲ့။

ကြီးမေ မကြာခဏပြောသည်။

လောကကြီးမှာ ဂြိုဟ်မကြောင့် ဒုက္ခရောက်ရသူတွေတော်တော်များပြီ။ သေသူသေ၊ အိမ်မီးလောင်သူလောင်၊ ရည်းစားကွဲလိုကွဲ။ ဂြိုဟ်မသည် ဂြိုဟ်မအစစ်။ ဂြိုဟ်မွေးတတ်သည့် ဂြိုဟ်မ။ ခင်မင်မှုနှင့် ကူညီလိုက်လျှင်တောင် သူ့မှာဝင်သည့်၊ မွေးသည့်ဂြိုဟ်က ပိုဆိုးသွားမှာလားမသိ။ ခုပဲကြည့်၊ ဂြိုဟ်မကို ခင်မိလို့ ကားတိုက်ခံရပြီ။

ဂြိုဟ်မသာ သူ့ဆီ ပြေးသွားကူညီပေးလိုက်လျှင် ပွန်းပဲ့ရုံကနေ ခြေကျိုးလက်ပဲ့ ဖြစ်သွားနိုင်သည်။ ကျိုးရုံပဲ့ရုံနှင့်ပြီးမည့်ကိစ္စမှာ အသက်ဆုံးရှုံးသွားနိုင်သည်။ ဂြိုဟ်မက ဂြိုဟ်မွေးတတ်သူလေ။

ဂြိုဟ်မ ဆင်ခြင်လိုက်သည်။

မသွားတော့ပါဘူး။ သူ ကံကောင်းပါစေဟု မေတ္တာပို့လိုက်သည်။ သူ့ထံပို့လိုက်သည့် မေတ္တာတွေထဲမှာ တကယ်ပဲ

www.burmeseclassic.com

www.burmeseclassic.com



"မေတ္တာ"တွေ ပါသွားလေသလား။ ဂြိုဟ်မ ရင်ထဲမှာ နင့်သွားသည်။ ကြေကြေကွဲကွဲ ပူပူပန်ပန် ခံစားရင်း မျက်ရည်လည်လာမိသည်။

သူ ကံကောင်းပါစေ။

မေတ္တာတွေ ပို့လိုက်မိပြီလေ။ သူ ကံကောင်းပါစေ။ ဂြိုဟ်မ၏ ဂြိုဟ်ဆိုးများနှင့် မည်သို့မျှ မသတ်သက် မဆက်စပ်မိပါစေနှင့် ...။



"ခင်တဲ့ နှောင်ကြိုး ...

ရက်စက်တယ်လို့ ပြောချင်တယ်။ မင်း ကိုယ့်ကို ခင်တယ်ဆို၊ တကယ်တမ်းကျတော့ မခင်ပါဘူး။ မင်း ညာတာ၊ မင်းနားက ချန်ရစ်ခဲ့ရုံသက်သက် ခင်တယ်လို့ ညာခဲ့တယ်။ ကိုယ် တကယ်စိတ်မကောင်းဖြစ်ရတယ်၊ ကိုယ်ကခင်ရင် မင်းက ပြန်ခင်သင့်တယ် မဟုတ်ဘူးလား...

ကိုယ် ကားတိုက်ခံရတာ မင်းမတွေ့ဘဲ၊ မမြင်ဘဲ၊ မသိဘဲ မနေပါဘူး။ ကားမှတ်တိုင်ကလူတွေ အများကြီး ကိုယ့်ဆီပြေးလာတယ်၊ ကိုယ်က သတိမှ လစ်မသွားခဲ့တာ။ အပြေးရောက်လာကြတဲ့ သူတွေထဲမှာ မင်း ပါမလာခဲ့ဘူး...

ရက်စက်တယ် နှောင်ကြိုးရယ် ....

ကိုယ် ထပ်ပြီးတောင်းပန်ပါရစေ၊ ကိုယ် မင်းကို ခင်တယ်။ ကိုယ့်ကို ပြန်ခင်ပါ။ တကယ်ခင်ပါ။ နောက်တစ်ခါ ကိုယ် သေဘေးနဲ့ကြုံရင် မင်း သတင်းမေးလေးတော့ လာပါ ...

မင်းကိုခင်တဲ့

တံ့ခွန်"

www.burmeseclassic.com

www.burmeseclassic.com



စာက အိမ်တိုင်ရာရောက် ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကို ရောက်လာခဲ့သည်။ တစ်နှစ်နေလို့မှ စာတစ်စောင် မရောက်တတ်သည့် ဂြိုဟ်မတို့အိမ်ရှေ့မှာ စာပို့လုလင်က "စာခင်ဗျ"ဆိုတော့ အိမ်မှားပြီဟု ပြောမိလုလု ခွကျလုသည့် ကြီးတော်အပျိုကြီးက စာပို့လုလင်ကပဲ အပြင်ကစာ လာလေသယောင်နှင့် သူ့တူမကို စာပေးလေသလားဟုထင်ကာ မျက်စောင်းကြီးတစ်ချက် ထွက်ထိုးလိုက်သေးသည်၊ စာတိုက်နှင့်ကြေးနန်းဌာနကို မိမိစီးပွားရေးအလုပ်အကိုင်ကြောင့် အဆက်မပြတ် သုံးစွဲနေရသူတွေဆိုလျှင် စာပို့လုလင်တွေကို ကျေးဇူးရှင်လို သဘောထားကြရသည်။

ပြုံးပြုံ၊ နှုတ်ဆက်နှင့် ခင်အောင်မင်အောင် ပေါင်းကြသည်။ ဒေါ်စိုးစိုးကြည်ကျခါမှ တူမချော ဂုဏ်တက်တာ မျက်စောင်းကြီး ထွက်တိုးသည်ဆိုတော့ စာပို့သမားကတော့ ကွယ်ရာမှာ ဟားစရာတစ်ခု ရရှိလို့သွားမှာ အမှန်ပါပဲ။ ဂြိုဟ်မကို ချစ်ကြကြိုက်ကြသူတွေ ပေါပါသည်။ ဂြိုဟ်မ လှလွန်းတာကြောင့်လည်း တ ါက နှစ်ခါမြင်လျှင် ချစ်ချင်စိတ် ဖြစ်ပေါ်သွားတတ်ကြတာများသည်။

ပြီးတော့ ဂြိုဟ်မကို ရှိန်ရလန့်ရအောင် ဂြိုဟ်မမှာ အရံအတားဟူ၍ မရှိ။ ဂြိုဟ်မမှာ အသိုင်းအဝိုင်းမရှိ၊ ဂုဏ်မရှိ၊ ငွေမရှိ၊ တောင့်တင်းသည့် ဆွေမျိုးမရှိ။ တော်ရုံ စိတ်ဝင်စားမှုနှင့်လည်း ဂြိုဟ်မကို ပြောရဲဆိုရဲ၊ လိုက်ရဲကြသည်။ အဲသည်လူတွေအားလုံးလိုလို နှုတ်နှင့်ပဲ လူချင်းမဆုံ ဆုံအောင် ဖန်တီး၍ ပြောလိုက်ကြတာချည်းဖြစ်၏။

"စာပေးတဲ့ခေတ် ကုန်ပလား မသိနော်"



ဂြိုဟ်မသူငယ်ချင်း ချိုချိုထွေးကတောင် ရယ်၍ပြောဖြစ်ခဲ့သေးသည်။

"အပေါင်းအသင်းတွေထဲမှာ စာလိုက်ပေးခံရတဲ့သူဆိုတာ မကြားရတာတောင် ကြာပြီ"တဲ့။

ဂြိုဟ်မ ... မှတ်မှတ်ရရ တစ်ခါလားရှိသည်။

"ဒီစာလေး ယူသွားပါ"ဟု နောက်မှာ ကပ်ပါလာသည့် ယောကျ်ားတစ်ဦးက ရှေ့ကျော်တက်၊ ပိတ်ဆီးပြီး စာရွက်ကို ပုံဖော်ခေါက်ထားသည့် အခေါက်သေးသေးလေးတစ်ခု လှမ်းပေးနေ၍ ဘာမှန်းမသိဘဲ အူကြောင်ကြောင် ဖြစ်ခဲ့ရတာ၊ နောက်ပြန်ပြောတိုင်း ရောမဟာသကြီးတစ်ခု ဖြစ်ခဲ့ရသည်။

"ဘာစာလဲ"ဆိုတော့ ...

"အချစ်စာ"တဲ့။

သူငယ်ချင်းတွေ ဝိုင်းရယ်ကြတာ အူတက်လွန်ပြီးဆေးရုံပို့ရမလားတောင် ထင်ရသည်။

"တုံးလိုက်တဲ့လူ"

"ဘယ်ခေတ်တုန်းက ဆေးစားမှားပြီး အိပ်ပျော်သွားမှန်းမသိဘဲ ခုကျမှ လန့်နိုးပြီး သွေးရူးသွေးတန်းနဲ့ စာလိုက်ပေးတာဖြစ်မယ်"တဲ့။

ဤသို့ ဝေဖန်ကြ၏။

ဂြိုဟ်မအိမ်သို့ မည်သည့်စာမျှ ရောက်လာလေ့မရှိပါ။ ယခု စာပို့လုလင် လာပို့သွားသည့်စာက လူကြီးလား လူငယ်လား၊ ဘယ်အုပ်စုထဲ ထည့်ရမှန်းမသိသည့် ပုဂ္ဂိုလ်လတ်ဆီကစာ ဖြစ်နေ၏။ ဟုတ်သည်လေ ... သူ့ကို ပုဂ္ဂိုလ်ကြီးဟု ခေါ်ဖို့ကျတော့

www.burmeseclassic.com

www.burmeseclassic.com



သူလုပ်ပုံတွေက ကလေးကလားဆန်၏။ ပုဂ္ဂိုလ်လေးဟု ဆိုဖို့ရာ ကျပြန်တော့ သူ ဂြိုဟ်မထက် လေးငါးခြောက်နှစ် အနည်းဆုံး ကြီးမှာ သေချာသည်။ ထားပေတော့ ... ပုဂ္ဂိုလ်လုတ်ကလေး။

သူ ဘယ်တုန်းက ဂြိုဟ်မ အိမ်လိပ်စာ သိသွားရပြီး ခုလို စာတစ်တန် ပေတစ်တန် ရေးပို့နိုင်သည်မသိ။ စာရေးနိုင်ပုံ ထောက်တော့ သေလုမြောပါးဒဏ်ရာမရ၊ လက်တွေမကျိုးဟု ယူဆရ၏။ ခြေထောက်ကျိုးနိုင်သေးတာပဲဟု တွေးမိတော့ ရင်နာရပြန်သည်။ သူ ဂြိုဟ်မ အတွေးအိမ်ကို စိုးမိုးဖို့ အနှောင့်အယှက်ပေးဖို့ ကြိုးစားစ ပြုတာလား။ ဂြိုဟ်မ ကိုယ်တိုင်က ကြိုဆိုလက်ခံနေမိတာလားကွယ်။



"ဘယ်ကစာလဲ"

"သူငယ်ချင်းတစ်ယောက်ဆီကပါ"

"ညည်းမှာ ဘယ်မှာ ... သူငယ်ချင်းရှိလို့လဲ"

"အများကြီး ... သူတို့က ဂြိုဟ်မ ဂြိုဟ်ကျတာကိုမှ ချစ်လွန်း ခင်လွန်းလို့တဲ့၊ ရိုက်သတ်လို့တောင် မကုန်ဘူး၊ ကျွန်မသူငယ်ချင်းတွေကို ခေါ်လာပြီး လူတစ်ယောက်ကို ဖိမယ်ဆိုရင် လူပိပြီးဆုံးရှာတဲ့ အသုဘတစ်ခုတောင် ဖြစ်ထွန်းနိုင်တယ်"

"ဒါ ... ညည်း ငါ့ကို သေစေချင်တဲ့ စကားလား"

"မဟုတ်ရပေါင် အစ်ကိုကြီးရယ်၊ ကေသီပန် ... ကေသီပန် သွေးပုပ်ချဆေး အမြဲသုံးစွဲလို့ပါ"

ဂြိုဟ်မက သီချင်းဆိုလျက် အကတစ်ပိုင်းနှင့် ကိုယ်ကလေး လှည့်သည်။

"ဣန္ဒြေနဲ့ နေစမ်း"

"ပျော်လို့ပါ ကြီးမေရာ၊ ကြီးမေ စိတ်ဆိုးတဲ့ဒဏ်ကို နှစ်ပေါင်း နှစ်ဆယ်ခံလာရတော့ ကြီးမေ စိတ်ဆိုးရင် ကျွန်မ စိတ်မညစ်တော့ဘူး၊ ပျော်ပဲပျော်တော့တယ် ...

www.burmeseclassic.com

www.burmeseclassic.com



"ကြီးမေကို ဘယ်သေစေချင်ပါ့မလဲ၊ ကြီးမေ ရှိလို့ ကျွန်မ အသက်ရှင်ရတာ၊ ထမင်းစားနေရတာ၊ ကြီးမေ သေသွားရင် ကျွန်မက သောင်ပြင်မှာ ပြေးလွှားနေရတဲ့ ရွှေဟင်္သာလေးလို ကြိုးကြာလေးလို"

ဒေါ်စိုးစိုးကြည် ရယ်ပါလေတော့သည်။ မရယ်ဘဲလည်း မနေနိုင်တော့၊ ဂြိုဟ်မက လက်ရောခြေရော၊ မျက်နှာရော၊ အမူအရာအပြည့်နှင့် မျက်စပစ်လိုက်၊ ကြီးမေ မေးစေ့ကို လာဆွဲလိုက်နှင့် မျိုးစုံလုပ်ပြနေသည်မို့ မျက်နှာကြောတင်းကြီး လျှော့ရလေတော့သည်။

"ညည်းက ထမင်းငတ်မှာစိုးလို့ ငါ့ကို မသေစေချင်တာပေါ့"

"အဲဒါက အလွန်သေးဖွဲသော အစိတ်အပိုင်းပါ ကြီးမေရဲ့၊ ချစ်တာက အလွန်ကြီးမားသော အစိတ်အပိုင်းကြီးပါ၊ ကြီးမေ စဉ်းစားကြည့်လေ၊ ရန်ကုန်တစ်မြို့လုံး မြန်မာပြည်တစ်ပြည်လုံး၊ တစ်ကမ္ဘာလုံး၊ နိုင်ငံခြားမှာလည်း အမျိုးရှိတာ မဟုတ်တော့ ဒီတစ်ကမ္ဘာလုံးမှာ ချစ်စရာဆွေမျိုးသားချင်းဆိုလို့ ကြီးမေနဲ့ ကျွန်မနဲ့ နှစ်ယောက်တည်းရှိတာ ...

"ကြီးမေကော ... ကျွန်မကို မချစ်ဘူးလား ... ကဲ"

"ညည်းကိုသာမချစ်ရင် သူများပေးပစ်ပြီး ကျုပ်ကယောက်ျားယူမှာပေါ့"

"မှန်လိုက်လေ ကြီးမေရယ်၊ ဒီတစ်ခါ ကျွန်မအပေါ် ဒေါသထွက်ရင် သူများကို ပေးပစ်လိုက်နော်၊ ကြီးမေ ယောက်ျားယူ"



"ဂြိုဟ်မနော်၊ ဂြိုဟ်စကား မပြောနဲ့"

တူဝရီးနှစ်ယောက် ရယ်သံလေးတွေ စည်ဝေ၍ ထွက်လာ၏။ တစ်ဖက်ခန်းက သူတို့အိမ်ငှား၊ ကလေးငါးယောက်မိခင်ဖြစ်ပါလျက် ပျင်းလွန်းလို့ ကလေးတွေ လမ်းမကြောင်းလွှတ်ထားပြီး တစ်ရေးပြန်အိပ်နေသည့် မစောရီတောင်မှ အိပ်ရာထဲမှ ခေါင်းထောင်ထ၍ နားစွင့်ရသည်။

"ထိပြေးထိုးမှုပဲဟေ့ ... ဆုကြီး မပေါက်တောင် တွတ်လောက်တော့ ဝင်မယ်"

တစ်ဖက်ခန်းမှ ကျယ်ကျယ်လေး အော်ပေးလိုက်သည်။

"တစ်နေ့တစ်နေ့ ကြီးတော်က တူမကိုဆူ၊ တူမက တစ်ခွန်းမခံ ပြန်ပက်၊ ဝက်ဝက်ကွဲနေတဲ့အိမ်က ရယ်သံမောသံတွေ ထွက်လို့"

"ဒါ ... လူ့သဘာဝခေါ်တယ်၊ နင် မကြားဖူးဘူးလား စောရီရဲ့၊ ပျော်လိုက် ... ရှင်လိုက် ... ငိုကာရယ်ကာ ... ဘယ်ဟာမတည်မြဲ၊ ဖောက်လွဲဖောက်ပြန် အကြောင်းကံကမ္ဘာသကာ"

မစောရီ၏ခင်ပွန်း ဘယ်အချိန်က ပြန်ရောက်နေမှန်းမသိ၊ နေ့ခင်း ထမင်းပြန်စားတာ ဖြစ်နိုင်သည်၊ သူ့ဆိုက်ကားဂိတ်က အိမ်နှင့်နီးသည်မို့ ဆိုက်ကားနင်းရသည့် ဘအေးက ထမင်းဘူးယူမသွားဘဲ ပြန်စားလေ့ရှိ၏။ ယောက်ျား ထမင်းပြန်စားလည်း မစောရီတို့က အအိပ်မပျက်၊ ဘအေးက ကိုယ့်ဘာသာနှိုးခပ်စားပဲ။

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ဆုံ ကြုံကွဲ၊ ခရီးထဲ၊ ဝမ်းနည်းဝမ်းသာ၊ ဝိပလ္လာ ... အဲဒါ ... အဲဒါ ... ဘဝသံသရာ တဲ့၊ ဘာတဲ့တုံး"

ဘအေးတို့က အဲသည်လောက် ပျော်တတ်သည့်လူ။

"ဩော် ... ထမင်းစားရင်း သီချင်းဆို၊ မြွေဖြစ်တော့မှာပဲ"

ဒေါ်စိုးစိုးကြည်က သည်ဘက်ခန်းမှ လှမ်းအော်သည်။

"အိပ်ရင်း ထမင်းစားရင်သာ မြွေဖြစ်တယ် ကြားဖူးပါတယ် ကြီးတော်ရယ်၊ ကောလာဟလတွေ မထုတ်နဲ့"

ဘအေးက ရယ်စရာ အလွန်ပြော၏။

"ဆိုက်ကားနင်းရတာ သေချင်လောက်အောင် ပင်ပန်းတော့ တချို့က ပင်ပန်းသက်သာအောင်ဆိုပြီး အရက်သောက်တယ်၊ ငါကတော့ သီချင်းဆိုပြီး ရယ်စရာပြောလိုက်တယ်၊ နင် လင်ရကံကောင်းတယ်နော် စောရီ"

ဟုလည်း ခဏခဏ ပြောတတ်သည်။

"အေးပါ၊ ယောက်ျားလေးက ထမင်းစားရင်း သီချင်းဆို၊ မိန်းမက အချိန်မဟုတ်ပြန်အိပ်၊ ကလေးငါးယောက်က လမ်းမကြောင်းမှာ၊ ကားတိုက် ခွေးကိုက်ဖြစ်တော့မှ မငိုကြနဲ့"

"ရှင် ဘာစကားပြောတာလဲ"

အချိန်မဟုတ် တခေါခေါ ဟောက်နေသည့် မစောရီက အိပ်ရာထဲက ငေါက်ခနဲ ထထိုင်သည်။ ပါးပါးလေးတစ်ချပ်တည်းသာ ခြားထားသည့် နံရံကို ဝုန်းခနဲထုသည်။

"လူကြီးစကားပြောပါ၊ သူများသားသမီးကို နမိတ်မရှိ နမာမရှိ မပြောနဲ့"



မစောရီ ကက်ကက်လန်အောင် ရန်တွေ့သည်။ သူ့သားသမီးတွေကို ထိန်းဖို့ကျောင်းဖို့ ပျင်းလွန်းလို့ သွားချင်ရာသွား၊ ဆော့ချင်သလိုဆော့၊ လမ်းမပေါ် တင်ထားပေမယ့် ဒါမျိုးအပြောခံရတော့ မိခင်စိတ်ဖြင့် ဆတ်ဆတ်ခါနာ၏။

"ညည်းလည်းအေ၊ ကျုပ်က စေတနာနဲ့ပြောတာ"

ဒေါ်စိုးစိုးကြည်က သူတို့ထက်ပို၍ အဆင့်အတန်းမြင့်သည်ဟု ကိုယ့်ကိုယ်ကိုယ် ခံယူသည်။ ဟိုက်စကူးဖိုင်နယ်အောင်ခဲ့ဖူးသည်။ သူနာပြုဆရာမကြီး ဖြစ်ခဲ့ဖူးသည်။ လောလောဆယ် စပါယ်ရှယ်နာ့စ် လုပ်နေတော့လည်း လူကြီးလူကောင်းတွေနဲ့ပဲ ဆက်ဆံနေရသည်။ ပြီးတော့ ကိုယ်က အိမ်ရှင်။ တူမနှင့်သာ သွေးသားမို့ ရင်းနှီးလို့၊ ချစ်လည်းချစ်လို့၊ မျက်မုန်းလည်းကျိုးလို့ နံ့စ္စရူဝ် တစ်နေ့တည်းမှာလည်း ကြိမ်ဖန်များစွာ ရန်ဖြစ်လေ့ရှိပေမယ့် သူများတွေနှင့်ဆို ကက်ကက်လန် ရန်ပွဲကိုရှောင်သည်။

ဖြစ်ရမှာရှက်၏။ ဘက်မဟုတ်ဟု ခံယူ၏။

"အေးလေ ... အကောင်းပြောတာပဲ စောရီရယ်"

ကိုဘအေးတို့က ထာဝစဉ် ရွှေပြည်အေးသမားဖြစ်၏။

"ဒါပေမဲ့ ကျုပ်အိပ်လို့ မရတော့ဘူးတော့၊ စိတ်ပူသွားပြီ၊ ဟဲ့ ... ငခွေး၊ မိကြောင်၊ ဝက်မ"

သားသမီးတွေကို အော်ခေါ်၏။ လူတစ်ကိုယ်လုံးလည်း အိမ်ရှေ့ရောက်သည်။ ရှီးရှီးခေါ်လည်း ရလျက်သားနှင့် အိမ်ပေါက်ဝတည့်တည့်မှာရပ်၊ ခြေတစ်ချောင်းတည်းပေါ် အားပြု

www.burmeseclassic.com

www.burmeseclassic.com



လျက် ကျန်ခြေတစ်ချောင်းက နောက်ပို၊ လူက ရှေ့သို့ကိုင်း၊ လက်တစ်ဖက်က ခါးထောက်၊ နောက်တစ်ဖက်က နှုတ်ခမ်းမှာ လော်တပ်၍ အော်ခေါ်တာမို့ ဂြိုဟ်မ အော်ရယ်လေတော့သည်။

အိမ်ရှေ့အိမ်က လူတွေလည်း ထွက်ကြည့်ကြသည်။

"ငချေး၊ မိကြောင်၊ ဝက်မ၊ ဟိုအမြွှာ မျောက်ညိုနဲ့ မျောက်ဖြူရော၊ ဘယ်ရောက်နေလဲ၊ ပြန်လာခဲ့ကြစမ်း"

အိမ်ရှေ့အိမ်က လူတွေလည်းရယ်၏။ ဒေါ်စိုးစိုးကြည်နှင့် ကိုဘအေးပါ ရောရယ်တော့ မစောရီလည်း မနေနိုင်တော့ပါ။

"ဟဲ့ ... ငချေး၊ မိကြောင် ... ဟီး ဟီး"

ဝါကျမဆုံးခင် ရယ်ချလေတော့သည်။ ရယ်သံလေးတွေလွှမ်းတော့ ဂြိုဟ်မတို့အိမ်မှာ ကျက်သရေရှိသွားရသည်။

"ဗျို့ ... ဦးဘအေး"

"ဘာတုံး ... ဂြိုဟ်မ"

"ခင်ဗျားကြီးက ဘာသတ္တဝါလဲ"

"ဟဲ့ ... လူကြီးကို"

ဟု ဒေါ်စိုးစိုးကြည်က ဝင်မာန်သည်။

"သစ်ကုလားအုပ်နဲ့ ရေမြင်းနဲ့ကပြား၊ သစ်ကလမြင်း"

"အစ်မစောရီကကော"

"စပါးအုံးကြီးဟ၊ ခွေနေရရင် အစာတောင် မလိုဘူး"

အန်းခနဲသံ ကြားလိုက်ရသည်။ ဂြိုဟ်မတို့ဘက်က နံရံကပ်ပစ္စည်း၊ ပြက္ခဒိန်တို့ ဘာတို့ တစ်ခုမျှမလှုပ်သောကြောင့် နံနံကိုထုတာ မဖြစ်နိုင်။ ဦးဘအေးကြီးကျောကုန်း အထုခံရတာပဲဖြစ်မည်။



"အမေ ဘာကျွေးမလို့လဲ"

အရင်ဆုံးပြေးတက်လာသူ နှစ်ယောက်က မျောက်ညိုနဲ့ မျောက်ဖြူ။ အမြွှာမို့ ရုပ်ချင်းက ချွတ်စွပ်၊ မဲ့လေး အမှတ်လေးတောင် မကွဲ။ ဆော့လိုက်တာ မျောက်ရှုံးသည်။ တစ်ယောက်က ဆွတ်ဆွတ်ဖြူ(အမေတူ)၍ တစ်ယောက်က မီးသွေးရှုံးအောင်မည်း (အဖေတူ)သည်။ ဂြိုဟ်မက ဘယ်တော့မှ မျောက်ညိုနှင့် မျောက်ဖြူဟုမခေါ်။ မျောက်မည်းနှင့် မျောက်ဖြူဟုပဲခေါ်၏။

"ဘာကျွေးမလို့လဲ အမေ"

"ရေတိုက်မလို့၊ နင်တို့အစ်ကို ငချေးကို အရင်ရှာဦး၊ သူ့ရေချိုးခိုင်းရဦးမယ်"

"ဟာဗျာ၊ ရေထောင် ကိုငချေးဆွဲပြီးမှ သောက်ရမှာတဲ့"

မျောက်အမြွှာ ပြန်ဆင်းသွားကြသည်။ ဂြိုဟ်မ ခစ်ခစ်တက်အောင် ရယ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



“ခင်တဲ့ နှောင်ကြိုး ...

တို့ရဲ့အရင်စာကို ရတယ်မဟုတ်လား၊ အဲဒါ တို့ဆေးရုံကနေ ရေးရတာ၊ ခုတော့ ဆေးရုံက ဆင်းရပြီ၊ ဆေးရုံမှာ သိပ်မကြာပါဘူး၊ တို့ ကံကောင်းတယ်၊ နှောင်ကြိုးပို့သတဲ့ မေတ္တာကြောင့်ပဲ ဖြစ်ရမယ် ...

သိပ်မဖြစ်ဘဲ ပွန်းရုံပဲ့ရုံနဲ့ ပြီးသွားတယ်၊ တို့က နှောင်ကြိုးကို အငေးလွန်ပြီး ဖြစ်သွားတာ၊ တို့အပြစ်ပဲ၊ နှောင်ကြိုး မသနားရင် နှောင်ကြိုးမှာ အပြစ်မရှိပါဘူး၊ တို့ထိုက်နဲ့ တို့ကံပါ၊ မည်သူမပြု မိမိမှု ...

အခု အိမ်မှာ၊ မေမေက ဘယ်မှလျှောက်မသွားရ အမိန့်ထုတ်ထားလို့၊ လှိမ့်ပိန့်ပျင်းနေတယ်၊ နှောင်ကြိုးနဲ့ အရမ်းတွေ့ချင်တာပဲ၊ စကားတွေလည်း ပြောချင်တယ်၊ တို့နှစ်ယောက် သူငယ်ချင်းတွေ ဖြစ်ပြီမဟုတ်လား၊ တို့အိမ်ကို သတင်းမေး လာမလား၊ ပန်းသီးတွေ ဟောလစ်တွေ ဝယ်လာစရာ မလိုဘူး။ (ဟဲ ... ဟဲ ... နောက်တာနော်)

သတိရတယ်ကွာ၊ နှောင်ကြိုးနဲ့ တွေ့ချင်လို့ စိတ်ကူးယဥ်ကြည့်တာ၊ မုန့်ဟင်းခါးကျွေး သပိတ်သွတ်မှာ ဆုံရ



အောင်ကလည်း မိတ်ဆွေတွေ၊ သူငယ်ချင်းတွေ အားလုံး ကျန်းမာနေကြတယ်၊ နာစေးချောင်းဆိုးတောင် မဖြစ်ကြလို့ ဘယ်ကောင်ကို ဝမ်းနုတ်ဆေးရှစ်ဆဲ သွားတိုက်ရမလဲ တွေးကြည့်တော့လည်း ဆေးကြောက်တွေက သောက်မှာ မဟုတ်ဘူး ...

သတင်းလာမေးကွာ ... လာမေးကွာ၊ တို့က လူနာ ...

နှောင်ကြိုးကို ခင်တဲ့ ...

တံခွန်”

နှစ်ခန်းလုံး ဆိတ်ငြိမ်ရပ်ကွက် ဖြစ်သွားတော့မှ သူ့စာကို ဖတ်ရသည်။ သူ့စာသည် ရေလှိုင်းများကို သယ်ဆောင်၍ ရင်ထဲသို့ဝင်၏။ ရေမှုန်ရေစက်တို့ နှလုံးသားဆီသို့ လွင့်စဥ်လာ၏။ အေးစက်ကျဥ်မြစွာ ခံစားရသည်။ လှိုင်းတံပိုးသည် နှလုံးသားကို ခုန်မြောက်လှုပ်ရှားစေ၏။ ဂြိုဟ်မဆိုသည့် လက်တွေ့သမားလေးမှာ ဤသို့ရင်လှိုက်ခုန် စိတ်ကူးယဥ် အတွေးကလေးများ ပါးရှားခဲ့ဖူးပါသည်။

မျက်စိရှေ့မှာ ကားတိုက်ခံရတာကို သနားသွားမိတာလား မသိပါ။

“ဦးတံခွန် ... ရှင့်ကို ကျွန်မ သတိရနေပါတယ်” ဟု သူ မကြားနိုင်မှန်းသိသည့်မို့ ဖွင့်ဟဝန်ခံလိုက်မိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

ဒေါ်စိုးစိုးကြည်က လူနာစောင့်သွားသည်။

အိမ်မှာ ဂြိုဟ်မတစ်ယောက်တည်းကျန်၏။ ဘာအလုပ်မှ မရှိပါ။ တစ်အိမ်လုံးကို ဖုန်ခါဖို့အတွက် တံမြက်စည်းတစ်ချောင်းကို တစ်ချက် နှစ်ချက် ခါယမ်းရုံနှင့် ပြီးပြည့်စုံသွားသည်။ ကြီးမေ ထမင်းဘူးယူသည်မို့ ထမင်းကလည်း အစောကြီးကျက်ပြီးသား။ အဝတ်လျှော်ဖို့ကျတော့ ကြီးမေတစ်စုံ၊ ဂြိုဟ်မတစ်စုံ မိန်းမဝတ်နှစ်စုံဆိုသည့် အထည်ကလေးသည် ဆိုးဆတ်ဆိုရုံနှင့် ကြေးစင်၏။

အချိန်တွေ ပိုလွန်းနေသည်။

ဘာလုပ်ရမလဲ၊ ဘာလုပ်ရင် ကောင်းမလဲ။ မိန်းမသားဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ မည်သည့်အရွယ်ပဲဖြစ်စေ လူတစ်ယောက်မှာ အချိန်တွေ သိပ်ပိုနေလျှင် ထိုလူအတွက် ပျက်စီးခြင်း၏အစပင် ဖြစ်လေ၏။ ဂြိုဟ်မ စိတ်လေသည်။ ဘာလုပ်ရမှန်းမသိတော့၊ အိပ်ရာထဲ ဝင်လှဲနေလိုက်သည်။



မနေ့ညနေက ငှားထားသည့် မဂ္ဂဇင်းကို တာဝန်ကျေလှန်ကြည့်သည်။

အမက်မောဆုံးဝါသနာဖြစ်သည့် "စာဖတ်ခြင်း"မှာတောင် စိတ်ဝင်စား၍ မရနိုင်အောင် ဖြစ်နေ၏။

"တံခွန်"

လေသံထုတ်၍ ရွတ်ကြည့်ဖြစ်သည်။

အရုပ်မြင့်၍ အသားလတ်သည်မို့ ယောကျ်ားလေးတစ်ယောက်အတွက် "လူချော"အခေါ်ခံနိုင်ဖို့ ခုနစ်ဆယ်ရာခိုင်နှုန်း ပြည့်စုံသွားပြီ ဖြစ်ပါ၏။ မျက်ခုံး၊ မျက်လုံးနှင့် နှာတံစင်းပုံတို့မှာ သူလိုငါလိုပဲဖြစ်၏။ ထူးခြားကြည့်ကောင်းလွန်းတာ မရှိသလို ထူးခြားအရုပ်ဆိုးနေတာမျိုးလည်းမရှိ။

အဝတ်အစားက ခေတ်မီ၍ သပ်ရပ်၏။

ဆွမ်းကျွေးတုန်းက သူလာခဲ့မှာ သေချာပေမယ့် သူ့ကိုမှ ဂြိုဟ်မက မသိခဲ့ရတာဆိုတော့ ဘာဝတ်လာမည်မှန်း မတွေးတတ်ပါ။ ကားဂိတ်နားမှာ တကောက်ကောက်လိုက်စဉ်ကတော့ ကောင်းကင်ရောင်ဖျော့ဖျော့ ဂျင်းဘောင်းဘီကို ဝတ်ထားသည်။ နေစားလွန်းသည်မို့ အပြာနုသည် ဖွေးဖွေးဖြူလုနီးပါးတောင် ဖြစ်နေသည်။ အကျီကတော့ ရှီးရှီးတီရှပ်ပဲဖြစ်၏။ ကျောတွေ ရင်တွေမှာ စတစ်ကာတောင်မပါ။

ထိုအဝတ်အစားပေါ်မှာ ခန့်မှန်းရလျှင် သူ သိပ်ဝတ်နိုင် စားနိုင်ထဲက မဟုတ်ဟု တွက်လို့ရသည်။ သူ့ဘောင်းဘီက ခပ်နွမ်းနွမ်း၊ ဝတ်ဖန်လျှော်ဖန်များ၍ ဆေးဖြူကွက်နေပြီဟု ပြောရမလား၊ ဝယ်ကတည်းက အဲသည်နားမှာ ကွက်ဖြူထားစေ

www.burmeseclassic.com

www.burmeseclassic.com



သည့် အစစ်ကြီးလား ဂြိုဟ်မ မသိပါ။ အစစ်ကြီးဆိုလျှင်တော့ ဈေးကြီးပါလိမ့်မည်။

တစ်ကြိမ်တည်း တွေ့ဖူးထားသည့် မုဂ္ဂိုလ်လတ်ကလေးက ဂြိုဟ်မ ရင်ထဲ သည်လောက်ထိ နေရာမယူသင့်ဘူး ထင်ပါသည်။ ဂြိုဟ်မအဖို့ရာမှာ နောက်မှ တကောက်ကောက်လိုက်၍ စကားပြောခံရတာမျိုး အဆန်းမှမဟုတ်တော့တာ။ ရိုးလွန်းအားကြီးတောင်နေပါပြီ။ သူ့ကျမှ ဘာတွေ ထူးခြားစိုးမိုးနေရတာလဲ။

ငယ်ကတည်းက ပေါင်းလာသည့် ဝင်းထိန်လို မြင့်ထွန်းလို ကောင်မျိုးတွေကို မျက်စိမှိတ်ပြီး ပုံဖော်ကြည့်လျှင်တောင် တစ်ခါတစ်ရံ ဝိုးဝါးနေတတ်သည်။ ထိုပုဂ္ဂိုလ်လတ်လေးကျမှ ထင်ထင်ရှားရှားကြီး ပေါ်လွင်နေတာလည်းဆန်း၏။

"ရှင် ကျွန်မကို မလွှမ်းမိုးပါနဲ့"

တိုးတိုးပြောကြည့်သည်။ ရင်ထဲက ခုန်သွား၏။ သူနှင့် တွေ့ချင်သည်။ စကားများများ ပြောချင်၏။ အဲသည်ဆန္ဒသာ ပြည့်စုံမည်ဆိုလျှင် ရင်ထဲမှာ ကျင်ရှလစ်ဟာနေသည့် အေးစက်စက်ကွက်လပ်ကြီး ပြည့်ဝသွားမည်ထင်သည်။

"မဂ္ဂဇင်းဖတ်တာပဲ ကောင်းတယ်၊ အဲ ... ဟောတော့ ... ဒီမင်းသားက တစ်ကားကို ရှစ်သိန်းဖြစ်ပြီတဲ့လား၊ ဦးကျော်ပြီးရင် သူ ... တဲ့၊ သြော် ... မဒီတာ ပွားလိုက်တာ"

မဂ္ဂဇင်းတစ်ရွက်ချင်း လှန်ဖြစ်၏။

"ထိပ်တန်းမင်းသမီးကမှ ရှစ်သောင်း၊ တစ်သိန်းဆိုတော့ ထိပ်တန်းမင်းသားနဲ့ မင်းသမီးက သရုပ်ဆောင်ခချင်း ဆယ်ဆတောင် ကွာတာပဲ ...



"ဓာတ်ပို့ဓာတ်ရံတွေကျတော့ အဆတစ်ရာ ကွာသွားရောပါလား၊ ငါ့နှယ်နော်၊ ယောကျ်ားလေးဖြစ်ပြီး ဗီဒီယိုမင်းသားဖြစ်ရင် ဘယ်လောက်ကောင်းမလဲ"

နားထဲမှာ ကားသံကြားလိုက်ရသည်။

ထောင့်အိမ်မို့ လမ်းမကြီးဘက်ကဆိုလျှင် ကားတွေဖြတ်သွားဖြတ်လာများသည်။ လမ်းသွယ်ဘက်ကတော့ ကားဆိုတာ မဝင်သလောက်မို့ တစ်စီးလောက်ဝင်လာလျှင်တောင် တစ်လမ်းလုံးက ကလေးတွေ ပြေးလာအုံကြည့်ကြသည်။ ကားရပ်ထားလျှင် ကိုယ်လုံးနှင့် မှီကြ၊ လက်နှင့်ပွတ်ကြ၊ ကားကိုယ်ထည်သံပြားနှင့် မိမိတို့အသား ထိခွင့်ရလျှင်ပဲ ပျော်ကြရှာ၏။

လမ်းသွယ်ထဲမှာ ကားဝင်နည်းပေမယ့် ဂြိုဟ်မတို့အိမ်ကတော့ ကားသံဆို ရိုးနေပြီ။

"နှောင်ကြိုး"

"ဟိုက် ... မြတ်စွာဘုရား"

အိမ်ရှေ့တည့်တည့်မှ ခေါ်သံထင်ထင်ရှားရှားကြီးက ပက်လက်အိပ်နေသည့် ဂြိုဟ်မကို ကျောအောက်မှနေ၍ ဂေါ်ပြားနှင့် ထိုးကော်မ,တင်လိုက်သလား ထင်ရအောင် လူက ချက်ချင်း ငုတ်တုတ်ဖြစ်သွားသည်။

"နှောင်ကြိုး ရှိပါသလား ခင်ဗျာ"

အိမ်ရှေ့မှာ တံခါးပိတ်မထားပါ။ ခုလောက်ဆို ဖိနပ်ချွတ်မှာ ရပ်နေမလား၊ အိမ်မပေါ် တက်ထိုင်နေပြီလားမသိ။ နှီးကြောဖျာထူထူကြီးတော့ ခင်းထားသည်။ သို့ပေမယ့် အဲဒါကြီး ပေါ်မှာ နင်းလျှောက် ကျော်ဖြတ်နေတာမို့ သိပ်ကြီး [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်း မရှိလှချေ။ ဟိုဘက်ခန်းမှာ လူငှားတင်လိုက်ကတည်းက "ဒီဘက်ခန်း ကျဉ်းသွားပြီ၊ ဧည့်ကောင်းစောင်ကောင်းမှလည်း မရှိတာ"ဆိုပြီး ဟိုးရှေးလက်ကျန် (ကြိမ်တွေတောင်ပေါက်နေပြီ) ကျွန်းသားထူထူ ကုလားထိုင်စုံကြီး တစ်ခုလုံး ချရောင်းပစ်လိုက်မိတာ မှားပြီဆိုသည့် အတွေးက အရင်ဆုံးဝင်၏။

"ဂြိုဟ်မ"

မျက်စောင်းထိုးပစ်လိုက်သည်။ နှောင်ကြိုးခေါ်နေတာ အပဟုတ်သား။ ဘယ့်နှယ် ဂြိုဟ်မ ပြန်ဖြစ်သွားရသည်မသိ။ ကိုရွှေညှော့သည် ဘယ်သူဆိုတာ ဗေဒင်မေးဖို့ မလိုပါ။ ပုဂ္ဂိုလ်လတ်ကလေး အိမ်အထိတောင် လိုက်လာပြီဆိုတော့ လွန်တာပေါ့၊ ရပ်ကွက်ထဲကတော့ အတင်းပြောလို့ ကောင်းလိုက်မယ့်ဖြစ်ခြင်း။

"ဂြိုဟ်မရေ ..."

ဗျိုးဟစ်ခေါ်သံ ထွက်လာသည်။

"လာ ... ပြီ"

စိတ်မရှည်စွာပြောရင်း အင်္ကျီလေး ဘာလေး ဆွဲဆန့်ရသေးသည်။ အိပ်ရာခေါင်းရင်း ထင်းရှူးသေတ္တာပေါ်မှာ ထောင်ထားသည့် မှန်လေးကို ပြေးကြည့်ရသေးသည်။ ဘေးနားရှိ ယွန်းခွက်ကလေးထဲမှာ ထည့်ထားသည့် တို့ဖတ်ကိုယူ၍ မျက်နှာပေါ် ပွတ်ပစ်လိုက်ရသေးသည်။ လုပ်ချင်လို့ လုပ်တာပါ။ ဂြိုဟ်မတို့က ကိုယ့်အလှ ကိုယ်ယုံပြီးသား။ အိမ်ကို ခနိမိုးတုန်းက ခနိမည်းမည်းပေပေတွေ မျက်နှာမှာ စွန်းထင်းပြီး ကြေးလက်လေးသစ် တက်နေတုန်းကတောင် သူများတကာ ပရိမိနာလှူးထားသလောက်ရှိတာဟု ကိုယ့်ကိုယ်ကိုယ် ပြောခဲ့သေးတာ။



အဲသည်တုန်းကပေါ့၊ သင်းသင်းချို ဆိုသည့် ဟာမနှင့်တောင် ရန်ဖြစ်ရသေးတာ။ သူက အမြင်ကတ်လို့တဲ့။ ဂြိုဟ်မကလည်း အမြင်ကတ်တာပါပဲ။

"နှောင်ကြိုး"

မျက်ဝန်းချင်း ဆုံဖြစ်လိုက်သည်။

ဂြိုဟ်မ အိပ်ခန်းကို ကာထားသည့် အပေါက်ဝကလေးမှာပဲ ရှိသေးသည်။ သူက နှီးကြောဖျာပေါ်မှာ ထိုင်ချပြီးနေပြီ၊ ခြေထောက်နှစ်ချောင်းက ဖိနပ်ချွတ်မှာ တွဲလောင်းချထားသည်။ ကိုယ်ကိုလိမ်လျက် အခန်းဘက်သို့ လှည့်ကြည့်နေ၏။

သူ့ခေါ်သံက တိုးရှိုင်း၏။ အောရှ၏။ ချိုမြ၏ဟု ဆိုချင်ပါသည်။ ဂြိုဟ်မ နားထဲသို့ ပျားရည်မြစ်တစ်စင်း ဖြတ်စီးသလား ထင်မိမှားသည်။ ပုဂ္ဂိုလ်လတ်ကလေးကို ဒုတိယအကြိမ်မြင်ဖူးရခြင်းပါ။ ပထမအကြိမ်တုန်းကလိုပဲ ကောင်းကင်ရောင်ဖျော့ဖျော့ ဂျင်းဘောင်းဘီကို ဝတ်ထားသည်။ ဒူးနားမှာတော်တော်ကြီး ဖြူဖွေးနေ၏။ တီရှပ်က သည်နေ့တော့ နက်ပြာပြောင် ခပ်ကျပ်ကျပ်မို့ ဒယ်လ်ကိုဟုထင်၏။ ဒယ်လ်ကို တီရှပ်လေးတွေ အဖိုးနည်းဝန်ပါမို့ ဂြိုဟ်မတောင် တစ်ထည်ဝယ်ထားသေးသည်။ ရွှေအိုရောင်။

"ဘယ်ကလာလဲ"

ဂြိုဟ်မ ဝင်ထိုင်သည်။ မျက်နှာချင်းဆိုင်အိမ်မှ ကိုဖိုးထီမိန်းမ၊ ကလေးခါးထစ်ခွင်၍ လမ်းမပေါ်ထိ ဆင်းကြည့်တာ မြင်လိုက်သည်။ ဩော် ... အိမ်ရှေ့မှာ ကားကြီးတစ်စီး ရပ်ထား

www.burmeseclassic.com

www.burmeseclassic.com



တာကိုး။ ကိုဖိုးထိမ်ိန်းမ ဟိုတလောက သောင်းအေး... သောင်းအေးနှင့် ပြောနေသည့် တောင်းအေ့စ် Town Ace ပေါင်မုန့်ကားကြီးပါလား။

"နှောင်ကြိုးဆီ တမင်ပဲ၊ လူနာလေ၊ သတင်းမေးလာခဲ့တာ၊ ဓာတ်စာလည်းပါတယ်"

ကိုယ်လိမ်လှည့်ထားသည့်နောက်မှ ကြွပ်ကြွပ်အိတ်တစ်လုံး ထွက်လာသည်။ ဖြူဖြူပါးပါးမို့ အထဲမှာ တရုတ်ပန်းသီးဝါဝါလေးတွေနှင့် ဟောလစ်တစ်ပုလင်း တွေ့လိုက်သည်၊

"ရှိတာလား"

"ခင်လို့စ,တာ၊ ပြီးတော့ ... စားစေချင်လို့"

"မယူပါဘူး"

"ဟောလစ်က ကြီးတော်ဖို့၊ လူကြီးဆိုတော့ အားရှိအောင်၊ ပန်းသီးက နှောင်ကြိုးစား၊ ဈေးပေါတယ်၊ နီနီကြီးတွေလိုဈေးမကြီးဘူး၊ အခုပေါ်စတောင် တစ်ရာဖိုး ရှစ်လုံးတဲ့၊ လေးလုံးတည်း ဝယ်လာတာ၊ ချွေတာရေး ... အဟဲ"

သူ ဂြိုဟ်မတို့ထက် နည်းနည်းပါးပါးတော့ ပိုချောင်လည်ပါလိမ့်မည်။ သို့ပေမဲ့ ပေါပေါများများ သူဒြေးသားတော့ ဟုတ်ပုံမရပါ။ ကားကြီးက ဘယ်ကဆွဲလာပါလိမ့်။

"ဘယ်သူက အိမ်လာလည်ပါ ဖိတ်ထားလို့လဲ"

"ဟင် ... တို့ရေးလိုက်တဲ့စာ မရဘူးလား"

"ရတယ် ... နှစ်စောင်"

"သေရော"



သူ့နှုတ်ဖူးသူ ရိုက်သည်။

"တတိယစာထဲမှာ ရေးထားတယ်၊ အိမ်လာလည်မယ်လို့ ခွင့်ပြုပါလို့၊ ပြောစရာလည်းရှိလို့ ... လို့၊ ဟာ ... သေပြန်ပြီကွာ"

သူ့လက်ဝါးတစ်ဖက်ကို သူ့လက်သီးနှင့် ထိုးပြန်၏။

"ဟုတ်တာပေါ့ ... ဘယ်ရမလဲ၊ အဲဒီတတိယစာက ဒီမနက်မှရေးတာ၊ ထည့်မှမထည့်ရသေးတာ၊ စိတ်စောပြီး လူကိုယ်တိုင် ရောက်လာတော့ စာက ကျန်ရစ်ပြီ"

သူ တောင်ပြော မြောက်ပြောနှင့် ဉာဏ်များတာ၊ ဂြိုဟ်မ မရိပ်မိဘူးများ ထင်နေသေးလားမသိ။ ဂြိုဟ်မ ရယ်ချင်၏။

"ဒဏ်ရာတွေ သက်သာသွားပြီလား"

"ဩော် ... မေးဖို့ သတိရသားပဲ"

"ဘယ်လိုက်မေးရမှန်းမှ မသိတာ"

"မျက်စိရှေ့ တိုက်တာပဲ၊ ပြေးလာပြီး ထူပါလား"

"ခုမှ မြင်ဖူးတဲ့ လူတစ်ယောက်ကို ပြေးထူရမှာလား"

"တို့ကို လာထူတဲ့လူတွေအားလုံး အဲဒီကျမှ မြင်ဖူးကြတာချည်းပဲ၊ နှောင်ကြိုးကမှ နည်းနည်းစောပြီး မြင်ဖူးသေးတာ၊ ဒါ မြန်မာပြည်ကွာ"

"စိတ်ဆိုးလို့လား"

"ကြေကွဲတာ"

"အဲဒီအတွက် တကူးတကလာပြီး ရန်တွေ့တာလား"

"ကိစ္စလည်း ရှိလို့ပါ၊ နှောင်ကြိုး အလုပ်ရပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အလုပ်ရှာနေတာ ဘယ်လိုသိလိုက်ရပြန်တာလဲ၊ အိမ်လိပ်စာဆိုလည်း သိလိုက်တာပဲ၊ ရန်ကုန်မြို့ကြီးကို သံချောင်းစိုက်ပြီး ဂျင်လုပ်ပေါက်ပါလား၊ မှတ်မှတ်လည် သွားအောင်"

"အဟား ..."

တစ်ခွန်းတည်း အော်ရယ်ပုံက ဆန်းနေပြန်သည်။

"ရှစ်စပ်က ဂျင်ခြေလည်သည့်သူလို့ မှတ်ယူထားလိုက်ပေါ့၊ ထားပါ၊ အလုပ်ရပြီလား"

"မရသေးပါဘူး၊ အလုပ်မရွေးရင် အလုပ်မရှားပါဘူးဆိုတာ၊ တကယ်တော့ သိပ်မမှန်ဘူး သိလား၊ ကျွန်မ သမာအာဇီဝဖြစ်ရင် ပြီးရော၊ ရှာတာပဲ၊ မရပါဘူး"

"ဘယ်တွေမှာ သွားရှာလို့လဲ"

"ရန်ကုန်မြို့ထဲ လျှောက်တာပေါ့၊ ကုန်တိုက်တွေ၊ မီနီမားကက်၊ စူပါမားကက်၊ ခရီးသွားကုမ္ပဏီတွေ၊ တခြားကုမ္ပဏီတွေရောပဲ၊ ဆိုင်ပေါင်းလည်းစုံပြီ၊ ဆိုင်းဘုတ်တွေ့ရင် ဝင်လျှောက်ပစ်လိုက်တာပဲ"

"အဲဒီလောက်ကြီးတော့ ဘယ်ကောင်းမလဲကွာ၊ နောက် မလုပ်နဲ့"

"အဲဒီလောက်လုပ်တာတောင် မရဘူး"

"မပေးတာပါ"

"ဟုတ်မှာပေါ့"

"လူပြည့်နေတာ၊ လူမလိုတာ ဖြစ်နိုင်သလို၊ အထင်သေးတာလည်း ဖြစ်နိုင်တယ်၊ ဒီလို ဇွတ်ကြီး ပေါ်တင်ကြီးဆိုတော့ ကိုယ့်အတွက် ဣန္ဒြေမဲ့တာပေါ့"



"မဝေဖန်ပါနဲ့၊ မကြိုက်ဘူး"

"ဪ ... ဟုတ်ကဲ့၊ တို့သူငွေးဆီမှာ အလုပ်ရှိလို့ တို့က ဝမ်းသာအားရ လာပြောတာ"

"ဘာအလုပ်လဲ"

"ညှော်ကြိုခေါ်မှာပေါ့၊ ခရီးသွားကုမ္ပဏီ၊ နောက်တစ်ယောက်နဲ့တူတူ လေယာဉ်ပျံကွင်း နေ့တိုင်းသွားရမယ်"

"ဟယ် ... တကယ်"

ဂြိုဟ်မ တစ်ကိုယ်လုံး လေထဲမြောက်တက်သွားသလား ထင်လိုက်သည်။ ဝမ်းသာလွန်းလို့ ထခုန်လိုက်ချင်၏။ ပျော်လွန်းလို့ သူသာမဟုတ်ဘဲ ဝင်းထိန်သာဆိုလျှင် လက်မောင်းရင်း လက်သီးနှင့်ထိုး၍ တခစ်ခစ် ရယ်မိမှာ သေချာ၏။

"တကယ်ပေါ့၊ နိုင်ငံခြားသားတွေလာရင် ကုမ္ပဏီကတ်ပေးပြီး ဒီကုမ္ပဏီကနေ မြန်မာပြည်အနှံ့ ပို့ပေးနိုင်ပါတယ်၊ ဘာညာဒေါင်ဒင်"

"ဟင် ... အင်္ဂလိပ်လို ပြောရမှာလား"

"ဒါပေါ့"

"ရက်စ်နဲ့ နိုး၊ နှစ်လုံးပဲရတယ်၊ ရက်စ်တောင် ရိုးရိုးရက်စ်ပဲတတ်တာ၊ ခေတ်ဆန်ပြီး ယားတွေ ယဲတွေဆို မပြောတတ်ဘူး"

"စကားပြောတာများ ခက်လွန်းလို့"

"ဟုတ်တယ် ... ခက်လွန်းလို့"

"မခက်ပါဘူး၊ အလွန်ဆုံး နှစ်လထက် ပိုမသင်ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ခွေးအိုကြီး လက်ပေးသင်သလို ဖြစ်မှာပေါ့၊ သင်တန်းကြေး ဆိုလည်း ကြီးမေဆီ တောင်းရမှာ၊ ကျားမြီးကိုသွားဆွဲချင်သေးတယ်၊ ကြီးမေဆီမှာ ပိုက်ဆံမတောင်းချင်ဘူး"

"သင်တန်းက ကုမ္ပဏီက လွှတ်ပေးမှာ"

"ဟယ် ... တကယ်"

ဝမ်းသာရပြန်ပါပြီ။

ကုမ္ပဏီက လူတစ်ယောက်ကို ခန့်ချင်လွန်းလို့ ခန့်ပြီး လိုအပ်ချက်တွေ အကုန်ဖြည့်ဆည်းပေးမည် ဆိုတော့ ပိုင်ရှင်က ဘုရားအလောင်းလား၊ သိကြားမင်းလားဟုတောင် မေးချင်၏။ ဘယ်လိုကုမ္ပဏီပါလိမ့်။ ရှိးမှရှိးရဲ့လား။ သိကြားမင်းကြီး ပဏ္ဍုကမ္ဗလာတင်း၍ လူ့ပြည်ဆင်းပြီး ကိုယ်ထင်ပြလေသလား။

"ဒီလောက်ကောင်းရင် ဘယ်နေရာဆိုးမလဲ မသိဘူး"

"ဘယ်နေရာမှ မဆိုးဘူး၊ ကောင်းလှချည်ရဲ့လည်း မထင်နဲ့၊ အင်္ဂလိပ်စကား မွတ်နေအောင် ပြောတတ်ပြီးသားသမားတွေက ဧည့်ကြိုထက် လမ်းညွှန်ပဲလုပ်ဖို့ စိတ်သန်တာ၊ ဧည့်ကြိုဖြစ်ပြီး စကားမှ သွက်သွက်မပြောတတ်ရင်လည်း မဖြစ်ဘူး ...

"ဒီတော့ မတတ်သေးတဲ့လူကို ခေါ်မယ်၊ သင်ပေးမယ်၊ ဒီအလုပ်မှာ ဘယ်နှနှစ်လုပ်ပါ့မယ်လို့ စာချုပ်ရမယ်၊ စကားလည်းတတ်ရော ကန်ထွက်သွားတာမျိုးလည်း အဖြစ်မခံနိုင်ဘူး ...

"စာချုပ်မစေ့ခင်ထွက်ရင် လျော်ကြေးပေးရမယ်၊ မပေးနိုင်ရင် တရားစွဲမယ်၊ ထောင်ချမယ်"



"ဘုရား ... ကြောက်စရာကြီးပါလား"

"ဒါတွေအားလုံး လုပ်ငန်းသဘောတွေပဲ"

"ဒီလိုတော့လည်း ကောင်းသားပဲ"

"ကုမ္ပဏီက ဝတ်စုံချုပ်ပေးမယ်၊ မြန်မာအင်္ကျီလက်ရှည်နဲ့ ချိတ်ထဘီ နေ့တိုင်းဝတ်ရမှာ"

"ယူနီဖောင်းပေါ့"

"ယူနီဖောင်းတော့ ယူနီဖောင်း၊ တစ်မျိုးတည်းမဟုတ်ဘူး၊ တစ်နေ့တစ်မျိုး၊ မရိုးစေရဘူး"

"မဝယ်နိုင်ဘူး"

"ကုမ္ပဏီက ပေးမှာပါဆို"

"ဘယ်နှထည်လဲ"

"လောက်အောင် လှအောင် ပေးမယ်တဲ့၊ ဘယ်နှစုံလဲတော့ မသိဘူး၊ ထမင်းဘူးတော့ အိမ်ကယူခဲ့ရမယ်တဲ့"

"လခမမေးတော့ဘူး၊ လမ်းစရိတ်ရရင် တော်ပြီ၊ ဦးသုံးကြိမ်ချပြီး လုပ်မယ်"

"ဘယ်သူ့ကိုချမှာလဲ၊ တို့ကိုလား"

"ဘယ်က ဟုတ်ရမှာလဲ၊ သူဌေးကို"

"နှောင်ကြီးက ရှိခိုးချင်လို့တဲ့လို့ ပြောပြလိုက်မယ်"

"ပြောလိုက် ... ပြောလိုက်၊ တကယ်ရှိခိုးမှာ၊ ဒီနေ့ စာလာမှာပဲ၊ ရွှေပေလွှာတစ်စောင်လည်းပါမယ်"

"ဘာဆိုင်လို့လဲ"

"သင် ကံကောင်းပြီလို့လေ"

ဂြိုဟ်မ တခစ်ခစ် ရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လခလည်း ကောင်းမှာပါ"

"ကပြီးတော့ကို လုပ်မယ်၊ ကျွန်မ အရမ်းကျေးဇူးတင်တာပဲ ရှင့်ကို၊ တကယ်ပြောတာ၊ ထိုင်တောင်ရှိုက်ချင်တယ်၊ လက်ဖက်ရည်သောက်မလားဟင်၊ မှာပေးမယ်၊ ငွေးရေ"

"နေပါစေ"ပြောတုန်း စောစောကတည်းက ဖိနပ်ချွတ်အောက် ဘေးနားမှာ ရပ်ငေးနေသည့် ငွေးက အိမ်ပေါ်ရောက်နှင့်နေပြီ။

"မသောက်ဘူး၊ ဗိုက်နည်းနည်းအောင့်နေလို့၊ လက်ဖက်ရည် မသောက်ရဘူးလို့ ဆရာဝန်ကမှာထားတယ်၊ တို့က အစာအိမ်နည်းနည်းရှိတယ်"

"အစာအိမ် လူတိုင်းမှာရှိတာပဲ၊ ရှင့်ကျမှ နည်းနည်းရှိတယ်ဆိုတော့ တစ်ဝက်ဖြတ်ထုတ်ထားရလို့လား"

"မဟုတ်ပါဘူး၊ အစာအိမ်ရောဂါ ပြောတာ"

"ရှင်ကော အဲဒီကုမ္ပဏီမှာပဲ လုပ်တာလား၊ နာမည်က ဘာတဲ့လဲ၊ နေပစေတော့ ငွေး၊ သွားဆော့၊ နင့်ဆော်ဒါတွေ အကုန်လုံးလည်းခေါ်သွား၊ ပွဲမဟုတ်ဘူး၊ သွား ... မသွားရင် ငါ ထင်းချောင်းနဲ့ပေါက်မှာ"

တံခွန့်ခမျာ ပြေခွင့်မရသေးဘဲ ဂြိုဟ်မ ဝါကျဆုံးအောင် စောင့်နေရသည်။

"ဟုတ်တယ်၊ ကုမ္ပဏီနာမည်က ကြယ်တံခွန်ပဲ"

"ဟင် ... ဟိုလူကြီးနဲ့ တစ်ကုမ္ပဏီတည်းလား၊ ဆောက်လုပ်ရေးဆိုတာ"



"ဟုတ်တယ်၊ သူဌေးက တစ်ယောက်တည်းပဲ၊ လုပ်ငန်းခွဲတွေက အများကြီး၊ တခြားအလုပ်တွေလည်း လုပ်သေးတယ်၊ အခု တို့တွေလုပ်ကြရမှာက တိုး Tour (ခရီးသွားကုမ္ပဏီ)"

"ရှင်က တိုးကုမ္ပဏီမှာ မန်နေဂျာလား"

"အလား ... လား၊ ဘဝင်မြင့်ချင်စရာပဲ၊ အထင်ကြီးပေးကွ၊ တို့က လခလေးထောင်ရတယ်"

"ဟယ် ... တကယ်"

ဂြိုဟ်မက အံ့သြဝမ်းသာလျှင် ဟယ် ... တကယ်ဟုပြောလေ့ရှိသည်။

"တကယ်ပေါ့၊ လခ လေးထောင်၊ ကိုယ့်ထမင်းကိုယ်စား၊ ဘာရာထူးလဲ စဉ်းစားကြည့်"

"မန်နေဂျာပေါ့"

"ဒရိုင်ဘာ"

"ဟောတော့၊ ဒရိုင်ဘာက လေးထောင်ရတယ်၊ ဟုတ်လည်းဟုတ်ပဲနဲ့"

"မယုံမရှိနဲ့၊ လက်တွေ့ ကျောင်းအစ်မ"

"ပျော်စရာကြီး၊ ကျွန်မကျတော့ ဘယ်လောက်ရမလဲဟင်"

"မသိသေးဘူး၊ နှစ်ထောင်လောက် ဖြစ်မယ်ထင်တယ်"

"ကျွန်မက ဘာလို့နည်းနေတာလဲ၊ ဒရိုင်ဘာထက် နိမ့်လို့လား"

"အလုပ်ရာထူးအနေနဲ့တော့ ဘယ်နိမ့်ပါ့မလဲ၊ မြင့်တောင်မြင့်ဦးမယ်၊ နှောင်ကြိုးလုပ်ရမှာက စာရေးမသဘောမျိုးရှိမှာပေါ့၊ သိပ်မသိဘူးကွာ၊ ယာဉ်မောင်းထက်တော့ မြင့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာဖြစ်လို့ လခနည်းရတာလဲ"

"မပြောတတ်ဘူး၊ ကုမ္ပဏီတွေ သူထောင် ငါထောင်နဲ့ ဘာတွေ ကကောက်ကမဖြစ်တယ် မသိဘူး၊ ဒရိုင်ဘာလခတွေ မတန်တဆ ခုန်တက်တော့တာပဲ၊ တို့အစ်မဝမ်းကွဲတစ်ယောက် ဘွဲ့နှစ်ခုရတယ်၊ ကျောင်းဆရာမ၊ အထက်တန်းပြတယ်၊ လခ ထောင့်သုံးရာငါးဆယ် ...

"ငါ မိန်းမဖြစ်နေလို့ကွာတဲ့၊ ယောကျ်ားဆို ဒရိုင်ဘာဝင်လုပ်တယ်တဲ့၊ ဆယ်တန်းအောင်ဖို့မလိုတဲ့ ဒရိုင်ဘာတွေ လခကောင်းတော့ ဘွဲ့ရပညာတတ်တွေ စုပေါင်းဆွဲကြိုးချပွဲလုပ်ရင် ကောင်းမလားတဲ့"

"ဘယ်လိုကြီးလဲ"

"မသိဘူး"

"ကျွန်မ အလုပ်ရတာ သေချာရဲ့လား"

"သေချာတယ်၊ မနက်ဖြန်ကစဆင်း၊ တို့လာခေါ်မယ်"

"ကုမ္ပဏီက ကြိုပို့ပေးတယ်လား"

"မပေးဘူး၊ တို့က ဒရိုင်ဘာပဲ၊ ကားမောင်းရတဲ့သူပဲ၊ တို့က ကြိုမှာ"

"ရလို့လား"

"ပိုင်ပါတယ်၊ ဦးအောင်ကြိုင်က ကန်ထရိုက်လုပ်ငန်းကို ပိုင်သလိုပေါ့"

"ကော်တာပဲ"

"တို့ ပြန်မယ်၊ ခုဆွဲလာတာ ကုမ္ပဏီကကား"

"မှတ်ထားရဦးမယ်"



"မှတ်မထားနဲ့၊ ကားပေါ်တယ်၊ ကားတွေက တစ်နေ့တစ်မျိုးဖြစ်မှာ၊ လူကိုပဲမှတ်ထား၊ တံခွန်ဆိုတဲ့ ပုဂ္ဂိုလ်က မပြောင်းလဲဘူး"

"ကျေးဇူးအရမ်းတင်တာပဲ၊ ဝမ်းလည်းသာတယ်၊ တစ်ခုပဲ စိုးရိမ်တယ်"

"ဘာလဲ"

"ကျွန်မက ဂြိုဟ်မ၊ ကျွန်မနဲ့ပတ်သက်ရင် ကျွန်မနဲ့အတူ ဂြိုဟ်ဆိုးရှိနေတတ်တယ်၊ ရှင်မှာ ဂြိုဟ်ဝင်မှာစိုးတယ်၊ ဟိုနေ့ကလည်း ကျွန်မနောက်က လိုက်လာပြီး ကားတိုက်ခံရတာပဲ ...

"အဲဒီနေ့က ကျွန်မ ပြေးလာမလို့ပါ၊ ကျွန်မနဲ့ ထပ်ပတ်သက်လိုက်ရင် မကျိုးတန်တာ ကျိုးပဲ့သွားမယ်၊ ကျိုးရုံပဲ့ရုံနဲ့ ပြီးမယ့်လူက အသက်ကိုတောင် ထိချင်ထိခိုက်သွားနိုင်တယ် ...

"အဲဒီလို စိုးရိမ်သွားလို့ တမင် မျက်နှာလွှဲလိုက်တာပါ၊ နည်းနည်းလေးမှ စိတ်မကောင်းဘူး"

"ဟာ ... နှောင်ကြီး၊ တကယ်ပြောတာလား"

"တကယ်ပါ"

"အရမ်းပျော်သွားပြီကွာ၊ တို့ကို စေတနာထားလို့ပေါ့"

"ထားပါတယ်"

"ဘာဖြစ်လို့ ထားတာလဲ"

"ခင်လို့ပေါ့၊ ရှင်က ခင်ချင်တယ်ဆို"

"တကယ် ခင်လား"

www.burmeseclassic.com

www.burmeseclassic.com



"အခု ပိုခင်သွားပြီ၊ ငယ်ငယ်ကတည်းက ကစားဖက်တွေ ထက်တောင် ပိုသွားပြီ၊ ရှင်ကအရမ်းကူညီတယ်၊ မနာလို တိုရှည်လည်း ရှိပုံမရဘူး၊ ကျွန်မနဲ့ပတ်သက်ပြီး ရှင့်မှာ ဂြိုဟ်ဆိုးဝင်မှာပဲ စိုးတယ်"

"တို့က အမြင်ကံကောင်းတဲ့လူ၊ တို့နဲ့ ပတ်သက်တဲ့လူတိုင်း ကံကောင်းတယ်"

"ဟုတ်မှာပါ"

"နှောင်ကြိုးလည်း ဒီနေ့ကစပြီး ကံကောင်းပြီလို့မှတ်"

နှစ်ယောက်သား ရယ်လိုက်ကြသည်။

ကားနားမှာ ကလေးအုပ်စုက ဖွဲကောင်းစွာ ကားကိုယ်ထည်ကိုမှီ၍ လက်နှင့်ပွတ်သပ်၍ရှိဆဲဖြစ်သည်။ ကိုဖိုးထီမိန်းမ ခများလည်း ကလေးခါးထစ်ခွင်ကြီးနှင့် လမ်းပေါ်ထိ ဆင်းကြည့်ရပ်နေရတာ ညောင်းလှပြီထင်၏။ ကလေးကလည်း အငြိမ်မနေတော့၊ ငိုစပြုပြီမို့ အိမ်ပေါ်ပြန်တက်ဖို့ အလုပ်မှာ ရယ်သံစီခန့်ကြား၍ ပြန်လှည့်ရပြန်၏။

မျက်ခုံးနှစ်ခုကို အတွန့်ကျိုးစေလျက် မျက်လုံးနှစ်ခုကို နီးကပ်စေလျက် စူးစိုက်စွာကြည့်သည်။ အားထုတ်ရလွန်းသည်မို့ ပါးစပ်က ဟောင်းလောင်းပွင့်နေသည်။

"ဘုရားတော့ ရှိခိုးနော်၊ ကျွန်မနဲ့ပေါင်းရင် ကံဆိုးတတ်လို့ ကျွန်မ စိတ်ပူလို့ပါ"

"ရှိခိုးမယ်၊ သွားမယ်၊ မနက်ဖြန်တော့ ယူနီဖောင်းမလိုသေးပါဘူး၊ ရှိတာပဲဝတ်၊ မနက်ရှစ်နာရီ လာခေါ်မယ်"

"ဟုတ်ကဲ့"



ရှိသေလေးစားစွာ ဖြေလိုက်မိပြီးမှ ရှက်ကိုးရှက်ကန်းရယ်ဖြစ်၏။ တံခွန်က ဖိနပ်ချွတ်မှာ ခြေစုံရပ်လိုက်သည်။

"ဦးတံခွန်"

တံခွန် ပြန်လှည့်ကြည့်သည်။

"ရှင်က သိကြားမင်းလိုပဲ၊ ကျွန်မကို လာကယ်တာ၊ အရမ်းကျေးဇူးတင်ပါတယ်"

"ရပါတယ်"

"တွေ့လား ... ဟိုကပြန်တော့ဖို့ လုပ်နေတာကို ဘာလျှာထပ်ရှည်နေပြန်ပြီ မသိဘူး"ဆိုသည့် အတင်းသံလှဲ့သဲ့ထွက်လာသည်။

"ကျွန်မကို ဘာဖြစ်လို့ လာကယ်တင်တာလဲ"

"ဩော်ကွာ၊ ဒါတောင်မသိဘူးလား၊ ခင်လို့၊ ခင်ချင်လို့"

တံခွန် ဖိနပ်ချွတ်မှ အုန်းတုံးပေါ်သို့ ခုန်ဆင်းသည်။ အုန်းတုံးပေါ်မှ မြေကြီးသို့ ဆင်းတော့လည်း ခုန်ဆင်းတာပါပဲ၊ သူ့အသွင်က ဖျတ်လတ် တက်ကြွနေ၏။ ခုလို နုသစ်လတ်ဆတ်မှုမျိုးနှင့်ကျတော့ ပုဂ္ဂိုလ်လေးဟု ခေါ်ရမလို ဖြစ်ပြန်ရော။

ကားပေါ်တက်၊ လက်ပြနှုတ်ဆက်၊ မောင်းထွက်သည်အထိ ငေးကြည့်နေလိုက်သည်။

အိမ်ရှေ့အိမ်မှ ကိုဖိုးထီ မိန်းမရခါနီးတုန်းက အရက်တွေမူး၊ အပျော်လွန်ကာ မိန်းမရတော့မယ်ဟေ့၊ မိန်းမရတော့မယ်ဆိုပြီး ခုန်,ခုန်ထတာ မျက်စိထဲ ပြေးမြင်၏။ ဖြစ်နိုင်လျှင် အလုပ်ရပြီဟေ့ ... အလုပ်ရပြီဟေ့ ... ဟု အော်ကာ အိမ်ရှေ့အုန်းပင်မှ အုန်းခိုင်ချ၊ အုန်းရည်သောက်ပြီး မူးပစ်လိုက်ချင်သည်။ ခုန်၍ ခုန်၍ ကချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အနှစ် နှစ်ဆယ်ဆိုတဲ့ လူ့ဘဝသက်တမ်းအတွင်းမှာ သည်တစ်ခါ အပျော်ဆုံးပဲထင်သည်။ ပျော်လိုက်တာ၊ ပျော်လွန်းလို့ ပျော်နေရသည့် အဖြစ်ကိုပဲ ပျော်မဆုံး ရှိတော့သည်။ အပျော်ကမ္ဘာကြီးထဲမှာ "သူ"က ဘုရင်တစ်ဆူ "တံခွန်"ထူလို့လေ။

ကျွန်မကလည်း ခင်ပါတယ်။ သိပ်ခင်ပါတယ်ရှင်။



## အခန်း(၇)

"အလုပ်သဘောအရသာ နှောင်ကြိုးကို မြန်မာအင်္ကျီဝတ်ခိုင်းရတာ၊ တကယ်တမ်းကျတော့ နှောင်ကြိုးက ဘလောက်စ်ပွပွလေးတွေနဲ့ ပိုလှတယ် သိလား"

"ကုမ္ပဏီက ဝတ်ခိုင်းတာများ၊ သူ ဝတ်ခိုင်းတာလိုလို အသားယူချင်နေတယ်၊ သူ့ကားစီးရတာ အရမ်းနားငြီးတာပဲ"

"တို့က သောကြာသား၊ နာမည်က တံခွန်"

"တံခွန်ဆို ... စနေသား ဖြစ်ရမှာပေါ့"

"စကားများတာ သောကြာဆို"

"စကားများတာကတော့ သောကြာပေါ့"

"ဒါဆို တို့ သောကြာ၊ တို့က စကားများများပြောချင်တယ်သိလား၊ လေဆိပ်မှာ နိုင်ငံခြားသားတွေထဲမှာ ဒါမြန်မာမိန်းကလေးလို့ ဂုဏ်ရှိသိက္ခာနဲ့ အလုပ်လုပ်ရတော့လည်း မြန်မာဝတ်စုံလေးနဲ့မှ ဖြစ်မှာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက အားလုံးထဲမှာ ရုပ်အင်္ကျီဝတ်ရတာ အကြိုက်ဆုံးပဲ၊ ထူထူထဲထဲ လုံလုံလဲလဲရှိတယ်၊ စိတ်ထဲမှာ အရမ်းလုံခြုံတာပဲ၊ မြန်မာအင်္ကျီက ခါးတိုတော့ နည်းနည်းပါးပါး ခါးပေါ်ချင်သေးတယ်"

"နောင်ကြီးက ဘာဝတ်ဝတ် လှတာပဲ"

"သိပါတယ်၊ ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်လှတယ်ဆိုတာ ကိုယ် အသိဆုံး"

"ဟ ... မြှောက်လို့လည်း မရပါလား"

"အရှိကို အရှိအတိုင်းပြောတာ မြှောက်တယ်လို့ မယူဆပါဘူး"

"နောင်ကြီး"

"ရှင့်"

သူ့ကို နောင်ကြီး နည်းနည်းပါးပါးတော့ လေးစားပါသည်။ မလေးစားလို့လည်း မရပါ။ သူ့ကြောင့် သည်အလုပ်ကို ရခဲ့သည်။ ပိုက်ဆံလည်းရသည်။ အိမ်မှလည်း နေ့တိုင်းထွက်ရသည်။

ကြီးမေကို နေ့တိုင်းကြီး တာဝန်မယူပါနှင့်၊ လူနာတစ်ဦးပြီးလျှင် နောက်လူနာတစ်ယောက် လက်မခံမီကြား နှစ်ရက်သုံးရက်တော့နားပါ ဟုပြောနိုင်ပြီ။ ပြီးတော့ သူက ဂြိုဟ်မထက် လေးငါးခြောက်နှစ်လောက် ပိုကြီးမှာလည်း ယုံ၏။

သူက သူငယ်ချင်းပေါင်း ပေါင်းသည့်အခါပေါင်း၍ လူကြီးလုပ်သည့်အခါလုပ်၏။ တစ်ခါတစ်ခါတော့ ခပ်တည်တည်ကြီး ဖြစ်နေတတ်ပြီး တစ်ခါခါမှာ ကလေးပေါက်စလို ရယ်မောနောက်ပြောင်နေတတ်ပြန်သည်။



"လိမ္မာသားပဲ ထူးပုံက"

"ဦးတံခွန်က ကျွန်မအစ်ကိုလောက် ရှိတာပဲ"

"အစ်ကိုရှိလို့လား"

"မရှိဘူးလေ"

"ဒါဖြင့် တို့ကို အစ်ကိုအဖြစ် မွေးစားမလား"

"ကိုယ့်ဗိုက်တောင် သူများကျွေးတာ စားလာတာ အနှစ်နှစ်ဆယ်၊ သူများကို ရှာမကျွေးနိုင်သေးဘူးလေ၊ မွေးစားရင် ထမင်းကျွေးနေရဦးမယ်"

"ကိုယ့်ထမင်း ကိုယ်စားပါ့မယ်"

"ဒါဆို ရတယ်"

"ညီမလေး"

"ရှင် ... အစ်ကို"

ရယ်လိုက်ကြသည်။ ကားက ကုမ္ပဏီသို့ ရောက်ပြီမို့ ဂြိုဟ်မ ကားပေါ်မှဆင်းသည်။ ရုံးပေါ်တက်ရမည်။ ရောက်ရှိကြောင်း လက်မှတ်ထိုး၊ အထက်အရာရှိ၏ ညွှန်ကြားချက်ကို နာယူပြီး လေယာဉ်ဆိုက်ချိန်နှင့်ညှိ၍ လေဆိပ်သို့ ဘယ်အချိန်သွားရမလဲ မေးရမည်။ လေဆိပ်သို့ ဆယ့်တစ်နာရီ ပတ်ဝန်းကျင်လောက် သွားလေ့ရှိပေမယ့် နေ့တိုင်းအချိန်မမှန်တတ်ပါ။ တစ်ခါတလေ မိုးမလင်းခင် ငါးနာရီ ထသွားရတာမျိုးလည်းရှိသည်။

ဂြိုဟ်မ ပြန်ဆင်းလာတော့ ကုမ္ပဏီ၏ဧည့်ခန်းမှာ တံခွန်က စတိုင်ကျကျ ထိုင်နေ၏။ ဘယ်တုန်းက ဘယ်အခန်းမှာသွားလဲလိုက်သည်မသိ၊ အဲရိုးဘောင်းဘီပွပွ၊ ရုပ်အင်္ကျီလက်ရှည်၊ နက်ကတိုင်စည်း၍ ကုတ်အင်္ကျီတော့ ဝတ်မထားပါ။ စောစော

www.burmeseclassic.com

www.burmeseclassic.com



ဂြိုဟ်မကို လာကြိုတုန်းကတော့ သူ ဂျင်းဘောင်းဘီ၊ တီရှပ်ကလေး နှင့်ပဲဖြစ်၏။

"လှရဲ့လား"

တံခွန်က ကိုယ်ကိုကြွ၍ ရယ်ဟဟနှင့်မေးသည်။ ဂြိုဟ်မ ရယ်ရသေးသည်။

"ဒီနေ့ ... ကြူကြူလွင် ခွင့်ယူလို့ အစ်ကိုက အစားဝင်မယ်"

ချက်ချင်းကြီး "အစ်ကို"ဟု ပြောင်းသုံးလိုက်ပုံကို ဂြိုဟ်မက သဘောကျစွာ ရယ်လိုက်သည်။ ပါးဖွေးဖွေးလေးက မို့တက်သွားကာ မျက်ကြောလေးတွေပါ စင်းကျသွားပုံက အတိုင်းမသိ ချစ်စရာ ကောင်းနေတော့သည်။ ရယ်ပုံလေးက အပြစ်ကင်း၏။

ခြောက်လသမီးလေး ရယ်နေသလား ထင်ရသည်။ "ဒီလောက် အပြစ်ကင်းတဲ့ မျက်နှာလေးလားကွာ ဂြိုဟ်မွှေမှာ၊ ကြီးမေကိုက ပြောရက်လွန်းတယ်"ဟု ကျိတ်၍ ဝေဖန်ရင်း တငေးတမေ့ကို ကြည့်နေလိုက်တော့သည်။

"သွားစို့လေ"

ဂြိုဟ်မ မျက်လွှာလေးချ၍ ရှက်ကိုးရှက်ကန်းပြောသည်။ အစ်ကိုက ဘယ်လိုကြီးကြည့်နေမှန်းမသိ။ ပွင့်လင်းစွာ ပြောဆိုယိမ်းနွဲ့တတ်ပေမယ့် အခု အကြည့်စူးစူးကြီးကိုတော့ ရင်ထဲ နွေးခနဲနေအောင်ကို ရှက်မိသည်။ ပါးဖွေးဖွေးလေး ရဲခနဲဖြစ်သွားသည်၊ ရင်ခုန်သံတွေ ကျယ်လောင်လာသည်မို့ ကိုယ့်ဘာသာတောင် ပြန်၍နားငြီး၏။ တစ်ကိုယ်လုံးမှာရှိသည့် အသေးဆုံး



အကြောမျှင်လေးတွေ ဖျတ်ခနဲ ဖျတ်ခနဲ ထခုန်ကြသလိုလည်း ခံစားရ၏။ အတွေးတွေကလည်း ယောက်ယက်ခတ်သည်။

တစ်ခါတုန်းက ဆော့မိဆော့ရာ ဆတ်ဆတ်ဆော့ဆော့ အလုပ်ကလေးတွေကို ပြေးသတိရသည်။

"မဏိမေခလာ၊ အမျိုးသားအသွင်ဖန်ဆင်း
လာနိုင်ခဲ့ရင် ကျွန်မနဲ့ လက်ထပ်မယ်နော်"တဲ့။
"ဒီစာရွက်ကလေးကို ရတဲ့သူဟာ ကျွန်မရဲ့
ဖူးစာရှင်ပါပဲရှင်"တဲ့။

ရူးပေါပေါ အလုပ်ကလေးတွေပဲဟု ရှက်တွေးထဲမှာ အရှက်သည်းရင်းက မေ့ကျန်ထားခဲ့လို့ မဖြစ်သည့် တမ်းတဖွယ် စာတန်းလေးတစ်ခုကိုလည်း သတိတရ ထပ်ဖြစ်ရသေးသည်။

ကွယ်လွန်သူ ဂြိုဟ်မ၊ အသက် သုံးမိနစ် ... တဲ့။

www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ တံခွန်မောင်းသည့်ကားက တီကိုအက်စ်အီး လေး။ နှစ်ဆန်းဆန်းနီတို့ တိုယိုတာကိုရိုလာတို့နှင့်စာတော့ ကား လေးက သေးနေသည်။ သို့ပေမဲ့ နှစ်ယောက်တည်း စီးရသည်မို့ ကျဉ်းသည်ဟု မဆိုသာပါ။

"နှောင်ကြိုးက မြန်မာအင်္ကျီလေးနဲ့မို့ နည်းနည်းပါးပါး လူရောင်ဖန်ဆင်းလိုက်တာ၊ မနေတတ်လိုက်တာကွာ"

"ခုလိုဝတ်တာ လှသားပဲ"

"ကြည့်ကောင်းလား"

"ကောင်းတယ်"

"အမြဲဝတ်ရမလား"

"အမြဲတမ်းကျတော့ ဂျင်းဘောင်းဘီနဲ့ တီရှပ်လေးတွေက ပိုနတာပေါ့၊ လဲလိုက်တာ မြန်လိုက်တာ၊ မနက်တုန်းက ပါလာတာလည်း မတွေ့ဘူး"

"သူဌေးအခန်းထဲ ဝင်လဲတာ"

သူဌေးက လုပ်ငန်းတွေများသည်မို့ လုပ်ငန်းတစ်ခု တည်းမှာ နေကုန်အောင် လာမထိုင်ပါ။ နေ့တိုင်းလည်း မလာနိုင် ပါ။ မန်နေးဂျင်းဒါရိုက်တာတို့၊ မန်နေဂျာတို့နှင့်သာ အဆင့်ဆင့်



လွှဲထားရသူဖြစ်သည်။ သည်တော့ သူဌေးအခန်းက အမြဲလိုလို အားနေတတ်သည်။ ဂြိုဟ်မဆိုလျှင် သူဌေးကို တစ်ခါမျှတောင် မမြင်ဖူးသေးပါ။

"အဲဒီသူဌေးတော့ အောက်တာပဲ"

"ဘာဖြစ်လို့လဲ"

"သူ့ကုမ္ပဏီမှာ သူဌေးနာမည်လည်း တံခွန်၊ ဒရိုင်ဘာ နာမည်လည်း တံခွန်ဆိုတော့ စာရေးလိုလူမျိုးက ဟော့ ... တံခွန် ခေါ်ချင်ရင် သူဌေးရှေ့ဆို မခက်ဘူးလား"

"သူဌေးနာမည်က ဦးတံခွန်မှ မဟုတ်တာ"

"ကြယ်တံခွန်ကုမ္ပဏီတွေကိုပိုင်တဲ့ ဦးတံခွန် မဟုတ်ဘူး လား"

"ညံ့တယ်ကွာ၊ ကိုယ့်သူဌေးနာမည်အမှန်တောင် ကိုယ်မသိ ဘူး"

"ဘယ်သိမလဲ၊ မန်နေဂျာကြီးနဲ့ တွေ့ရပြီး မန်နေဂျာကြီးက ခန့်တဲ့ဟာ"

"မှတ်ထား၊ ဦးဥက္ကာတဲ့"

"ဒါနဲ့ ဦးတံခွန်ဆို၊ ဟိုတစ်ခါပြောတာ၊ ကန်ထရိုက် လုပ်ငန်းက မန်နေဂျာကြီးကို ဦးတံခွန်မှတ်ပြီး ကျွန်မက သွားမိတ်ဖွဲ့တုန်းကလေ၊ အဲဒီတုန်းကတော့ ဦးတံခွန်ဆိုတာ မှန်တယ်ဆို၊ လူသာ မှားတာတဲ့"

"နေဦး ... နောက်မှ ရှင်းမယ်"

တံခွန် လက်ဝါးကာပြလိုက်သည်။

"ဟင် ... မကွေ့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ကားက လေယာဉ်ကွင်းသို့ ဝင်သည့်လမ်းထဲ ချိုးရမည့်အစား ရှေ့ဆက်သွားသည်။

"မကွေ့ဘူး"

"ဘယ်သွားမလို့လဲ"

"လှော်ကား"

"လေယာဉ်ပျံဆိုက်သွားရင် ဘယ်လိုလုပ်မလဲ"

"ဟိုကကိစ္စက ပိုအရေးကြီးတယ်"

"ဘယ်သူခိုင်းတာလဲ"

"ဦးတံခွန်"

"ဘယ်ဦးတံခွန်လဲ၊ ပိုင်ရှင်လား၊ ဒရိုင်ဘာလား"

"ဒရိုင်ဘာ"

"ဟာ ... ဘာတွေပြောနေမှန်းလဲ မသိဘူး"

"မသိရင် ထမင်းဘူးဖွင့်စား"

ဂြိုဟ်မက တစ်ခါတလေ သွားရင်းလာရင်း ကားပေါ်မှာ ထမင်းဘူးဖွင့်စားချင်စား၏။ တံခွန်က မျက်နှာပုပ်ပုပ်နှင့် ပြောပြီး စူတင်းနေသည်မို့ ဂြိုဟ်မ ရှေ့သို့ပဲ ကြည့်နေလိုက်တော့သည်။ သူတို့ယောကျ်ားတွေ ချက်ချင်းကြီးပဲ ပြောင်းလဲတတ်သည်ဟု တွေးမိသည်။ ဝမ်းတော့နည်းသား။



တကယ်တမ်းကျတော့ လှော်ကားထိ သွားသည်မဟုတ်ချေ။ မင်္ဂလာဒုံဥယျာဉ်အရောက်မှာ ကားထိုးရပ်သည်။ ပန်းခြံထဲဝင်သည်။ ခြံဝမှာပင် ရှိနေသည့် ထမင်းဆိုင်မှာ ဝင်ထိုင်သည်။ စောစောက "ထမင်းဘူးဖွင့်စား"ဟု သူပြောသည်။ ခု လှော်ကားထိမသွားဘဲ မင်္ဂလာဒုံမှာပင်ရပ်ကာ ထမင်းဆိုင်မှာ လာထိုင်၏။ သူ တော်တော်ဆာနေသလား။ နံနက်ကတည်းက ဘာမှ မစားခဲ့ရသေးဘူးလားဟု တွေးမိ၏။ နာရီကိုကြည့်မိသည်။

"နောင်ကြီး ဘာစားမလဲ"

"ထမင်းဘူးပါတယ်လေ၊ ကားပေါ်က သွားယူလိုက်ရမလား"

"နေပစေတော့၊ တို့ ကျွေးမလို့၊ ဒီမှာ ... ဘာရမလဲခင်ဗျ"

ထမင်းဆိုင်ရှင်က ရသည့်ဟင်းတွေ လာပြောသည်။ တံခွန် ဟင်းတွေတော်တော်စုံအောင်မှာသည်။ ဆိုင်က နှစ်ဆင့်ဖြစ်၏။ အဝင်ဝအပေါ်ဆင့်မှာက လူရှုပ်သည်။ ပန်းခြံထဲဝင်ပြီးမှ တွေ့ရသည့် အောက်ဆင့်မှဆိုင်က လူရှင်းသည်၊ ရှင်းဆို တံခွန်နှင့် ဂြိုဟ်မ နှစ်ယောက်တည်းကိုရှိတာ။ စနေ၊ တနင်္ဂနွေဆိုလျှင်တောင် လာဆော့နေတတ်သည့် ကလေးတချို့ ရှိတတ်သေးသည်။ ခုတော့ လုံးဝဥသုံကို ရှင်းလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"နှောင်ကြိုး"

"ရှင်"

"နှောင်ကြိုး အဲဒီလို လိမ်လိမ်မာမာလေးထူးရင် တို့ သိပ်ချစ်တာပဲ"

"ဟင်"

သူ့စကားက ဘာစကားလဲ၊ မိန်းကလေးတစ်ယောက်ကို ဆိုင်းမပါ ဗုံမဆင့် ပိုင်စိုးပိုင်နင်းနှင့် သိပ်ချစ်တာပဲတွေ ဘာတွေ ပြောစရာလား။

"ဒီနေ့ လေယာဉ်ကွင်းကိုသွားဖို့ မလိုတော့ဘူး၊ လူစားထိုးခဲ့ပြီ"

"ဟင် ... ဘာတွေလျှောက်လုပ်နေတာလဲ"

"ကြယ်တံခွန်ကုမ္ပဏီပိုင်ရှင်အစစ်ရဲ့ နာမည်က ဦးဥက္ကာပဲ"

စိတ်မှကောင်းသေးရဲ့လားဟု တွေးမိ၏။ အဆက်အစပ်မရှိသည့် စကားတွေ ပြောနေသည်။

"တံခွန်ဆိုတာက သူ့သား၊ ဦးဥက္ကာရဲ့သား"

"ဩော်"လည်း မပြောနိုင်၊ "ဟုတ်ကဲ့"မဆိုဖြစ်သလို "အင်း"လည်းမလိုက်ဘဲ နားထောင်နေလိုက်သည်။

"စားရင်းနဲ့ နားထောင်လေကွာ၊ ရော့ ... စား"

ဟင်းတွေ ခပ်ထည့်ပေးသည်မို့ ဂျိုဟ်မ ဇွန်းကို ကောက်ကိုင်လိုက်သည်။ တစ်ဇွန်းခပ်စားပြီး သူ့စကားတွေကို နားစွင့်မိသည်။

"တံခွန်က သားဆိုပေမယ့် ရှိသမျှအလုပ်တွေကို တော်တော်သိမ်းကျုံးလုပ်နိုင်တဲ့ကောင်ကွ၊ အဖေက နည်းနည်းပါးပါးပဲ လုပ်ရတယ်၊ အဲဒီကောင် လူတော်"



သူလည်း စားသည်။ စားရင်းသောက်ရင်း ပြောလည်းပြောနိုင်၏။ ရေနွေးကြမ်းငှဲ့ပေးပြန်သည်။ ခုလို တယုတယလေး လုပ်ပေးလိုက်တော့ ဂျိုဟ်မ ရင်ထဲ နွေးခနဲဖြစ်ကာ မျက်နှာပြင်က ဖျဥ်းခနဲ ပူသွားရသည်။ သူ့စကားတွေကိုလည်း စိတ်ဝင်စားပါသည်။

"စားနော်"

"စားပါတယ်၊ ခါတိုင်းထက် စောနေပေမယ့် လက်ရာအပြောင်းအလဲမို့လား မသိဘူး၊ စားလို့ကောင်းတယ်"

"တို့လည်းကောင်းတယ်၊ နှောင်ကြိုးနဲ့ တူတူစားရလို့"

"ကျွန်မနာမည်အစစ်က နှောင်ကြိုးမှ မဟုတ်တာ သိပြီးသားနဲ့"

"နှောင်ကြိုးဆိုတဲ့ နာမည်ကိုပဲ ခေါ်ချင်တယ်၊ တွယ်နှောင်တယ်၊ ထိငြိတယ်၊ တို့ မရုန်းမကန် မလှုပ်မရှားနိုင်တော့ဘူး၊ နှောင်ကြိုးဆိုတဲ့ ဂျိုဟ်မလေးကို အရမ်းချစ်တယ်"

"ဟင် ..."

ထမင်းခပ်ထားသည့် ဇွန်းကို ပါးစပ်ထဲခွံ့ရင်း သူ့စကားတွေကို မော့နားထောင်နေဆဲ အနားကပ်၍ မမျှော်လင့်သည့် ဗုံးကွဲသလို နားတွေအူသွားတော့သည်။

"ရည်းစားစကား မပြောတတ်လို့ကွာ၊ တို့က နှောင်ကြိုးတို့နဲ့ ရွယ်တူတန်းတူ၊ ခပ်မိုက်မိုက်စကားတွေကျတော့လည်း မပြောတတ်ဘူး ...

"နောက်ကလိုက်ပြီး စာပေးတဲ့ခေတ်လည်း မရှိတော့ဘူး မဟုတ်လား၊ အဟား"

www.burmeseclassic.com

www.burmeseclassic.com



သူ တစ်ခွန်းရယ်သည်။ ထမင်းတစ်လုတ် စားပြန်၏။

"တို့ နှောင်ကြိုးကို သိပ်ချစ်တာပဲ"

"ရေသောက်လိုက်ဦးလေ"

ဂြိုဟ်မက စားလက်စကိုရပ်၍ ပြောတော့ သူ တကယ်ပဲ ရေနွေးကြမ်းပန်းကန်ကို ယူသောက်သည်။

"မိန်းကလေးတစ်ယောက်ကို ချစ်တဲ့အကြောင်းပြောတာ တကယ့်ကို ထမင်းစားရေသောက်ပါပဲ၊ သဘာဝကျလိုက်တာ"

"ဟာကွာ"

သူ ခွန်းကိုလွှတ်ချသည်။

"စားထားတဲ့ထမင်းကို ပြန်တောင် အန်ထုတ်ချင်တယ်၊ တို့ ပေါ့ပေါ့တန်တန်ပြောတာ မဟုတ်ပါဘူးကွာ၊ ထမင်းစားတာက ဗိုလ်လည်းဆာနေတယ်၊ ဒီနေ့ အိပ်ရာထနည်းနည်းနောက်ကျတယ် ...

"တခြားလုပ်စရာတွေလည်း ရှိသေးတယ်၊ နှောင်ကြိုးဆီကိုလည်း စောစောလာချင်တယ်၊ အိမ်မှာ မေမေ အော်ဆူတဲ့ကြားက ဘာမှမစားမသောက်တော့ဘဲ ပြေးဆင်းလာတာ ...

"ဗိုက်ဆာတာလည်းပါတယ်၊ နောက်ပြီး ဒီစကားကို အခြောက်တိုက်ကြီးပြောတော့ နှောင်ကြိုးရော တို့ပါ အနေမခက်ပေဘူးလား ...

"စားရင်းသောက်ရင်းဆိုတော့ အလုပ်တစ်ခုလည်း ရနေတာပေါ့၊ အဲဒါကြောင့်ပါကွာ၊ နှောင်ကြိုးက ရေသောက်ပါဆိုလို့လည်း သောက်ရသေးတယ် ...



"တို့ လေးလေးနက်နက်ပြောတာ၊ အနက်ရှိုင်းဆုံးပြောတာ၊ ချစ်တယ်ဆိုတာ ပြောပြီးရင် လက်ထပ်ခွင့်လည်းတောင်းရဦးမယ် ...

"လက်ထပ်ခွင့် အရင်တောင်းရင်လည်း အဆင့်ကျော်တယ် ဖြစ်ဦးမယ်၊ တို့ တောင်းပန်ပါတယ်ကွာ၊ စိတ်မဆိုးပါနဲ့"

ဂြိုဟ်မ ခွန်းပြန်ကိုင်၍ ထမင်းပြန်ခပ်စားသည်။

"နပ်ပါပေတယ်၊ ပိုင်ပါပေတယ်"

"ဘာကိုလဲ"

"ပြောချင်တာကို တောက်လျှောက် ပြောချသွားတော့ ပြောခွင့်ရသွားတာပေါ့၊ ဒီနေရာမှာ တို့ ရှင်းပြပါရစေဦးတွေ ဘာတွေ ပြောနေရင် ကျွန်မကလည်း မရှင်းနဲ့လို့ပြောမှာ"

"တို့ကို အကောင်းထင်ပါကွာ"

"ထင်ပါတယ်"

"ဆက်ပြောမယ်နော်"

"ကျွန်မက ထမင်းကုန်အောင် စားမှာပါ"

တံခွန် တစ်ချက်တော့ ပြုံးလိုက်ဖြစ်၏။ သည်ကလေးမ စကားပြောတာလေး သိပ်ချစ်ဖို့ကောင်းသည်။

"ကြွားရရင် တို့ တစ်ခါမှ ရည်းစားမထားဖူးဘူး၊ ယုံလား"

ဂြိုဟ်မ မဖြေဘဲ တို့စရာပန်းကန်ထဲမှ သံပရာသီးစိတ်ကို ယူစားပြလိုက်သည်။ ချဉ်သည်ဟု ဆိုလို၏။ တံခွန် ချစ်စနိုးနှင့် ပြုံးရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရိုးလွန်း အ,လွန်းလို့ မဟုတ်ပါဘူး၊ ကြိုက်တာမတွေ့လို့ပါ၊ ဘယ်သူ့ကိုမှ မချစ်မိလို့၊ တို့က ရိုးရိုးမေကျာပဲဆိုတော့ ဘွဲ့ရထားတာလည်းကြာပြီ၊ အလုပ်ထဲဝင်နေရတာလည်းကြာပြီ၊ တို့စကားတွေက နည်းနည်းတော့ ရင့်မှာ အိုမှာပဲ ...

"ကျောင်းတုန်းက သူငယ်ချင်းတွေနဲ့လည်း သိပ်မတွေ့ဖြစ်တော့ဘူး၊ အလုပ်ကလူတွေနဲ့ပဲ ဆက်ဆံရတော့ လူကြီးတွေ၊ အမှန်က တို့က လူပျော် ...

"ခုတော့ တစ်ခါတလေ စပ်ဖြဲဖြဲ၊ တစ်ခါတလေ ရင့်ကျောကျောနဲ့ လူလည်း ငကြောင် ဖြစ်နေပါပြီ"

"ပုဂ္ဂိုလ်ကြီး"ခေါ်လောက်အောင်လည်း မဟုတ်၊ "ပုဂ္ဂိုလ်လေး"လည်း မကတော့သည်မို့ "ပုဂ္ဂိုလ်လတ်"ကလေးလို့ ဂြိုဟ်မကိုယ်တိုင် နာမည်ပေးထားခဲ့တာလေ။

"နှောင်ကြိုး ဦးအောင်ကြိုင်ကို သွားမိတ်ဆက်နေတဲ့ နေ့ကစပြီး နှောင်ကြိုးကို တို့စပြီးမြင်ဖူးတာ၊ မြင်မြင်ချင်းပဲ စိတ်ဝင်စားတယ်၊ အဲဒါကြောင့် တို့ ကားဂိတ်မှာ နောက်ကလိုက်တာ၊ အဲဒီတုန်းက နှောင်ကြိုး ရက်စက်သွားတယ်"

"ကျွန်မနဲ့ ပတ်သက်ရင် ဂြိုဟ်ဆိုးမွှေတတ်လို့ပါ၊ ခင်တယ် ပြောမိရုံနဲ့ ကားတိုက်ခံရတာ ကြည့်ပါလား"

"ဘာမှမဆိုင်ဘူး၊ တို့ နှောင်ကြိုးကို နေ့တိုင်းတွေ့ချင်နေတယ်၊ နှောင်ကြိုးအကြောင်းကို အစအဆုံး စုံစမ်းပစ်လိုက်တယ်။ အဲဒီလောက် ကြိုးစားနေမိတာ တို့ နှောင်ကြိုးကို ချစ်လို့ပဲပေါ့၊ မဟုတ်ဘူးလား"



"ရှင် ဦးတံခွန်လား"

"နှောင်ကြိုး အဲဒီလိုပဲ အမြဲခေါ်ခဲ့တာပဲ"

"သူဌေးသားလား"

"ဟုတ်တယ်လို့ ဖြေရမှာ ရှက်စရာကြီးလိုပဲ၊ ဒီလိုပါ၊ ဦးဥက္ကာရဲ့သား"

"ဒါကြောင့် ကုမ္ပဏီမှာ လုပ်ပိုင်ခွင့်က အပြည့်ဖြစ်နေတာကိုး၊ မိန်းကလေးတစ်ယောက်ဆီ ချဉ်းကပ်လာပုံလေး ယဉ်ပါတယ်"

"ဘာလုပ်မိလို့လဲကွာ"

"ကျွန်မက ဆင်းရဲတယ်လေ၊ သူဌေးသားအဖြစ်နဲ့ ဝင်လာရင် ကျွန်မကလည်း စာရိတ္တမခိုင်ရင် ငမ်းငမ်းတက် ထခုန်နိုင်တယ် မဟုတ်လား"

"မင်းကို တို့ အဲဒီလို တစ်ခါမှ မထင်ခဲ့ဘူး"

"ချစ်တယ်လို့ ပြောတဲ့အခါကျ မငြင်းစေချင်ဘူးလေ၊ မငြင်းနိုင်အောင်၊ မငြင်းချင်အောင် သူဌေးသားပုံမှန်ကြီး ဖွင့်ပြလိုက်တာပေါ့"

"အဲဒီသဘော မဟုတ်ပါဘူးကွာ၊ သိပ်လည်း မရှင်းပြတတ်ဘူး၊ သောကြာသား မဟုတ်တာ နာတာပဲ၊ တို့ သိပ်မရှင်းရဘဲနဲ့ နားလည်ပေးမလား"

"တော်ရုံ စီးပိုးပါရှင်"

ဂြိုဟ်မ ထမင်းကို လက်စသတ်သည်။

နောက်ပိုင်းစားသမျှမှာ ပန်းကန်ထဲကျန်သမျှ ကုန်သွားဖို့သာ အဓိကထား၍ အရသာက သိသိသာသာ မဲ့သွားတော့၏။ တံခွန်က ထမင်းမကုန်သေးပါ။

www.burmeseclassic.com

www.burmeseclassic.com



"နှောင်ကြိုးကို ချစ်တာတော့ အရမ်းပဲကွာ၊ အဲဒါကိုယုံပါ၊ ဗိုက်ကလည်း မဝသေးဘူး၊ ဆက်စားမယ်နော်၊ ချစ်တဲ့အကြောင်းကို ထမင်းစားရေသောက် ပြောတယ်လို့ မထင်နဲ့နော် ...

"တို့ ထမင်းစားတုန်း နှောင်ကြိုးလေးက ပက်(ပ)စီသောက်ပြီး စဉ်းစားထား၊ တို့ ထမင်းကုန်သွားရင် တို့ကို အဖြေပေးပေါ့၊ ဟုတ်လား"

တံခွန် ထမင်းဆက်စားသည်။ ဝါးမှဝါးရဲ့လားမသိ။ ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက် သောက်၏။ ထမင်းထည့်လိုက် ရေနွေးသောက်လိုက်၊ မြန်မြန်ပြီးစေရန် မဝါးဘဲ မျှောချနေပုံရသည်။ သူ့ပုံစံကို စိတ်ထဲချဉ်မိကာ နည်းနည်းပါးပါး စိတ်ဆိုးမိတာတော့ အမှန်ပါပဲ။

ရင်ထဲမှာ လှိုက်ဖြာကြည်နူးရမယ့်အစား ဆို့ဆို့နင်နင် မတင်မကျ ခံစားရသည်။ သူလုပ်ပုံက မခံချိမခံသာ ဖြစ်စရာကြီးမို့ ဒေါသလည်းထွက်သည်။ စိတ်ဆိုးပြီဆိုတော့ ရှက်ရွံ့စိတ်တော့ နည်းနည်းပါးပါး လျော့ကျသည်။ ဂြိုဟ်မရှေ့မှာဆိုလျှင် ချစ်ပါရစေ အသနားခံရသူတွေက ဒူးထောက်ကျသလောက်ကို ပျပ်ဝပ်ကျိုးနွံခဲ့ကြ၏။

မျက်ရည်မထွက်သော နည်းဖြင့် "ငို"ပြကြသည် ချည်း။ လုလွန်းလို့၊ ချစ်လွန်းလို့၊ ပြန်မှမချစ်ရင် သေရပါတော့မယ်ဆိုသည့် လူစားမျိုးတွေချည်းပါ။ သူ့ကျမှ မာရေကျောရေ နိုင်လှချည့်။ သူ့ဒွေးက ဆင်းရဲသားကိုပြောသည့် "ရည်းစားစကား



ပြောနည်း အသစ်တစ်မျိုးလား"ဟု မေးချင်၏။ ကိုယ့်ကိုယ်ကိုယ် သည်လောက်ယုံကြည်ချက် ပြင်းထန်နေလျှင် ခြေထောက်နာ သက်သာ၍ ဆေးရုံမှ ဆင်းကတည်းက မင်္ဂလာဆောင်ဖိတ်စာ ဘာဖြစ်လို့ တန်းမရိုက်သလဲဟု မေးချင်၏။

အဲသည်အခါကျမှ ဂြိုဟ်မက လုံးဝဥဿုံ ငြင်းဆိုခြင်းဖြင့် သူ့"ရင့်ကျောကျော"ကို တုံ့ပြန်နိုင်မှာ။

"ဘယ်လိုလဲ၊ တို့ကို ချစ်ပြီလား"

"မချစ်ရင် အလုပ်ပြုတ်မလား"

"ဟ ..."

သူ အံ့သြသွားသည်။ ပြီးတော့ ရယ်၏။

"ဘာဆိုင်လဲ ... မပြုတ်ပါဘူး၊ စဉ်းစားချိန် ယူချင်ရင် လစာပြည့်နဲ့ ခွင့်တစ်ပတ်ပေးမယ်"

"အဲဒီလစာပြည့်နဲ့ ခွင့်တစ်ပတ်ယူချင်တယ်၊ ဒါပေမဲ့ အဖြေကိုတော့ ခုပေးမှာ"

"ယူကွာ၊ ကဲပြော ... ချစ်လား"

"အလုပ်မှ မပြုတ်တာ၊ ဘာလို့ချစ်ရမှာလဲ၊ မချစ်ဘူး၊ ကျွန်မကို ချစ်တယ်လို့ ပြောကြတဲ့လူတွေ တစ်ယောက်မှ ဦးတံခွန်လို မာရေကျောရေ မရှိဘူး ...

"ကျွန်မကို တန်ဖိုးထားတယ်၊ ကျွန်မက အမြင့် တစ်နေရာမှာ နေရာရတာ"

"ဟာကွာ ... တို့ တောင်းပန်တယ်၊ တို့ မကျွမ်းကျင်တာ"

"အဲဒါ လုံလောက်တဲ့ဆင်ခြေ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြော၊ ဒီသဲမံတလင်းပေါ်မှာ ဒူးထောက်ရမလား၊ မင်းဒူးခေါင်းလေးပေါ် တို့လက်နှစ်ဖက်တင်မယ်၊ တို့ကို ချစ်ပါကွာလို့ ပြောမယ်၊ လုပ်ရမလား၊ ပြော"

"လူတွေကြားထဲမှာ မရှက်ဘူးလား"

"ရှက်တော့ ရှက်တယ်၊ ဒါပေမဲ့ မင်းကျေနပ်စေချင်လို့၊ ဒီလိုလုပ်မှ ကျေနပ်မယ်ဆိုရင် လုပ်မယ်"

"ဟင့်အင်း ... မလုပ်ပါနဲ့၊ ကျွန်မ လုံးဝမချစ်ဘူး"

ဂြိုဟ်မ ထရပ်လိုက်သည်။

ရတ်တရက် ဒူးက ယိုင်ချင်သွားရသည်။ ဘာတွေဘယ်လိုဖြစ်လို့ ရတ်ခြည်းချည့်နဲ့သွားရသည်မသိ၊ အားငယ်ဝမ်းနည်းလိုက်တာလည်း မပြောပါနှင့်တော့၊ ရင်ထဲမှာ ဆို့နင်နင်ဖြင့် ကြေကွဲနာကျင်လာ၏။ မျက်ဝန်းက စိုစွတ်ချင်လာသည်။ သည်လောက်နှင့်တော့ ဂြိုဟ်မ မျက်ရည်မကျချင်ပါဘူးလေ။

"ကျေးဇူးပြု၍ ပြန်ပါရစေ၊ အလုပ်မရှိရင် အိမ်ကိုပဲပြန်ချင်တယ်"

"ပို့ပေးမယ် ... နားပါ၊ အိမ်မှာပဲ တစ်ပတ်နားပါ၊ ခုပြန်ပို့မှာ မင်းကို လိုက်လျော်တာ၊ တို့ကတော့ ဆက်ထိုင်နေချင်သေးတယ်၊ ကားကို အကြာကြီး တူတူစီးချင်သေးတယ်၊ စကားလည်း အများကြီး ပြောချင်သေးတယ်"

"ကျွန်မ ပြန်ပါရစေ"

"တို့ကို ပြန်စဉ်းစားပေးပါ"

"ကျွန်မ လုံးဝမချစ်ဘူး"

"မဖြစ်နိုင်ဘူး"



တံခွန် ခေါင်းခါသည်။ ဂြိုဟ်မ အောက်နှုတ်ခမ်းကို ကိုက်ချပစ်လိုက်၏။

အချစ်ဆိုတာ အလွန်တရာမှ သိမ်မွေ့နက်ရှိုင်း၊ နူးညံ့လွန်းလို့ မှုးယစ်သီဝေစေတဲ့အရာ၊ အချစ်မှာ လူတွေဟာ ရူးသွပ်တိမ်းမူးစွာ ညွတ်နူးကြရတာ၊ စီးမျောမေ့မောကြရတာ ရှင် ကြားဖူးနားဝလေးမှ မရှိခဲ့ဘူးလားဟင်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ နေ့တိုင်း အလုပ်သွားနေရတာ သိပ်ပျော်ပါတယ်၊ အိမ်မှာ မကပ်ချင်လို့ မဟုတ်ရပါဘူး၊ ကိုယ့်အိမ်မှာလည်း ကိုယ်နေချင်ပါတယ်၊ ကြီးမေ ဆူပွမ်မနေရင်ပေါ့။

ဒါပေမဲ့ ကျွန်မမှာ အပေါင်းအသင်း သိပ်မရှိဘူး၊ ရပ်ကွက်ထဲက လူကြီးမိဘတွေဟာ ကျွန်မကိုဆိုရင် "ဂြိုဟ်မ"ဆိုပြီး သူတို့သားသမီးတွေနဲ့ သိပ်မပေါင်းစေချင်ကြဘူး၊ ကျွန်မကလည်း မာနနဲ့လူသားလေ။ ကျွန်မတို့အိမ်မှာ လာငှားနေတဲ့ ဟိုအရင်က မိသားစုတစ်စု (မစောရီတို့အရင်) သားမိသားဖ ခြောက်ယောက်ရှိတာ လေးယောက်တိတိ တဖြုတ်ဖြုတ် ထကြွေသွားတာ ကျွန်မကြောင့်တဲ့။ ကျွန်မက ဂြိုဟ်မတဲ့။

သူတို့ ပြောတဲ့လူတွေလေ၊ အတင်းပြောရရုံ လျှာညောင်းပြေပြောကြတာ မဟုတ်ပါဘူး။ တကယ် ယုံကြတာရှင့်။ ကျွန်မကိုများတွေ့လိုက်ရင် ကျွန်မနောက်က ငရဲမီးထုပ်ကြီး ကပ်ပါလာသလို အပူရှိန်ဟပ်မှာကြောက်ပြီး ဝေးဝေးရှောင်ချင်တဲ့ သဘောနဲ့ကို ကွေကြကွင်းကြနဲ့။ အစကတော့ စိတ်ဆိုးတယ်၊ ဒေါသထွက်တယ်၊ ရန်ဖြစ်တယ်။ ကြာတော့ ဝမ်းနည်းလာတယ်၊ ကြေကွဲလာတယ်၊ ယူကျုံးမရဖြစ်တယ်။



ကျွန်မ လူ့ဘဝမှာ အသက်ရှင်ရပ်တည်နေရတာ အဓိပ္ပာယ်မရှိသလိုပဲ။ ပတ်ဝန်းကျင်မှာ အဖော်မရှိလို့ အိမ်ထဲကျတော့ ပျော်သလား။ ဝေးပါဘိ။ ကြီးမေခေါ်သံ "ဂြိုဟ်မ"တစ်ခွန်းတည်းနဲ့တင် အိကြွေတာမျဉ်းကြောင်းပေါ် ထိုင်မိတာထက် ပူပြင်းလှပါပြီ။

အလုပ်မှာကျတော့ နှစ်ယောက်လေ။

ကြူကြူလွင်။ သူ့ကို ကျွန်မက ကြူလွင်လို့ခေါ်ပြီး သူက ကျွန်မကို နှောင်ကြိုးတဲ့။ ဘယ်သူမှ "ဂြိုဟ်မ"လို့ မခေါ်ဘူး၊ မသိကြဘူး၊ ကျွန်မဟာ ကြယ်တံခွန်ခရီးသွားလုပ်ငန်းကုမ္ပဏီမှာ ဂြိုဟ်မ မဟုတ်ဘူးလေ။ ကျွန်မ ပျော်တာပေါ့ရှင်။ ပြီးတော့ ... တံခွန်၊ ဦးတံခွန်ပေါ့။ သူက ရယ်စရာမောစရာလည်း ပြောတတ်ပါပေရဲ့။ လူက လှပျော်။ အဲသည်ပုဂ္ဂိုလ်လတ်ကလေးကြောင့်လည်း ကျွန်မ ပျော်ရွှင်ကြည်နူးရပါတယ်။

ခုတော့ အလုပ်သွားချင်စိတ်လည်း မရှိ။

ခွင့်တစ်ပတ်တိတိကို ယူချင်လို့ ယူပြီးမှ အိမ်ထဲမှာနေမထိထိုင်မသာ။ အိမ်ရဲ့တိတ်ဆိတ်ခြင်းကို လမ်းပေါ်က ဆူညံမှုက အနှောင့်အယှက် ပေးပြန်တယ်။ ကျွန်မ ဘာအသံဗလံမှ မကြားရတဲ့ မှောင်မည်းမည်းတစ်နေရာမှာ ငြိမ်ငြိမ်လေး ထိုင်နေချင်မိတယ်။

ရင်ထဲက အတွေးကိုတောင် အတောင်တပ်ပေးလိုက်မယ်။

စိတ်ကြိုက်ပျံသန်းပေရော့ ... မိုင်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လို မှောင်တိတ်ခြင်းကပဲ ကျွန်မကို ပြန်လည် ခြောက်လှန့်ပြန်တယ်။ တိတ်ဆိတ်ခြင်းကို လိုလားတယ်၊ ဒါပေမဲ့ တိတ်ဆိတ်ခြင်းကို ကျွန်မ ကြောက်တယ်။ အမှောင်ထဲမှာနေချင်တယ်၊ ဒါပေမဲ့ အလင်းကို မျှော်လင့်နေမိတယ်။ အဲသည်လောက် မပြတ်မသားနဲ့ တွေဝေလွန်းတဲ့ ကျွန်မဟာ အိပ်ရာပေါ်မှာ အိပ်ကြည့်တယ်၊ မရပါဘူး။ အိပ်ရာခင်းတွေ ရှုံ့တွပြီး ကျောပူတာပဲ အဖတ်တင်ပါတယ်။

ကျောတွေပူပြီး ခါးတွေညောင်းလာတာပါပဲ။ အိမ်ထဲဝင်လည်း မွန်းကျပ်၊ အိမ်ရှေ့ထွက်လည်း နေရောင်စူး။ တကယ်က ငါးဖယ်ပျံသလို ကျွန်မကိုယ်တိုင် ဆောက်တည်ရာမရတာပါ။ လျှော်ထားပြီးတာ မကြာသေးတဲ့ ခြင်ထောင်ကို ဆွဲဖြုတ်လျှော်လိုက်တော့မှ လူကမောဟိုက်ပြီး နည်းနည်းပါးပါး နေသာထိုင်သာ ရှိသွားသလိုပဲ။ ဗိုက်ထဲက ဆာလာလို့ ထမင်းနူးစားတော့လည်း ခံတွင်းမတွေ့ပါဘူး။

"ဟော့ ... ဟိုဘက်ခန်းက ဂြိုဟ်မ၊ ဘာတွေလုပ်နေလဲ၊ တစ်ယောက်တည်း အလုံးအရင်းနဲ့ ယောက်ယက်ခတ်နေပါလား"

သူ့ယောက်ျား ဆိုက်ကားသမားက ထမင်းပြန်စားတုန်းမှာ လှမ်းအော်သေးတယ်။ သူ့မိန်းမ ဆိုက်ကားကတော်ကတော့ ပြောမနေနဲ့၊ ပွက်စီ ပွက်စီ ဘာနိုင်သလဲ မမေးနဲ့။ တကယ်တော့ သည်အိမ်မှာ ကျွန်မနေလာတာ ဆယ်နှစ်ကျော်ခဲ့ပြီ။ သည့်အရင်က သည့်ထက် ရပ်ကွက်လည်း နည်းနည်းပိုသန့်၊ အိမ်လည်း နည်းနည်းပိုကောင်းပါတယ်။



ကြီးမေ နေမကောင်းလို့ အလုပ်မလုပ်နိုင်၊ ဝင်ငွေမရှိ၊ ဆေးဖိုးကုန်နဲ့ ကြွေးတွေတင်လို့ပါ။ အိမ်ကြီးကြီးကိုရောင်း၊ သေးသေးပြန်ဝယ်၊ ပိုငွေကို ကြွေးဆပ်တယ်တဲ့၊ ကျွန်မတို့ တူဝရီးနှစ်ယောက်ရဲ့ဘဝဟာ တဖြည်းဖြည်းနဲ့ ညှိုးရော်ပိန်ချုံး ရှုံ့တွလာတာလို့လည်း ဆိုနိုင်ပါတယ်။ အိမ်ပြောင်းခဲ့ရတာတောင် သုံးလေးအိမ် ရှိပြီဆိုလား။

အိမ်ကြီးတွေကို သေးကျုံ့ခြင်းနဲ့ လဲလှယ်ခဲ့တာချည်းပါ။

လက်ရှိအိမ်ကတော့ သည်ထက်မှ ထပ်ကျုံ့ရရင် အခြေအနေက တော်တော်လေး ဆိုးရွားမှာမို့ ထပ်လဲစရာအကြောင်း မရှိတော့ပါဘူး။ လောကကြီးမှာ ကျွန်မလောက် ကိုယ့်ဘဝကိုယ် မကျေနပ်တဲ့သူလည်း ရှိတော့မယ် မထင်ပါဘူး။ ကိုယ့်ဘဝမှာ နေလို့မပျော်ဘူးရှင်။ တစ်ပါးသူရဲ့ဘဝကို ခဏငှားပြီးနေလို့ရမယ်ဆိုရင် ကျွန်မ မက်မောတဲ့ဘဝလေးတစ်ခု ရှိပါတယ်။

"ဒေါက်တာစင်သီယာ"

သူ့ဘဝမှာ ကျွန်မ ခဏနေချင်တယ်၊ ဟုတ်တယ်။ သူက နည်းနည်းပါးပါး လှပါတယ်၊ အဲဒါတော့ ကျွန်မသိတယ်။ ဒေါက်တာစင်သီယာရဲ့အလှဟာ ကျွန်မအလှရဲ့ ခြေဖျားမမီဘူး။ လူတကာကို မေးနိုင်ပါတယ်။ ဂြိုဟ်မလို့ မျက်မုန်းကျိုးတဲ့သူတွေတောင် ဂြိုဟ်မလှတာကိုတော့ လက်ဖျားခါပြီး ရှုံ့မဲ့ထောက်ခံကြရတာပဲ။

စင်သီယာက ပညာတတ်တယ်၊ ဆရာဝန်ပဲရှင်။ ချမ်းသာတယ်တဲ့။ ညီအစ်မနှစ်ယောက်မှာ အငယ်တဲ့။ အစ်မကြီး

www.burmeseclassic.com

www.burmeseclassic.com



က "ဆင်"လိုလူမျိုးနဲ့ အိမ်ထောင်ကျပြီး အိမ်ခွဲနေတယ်တဲ့။ ကျန်တဲ့သားမိသားဖသုံးယောက်က ကားသုံးစီးပိုင်တယ်တဲ့။ ကျွန်မ မက်မောစွာ ပိုင်ဆိုင်ခွင့်ရချင်တဲ့ သူ့ဘဝထဲမှာ ...

ချမ်းသာတာ၊ ပညာတတ်တာ၊ ရုပ်လှတာတွေ တစ်ခုမှ ပါမလာခဲ့ချင် နေပါစေ၊ ချန်ထားခဲ့ပါ။ ကျွန်မ ရချင်တဲ့ အခွင့်အရေးလေးက တစ်ခုတည်းပါ။ အဲဒီ ဒေါက်တာစင်သီယာကို ဦးဥက္ကာက၊ ဦးဥက္ကာရဲ့ဇနီး ဒေါ်ခင်မလေးသာထက်က ...

"သမီး"တဲ့။

ဦးသာထက်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက ချမ်းသာလို့၊ ပညာရှိလို့၊ လူရာဝင်လို့ သမီးကို ခရစ်ယာန်သာသနာပြုကျောင်းမှာ ထားတော့ သမီးဖြစ်သူက "မိုနီကာသာထက်" ဖြစ်ပါတယ်တဲ့။ မစ်ရှင်ကျောင်းရဲ့နည်းထုံးကိုယူပြီး မြန်မာနာမည်မှာ ဖခင်နာမည်ကို နောက်ကထည့်လိုက်တော့ ခင်မလေးသာထက် ဖြစ်ပါတယ်တဲ့။ ဒါပေမဲ့ သူတို့ ဗုဒ္ဓဘာသာတွေပါတဲ့။

ဦးဥက္ကာဘက်ကလည်း ထိုနည်းလည်းကောင်းသော အောင်မြင်မှု၊ ပြည့်စုံမှု၊ အလျှံပယ်မှုတွေ သယ်ဆောင်လာခဲ့ပြီး ဒေါ်ခင်မလေးသာထက်ရဲ့ မို့မောက်ဖိတ်လျှံတဲ့ ဘဝထဲမှာ ထပ်ဖြည့်ပေါင်းစည်းလိုက်တဲ့အခါမှာ အပြည့်စုံဆုံး၊ လစ်ဟာလျော့ပါးမှုမရှိဆုံး၊ လိုတရလို့ ဆိုရမလောက် "မရှိ"ဆိုသည့်စကားကို နားမှု့လေသံမကြားဖူးပါသော "တံခွန်"ဆိုသည့် လာခြင်းကောင်းသော သားရတနာကို ဖွားမြင်သန့်စင်ပါလေသည်တဲ့။

ဦးဥက္ကာနဲ့ ဒေါ်ခင်မလေးသာထက်တို့ သမီးလို့ခေါ်တဲ့ "စင်သီယာ"ရဲ့ဘဝလေး ကျွန်မ ခဏရချင်စမ်းပါဘိရှင်။



မှုးယစ်သီဝေဖွယ်၊ တိမ်းမှူးရူးသွပ်ဖွယ် "အချစ်"ဆိုတဲ့ စမ်းရေစီးသံကို မသိမ်မွေ့စွာ ပိုင်စိုးပိုင်နင်း ပေါ်လွင်စွာဖွင့်ဟပြောဆိုသွားတဲ့ ထိုယောက်ျား ... တံခွန်ဆိုသော ပုဂ္ဂိုလ်လတ်ကလေး ...။

သူ အထက်စီးမှ ရင့်ကျော်စွာ ပြောရက်လေခြင်းရယ်လို့ ရင်နာကြေကွဲရပေမယ့် ကျွန်မရင်ထဲက တိတ်တခိုးအချစ်တွေကို သူ သိမ်းပိုက် လုယူသွားခဲ့ပါပြီ။ ဒါကို ကျွန်မ ဘယ်လိုငြင်းရမလဲ။ ငြင်းခွင့်ရှိလျှင် ငြင်းချင်ပါရဲ့။

"တံခွန့်ကို ဂြိုဟ်မ ချစ်တယ်"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

BURMESE CLASSIC .com

မှန်အနက်တွေ ပိတ်ဆီးလျက်၊ လေအေးစက်ဖွင့်လျက် အလွန်တရာ ငြိမ့်ညောင်းညက်ညောသော ဆယ်သိန်းနီးပါး တန်သည့် ကားကြီးပေါ်မှာ သူနှင့်ကိုယ် နှစ်ယောက်တည်း။

သူက ကိုယ့်ကိုချစ်သည်တဲ့။ ကိုယ့်ဘက်က အစပိုင်း အဆမဲ့စွာ ချစ်သွားမိတာကိုလည်း ယုံမှားဖွယ်မရှိ။ အဲသည်လိုဆို သူနှင့်ကိုယ်က ချစ်သူစုံတွဲလေးလား။ သည်းလှိုက်ဖို ရင်မောဖွယ် ပီတိလေးတွေနှင့် အရမ်းပျော်စရာကောင်းသည့် အခြေအနေလေး တစ်ခုကို ဂြိုဟ်မ ရောက်ရှိပိုင်ဆိုင်ထားသည်။

သို့ပေမဲ့ ဂြိုဟ်မ ငိုချင်နေ၏။

ကတ္တရာလမ်း မည်းမည်းသည် ကားရှေ့မှန်ကျယ်ကြီးကို ထွင်းဖောက်လျက် ဂြိုဟ်မ ရင်ခွင်တွင်းသို့ ပြေးဝင်လာနေသည်။ ဤသို့ဖြစ်ရန် ဂြိုဟ်မ ဖန်တီးမှုမပါရှိပါ။ သူ ... ဦးတံခွန် ကားမောင်းနေလို့ အဲသည်လမ်းမည်းမည်းကြီး ဂြိုဟ်မဆီ ပြေးဝင်နိုလှုံလာကြတာ။ ဂြိုဟ်မ ရင်ထဲသို့ အချစ်တွေ ပြေးဝင်ရောက်ရှိတည်တံ့လာအောင်လည်း ဂြိုဟ်မ မဖန်တီးရပါ။



ဦးတံခွန် ...။ သူပဲ ဂြိုဟ်မကို တွေ့ရှိ၊ စိတ်ဝင်စား၊ ရင်ခုန်လှုပ်ရှားပြီး ပတ်သက်မှု စက်ဝိုင်းတစ်ခုကို တည်ဆောက်ဖန်တီးပြီး အဆုံးအစမရှိ လျှောက်တော့တာမဟုတ်လား။ ဂြိုဟ်မ အနေနှင့် တစ်ခါမှ မကျင်လည်ဖူးတဲ့ အသိုင်းအဝိုင်းထဲမှာ ကြော့မော့လှပစွာ လှုပ်ရှားခွင့်ရတာ၊ အလုပ်တစ်ခု ရရှိလိုက်တာတွေဟာ ဆန်းသစ်တဲ့ အတွေ့အကြုံဖြစ်သလို ကျေးဇူးတင်စွာ အားကိုးလိုက်မိတာလည်းပါ၏။ ကယ်တင်ရှင်ကြီး တစ်ဆူအဖြစ် ရင်ထဲသို့ ထိုးခွဲဝင်ရောက်လာခဲ့သည်။

ထိုပုဂ္ဂိုလ်လတ်ကလေးကို ဂြိုဟ်မ မခွဲနိုင် မခွာရက်ချစ်မိခဲ့ရပါပြီ။ သို့ပေမဲ့ သူ ဂြိုဟ်မအပေါ် တန်ဖိုးထား နေရာပေးခြင်းမှာ လျော့ပါးသည်ဟု စွပ်စွဲချင်ပါ၏။

"တိတ်လှချည်လား၊ ဘယ်လိုဖြစ်နေတာလဲ"

တံခွန့်မျက်နှာ မှုန်မှိုင်းနေသည်။ ဂြိုဟ်မကို လာခေါ်ကတည်းက မျက်နှာက ခပ်ပျက်ပျက်ရှိခဲ့သည်။ ကားပေါ်မှာ ငြိမ်သက်စွာ နှစ်ယောက်တည်း ရှိခဲ့ရသည့် ကာလကလည်းကြာ၏။ သူတိတ်လို့ ကိုယ်ဆိတ်နေခဲ့တာကို သူက အပြစ်တင်စောချင်ပြန်၏။

"ဦးတံခွန်က ဘာမှမပြောလို့ပါ"

"တို့ အရမ်းစိတ်ညစ်နေတယ်"

"ကျွန်မနဲ့ ဆိုင်လားဟင်"

သူ စိတ်ညစ်နေသည်ဆိုတော့ ကူညီချင်မိပြန်သည်။ တကယ်တော့ သူကသာ အစစအရာရာ ပြည့်စုံပြီးသားမို့ သူ့အတွက် လိုအပ်ချက်တစ်ခုခုဆိုလျှင် ဂြိုဟ်မလို မိန်းမသားအဖို့ ဘာမျှမတတ်နိုင်မှာ သေချာ၏။

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မ ဘာလုပ်ပေးရမလဲ၊ တစ်ခုခု လိုတယ်ဆိုရင် ပြောပါ”

“ပြန်ချစ်ဖို့ပဲ လိုတယ်၊ တစ်ပတ်စဉ်းစားပြီးတာ၊ အဖြေက မပြောင်းလဲသေးဘူးလား”

“အဲဒါကို စိတ်ညစ်နေတာလား ... ဟင်”

“တခြားဟာတွေပဲ အများကြီးပဲ”

“ဦးတံခွန်မှာ ကမ္ဘာမီးလောင်တုန်း ဂြိုဟ်မဆိုတဲ့ ဆီမီးခွက်ကို ထ,မတောက်နိုင်းပါနဲ့”

“တောက်နေပြီ”

“ငြိမ်းလိုက်ဟေ့”

“နှောင်ကြိုး ... မင်း ငြိမ်းပေးမှ ငြိမ်းမှာပေါ့ကွာ”

သူ ခေါင်းကိုငုံ၍ ညည်းညူစွာ ပြောသည်။

“တခြားစိတ်ညစ်စရာတွေဆိုတာ တော်တော်အရေးကြီးလားဟင်”

“တို့မိသားစုထဲမှာ ဖြစ်တာ”

သူ ပြောချင်ပုံမရပါ။ ဂြိုဟ်မနှင့်လည်း မဆိုင်ဘူးထင်ပါရဲ့။ ဆွေရေးမျိုးရေး၊ စီးပွားရေး၊ ဖြစ်စရာအရေးတွေအများကြီး သူ့မှာ ရှိမှာပဲလေ။ ပြီးတော့ သူတို့လို သိပ်ချမ်းသာသည့် မိသားစုထဲမှာ မိသားစုအတွင်းရေးဆိုတာမျိုးကလည်း ရှိတတ်သေးသည်မို့ သူပြောချင်စိတ် မရှိလျှင်လည်း မပြောပါစေနှင့်တော့။

“ဦးတံခွန် ... ကျွန်မဟာ ဂြိုဟ်မနော်”

“အင်းလေ ... အဲဒါ ဘာဖြစ်လဲ”

“ကျွန်မနဲ့ ပတ်သက်သူတိုင်းဟာ ဂြိုဟ်ဝင်တတ်တယ်တဲ့”

BURMESE CLASSIC .com



“ကျွတ် ... အဓိပ္ပာယ်မရှိတာကွာ”

“ကံဆိုးတတ်တယ်တဲ့၊ ကျွန်မနဲ့ပတ်သက်သူတွေအားလုံး ကံဆိုးကြတယ်၊ အဲဒါကြောင့် ကျွန်မနဲ့ မပတ်သက်စေချင်တာပါ”

“ပတ်သက်မိနေပြီ၊ မင်း ဦးအောင်ကြိုင်ကို ဦးတံခွန်လားလို့ သွားမေးနေကတည်းက တို့ရင်ထဲမှာ ပတ်သက်သွားခဲ့ပြီကွာ”

သူ စကားကို ဖြည်းဖြည်းပြောသလို ကားကိုလည်း ဖြည်းဖြည်းပဲမောင်း၏။

ဂြိုဟ်မ ယုံကြည်ပါသည်။ သူ မြင့်မြင့်ချင်း ဂြိုဟ်မ၏ အလှမှာ တိမ်းမူးပျော်ဝင်သွားတာပဲ ဖြစ်မည်။ ဂြိုဟ်မ ဘယ်လောက်လှတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးဟု ပြောခဲ့ပြီမဟုတ်လား။ နေ့ရှိသရွေ့ မြင်ရိုးနေကြသူတွေမှလွဲလျှင် မြင်ဖူးချင်းချင်း လူတိုင်း ဂြိုဟ်မကို ငေးကြည့်ခဲ့ရသည်ချည်းပါ။ လေဆိပ်မှာပဲကြည့်လေ။ အကောက်ခွန်ကောင်တာမှ ထွက်လာပြီးကြသူတိုင်း နိုင်ငံခြားသားတွေရော၊ မြန်မာတွေပါ အဲသည် အပေါက်ဝနားမှာ ကြော့ကြော့လေး ရပ်နေသည့် ဂြိုဟ်မကို တစ်ချက်တော့ ငေးကြည့်ရသည်ချည်းပါ။

ကြူကြူလွင်ကတောင် ...

“နှောင်ကြိုးတို့ကတော့ အင်တာနေရှင်နယ်ပဲ”ဟု နောက်သလိုလိုနှင့် ချီးကျူးခဲ့ရသည်။

“တစ်ကမ္ဘာလုံး အသိအမှတ် ပြုပါသည်”

ဟင်းခတ်မှုန့်ကြော်ငြာပုံမျိုးနှင့် အော်လိုအော်

www.burmeseclassic.com

www.burmeseclassic.com



တူတူလုပ်ဖော်ကိုင်ဖက် မိန်းမချင်းတောင် မနာလိုချင်ချင်နှင့် နာလိုလာရသည့် အလုပိုင်ရှင်ဖြစ်လေ၏။

"နိုင်ငံခြားသာ တစ်သိုက် ဝင်လာလို့များ နောင်ကြီးအင်္ဂလိပ်လို ရွှတ်ရွှတ်ဒက်ဒက် သွားမှုတ်လိုက်ရင် ကြယ်တံခွန်ကုမ္ပဏီ ထောပြီသာမှတ်"တဲ့။

ဂြိုဟ်မကို အဲသည်လို အားကိုးနေရတာ ဂြိုဟ်မထူးခြားပေါ်လွင်လှစွာသော အလုအပကြောင့်ပင် ဖြစ်ပါ၏။ တံခွန်ဆိုသည့် ပုဂ္ဂိုလ်လတ်ကလေးက ဘာသားနှင့်ထုထားတာမို့ ဂြိုဟ်မ အလုစက်ကွင်းကို ပွတ်အောင်ရှောင်နိုင်မှာတဲ့လဲ။ သူ ဂြိုဟ်မ လှလို့ ချစ်တာနေမှာပါ။

ဂြိုဟ်မဘက်ကကျတော့ အဲသည်လို မဟုတ်ပါ။

သူ ယောက်ျားတစ်ယောက်အနေနှင့် ကြည့်ကောင်းပါသည်။ လူချောစာရင်းဝင်ပါသည်။ ရှင်းသန့်၍ လတ်ဆတ်နုသစ်နေပါသည်။ သို့ပေမဲ့ ဂြိုဟ်မ သူ့ကို ချစ်မိသွားရတာ သူ ချောလို့မဟုတ်ပါ။ အားကိုးသွားမိခြင်းသည်သာ အဓိကဖြစ်ပါ၏။ ပြီးတော့ သူ့ကို လေးစားသည်၊ သဘောကျ နှစ်ခြိုက်သည်။

ဂြိုဟ်မ ချစ်ပြီပေါ့။

သူက ဂြိုဟ်မကို အဆင့်မြင့် အသိုင်းအဝိုင်းထဲသို့ ပို့ဆောင်ပေးခဲ့သည်။ ဂြိုဟ်မ လုပ်ရသည့် အလုပ်သည် သိက္ခာရှိ၏။ လခကောင်း၏။ တော်ရုံဘွဲ့ရအမျိုးသမီးတွေ ဖျပ်ဖျပ်လူးလိုချင်မည့် အလုပ်မျိုးလည်း ဖြစ်သည်။ ဂြိုဟ်မလို အနေအထားနှင့် စိတ်ကူးယဉ် အိပ်မက်ထဲတောင် ရောက်မလာဖြစ်သေးသည့် အလုပ်မျိုးဖြစ်၏။



ကျေးဇူးတင်သည်၊ အားကိုးသည် ဆိုမှတော့ မိန်းမသားတစ်ဦးအတွက်၊ အထူးသဖြင့် ဂြိုဟ်မလို တွယ်ရာမဲ့ ကံဆိုးသူအတွက် တစ်ဦးတည်းသော ကယ်တင်ရှင် မှီခိုအားထားရာကြီးဖြစ်တော့သည်။ သူ့ကို မချစ်မိဘဲ ဘယ်လိုသံမဏိနှလုံးသားနဲ့ တောင့်တင်းစွာ ငြင်းဆိုနိုင်မှာတဲ့လဲ။

"ကျွန်မက ဦးတံခွန်အတွက်ပဲ စိတ်ပူတာပါ"

"ဘာကိုလဲ"

"ကျွန်မကိုချစ်ရင် ဦးတံခွန်ပဲ ကံဆိုးရလိမ့်မယ်၊ သိပ်တောင်စောင့်ရဖို့ မမြင်ဘူး၊ အမြန်ဆုံးကို တစ်ခုခု ဖြစ်သွားနိုင်တယ်၊ အဲဒါကို စိုးရိမ်တာပါ" •

"ဖြစ်နေပြီ"ဟု ပြောချင်၏။

ဂြိုဟ်မကဲ့သို့ အယူသီးပြီး မဟုတ်တရုတ်ထင်နေတာမျိုး မဟုတ်ပါ။ သည်လို အယူအဆမျိုး တံခွန့်မှာ မရှိပါ။ ဂြိုဟ်မဖြစ်လို့ ဂြိုဟ်ဝင်လို့ ဘာဖြစ်တယ် ညာဖြစ်တယ်ဆိုသည့် မခိုင်မာသော၊ ယုတ္တိကင်းသော အယူအဆတွေကို တံခွန် လက်မခံပါ။

သို့ပေမဲ့ ...

"မင်းဟာမလေးက ရပ်ရွာအောင့်ကြော၊ တာတေလန်ဂြိုဟ်ဆိုးမလေးဆို"တဲ့။

မေမေ သိသွားခဲ့ပြီလေ။ ဘယ်သူသွားပြီး မျက်နှာလိုအားရစွာ၊ တံခွန့်ဘက်မှာ အမြှောက်ကြီးမြှောက်လျက် ဂြိုဟ်မဘက်မှာ အနှိမ့်ကြီး နှိမ့်ချလျက် မေမေ့ရှေ့နားတော်သို့ "ချေါင်း"မဟုတ်သည့် "ပူခြင်း"သွင်းသွားသည် မသိချေ။

www.burmeseclassic.com

www.burmeseclassic.com



"သူ့မွေးတုန်းက သူ့အမေရော အဖေရော သေတယ်၊ သူ့ကိုမွေးတဲ့ ကြီးတော်ကြီးလည်း တဖြည်းဖြည်း စီးပွားလျှောတယ်၊ သူတို့အိမ်မှာ ငှားနေတဲ့ မိသားစုခြောက်ယောက်မှာလေးယောက်က ဖြုတ် ... ဖြုတ်ဆို သေတယ်၊ နာမည်ကိုက ဂြိုဟ်မတဲ့"

မေမေ ရင်ဘတ်ကိုဖိ၍ ပြောသည်။ အသက်ကို မနည်းရှူရ၏။

မေမေ့ကို အထူးသဖြင့် အလိုလိုက်ကြဖို့၊ စိတ်မဆင်းရဲစေဖို့၊ အပျော်လွန်ခြင်း၊ ဝမ်းနည်းလွန်ခြင်း၊ ဒေါသလွန်ခြင်းဆိုသည့် အစွန်းတွေမှ ကင်းစေဖို့၊ လူရောစိတ်ပါ မပင်ပန်းစေဖို့ ဆရာဝန်တွေက တင်းကျပ်စွာ သတိပေးထားသည်။

မေမေသည် စိုးရိမ်ရသည့် နှလုံးရောဂါဝေဒနာရှင်ပါ။ ဝေဒနာရှင်ကိုမှ လာရောက် စိတ်အနှောင့်အယှက်ပေးသည့် သူကိုသာ အပ်ကျမပ်ကျ သိခွင့်ရလျှင် ဆွဲဆွဲချည်း ထိုးပစ်ချင်သည်။ တရားခံကို မသိပါ။

"ကျွန်တော် သူ့ကို စွဲစွဲလမ်းလမ်း ချစ်တာပါ မေမေ"ဟု အယူခံဝင်ချင်၏။ မဝင်ရဲပါ၊ မေမေ့ကို နည်းနည်းကလေးမျှ ဆန့်ကျင်မပြောရဲပါ၊ မေမေ့ ရင်ဘတ်က ချက်ချင်းကြီး လှိုင်းထလာနိုင်သည်။

"မေမေတို့ အယူသီး စွဲလမ်းတာတွေဟာ အဓိပ္ပာယ်မရှိပါဘူး မေမေ၊ တိုက်ဆိုင်မှုတွေပါ ...

"ဘုရားဟောလည်း မဟုတ်ပါဘူး၊ ဥပဒေလည်း မရှိပါဘူး၊ လူတွေရဲ့အယူအဆ၊ အယူသီးမှုတွေပါ မေမေ"ဟု



နားချချင်တာတောင် မချရဲပါ၊ ခုနေ နားချခြင်း၊ အယူခံဝင်ခြင်းတို့ ပြုလုပ်လျှင် မေမေက "ဆန့်ကျင်ခြင်း"ဟု မှတ်ယူကာ စိတ်လှုပ်ရှားပါလိမ့်မည်။

"ငါ့သား ... ကိုယ်ကျင့်တရား မပျက်စီးရင်ပြီးရော၊ ကြိုက်သလိုသုံး၊ ကြိုက်သလိုဖြုန်း၊ လုပ်ချင်ရာလုပ်၊ တစ်ခုပဲ ဖေဖေ ပြန်တောင်းမယ် ...

"သားမေမေကိုတော့ နည်းနည်းကလေးမှ စိတ်မကွက်ပါစေနဲ့၊ သူ တစ်ခုခုဆိုရင် သား ယူကျုံးမရဖြစ်ရလိမ့်မယ်၊ မေမေ့ကို စိတ်ညစ် စိတ်ရှုပ်ရုံတောင် မလုပ်ပါနဲ့"တဲ့။

ဖေဖေက အဲသည်လောက်ထိ ပြောထားသည်။

လက်တွေ့မှာ ကျောင်းပြီးကတည်းက တံခွန် အလုပ်တွေထဲ ဝင်ရသည်မို့ ဖေဖေ ပြောသလို ထင်တိုင်းသုံးဖြုန်းဆိုတာမျိုးတွေလည်း မရှိခဲ့ပါ။ ကြိုက်တဲ့ကားစီး၊ ဝတ်ချင်တာဝတ်၊ စားချင်တာ စားရုံလောက်ပဲ ရှိခဲ့သည်။ ဘာတစ်ခုမျှ တေတေပေပေ၊ လေလေလွင့်လွင့် မရှိခဲ့။

"လိမ္မာလိုက်တာ သားရယ်၊ သားက လိမ္မာတော့ သားမေမေ ပိုအသက်ရှည်တာပေါ့"တဲ့။

ဖေဖေက အရမ်းချီးကျူးသည်။ ကုမ္ပဏီမှာ လုပ်ပိုင်ခွင့်တွေ အများကြီးပေးသည်။ ဘယ်လုပ်ငန်းခွဲမဆို ဦးဥက္ကာနာမည်တောင် လူသိပ်မသိပါ၊ တံခွန်ပြီးလျှင် ပြီးသည်။ ဤသို့ ရှေ့တန်းတင်သည်၊ ချီးမြှင့်သည်။ အသက်ငယ်ငယ်နှင့် လူကြီးနေရာသို့ ရောက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ပျော်တတ်လို့ တစ်ခါတစ်ရံ လူငယ်ပီပီ ရွှတ်ချင်နောက်ချင်စိတ်နှင့် ရယ်စရာမောစရာ လုပ်မိတာကလွဲလျှင် တံခွန်မှာ အသက်နှင့်မမျှသည့် ရင့်ကျက်မှုမျိုးတွေ ရှိနေသည်၊ ခုတော့ လိမ္မာခဲ့တာတွေ အားလုံးသည် စည်းဘောင်တစ်ခုဖြစ်ကာ မိမိကို ရစ်ပတ်ထုံးနှောင်ခဲ့ချေပြီဟုတောင် မအပ်မရာ တွေးချင်၏။

“ဖြစ်မှဖြစ်ရလေ မေမေ့သားရယ်၊ ဟိုတလောက ကားတိုက်တာ အဲဒီ ဂြိုဟ်မနောက်က တကောက်ကောက်လိုက်ပြီး စကားပြောတာဆို ...

“အဲဒါပဲကြည့်၊ စကားပြောရုံနဲ့ ဂြိုဟ်ဝင်တာ၊ ပြီးတော့ သားရဲ့လုပ်ပုံကိုင်ပုံကလည်း ကလေကချေ ...

“မေမေ့သားက လမ်းသရဲလားကွယ်”တဲ့။

တံခွန် ရယ်ပစ်ခဲ့ရသည်။

“မေမေ့ ကြင်ရာတော်ကြီးက ကျွန်တော့်ကို တာဝန်အကြီးကြီးတွေ ပေးထားတာ မေမေရဲ့”

“ဟဲ့ ... ဘာဆိုင်လို့လဲ၊ အဲဒီကြင်ရာတော်ကြီးက ဘယ်သူ့အဖေလဲ”

တံခွန်ရယ်တော့ မေမေက စိတ်လက်ပေါ့ပါးသွားပုံနှင့် ရောရယ်သည်။

“အဲဒါ သားချစ်သူဗျ”ဘာဗျ ညာဗျတွေ မျှော်လင့်ထားခဲ့တာ၊ “မေမေတို့ရဲ့ ရှေးဟောင်းအယူအဆကြီးတွေ”ဘာဖြစ်ညာဖြစ်ဆိုတာတွေ မျှော်လင့်ထားခဲ့တာ သားက အရယ်မပျက်မို့ မိခင်ဖြစ်သူ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းသွားတော့သည်။ တံခွန်ဖြစ်စေချင်တာလည်း အဲဒါပါပဲ။ မေမေ့ရင်ထဲမှာ ယိမ်းထိုးလှုပ်ရှားခြင်း ကင်းပါစေ၊ လှိုက်ခုန်ပင်ပန်းခြင်း ကင်းပါစေ။



“မေမေ့ကြင်ရာတော်ကြီးက ကျွန်တော့်ကို တာဝန်အကြီးကြီးတွေ ပေးထားတာ မေမေရဲ့”

“ဟဲ့ ... ဘာဆိုင်လို့လဲ၊ အဲဒီကြင်ရာတော်ကြီးက ဘယ်သူ့အဖေလဲ”

တံခွန်ရယ်တော့ မေမေက စိတ်လက်ပေါ့ပါးသွားပုံနှင့် ရောရယ်သည်။

“အဲဒါ သားချစ်သူဗျ” ဘာဗျ ညာဗျတွေ မျှော်လင့်ထားခဲ့တာ၊ “မေမေတို့ရဲ့ ရှေးဟောင်းအယူအဆကြီးတွေ” ဘာဖြစ်ညာဖြစ် ဆိုတာတွေ မျှော်လင့်ထားခဲ့တာ သားက အရယ်မပျက်မို့ မိခင်ဖြစ်သူ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းသွားတော့သည်။ တံခွန်ဖြစ်စေချင်တာလည်း အဲဒါပါပဲ။ မေမေ့ရင်ထဲမှာ ယိမ်းထိုးလှုပ်ရှားခြင်း ကင်းပါစေ၊ လှိုက်ခုန်ပင်ပန်းခြင်း ကင်းပါစေ။

“ကျွန်တော့်မှာ ပုဂ္ဂိုလ်ကြီးတစ်ဆူလို အလုပ်ထဲမှာ လူကြီးလုပ်ရလွန်းတော့ တစ်ခါတစ်လေလည်း ကြမ်းပိုးထိုးချင်တာပေါ့ မေမေရယ်၊ ဥပမာပေးရရင်တော့ မတန်မရာနဲ့ အစိမ်းရောင်တွေ ပန်းမလားပဲ”

မေမေက ရင်ကလေးဖိ၍ ရယ်ရှာသည်။ ရယ်နိုက်ရင်ဖိရတာ စိတ်ပူဖို့မရှိပါ။

“ပြောပဲ ပြောပါဦး”

“ရှင်မောဂ္ဂလန် မထေရ်မြတ်ကြီးတောင် ဆွမ်းစားပင့်လို့ လိုက်အသွားမှာလား ဘာလား မေမေရယ်၊ မြောင်းကလေးတွေ့တော့ ရိုးရိုးဖြတ်ရင်လည်း ရရဲ့သားနဲ့ ခုန်ကူးလိုက်တယ်ဆိုတာ”

www.burmeseclassic.com

www.burmeseclassic.com



မေမေက ကြည်ကြည်လင်လင် ရယ်သည်။ တံခွန်က မချိတ့်သွားကိုဖော်၍ ရယ်ရ၏။

"လမ်းမပေါ် လိမ့်ရတဲ့ အတွေ့အကြုံလေး မေမေ့သား ရရှာပါစေ၊ မေမေ့ခင်ပွန်းကြီးကလည်း ပြောထားတယ်လေ၊ မေမေ စိတ်မဆင်းရဲရင်ပြီးရော၊ ထင်ရာလုပ်တဲ့"

မေမေ့ခင်ပွန်းကြီးဆို၍ မေမေ ရယ်ပြန်သည်။

"ကားတိုက်တာကတော့ တိုက်ဆိုင်မှုပါ မေမေရယ်၊ စိတ်ထဲမှာ မဥပါဒ်ပါနဲ့၊ သိပ်လည်းဖြစ်တာမှ မဟုတ်တာ"

"သားက မေမေ စိတ်ဆင်းရဲအောင် မလုပ်ဘူး မဟုတ်လား"

"အပြန်အလှန် မလုပ်ကြေး"

"အေးပါ ... အေးပါ၊ ကောင်မလေးက ပျံကျလေးမို့ မေမေက အတည်ကြီးဖြစ်သွားမှာ စိုးတာပါ"

မေမေ့စကားက ရင်ထဲသို့ နင့်ခနဲ ဆောင့်ဝင်သည်။ သို့ပေမဲ့ မျက်နှာမပျက်အောင် ပြင်လိုက်သည်။

"ငါ့သား ယောကျ်ားလေးပဲ၊ နည်းနည်းပါးပါး ပေးလားဝါးလားတော့ ရှိရှာပါစေ"

ဟူ၍များ မေမေ ကြည်ဖြူလိုက်သလား မသိပါ။ မေမေ့သဘောက အတည်ကြီးမဟုတ်ရင် ပြီးရောတဲ့။

"ချွေးမ မတော်ရရင် ကျေနပ်ပါပြီ သားရယ်"ဟု မဆိုရုံတစ်မည်။

သမီးချင်းမစာနာရာတော့ ရောက်၏။ သို့ပေမဲ့ တံခွန်က မေမေ့သဘောကို နားလည်သည်။ သားကို ကျဉ်းကျပ်ချုပ်ချယ်လွန်းတော့လည်း ပေါက်ကွဲထွက်မှာစိုး၏။ မကြည်ဖြူ



သူနှင့်လည်း မလိုက်လျောနိုင်။ သားက အလေးအနက်ကြီးမဟုတ်လျှင် သူ့ဘာသာ ကြည့်ရှင်းသွားလိမ့်မည်ဟု လျှော့ပေါ့ပေးလိုက်သည့် ပုံစံပါ။

တံခွန့် ရင်ထဲမှာကျတော့ နည်းနည်းကလေးမျှ မကောင်းနိုင်ပါ။ နှောင်ကြိုးဆိုသည့် သူငယ်မလေးကို ရုပ်ကလေးလှပလွန်းလို့ ယစ်မူးလိုက်မိတာကတော့ စ၏။ အဲသည် အမူးအယစ်မှ ပြန်လည်ရုံးမတက်နိုင်တော့ဘဲ စူးနစ်ခိုင်မြဲသွားခဲ့ရသည်။ သူ့အကြောင်း စုံစမ်းရရှိသမျှလေးတွေသည် သူ့အပေါ် အသနားပိုဖို့ချည်းပဲ ဖြစ်နေ၏။

ကံဆိုးရှာသည်။

ယောကျ်ားမို့ ကိုယ်က ဖေးမပျိုးထောင်ပေးရသူလေးအပေါ် အကြင်နာတွေ ပုံပေးလိုက်မိသည်။ ဂြိုဟ်မသည် ခုလောက်အားကိုးရာမမဲ့လျှင်၊ ဒုက္ခမများလျှင်၊ မနွမ်းပါးလျှင်၊ ကိုယ်ကဖေးကူဖို့ မလိုဘူးဆိုလျှင်၊ သူမက ကိုယ့်ကို ယုံကြည်စွာ အားမကိုးလိုက်ဘူးဆိုလျှင် ခုလောက် တွယ်ငြိခိုင်မြဲချင်မှ မြဲမည်။

ပြန်တွေးလျှင်တော့ လမ်းလယ်ကောင် တကောက်ကောက်လိုက်ခဲ့တာ အတော်ကြောင်သည့်အလုပ်ဖြစ်သည်။ အဲသည်တုန်းက "တံခွန်"ဘဝမှန်ကို ဖုံးဖိချင်တာရယ်၊ လူငယ်စိတ်ကလေးဖျတ်ခနဲဝင်ပြီး လွတ်လပ်စွာ ပျော်ချင်တာရယ်၊ စိတ်ကူးပေါက်တိုင်း လုပ်ခဲ့တာ။

ခုတော့ အဲသည်ဆန်းသစ်သော အတွေ့အကြုံကပင်လျှင် နှောင်ကြိုးတစ်ခုအဖြစ် ပြောင်းလဲကာ တံခွန်ဆိုသည့် ယောကျ်ားတစ်ယောက်ကို ခိုင်မြဲစွာ တွယ်နှောင်ခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



တံခွန်က အတွေးထဲမှာ နစ်မျောတိတ်ဆိတ်နေ၏။ ဂြိုဟ်မက ကားပေါ်မှာထိုင်ရင်း တံခွန့်ကိုပဲ ငေးကြည့်နေသည်။ တံခွန့် ညှိုးမှိုင်းမှုကို စိတ်ပူ၏။

"ကျွန်မ ဘာလုပ်ပေးရမလဲဟင်"ဟု မေးချင်၏။ ဘာမျှလုပ်ပေးနိုင်မှာ မဟုတ်တာကိုလည်း နားလည်ခံယူသည်။ တကယ်ဆို ဂြိုဟ်မဆိုတာ ကိုယ်မြတ်နိုးသူကိုတောင်မှ တစ်ထောင့်တစ်နေရာက ဖေးကူနိုင်သူ မဟုတ်ပါလားဟူ၍ သိမ်ငယ်စွာခံစားမိသည်။ ဂြိုဟ်မဆိုတာ အလကားလူပေါ့။ ဖန်တီးစွမ်းဆောင်နိုင်စွမ်းမှ လုံးဝမရှိတာ။

ကိုယ့်ကိုယ်ကိုယ်တောင် မုန်းသည်။

အဲဒါ ဘာဖြစ်လို့လဲ၊ သူ့ကိုချစ်လို့ပဲပေါ့ဆိုတာ ကြာရှည်ကြာမြင့် တွေးနေဖို့တောင် မလိုပါ။ မိန်းမသားလေ။ ယောက်ျားတစ်ယောက်ကို အထင်ကြီးပြီ၊ ကျေးဇူးတင်ပြီ၊ အားကိုးမိပြီဆိုမှ နက်ရှိုင်းစူးနစ်စွာ ချစ်လိုက်မိပြီပဲပေါ့။ မိန်းမသဘာဝကိုက အားကိုးရာချင်သည့် အမျိုးအစားမဟုတ်လား။

"ဦးတံခွန်"

"ဟင်"

"ကျွန်မ ကိုကိုလေးလို့ ခေါ်ချင်တယ်၊ ဖြစ်မလား"

"ဘာလို့မဖြစ်ရမှာလဲ၊ ခေါ်ချင်ခေါ်ပေါ့"

"ကိုကိုလေး"

"ခင်ဗျာ"

ရယ်စရာဖြစ်အောင် ပြန်ထူးရင်း တကယ်ရယ်လိုက်မိသည်။ ငေးကြည့်ယူရအောင်လှသည့် အလှခဲလေးကို တစ်သက်လုံး ငေးကြည့်နေချင်သည်။ တစ်သက်တာ ငေးခွင့်ကို ပိုင်ဆိုင်ချင်၏။ မေမေ ပြောသလို အပျော်အပြက်နှင့် မစွန့်လွှတ်နိုင်မှာ သေချာသည်။



"ကျွန်မဘက်က ဆီမီးခွက်လေးကို ငြိမ်းလိုက်ပြီ"

ရုတ်တရက်မို့ နားမလည်လိုက်ပါ။ ဂြိုဟ်မဆိုတာ စကားကို အဲသည်လို အဆက်အစပ်မရှိ ပြောတတ်လွန်းသည်။ တောရောက် တောင်ရောက်လည်း ပြောတတ်လွန်းသည်မို့ တွေးတောပြီးမှ နားလည်ယူရတာ အလေ့အကျင့်တစ်ခုလိုတောင် ဖြစ်နေပြီ။

"ကိုကိုလေးမှာ ကမ္ဘာမီးလောင်နေတယ်မို့လား၊ အဲဒီအချိန်မှာ ကျွန်မအတွက်နဲ့ ဆီမီးခွက် ထမတောက်စေချင်ဘူး၊ အဲဒီဆီမီးခွက်ကို ကျွန်မငြိမ်းမှ ရမယ်ဆို၊ ကျွန်မ ငြိမ်းလိုက်ပြီ"

"ဂြိုဟ်မရယ် ..."

သူ့နာမည်ရင်းလေးကိုပဲ ခေါ်ဖြစ်လိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုဆိုတာ တောဆန်လို့၊ ပြီးတော့ မောင်နှမလည်း ဆန်တယ်၊ ကျွန်မတို့က ချစ်သူတွေပဲဆိုတော့ ..."

ဂြိုဟ်မ တွတ်တီးတွတ်တာ ပြောနေသည်။ ပြုံးပြုံးနွဲ့နွဲ့လေးနှင့်လည်းချွဲ၏။ ဂြိုဟ်မဘဝမှာ ချွဲခွဲမှုခဲ့ရသည်ဆိုတာ တစ်ခါမျှကို မရှိသလောက်ရှားသည်။ ဟိုးငယ်ငယ်တုန်းကတော့ ကြီးမေ ဘယ်လိုပြုစုပျိုးထောင်ခဲ့သည်ကို မမှတ်မိပါ။ လူမှန်းသိချိန်မှစ၍ ကြီးမေ စည်းကမ်းတင်းကျပ်သည်။ တိတိကျကျလိုက်နာရသည်။ ပညတ်ချက်တွေများသည်။

"သမီး"ဟု အလွန်နည်းပါးသည့် အကြိမ်အရေအတွက်အားဖြင့် ခေါ်ဖူးပါသည်။ ဂြိုဟ်မဟူ၍တော့ အမြဲခေါ်၏။ ကလေးရယ်လို့ ကြီးမေက ဂြိုဟ်မပါးပြင်ကို မွေးကြူချော့မြူတာမျိုး ရှိရဲ့လားဟု ပြန်စဉ်းစားကြည့်သည်။ ရှိကောင်း ရှိနိုင်ပေမယ့် ဂြိုဟ်မ မှတ်မှတ်ရရ မရှိပါ။ အဝတ်အစား အသစ်ကလေးတွေ ဝယ်လာလျှင်တောင် ရော့ ... အင့်ဆို ချပေးတတ်တာများသည်။ ဂြိုဟ်မက တစ်ခါတလေတော့ သည်တိုင်းယူထားလိုက်သည်။ တစ်ခါတလေ ချက်ချင်းကောက်ဝတ်၊ မှန်ကြည့်ပြီး ...



"ကြီးမေ ... ကျွန်မနဲ့ လှလားဟင်"ဟု မေးကြည့်ဖူး၏။ တကယ်ဆို ...

"အေးဟယ် ... လှလိုက်တာ၊ ငါ့သမီးလေးနဲ့လိုက်လိုက်တာ"ဆိုလျှင် ဂြိုဟ်မလည်းပျော်၊ ဝယ်ပေးရသူမှာလည်း ရောမကျေးဇူးရှင်ကြီး ဖြစ်နိုင်၏။ သို့ပေမဲ့ ကြီးမေက ...

"ဝတ်မပစ်နဲ့၊ အပြင်သွားမှဝတ်"ဟု ခပ်တင်းတင်း ပြောကာ တစ်ဖက်လှည့်သွားတတ်တာချည်းပဲဖြစ်၏။ ကြီးမေကိုယ်တိုင်က သူကိုယ်တိုင် အချစ်မခံခဲ့ရသူမို့ တစ်ဖက်သားကို မချစ်တတ်တာဖြစ်မည်။ ကြီးမေဘဝက ထာဝရခြောက်သွေ့ခဲ့ရတော့ တစ်ဖက်သားဘဝလေး စိုပြည်အောင် လုပ်မပေးတတ်တာပဲ ဖြစ်မည်။

ခုတော့ ဂြိုဟ်မဘဝလေး စိုပြည်ပြီလေ။

"အတွေးထဲမှာ မောင်လို့ ခေါ်ကြည့်သေးတယ်၊ မကြိုက်ဘူး သိလား"

"ဘာဖြစ်လို့လဲ"

"ကလက်သလားလို့၊ နောက်ပြီး ကိုယ့်ထက် လေးငါးခြောက်နှစ်ကြီးတဲ့သူကို မလေးစားရာ ရောက်တယ်လို့လည်း ထင်တယ် ..."

"ကိုကိုလေး ... ကိုကိုလေးနဲ့ ခေါ်ကြည့်နေတာ အရမ်းခံတွင်းတွေ့တာပဲ"

"ကြည့်စမ်း ... ကောင်မလေးတစ်ယောက် တို့ကို ကျိတ်ကြိုက်နေတယ်ဟော့"

"ကြိုက်တာပေါ့၊ ကိုကိုလေးက ခင်ချင်လို့ဆို"

www.burmeseclassic.com

www.burmeseclassic.com



"တို့က ခင်ချင်ရုံပဲ"

"ဟင့်အင်း ... ကျွန်မက ချစ်ပစ်လိုက်ပြီ"

"အချဲစားလေးကွာ"

"တကယ်ပြောတာ၊ တစ်သက်မှာတစ်ခါ ချွဲစရာ ကိုကိုလေး ပဲရှိတယ်၊ မချွဲဖူးတော့ ချွဲရတာလည်း အရမ်းမြိန်တာပဲ"

"ကဲ ... ချွဲစေကွာ၊ ချွဲစေ"

"ကိုကိုလေး"

"ဗျ"

"ကျွန်မကို ချစ်လား"

"အရမ်းချစ်တယ်"

"အရမ်းယုံတာပဲ"

တံခွန် မသနားပဲ ဘယ်လိုနေနိုင်တော့မှာလဲ။ အချစ်တွေ၊ အသနားတွေ အကုန်လုံးပေါင်းစည်းသွန်ချကာ ဂြိုဟ်မဆိုသည့် ကောင်မလေးဆီသို့ အလုံးအရင်းနှင့်သာ ပို့ချင်မိတော့သည်။

ချစ်စရာကောင်းလွန်းသည့် နှုတ်သွက်သူ အချွဲစားလေး။ ပြောလိုက်သည့်စကားတွေက တွတ်တီးတွတ်တာ။ တံခွန်ပြောလျှင် ခေါင်းကလေးညိတ်ပြီး စိတ်ကောက် ဆောင့်အောင့်ဆိုတာမျိုးလည်းမရှိ။ "ဟုတ်ကဲ့"ဆိုတာလေး အမြဲသုံးသည်။ အရိုးခံမလေးမို့ ပွင့်လင်းရှာ၏။

အပြောအဆိုမှာ ရန့်ရှင်းဖို့ဝေးလို့ နာခံလွန်းလို့တောင် သနားယူရသည်။ ဘယ်မှာ ရပ်ရွာအော်ကြော ဟုတ်ရမှာလဲ။ သူများတွေအပေါ်မှာတော့ မသိ။ တံခွန်နှင့်ဆိုလျှင်တော့ ညင်သာညက်ညော နုနွဲ့ချိုသာသော စကားလုံးများကိုသာ ချွဲကာနွဲ့ကာ ရိုးသားစွာ ဆိုတတ်ရှာ၏။



ဆန့်ကျင်ပြင်းဆိုခြင်း လုံးဝမရှိ။ တံခွန်က ဖြူဆိုလျှင် ဖြူသည်။ မည်းဆိုလျှင် မည်းသည်၊ သည်လောက် လိမ္မာလိမ့်မည်ဟု ထင်မထားဘဲနှင့်တောင် သည်လောက် ချစ်ခဲ့ရတာ။ အလိမ္မာပို ချစ်သူလေးဖြစ်လာတော့ ချစ်သထက် ပို၍ပို၍သာ ချစ်ရလေတော့သည်။

"နှောင်ကြိုးလေး၊ ခိုင်မြဲအောင် ချည်နှောင်တတ်တဲ့ ကောင်မလေးပဲကွာ၊ ဒီအလှလေးထဲက ရုန်းလို့လည်း မထွက်နိုင်တော့ပါဘူး"

"ပြန်ပြောပါဦး ကိုကိုလေးရယ်၊ ကြားလို့ကောင်းလိုက်တာ"

"အရမ်းချစ်တယ်"

"ကဗျာဆန်ဆန်လေး ပြောမလားဟင်၊ ကြားချင်လို့"

"နှောင်ကြိုး အရင်ပြော"

"သိပ်ချစ်တာပဲ"

တံခွန် ရယ်မောရတော့သည်။

"ဒါလား ကဗျာဆန်တာ"

"အရိုးသားဆုံးဟာ ကဗျာအဆန်ဆုံးပေါ့ ကိုကိုလေးရယ်"

သူ့ကိုပစ်မသွားပါနှင့်ဟု တစ်ခါမျှမပြောရှာပါ။ တစ်နေ့နေ့မှာ ထားခဲ့လျှင်တောင် အဆိပ်အတောက်မဲ့စွာ မင်းကျန်ရစ်ခဲ့မှာလားဟု မေးစမ်းလိုက်ချင်သည်။

ချစ်သူအလိမ္မာအိုးလေးရယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

"နောင်ကြီးလေး"

"ရှင်"

"ပျော်လား"

"မေးစရာလိုလား ကိုကိုလေးရယ်၊ အရမ်းပျော်တာပေါ့"

ဂြိုဟ်မက တံခွန့်လက်ကိုဆွဲကာ အားကုန်လွှဲ၍ လျှောက်၏။ ကလေးလိုပဲဟုဆိုကာ တံခွန် ရယ်၏။ ဂြိုဟ်မက ရှေ့သို့လည်း ကြိုထွက်သည်။ နောက်ချန်၍လည်းနေ၏။ တံခွန် ရှေ့သို့ ကြိုထွက်ကာ တံခွန့်လက်ကိုဆွဲ၍ သူက နောက်ပြန် နောက်ပြန် လျှောက်၏။ လုပ်နေပုံတွေက ကလေးပေါက်စနှင့် တူသလို၊ ရုပ်ရှင်တွေ ဗီဒီယိုတွေထဲမှာ မင်းသား မင်းသမီးနှစ်ပါး သွားခန်းတွေလို ဖြစ်နေ၏။

ဘောပတ်ဝန်းကျင်မှာ လူတွေက ထူထပ်သိပ်သည်းလှသည် မဟုတ်ပေမယ့် တစ်ယောက်စ နှစ်ယောက်စတော့ ရှိသည်ပင်။ တချို့ကျောင်းသူကျောင်းသား သူငယ်ချင်းအုပ်စုတွေ၊ ကျောင်းမတက်ဘဲ ပျော်ပွဲစားထွက်လာလေသလားမသိ၊ ကျောင်း



ဖွင့်ရက်ကြီးမှာ ကျောင်းသားရွယ်လေးတွေလည်း တွေ့သည်။ အဲဒါတွေကြားထဲကျတော့ တံခွန်က လူကြီးလို ဖြစ်နေသည်မို့ ရှက်ကိုးရှက်ကန်း ခံစားရ၏။

ကလေးတွေကမှ ခုန်ကာပေါက်ကာ ဟစ်အော်ကာ ရိုးရိုးသားသား ပျော်ကြသေးသည်။ တံခွန်က ကြီးကောင်ကြီးမား နှင့် ရည်းစားနှင့်လက်တွဲပြီး ခုန်ဆွ ခုန်ဆွ ဖြစ်နေသည်ဆိုတော့ တံခွန် မျက်နှာကြီးတွေပူကာ နားရွက်တွေ ရဲလာသည်။ လူပျော် တစ်ယောက် ဖြစ်တာတောင် ခုလိုမျိုးကျတော့ ရှက်စရာဟုမြင်၏။ ကလေးတွေရှေ့မှာ "နမူနာ"ဆိုးကြီးလည်း ဖြစ်နေပြီ။ ဂြိုဟ်မကို ကြည့်တော့ အပြစ်ကင်းစွာ ပျော်နေ၏။ တခစ်ခစ်ရယ်နေသည်။ သူ့ တကယ် လှိုက်လှိုက်လှဲလှဲ ပျော်နေတာကို မြင်ရသည်မို့ မတားရက်ပြန်ချေ။

ဂြိုဟ်မဆိုသည့် ချာတိတ်မသည် တော်တော်တော့ ထင်တိုင်းကြဲတတ်သည့် ကလေမလေးပါပဲ။

"ထိုင်ရအောင်ကွာ၊ တစ်နေရာရာ"

"မောပြီလား"

တံခွန် ကိုယ်ကိုကိုင်း၊ လက်နှစ်ဖက်ပြုတ်ကျသလို တွဲလောင်းကြီးချ၊ လျှာထုတ်၍ ဟောဟဲ ... ဟောဟဲ ဟု အော် ပြလိုက်သည်။

ဂြိုဟ်မ ရယ်ပြန်၏။

"အဘိုးကြီး"

"အဖိုးကြီးဆိုတာ အဖိုးမသေးလို့၊ အဖိုးမနည်းလို့ တန်ဖိုး ကြီး ပုဂ္ဂိုလ်တွေကိုမှ အဖိုးကြီးလို့ ခေါ်တာ"

www.burmeseclassic.com

www.burmeseclassic.com



ခုံတန်းလေးရှာပြီး ထိုင်လိုက်ကြသည်။ ဂြိုဟ်မကတော့ မျက်နှာတစ်ခုလုံး ကြည်စင်နေအောင် ပျော်ရှာ၏။ တံခွန်သည်သာ ရည်းစားနှင့် ချိန်းတွေ့ရမည့်အရွယ် မဟုတ်ဘဲ ကလေးကလားအလုပ်တွေ လုပ်နေရသလို စိတ်ထဲ ခံစားမိသည်။ စင်စစ်ကိုယ့်အရွယ်က ရည်းစားမထားရမည့် အရွယ်တော့လည်းမဟုတ်၊ ရည်းစားထားသင့်သည့် အရွယ်စစ်စစ်ဟုတောင် ဆိုနိုင်သည်။ ဂြိုဟ်မဆိုလျှင်တောင် ရည်းစားထားဖို့ စောနေသေးသည်။

တံခွန့်မှာက လုပ်ငန်းကြီးထဲသို့ ဝင်နေရသည်။

ဖေဖေ ငွေပေါ်တိုင်း လျှောက်ချဲ့ထားသမျှသော စီးပွားရေးတွေမှာ ဖေဖေ မနိုင်မနင်းဖြစ်သည်။ တံခွန် ပါရ၏။ အလုပ်ထဲမှာ အလုပ်ရှင်သူဌေးသားမို့ လူရိုသေ ရှင်ရိုသေဖြစ်အောင်နေရသည်။ ဂြိုဟ်မနှင့်ကျခါမှ လမ်းမကြောင်းပေါ်မှာ ကားတိုက်လည်း ခံခဲ့ရဖူးပြီ။

ဒါတွေ မင်းကိုချစ်လွန်းလို့ အဖြစ်ခံတာဟု ရှင်းပြချင်၏။ တော်ရုံအချစ်နှင့် သည်ကရိကထတွေကို တံခွန် မခံယူပါ။ ဂြိုဟ်မလေးနှင့်မို့လို့သာ။

"ကိုကိုလေး"

ခေါ်ပုံလေးကို နှစ်သက်၏။ သူခေါ်ဖို့ နာမ်စားကိုသူ့ဘာသာရွေးတာ အချိုးတကျ ရှိလွန်းသည်ဟု ထင်သည်။ နားမရိုင်းပါ။ လူကြားထဲခေါ်လည်း ကြားလို့ကောင်း၏။ ချစ်တာမှာ အားကိုးတာလေးပါ ထင်ရှားစွာ ပေါ်လွင်နေသေးသည်။

"ပြော ... နှောင်ကြိုးလေး၊ ဘာလုပ်ချင်လဲ၊ ဘာစားချင်လဲ၊ ဘာလိုချင်လဲ"



"ဟင် ... ကျွန်မက ပူဆာမလို့ မဟုတ်ပါဘူး"

သူ့ကိုယ်သူ "ကျွန်မ" ပြောတာလေးကလည်း နားဆန်းကာ ပိုချစ်ဖို့ ဖြစ်နေတော့သည်။

"ကျွန်မကိုချစ်လားလို့ မေးမလို့"

တံခွန် ရယ်လိုက်၏။ ကိုယ်ကသာ သူ့ကို အဲဒါမျိုး ခဏခဏမေးခဲ့တာ၊ သူက သည်တစ်ခါ ပြန်မေးပုံလေးကို ပိုလို့တိုးချစ်ရပြန်၏။

"ချစ်တာပေါ့ ချာတိတ်ရယ်၊ တော်ရုံတန်ရုံ ချစ်ရုံနဲ့ ခုလိုကြမ်းပိုးမထိုးဘူး သိလား၊ ခုတော့ ကိုယ့်အသက်အရွယ်နဲ့ အနေအထားကိုလည်း သတိမရတော့ပါဘူး"

"အမယ် ... ကိုကိုလေးက သုံးဆယ်ပြည့်ဖို့တောင် အများကြီး လိုသေးတာ၊ ကျွန်မတို့ အိမ်ရှေ့မှာလေ၊ ကိုဖိုးထီပေါ့ ...

"ကလေးတွေတောင် တစ်ပြုံကြီးရနေပြီ၊ အသက်ကလည်း ကြီးပါပြီ၊ သူတို့လင်မယား အိမ်ရှေ့မှာ တူတူထိုင်ရင် ဖက်လို့၊ တစ်ခါတလေကျ ပေါင်ပေါ်မှာ ကလေးချီသလို ချီထားသေးတယ်၊ ကလေးတွေက အေးမှာ"

တံခွန် ရယ်လိုက်သည်။

"ကိုယ့်ချစ်သူ ကိုယ့်ဇနီး ချစ်တာတော့ ချစ်ကြသူတွေချည်းပေါ့ နှောင်ကြိုးလေးရဲ့၊ လူရှေ့သူရှေ့ကျတော့ အများမျက်စိမရှက်အောင် ကိုယ်က ရှက်စိတ်နဲ့ ဆင်ခြင်ပေးရတယ်"

"ကြီးမေက ခွေးလင်မယားတဲ့"

www.burmeseclassic.com

www.burmeseclassic.com



တံခွန် သဘောတကျ ရယ်မိရပြန်၏။ ဂြိုဟ်မတို့ စကားပြောလိုက်မှဖြင့် ရိုးသားလွန်း၊ ပွင့်လင်းလွန်းကာ အထိန်းအကွပ်မဲ့နေတတ်၏။ ရယ်လည်း ရယ်ရသည်။ လူကြီးလူကောင်းတွေကြားထဲကျလျှင် ဆင်ခြင်တတ်ဖို့တော့ သင်ပေးရပါဦးမည်။

"တကယ်ဆို ကိုကိုလေးလို အဆင့်အတန်းက ကျွန်မကို ချစ်ဖို့မရှိဘူးနော်"

"ကိုယ်က ချစ်သူနဲ့တင်မကဘူး၊ အလုပ်မှာရော လူလူချင်း ပေါင်းသင်းတဲ့နေရာမှာ တစ်ခါမှ အဆင့်အတန်း မခွဲခြားဘူး"

"ဘာပဲဖြစ်ဖြစ် မတန်တာတော့ အမှန်ပဲ"

"တန်လို့ပဲ ချစ်နေကြပြီ"

"ကိုကိုလေးက လက်ထပ်ချင်တာလားဟင်"

"မိန်းကလေးတစ်ယောက်ကို လက်မထပ်နိုင်ဘဲ ရည်းစားစကား သွားပြောထားရင် အဲဒီယောက်ျားဟာ အလကားကောင်ပဲ ..."

"မိန်းမမြင်တိုင်း နှုတ်မြိန်လို့ ပါးစပ်ဆော့တတ်တဲ့ ကောင်မျိုးဆိုလည်း ဝေးဝေးကရှောင်"

"ကိုကိုလေးအိမ်က သဘောတူမှာလားဟင်"

အရိုက်ကိုဆောင့်ကန်ခံလိုက်ရသလို အသက်ရှူမှားသွားရသည်။ သည်ကိစ္စကို မဖြေရှင်းချင်ဆုံး၊ မဆွေးနွေးချင်ဆုံးပါ။ မေမေ့ထံမှာ မှသားမပါ လက်ာမချော လုပ်ထားရတာကိုပဲ ရင်ထဲလေးလံလှပြီ။ ဂြိုဟ်မလေးကို တစ်ခါထပ်ပြီး မညာချင်တော့ပါ။



"တို့က ခိုးမယ်ဆိုရင် နှောင်ကြိုးလေး လိုက်ခဲ့မှာလား"

"ကိုကိုလေးအိမ်က မပေးစားဘူးလား"

ဂြိုဟ်မ မျက်နှာသိပ်တော့ မပျက်လှပါ။ လောကမှန်တိုင်းကို ခံယူနေကျမို့ ထုသားပေသား ကျနေတာလား၊ မျှော်လင့်ပြီးသားကိစ္စမို့ မထူးခြားတာလားတော့ မသိပါ။

"ကိုယ့်အိမ်က သဘောတူထားတဲ့ အမျိုးသမီးရှိတယ်၊ ခုမှ မဟုတ်ဘူး၊ ဟိုးကတည်းက နှောင်ကြိုးနဲ့ မတွေ့ခင်ကတည်းက"

အဲသည်အကြောင်းတွေ ဂြိုဟ်မ သိထားပြီးသားပါ။ နာမည်က ဒေါက်တာစင်သီယာ ဆိုတာပါ သိထားသေးသည်။ ကြယ်တံခွန်မှာ ဦးဥက္ကာ၊ ဒေါ်ခင်မလေးသာထက်တို့ အကြောင်းက ချီးကျူးကုန်နိုင်ဖွယ် တစ်ထောင့်တစ်ညပုံပြင်တွေလို လူပြောသူပြော များလှ၏။

ဂြိုဟ်မတောင်မှ ဒေါက်တာစင်သီယာဆိုသည့် သူမဘဝကို အပိုင်လိုချင်စိတ်နဲ့ မက်မောခဲ့ရတာလေ။

"ကိုကိုလေးက မကြိုက်ဘူးလား၊ သူ မလှလို့လားဟင်"

"မကြိုက်ဘူး ၊ လှသင့်သလောက် လှပါတယ်"

ဂြိုဟ်မ ကိုယ့်ကိုယ်ကိုယ် ယုံကြည်အားတက်မှုတစ်ခု ရှိသည်ဆိုလျှင် ထိုတစ်ခုသည် "အလှ"ပဲဖြစ်၏။ သူများတွေထက် ထူးခြားလှပနေသည်ဟု ကိုယ့်ကိုယ်ကိုယ်ယုံသည်။ ဘယ်သူနှင့်ပဲ ယှဉ်ယှဉ် ကိုယ် ပိုလှသည်ဟုယုံ၏။ သည်အလှကို ယုံကြည်ပေမယ့် ကုသိုလ်ကံမလှသည့် ရုပ်အလှအတွက် ကျေနပ်ပီတိ မပြော ခဲ့ဘူးပါ။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလေးက ဂြိုဟ်မ လှလို့ ချစ်တာသာဆိုလျှင် သည်အလှကို ဂြိုဟ်မ ထာဝရထိန်းသိမ်းစောင့်ရှောက်ချင်တော့သည်။

"ကျွန်မကိုကော"

"ချစ်တာပေါ့"

"လှလို့လား"

"လှတာလည်း ပါတယ်"

"ပြီးတော့ ဘာကျန်သေးလို့လဲ"

"နှောင်ကြိုးလေးက ရိုးသားတယ်၊ ပွင့်လင်းတယ်၊ ဟန်ပန်လည်းမရှိဘူး၊ ပြီးတော့ အားငယ်တတ်တယ်၊ ကိုယ့်ကိုယ်ကိုယ် ကံမကောင်းဘူး ထင်နေတယ်"

"အဲဒါ ဟုတ်တာပဲ"

"ကိုယ်တို့ယောကျ်ားတွေဆိုတာ ကိုယ့်ချစ်သူရဲ့ ယုံကြည်အားကိုးမှုကို အမက်မောဆုံးပဲ၊ ချစ်သူရှေ့မှာ မားမားရပ်ပြီး အားကိုးခံချင်တယ်၊ နှောင်ကြိုးက ကိုယ့်ကို အရမ်းအားကိုးတယ် မဟုတ်လား"

"အရမ်းအားကိုးတာပဲ"

"သိပ်ချစ်တဲ့အထဲမှာ အဲဒါလည်းပါတယ်"

ဂြိုဟ်မ တခစ်ခစ်ရယ်ပြန်၏။ ချက်ချင်း ကြီးမေကို သတိရသည်။ "ရယ်ပေ့ ... ရယ်၊ သစ်ရွက်ကြွေလည်းရယ်၊ လေပွေထလည်းရယ်၊ အိမ်ရှေ့က ပြောင်းဖူးပြုတ်လို့ အော်လည်းရယ်၊ ရယ်သာရယ် ... ဟီလာရီမ"တဲ့။ ကြီးမေတို့ကတော့ ပြောကိုပြောတတ်လွန်းပါသည်။



"ကိုယ်ဖေးမမှ သူ့ဘဝလေး အထာကျမယ်ဆိုရင် အဲဒီချစ်သူလေးကို ထာဝရဖေးမနေလိုက်ချင်တော့တာပဲ၊ အဲဒါတွေပေါ့၊ နှောင်ကြိုးကို ချစ်တာတွေ"

"ကိုကိုလေးမေမေ သဘောတူတဲ့ မမကကော ကိုကိုလေးကို အားမကိုးဘူးလား"

"သူက ဆရာဝန်မ၊ ပညာမှာ ကိုယ့်ထက်တောင် သာသလိုဖြစ်နေတော့ သူက ကိုယ်ကို အားမကိုးဘူး၊ မာနနည်းနည်းကြီးတာပေါ့"

"သူက ကိုကိုလေးကို ချစ်လား"

"ချစ်မယ် မထင်ပါဘူး"

"ချစ်ရင်ချစ်မှာ၊ ကျွန်မတောင် အရမ်းချစ်တာ၊ အဲဒီမမလည်း နည်းနည်းပါးပါးတော့ ချစ်ရင်ချစ်မှာပေါ့"

"မပြောတတ်ဘူး"

"ကိုကိုလေးမေမေက အဲဒီမမနဲ့ ပေးစားမှာလား"

"ကိုယ် မယူပါဘူး"

"ဟင် ... ရလို့လား"

"နှောင်ကြိုးလေး"

တံခွန် သနားသွားမိရပြန်၏။ သူပြောနေပုံလေးက ကာယကံရှင် သူ မဟုတ်တာကျလို့၊ ဘေးလူတစ်ယောက်နှယ် သူမို့ အေးအေးဆေးဆေး ဆွေးနွေးနိုင်ပါဘိခြင်း။

"ရှင်"

"အဲဒါကြောင့် ပြောတာ၊ တို့ကခိုးရင် နှောင်ကြိုး လိုက်ခဲ့မှာလား"

www.burmeseclassic.com

www.burmeseclassic.com



“ခိုးတယ် မပြောပါနဲ့ ကိုကိုလေးရယ်၊ ကျွန်မက ပွင့်ပွင့်လင်းလင်း လိုက်ခဲ့မှာပါ၊ ကိုကိုလေး ထားတဲ့နေရာမှာ နေမယ်၊ ကိုကိုလေး သွားခိုင်းတဲ့ဆီကို သွားမယ်”

“နှောင်ကြိုးလေးရယ်”

ချစ်နေရတဲ့အထဲမှာ အဲဒါတွေလည်း ပါတယ်ဟု ထပ်ပြောရလျှင် ရယ်စရာဖြစ်ပါဦးမည်။

“ကိုကိုလေး ထားခဲ့ရင်လည်း ကျွန်မ ကျန်ရစ်မှာ”

ပြောပုံလေးကို သနားလွန်းတာနှင့်ပဲ မထားခဲ့ရက်နိုင်အောင်ဖြစ်မှာ သေချာ၏။

“ကျွန်မက ဂြိုဟ်မပါ၊ ကျွန်မကြောင့် ကိုကိုလေး တစ်ခုခုဖြစ်မယ်ဆိုရင် ကျွန်မက ထွက်ပြေးမှာ”

“ဟော့ ... အဲဒီလိုမလုပ်နဲ့၊ မလုပ်ရဘူးနော်၊ ထွက်မပြေးပါဘူးလို့ ကတိပေး”

“ကိုကိုလေး မကြိုက်ရင် မပြေးပါဘူး”

“နှောင်ကြိုးလေး ... မင်း လိမ္မာလှချည်လားကွာ၊ ပြောလိုက်ရင် တစ်ခွန်းတည်းနဲ့ နားထောင်နေတော့တာပဲ”

“ကိုကိုလေးကို ချစ်လို့”

“နှောင်ကြိုးလေးရာ၊ သိပ်ချစ်ဖို့ ကောင်းတာပဲ”

“ကိုကိုလေး ကျွန်မအတွက်နဲ့ စိတ်မညစ်ရစေဘူး၊ ထိုင်ဆိုထိုင်၊ ထဆိုထမယ်၊ ကိုကိုလေးက လက်ထပ်မယ်ဆိုလည်း ကျွန်မ လက်ထပ်မယ်၊ ဟိုမမနဲ့ လက်ထပ်မှာမို့ ကျွန်မ ကျန်ခဲ့ဆိုလည်း နေခဲ့မယ်”



“မင်း ... ကိုယ့်ကို မလွမ်းဘူးလား”

“ကျိတ်ငိုမှာပေါ့”

“အရှုံးပေးတာ စောလှချည်လား။ မပြိုင်တော့ဘူးလား”

“ဘယ်သူနဲ့ပဲပြိုင်ပြိုင်၊ ကျွန်မ ရှုံးမှာ”

နှောင်ကြိုးလေးရယ်၊ တို့ ဘာပြောရမလဲ။ မင်းကို မမေက လုံးဝလက်မခံဘူး၊ မကြည်ဖြူဘူး၊ ယောက်ျားလေးမို့ ပျော်ပျော်ပါးပါး နေချင်နေတဲ့။ လက်မထပ်ရဘူးတဲ့။ တို့ဘဝမှာ မမေက တော်တော်လေး နေရာယူ လွှမ်းမိုးတယ်ဆိုတာလေးလည်း မင်းကို ရှင်းပြချင်တယ်။

မမေဟာ နှလုံးရောဂါသမားတစ်ယောက် ဖြစ်နေတယ်ကွယ်။ မမေ့စိတ်နဲ့ ဆန့်ကျင်တာ လုံးဝလုပ်လို့မရဘူး၊ လုပ်ခွင့်မရှိဘူး၊ ဘယ်တုန်းကမှလဲ မလုပ်ခဲ့ဘူး။ တို့တစ်သက်မှာ မမေ မကျေနပ်လို့ တားမြစ်တဲ့ကိစ္စကို မမေမသိအောင်ခိုးပြီး အကောင်အထည်ဖော်ဖြစ်အောင် ဖော်တာ မင်းကို ချစ်တဲ့အပြစ်တစ်ခုပဲ ရှိခဲ့ဖူးတယ်၊ မင်းနဲ့ ပတ်သက်တဲ့ကိစ္စကလွဲရင် တို့ တခြား ဘာကိုမှလဲ မလုပ်ချင်ဘူး၊ မလုပ်ခဲ့ဘူး။

ခုတော့ တို့ဟာ မမေ့ဘက်မှာ သားမိုက်၊ မင်းဘက်မှာကျတော့ ချစ်သူလူဆိုး။ ဘယ်ဘက်မှာမှ မျက်နှာမရ၊ မျက်နှာမလှဖြစ်ရအောင် မိုက်လုံးကြီးမိပြီလို့ ပြောဖို့ကျတော့လည်း ...

မင်းကိုချစ်တဲ့ အချစ်ကို “မိုက်” တဲ့စာရင်းထဲ မသွင်းချင်ဘူးကွယ်၊ မသွားရက်ဘူး နှောင်ကြိုးလေးရယ်။

“ရှုံးမှာ လက်ထပ်မလား”

www.burmeseclassic.com

www.burmeseclassic.com



"မိန်မယူပြီး အိမ်ထောင့်တာဝန်ထမ်းရဖို့ စောပါသေးတယ်၊ ကိုကိုလေးမှာ တာဝန်ပိုတာပေါ့၊ ဒီလိုပဲ နေကြသေးမယ်လေ၊ ကျွန်မ အလုပ်ဆင်းရင်လည်း နေ့တိုင်း တွေ့နေရတာပါ၊ ကိုကိုလေးမေမေက မိန်းမပေးစားလို့ ယူသွားရရင်လည်း ကျွန်မက ကိုကိုလေးကို အန္တရာယ်မပေးပါဘူး၊ ဘာမှမနှောင့်ယှက်ဘူး၊ အိမ်မှာပဲ ကျိတ်ငိုမယ်"

လိမ္မာလိုက်တဲ့ ချစ်သူလေးရယ်။

သည်လိုကလေးမျိုးကို ဂြိုဟ်ဆိုးတွေ ဖန်တီးတတ်တဲ့ "ဂြိုဟ်မ"လို့ ခေါ်တဲ့သူတွေ ခေါ်မှခေါ်ရက်လေခြင်းကွယ်။



ကျွန်မဟာ ဂြိုဟ်မပါ။

ဂြိုဟ်ဆိုးပေါင်းများစွာကို ဖန်တီးတတ်သူပါ။ ကျွန်မရဲ့ပတ်ဝန်းကျင်မှာ မကောင်းမှုကံတွေဟာ အရောင်အဝါများလို ဖြာထွက်နေပါတယ်။ ကျွန်မဟာ ဘယ်သူ့ကိုမှ ကောင်းကျိုးပေးခဲ့သူ မဟုတ်ပါဘူး။ ကျွန်မရဲ့ဖေဖေနဲ့ မေမေဟာ ကျွန်မဆိုတဲ့ ကံဆိုးသူ ဂြိုဟ်မကို လူ့လောကထဲ အရောက်ပို့ရတဲ့အတွက် သူတို့နှစ်ဦးလုံး ထွက်သွားခဲ့ရပါတယ်။

ကျွန်မကို လူဖြစ်အောင် ကျွေးမွေးသုတ်သင်လာတဲ့ ကြီးမေ ဆိုလည်း ကျွန်မအတွက်နဲ့ အမြဲဒုက္ခရောက်နေရပါတယ်။ ကျွန်မကို ကျွေးရဆင်ရတဲ့အတွက် ကြီးမေမှာ စားဝတ်နေရေး တစ်နေ့တခြား ကျပ်တည်းလာပါတယ်။ ကြီးမေ ကျန်းမာရေး ချို့တဲ့လာပါတယ်။ ကျွန်မနဲ့ ခင်မင်ရင်းနှီးတဲ့ သူငယ်ချင်းတွေဟာ အစက စာတော်ကြပါလျက်နဲ့ ကျွန်မနဲ့ပေါင်းလို့ စာမေးပွဲကျကြပါတယ်။

ငယ်သူငယ်ချင်းတွေကနေ ချစ်သူဘဝကို ကူးပြောင်းတဲ့ အရင်းနှီးဆုံး စုံတွဲလေးတစ်ခုဟာ ကျွန်မကြောင့် လမ်းခွဲစိတ်နာသွားကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို "ခင်ချင်လို့"ဆိုပြီး လိုက်မိတ်ဆက်တဲ့နေ့က ကိုကိုလေး ကားတိုက်ခံရပါတယ်။ ကျွန်မ ကိုကိုလေးကို ချစ်လွန်းလို့ မချစ်ဘဲနေဖို့ ကြိုးစားပေမယ့် မအောင်မြင်ပါဘူး။ ကျွန်မဟာ စိတ်ခတ်နိုင်မာသူလည်း မဟုတ်ဘူး ထင်ပါရဲ့။ ကိုကိုလေးနဲ့ ကျွန်မဟာ ချစ်သူအတွဲလေး ဖြစ်သွားကြရပြီး တစ်နေ့နေ့မှာတော့ ကိုကိုလေးကို "ဂြိုဟ်မ"ရဲ့ ဂြိုဟ်ဆိုးတွေမွှေတော့မယ်လို့ စိတ်ထင့်နေတုန်းမှာပဲ ...

နောက်တစ်နေ့မှာ ကျွန်မ အလုပ်ဆင်းဖို့ ကိုကိုလေး ကားလာမကြိုပါဘူး၊ ရုံးက ယာဉ်မောင်းကြီးတစ်ဦး လာပါတယ်။

"ဦးတံခွန်ကော"လို့ ကျွန်မကမေးတော့ ...

"အလုပ်များနေလို့ ထင်ပါတယ်၊ ကျွန်တော် မသိပါဘူး၊ ရုံးကလူကြီးတွေက စီစဉ်လို့ လာရတာပါ"တဲ့။

အဲသည်ယာဉ်မောင်းကြီးက ကျွန်မကို ကြိုပါတယ်၊ ကြူကြူလွင်ကိုလည်း ကြိုပါတယ်။ ကျွန်မတို့ ရုံးကိုရောက်တဲ့အခါမှာ တစ်ရုံးလုံး မျက်စိမျက်နှာတွေ ပျက်နေကြပါတယ်။ ယာဉ်မောင်းကြီးလည်း အံ့သြတဲ့ အမူအရာနဲ့ လက်နှိပ်စက်ရိုက်တဲ့ ကိုထင်ကျော်ကို မေးတော့မှ ...

"ဆရာက မှာသွားတယ်"

"ဆရာ"ဆိုတာ ကျွန်မတို့ရုံးရဲ့ တာဝန်ခံခေါ်မလား၊ မန်နေဂျာ ခေါ်မလား၊ ဆောက်လုပ်ရေးတွေမှာ ဦးအောင်ကြိုင်က တာဝန်အရှိဆုံးလူ ဖြစ်သလို ကျွန်မတို့ရဲ့ခရီးသွားလုပ်ငန်းမှာ လေဆိပ်ကြိုဆိုရေးကအစ ခရီးသည်တွေအဆုံး အားလုံးတာဝန်ယူရတဲ့ ဦးသိန်းဆွေကို ခေါ်တာပါ။



"သူဌေးမိသားစု ပြဿနာပေါ်လို့ လုပ်ငန်းကြီးရပ်ဆိုင်းတုံ့နှေးသွားတာမျိုး မဖြစ်စေနဲ့တဲ့၊ ခါတိုင်းတိုင်းပဲ ပုံမှန်လည်ပတ်တဲ့ ...

"အဲဒါကြောင့် မနှောင်ကြိုးကို ဦးလေးကို ကြိုခိုင်းရတာလေ၊ အစ်ကိုမှ ဒီနေ့ အချိန်မီ ကားလာမလဲဘဲ"

"ဒီနေ့ လေဆိပ်ကို ဘယ်အချိန်သွားရမလဲ"

ကြူကြူလွင်က မေးပေမယ့် ဘယ်သူမှ မဖြေနိုင်ကြပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဦးသိန်းဆွေ မရှိလို့ပါ။ ကိုကိုလေးတို့အိမ်မှာ တစ်ခုခု အရေးတကြီးကိစ္စပေါ်မှန်း သိကြပေမယ့် အဲသည်ကိစ္စဟာ ဘယ်လောက် အရေးကြီးတဲ့ ဘာကိစ္စမှန်း ဘယ်သူမှ မသိကြရသေးပါဘူး၊ သူဌေးအိမ်ကို ဦးသိန်းဆွေ မှာစရာရှိတာမှာပြီး ကမန်းကတန်း ထလိုက်သွားရတာကိုသာ သိတာကို။

တစ်ခုခုဆိုတဲ့ နေရာမှာ မကောင်းတဲ့တစ်ခုခုသာ ဖြစ်ရမယ် ဆိုတာတော့ ကြိုတင်မှန်းဆထားနိုင်ကြပါတယ်။

ကျွန်မ မျက်စိလေး မှိတ်ချလိုက်ပါတယ်၊ မြတ်စွာဘုရားကို အာရုံပြုပါတယ်၊ ကျွန်မ ငယ်ငယ်ကတည်းက ကြီးမေရိုက်နှက်ကျက်ခိုင်းထားလို့ အလွတ်ရနေတဲ့ ပရိတ်ကြီးဆယ့်တစ်သုတ်လုံးကို ကျွန်မ တိတ်ဆိတ်စွာ ရွတ်ပါတယ်၊ ရင်ထဲမှာပူလှပါပြီ။ ခုလို လိုအပ်ချိန်မှာ ရွတ်နိုင်ဖို့ ငယ်စဉ်က ရိုက်နှက်ကျက်ခိုင်းခဲ့တဲ့ ကြီးမေရဲ့ကျေးဇူးကိုလည်း ဦးခိုက်လိုက်ပါသေးတယ်။

ကျွန်မ စိုးရိမ်ပူပန်လှပါပြီရှင်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလေးကိုလည်း အရမ်းပူပါတယ်၊ ကိုကိုလေး ထက်ကိုပဲ စိုးရိမ်လောက်တဲ့ အခြေအနေမှာ အမြဲရှိနေတယ်ဆိုတဲ့ ကိုကိုလေးရဲ့မိခင်ကို ပိုပြီးပူပန်မိပါသေးတယ်။ ကိုကိုလေးရဲ့မေမေ ကျန်းမာပါစေ။ ရောဂါဝေဒနာဆိုးတွေ မကျရောက် မကပ်ငြိပါစေနဲ့။ ကျွန်မဆီမှာ ဂြိုဟ်ဆိုးတွေ ကြမ္မာဆိုးတွေဟာ တစ်ဖက်သားကို ဒုက္ခပေးဖို့ အဆင်သင့် တည်ရှိနေကြတယ်ဆိုရင်တောင် ကိုကိုလေးရဲ့မေမေဆီကို မပြေးသွားကြပါစေနဲ့။

ကျွန်မကိုယ်မှာ ပြန်ပြီးဒုက္ခပဲပေးပေး၊ ဥပါဒ်ပဲပေးပေး၊ ကျွန်မရဲ့ဂြိုဟ်ဆိုးတွေကို ကျွန်မပဲ ခံယူပါရစေ၊ ကိုကိုလေးတို့ မိသားစုကတော့ ဘေးယာက ဝေးကွာပါစေ။

ကျွန်မကို သဘောမတူနိုင်တဲ့၊ မတော်ရသေးတဲ့၊ ဘယ်တော့မှလဲ တော်ရလိမ့်မယ် မထင်တဲ့ ကျွန်မရဲ့ယောက္ခမလောင်း ရောဂါကင်းပြီး ကျန်းမာပါစေလို့ ကျွန်မ ဆုတောင်းမေတ္တာတွေ အမျှားကြီးပို့ပါတယ်၊ ပရိတ်ရွတ်ပြီးတဲ့အခါမှာ ပဋ္ဌာန်းအကျဉ်းကိုလည်း ရွတ်ပါတယ်။

ကိုကိုလေး မေမေ နေကောင်းပါစေ။

အဲသည်အချိန်မှာပဲ ဦးသိန်းဆွေ ပြန်ရောက်လာပါတယ်။ ကျွန်မတို့ ရုံးအဖွဲ့သားအားလုံး စိတ်စောစွာ မတ်တတ်ရပ်လိုက်ကြပါတယ်။ ဦးသိန်းဆွေဆီကို မျက်လုံးအစုံတွေ အားလုံးစုပြုံပို့လွှတ်လိုက်ကြပါတယ်။

"အရမ်းစိတ်မကောင်း ဖြစ်ရတာပဲ"

"ရှင်"



"အစ်ကိုလေ ... လုံးဝသတိမရဘူး၊ လေယာဉ်ပျံကို ထမ်းစင်နဲ့ပဲ တင်သွားရတယ်၊ ဆရာကိုယ်တိုင် မျက်ရည်မဆည်နိုင်ဘူး၊ ဆရာကတော်ဆိုတာတော့ ပြောမနေနဲ့တော့"

"ရှင် ... ရှင် ... အခုဖြစ်တာ ဘယ်သူ့မို့လို့လဲ"

"အစ်ကိုပေါ့၊ အာစရိလေး"

"အို"

ကျွန်မမျက်စိတွေ ပြာထွက်သွားပါတယ်။ ရှေ့မှာ ဘာတွေရှိနေမှန်း လုံးဝကို မမြင်ရတော့တာပါ။ ကိုကိုလေးတဲ့။ သူ့ရုံးအဖွဲ့တွေက ပြောင်သလို နောက်သလိုနဲ့ လေးစားစွာခေါ်ကြတဲ့ "အစ်ကို"ဆိုတာ ကိုကိုလေးကို ပြောတာပါ။ ကိုကိုလေး ဘာဖြစ်ပါလိမ့်။ မြတ်စွာဘုရား ... ကယ်တော်မူပါ။

ကိုကိုလေးဆီကို ဂြိုဟ်ဆိုးတွေ ပြေးကပ်ကုန်ကြပြီလားရှင်။

"ညက ဖြစ်တာတဲ့၊ ကားဆက်ဆီးဒင့်တဲ့၊ အရမ်းပြင်းတယ်တဲ့၊ ဒီမနက် အစောကြီး စင်ကာပူကို တစ်ခါတည်းခေါ်သွားတာ၊ သွားဖို့ကိစ္စကို ဆရာက ညတွင်းချင်း အတင်းလိုက် စီစဉ်ရတာတဲ့"

"ဒီမှာ ဘာဖြစ်လို့ မကုတာလဲ"

"ဟိုမှာ ... ဆရာ့ညီအရင်းက ခွဲစိတ်ကုသမှုပါရဂူ၊ ဆရာ့ခယ်မက ပလတ်စတစ်ဆာဂျရီတဲ့၊ သတိလုံးဝမရဘူး၊ သွေးလား ဂလူးကို့စ်လားတောင် သေချာမတွေ့လိုက်ဘူး၊ ပုလင်းတန်းလန်းကို ဆရာက ကိုင်မြှောက်လို့ ကပ်နဲ့ထမ်းတင်သွားရတာပဲ ...

www.burmeseclassic.com

www.burmeseclassic.com



“မြင်ရတာ ရင်ထဲမကောင်းလိုက်တာ၊ ဆရာ့ကတော်လည်း လေယာဉ်လေ့ကားကို လေးဖက်ထောက်တက်ပြီး ပါသွားလေ့ရဲ့ ...

“ဆရာက မှာခဲ့တယ်၊ စိတ်ချမယ်တဲ့၊ ကိုယ့်အပေါ်ကောင်းတဲ့သူ့ဒွေးမိသားစု စိတ်ချမ်းသာဖို့၊ အစ်ကိုအာစရိလေးကျန်းမာဖို့ ဆုသာတောင်းကြတော့၊ အလုပ်ကိုတော့ မပျက်စေနဲ့”

ကျွန်မ အားလုံးကို ကြားရပါတယ်။ ဒါပေမဲ့ မတွေ့ရဘူး။ ကျွန်မရှေ့မှာ မီးခိုးထုပ်ကြီးတစ်ထုပ် ပြုတ်ကျလာသလို မီးခိုးရောင်ထုထည်ကြီး ပိတ်ဆီးသွားပါတယ်ရှင်။ ကျွန်မရဲ့ ဦးနှောက်တွေဟာ ပူလွန်းလို့ ဆူပွက်ကုန်ကြပြီလို့ ထင်ပါတယ်။ အသားတွေက တဆတ်ဆတ်တုန်လာတယ်။ ရင်ထဲမှာ ဝုန်းဒိုင်းကြဲအောင် ခုန်နေတာ ဘာပစ္စည်းမှန်း မသိပါဘူး။ တလှပ်လှပ်နဲ့ မော့ဆို့ဆို့ကြီးလည်း ဖြစ်ပါတယ်။

ဒါတွေအားလုံးဟာ ကျွန်မအပြစ်တွေချည်းပါပဲ၊

ကိုကိုလေးရယ် ... ကျွန်မကို ခွင့်မလွှတ်ပါနဲ့။ ကျွန်မကို အပြစ်ပေးပါ။ ကျွန်မကြောင့် ဖြစ်ရတာပါ။ ကျွန်မက ကိုကိုလေးကို ချစ်မိလို့၊ ကိုကိုလေးနဲ့ တပူးတွဲတွဲ နေမိလို့ ဂြိုဟ်မဆိုက ဂြိုဟ်ဆိုးတွေ ကိုကိုလေးဆီ ရောက်ကုန်ရတော့တာပါ ကိုကိုလေးရယ်။

ဂြိုဟ်မကို ထားခဲ့ပါ။

မချစ်ပါနဲ့တော့။ ကိုကိုလေး နေကောင်းလာတဲ့အခါမှာ ကိုကိုလေးမေမေ သဘောတူတဲ့ ဆရာဝန်မလှလှလေးနဲ့လက်



ထပ်ပါ။ ဂြိုဟ်မကို ထားခဲ့ပါ။ အဆိပ်မဲ့စွာ၊ တိတ်ဆိတ်စွာ ဂြိုဟ်မ ကျန်ရစ်ခဲ့ပါစေ။ ကျိတ်ငိုတာကိုတောင် လူမသိစေရပါဘူး။ ကိုကိုလေးနဲ့ အဝေးဆုံးကိုပြေးပြီး တစ်ကိုယ်လုံးမှာ လျှံထွက်နေပါတယ်ဆိုတဲ့ ဂြိုဟ်ဆိုးတွေအားလုံးကို ဂြိုဟ်မ တစ်ယောက်တည်းပဲ သိမ်းကျုံးခံစားပါရစေတော့။

ဂြိုဟ်ဆိုးတွေရယ် ... ဂြိုဟ်မ ကိုယ်ထဲကိုဝင်ပါ။

ဂြိုဟ်မတစ်ယောက်တည်း ခံစားပါရစေ။ ကိုကိုလေးနားမှာ သီဝေ့လို့တောင် မဝဲကြပါနဲ့။ ကိုကိုလေး အသက်ရှင်ပါစေ၊ ကျန်းမာလာပါစေ၊ ကျိုးပဲ့ဒဏ်ရာတွေနဲ့ ဒုက္ခိတဆိုတာမျိုးလည်း မဖြစ်ပါစေနဲ့။ အားလုံး ... အားလုံး ... အကောင်းပကတိ ဖြစ်ပါစေ၊ နေကောင်းပါစေ။

ကိုကိုလေးရယ် ... ခုနေ ဂြိုဟ်မ သေပေးလို့ ကိုကိုလေး ရှင်မယ်ဆိုရင် ဂြိုဟ်မ သေပေးချင်ပါတယ်။

“မနှောင်ကြိုး ... မနှောင်ကြိုး”

ခေါ်သံလိုလို ကြားမိတယ် ထင်ပါရဲ့။ ကျွန်မ ရုံးခန်းပေါ်က ဆင်းလာတာ၊ သူ့တို့ကိုလည်း လှည့်မကြည့်မိပါဘူး၊ ကျွန်မ ဘယ်သွားဖို့ဆိုတဲ့ ရည်ရွယ်ချက်လည်း မရှိပါဘူး။ ကျွန်မ လမ်းပေါ်ရောက်တာကို သိပါတယ်။ ဘာကိုမှမမြင်ရဘူးဆိုတာ ကြည့်ကော ကြည့်မိရဲ့လားမှ မသိတာ။ ကျွန်မ မျက်စိမှိတ်ထားမိတယ် ထင်ပါတယ်။

ဝုန်းဆို လေးလံပစ္စည်းတစ်ခု ကျွန်မကို ဝင်ဆောင့်ပါတယ်။ ဘယ်ဘက်နံရိုးတွေ ကြေသွားတာလားလို့ ထင်လိုက်မိပါတယ်။ အသည်းခိုက်အောင် နာသွားရပေမယ့် ကျွန်မ သည်

www.burmeseclassic.com

www.burmeseclassic.com



လောက် အနာခံလိုက်ရရင် ကိုကိုလေးတော့ အသက်ချမ်းသာရာ ရပြီလို့ ဝမ်းသာစိတ်လေးတစ်ခုနဲ့ ကြည်နူးမိလိုက်တာဟာ ကျွန်မရဲ့နောက်ဆုံးအသိစိတ်ကလေးပါပဲ။

ကိုကိုလေး ကျန်းပါမာစေ။



## အခန်း(၁၀)

ခြောက်လဆိုသည့် အတိုင်းအတာ ကာလတစ်ခုသည် ရန်ကုန်မြို့ကို တော်တော်ကြီး ပြောင်းလဲတိုးတက်သွားစေနိုင်သည်။

"တံခွန်"ဆိုသည့် လူသားယောကျ်ားတစ်ယောက်၏ ဘဝကိုလည်း အစိတ်အပိုင်းများစွာမှာ ပြုပြင်ပြောင်းလဲပစ်လိုက်နိုင်၏။

တံခွန် ပြန်ရောက်လာသည့်အခါမှာ တံခွန် ဆေးကုသဖို့ ထွက်ခွာမသွားမီက ဆောက်လက်စနှင့် အုတ်မြစ်ချရုံ လောက်သာရှိသေးသည့် "ကြယ်တံခွန်"ကုမ္ပဏီပိုင် သုံးထပ်၊ လေးထပ်တိုက်ကြီးတွေက ပြီးစီးကာ တချို့အခန်းတွေမှာ လူတွေ တောင် နေနေကြပြီ။

ကြယ်တံခွန်ကုမ္ပဏီက အပြိုင်ဝယ်ပေမယ့် ရှုံးနိမ့်ပြီး သူများရသွားသည့် အိမ်အိုအိမ်ဟောင်းတွေကလည်း လုပသစ်လွင်သည့် တိုက်တွေဖြစ်နေပြီ။ တိုက်တစ်လုံးဆောက်ရာ၌ နှစ်နှင့်ချီ လျက် အကြာကြီးကြာတာမျိုး ရှိတတ်သလို လေး,ငါးလနှင့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တာတွေလည်းရှိ၏။ စင်စစ် ... စီးပွားရေးလုပ်ငန်းဟူသည် ငွေသာလျှင် ကြီးစိုး၏။ ငွေရှိလျှင် ကြံတိုင်းအောင်၏။ ဆောင်တိုင်းမြောက်၏။ လိုတိုင်းရ၏။ ထင်တိုင်းပေါက်၏။

တံခွန်က သွေးပုလင်းတန်းလန်းဖြင့် သတိလစ်ကာကပ်နှင့်ထမ်း၍ လေယာဉ်ပျံပေါ် တင်သွားရသည်။ အသက်ရှင်ရန် ရာခိုင်နှုန်းက ငါးဆယ်မပြည့်ချင်ပါတဲ့။ "ရှင်ရန်နှင့်သေရန်" တစ်ဝက်စီတောင် မဟုတ်ချေ။ ရှင်ရန်ဘက်မှာ ရာနှုန်းလျော့သည်တဲ့။ ထိခိုက်ဒဏ်ရာက ခြေလက်တို့တွင်သာမက မျက်နှာတစ်ဝိုက်မှာပါ များသည်မို့ တံခွန့်မျက်နှာကို ပလတ်စတစ်ဆာဂျရီနည်းဖြင့် လက်စွမ်းကုန် ကုကောင်းကုရမည်။ ကုချင်မှလည်း ကုရမည်။ ကုပြုံပဲထားပါ။ မူလမျက်နှာကို ပြန်ရချင်မှရမည်။

ရချင်လည်း ရမည်ပေါ့။

သူစိမ်းမျက်နှာဖြင့် ယောက်ျားချောချောလေးတစ်ယောက်လည်း ဖြစ်သွားနိုင်သည်။ ခြေတွေလက်တွေကလည်း လေးချောင်းလုံးကို အကောင်းပြန်ရချင်မှ ရနိုင်မည်။ မျက်နှာချင်းဆိုင်၍ တိုက်ကြသည့် ကားနှစ်စီးအနက် တစ်ဖက်ကားမှလူဆိုလျှင် နေရာမှာတင် ပွဲချင်းပြီး သေဆုံးခဲ့သည်။ ပြီးတော့ မှားတာက သူ့အမှား၊ လွန်တာက သူ့အလွန်၊ မှားသူ လွန်သူက စတင်၍ အသက်စွန့်သွားရသည်။ တံခွန်မှာတော့ ကိုယ်မမှားရပါဘဲ၊ ကိုယ်မလွန်ရပါဘဲနှင့် အသက်ဆုံးရှုံးလုနီးပါး ခံစားရသည်။

ကံကြမ္မာဖန်လာပြီဆိုလျှင် အကောင်းဆုံးမှ အဆိုးဆုံးသည် ရုတ်ခြည်းပြောင်းလဲတတ်သည့်သဘောကို ဆင်ခြင်မိ၍သာ ...



"ဖေဖေ လက်ထပ်တော့မယ်"ဆိုသည့် ဝါကျကို သည်းညည်းခံ၍ နားထောင်နိုင်ခဲ့သည်။

သေလုမြောပါးနှင့် လေယာဉ်ပေါ်တက်ရသူက အသက်ရှင်လာခဲ့သည်။ ကိုယ်ခန္ဓာပေါ်မှာ ပြောင်းလဲသွားတာတချို့ ရှိရုံနှင့် ကြမ္မာဆိုးက တင်းတိမ်ရှောင်ရဲသွားသည်။ လေယာဉ်ပေါ်သို့တက်ရန် လှေကားကို ခြေနှင့်နင်း၊ လက်နှင့်ဆွဲအားယူကာ လေးဖက်ထောက်ပုံစံနှင့် တက်လိုက်ခဲ့ရသည့် မေမေက လောကကြီးကို မျက်ကွယ်ပြုသွားတော့သည်။

ဖြစ်ရပ်က ကြေကွဲစရာ။

စင်ကာပူသို့ရောက်တော့ သားအမိနှစ်ယောက်လုံးကို ဆေးရုံတင်ရသည်။ မေမေက သား၏အဖြစ်ဆိုးကြောင့် သူ့မူလလက်ခံ နှလုံးရောဂါဆိုးက ဖိစီးနှိပ်စက်လာခဲ့သည်။ တိုင်းတစ်ပါးမှာ ခေါင်းချဖို့ ကံဇာတာပါလာခဲ့သူ မေမေသည် စင်ကာပူမှာ နှစ်ပတ်ပဲ ကြာခဲ့သည်။ မေမေ ကွယ်လွန်သည်ကို တစ်ဦးတည်းသောသား၊ မေမေ့အသည်းကျော်၊ မေမေ့မျက်ရှုသား တံခွန်လိုက်ပါပို့ဆောင်ခွင့် မရခဲ့ပါ။

ဆေးရုံပေါ်မှာ ...

သတိရနေပြီ ဖြစ်ပေမယ့် ထကြွလှုပ်ရှားသွားလာနိုင်ခြင်း မရှိခဲ့ပါ။ တံခွန် ဆေးရုံပေါ်မှာနေရသည့် ရက်ပေါင်းတစ်ရာ့သုံးဆယ်လောက် ရှိသည်။ ဆက်တိုက်ကြီးတော့ မဟုတ်ပါ။ ခဏတစ်ဖြုတ် ပြန်ဆင်းနေ၊ နောက်ပြန်တက် ဆိုတာမျိုးလုပ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးနိုင်သည့် အချိန်မှစ၍ ဂြိုဟ်မဆီ ရေးထည့်ခဲ့သည်။ ပြန်စာမရ။ ခရီးသွားလုပ်ငန်းတာဝန်ခံ ဦးသိန်းဆွေထံ ရေးခဲ့သည်။

"နှောင်ကြိုး ဘယ်မှာလဲ၊ ဘာလုပ်နေလဲ၊ ဘာဖြစ်နေလဲ၊ စာပြန်ခိုင်းပါ"... ဆိုသည့် အကြောင်းများ။

"အစ်ကိုအာစရိလေး ... စိတ်အေးအေးထားပါ၊ ကျန်းမာရေးဂရုစိုက်ပါ၊ မနှောင်ကြိုး ကျန်းမာစွာပကတိ၊ ချမ်းသာစွာရှိပါ၏"... တဲ့။

နှောင်ကြိုးထံ စာတွေထပ်ရေးသည်။ ပြန်စာမရပါ။

"အန်တီ ဒေါ်စိုးစိုးကြည်ခင်ဗျာ"ဟု လိပ်စာတပ်ပြီး တော့ကို ရေးပစ်လိုက်သည်။

နှောင်ကြိုးလေးနှင့် မေတ္တာသက်ဝင် ချစ်ခင်နေပါကြောင်းကစ၍ လူကြီးသူမဗို ရိုသေလေးစားစွာ အစီရင်ခံခဲ့သည်။ ပြန်စာမရခဲ့ပါ။ ခရီးသွားကုမ္ပဏီမှတစ်ဆင့် နှောင်ကြိုးဆီ စာထည့်တော့လည်း ပြန်စာမရပါ။

"ကြူကြူလွင်ရေ"

အစချီ၍ ရေးပြန်၏။

"နင် ငါ့ဆီ အကျိုးအကြောင်း ဆက်ဆက်စာပြန်"ဟု အမိန့်သံနှင့် ရေးလိုက်သည်။ ကောင်မလေးက ဖြူရာ၏။ အလုပ်ပြုတ်မှာ ကြောက်တော့မှပဲ အကျိုးအကြောင်း အစုံအလင်ကို သိရတော့သည်။ ဦးသိန်းဆွေကတော့ လူကြီးမို့ ထိန်းတန်တာ ထိန်း၊ ဖုံးတန်တာဖုံး။



အစ်ကိုတံခွန်ရှင့်ဟု အစချီခဲ့သည့် ကြူကြူလွင့်စာသည် တံခွန့်ရင်ကို ထိုးခွဲဝင်မွှေခဲ့သည်။ ရင်ပူခဲ့ရသည်။ ဦးနှောက်တွေ ဆူဝေခဲ့ရသည်။

"အစ်ကိုတံခွန်ကို နိုင်ငံခြား သယ်သွားရတယ်ဆိုတဲ့နေ့က ကျွန်မနဲ့နှောင်ကြိုး ရုံးခန်းမှာ ရှိနေပါတယ် ...

"ဆရာဦးသိန်းဆွေ ပြန်ရောက်လာပြီး အစ်ကို့အကျိုးအကြောင်း ပြောပြပါတယ် ...

"အားလုံးပဲ စိတ်မကောင်း ဖြစ်ကြရပါတယ်၊ အဲဒီအချိန်မှာ နှောင်ကြိုးက မျက်ရည်တွေ ကျလာပြီး ရုံးခန်းထဲကနေ လမ်းမပေါ် ပြေးထွက်သွားတာပါပဲ ...

"သိပ်ဝေးဝေးတောင် မသွားရသေးပါဘူး၊ အားလုံးစိတ်ပူပြီး ဝိုင်းအော်လိုက်တဲ့ အချိန်မှာပဲ နှောင်ကြိုးက ကားတိုက်ခံရပါတယ်"တဲ့။

လုပ်လိုက်ကွဟု အံကြိတ်၍ အော်ပစ်လိုက်သည်။ တံခွန် သိသည်။ ဒါ နှောင်ကြိုး သက်သက်လုပ်တာ၊ သည်ဘက်မှာ ကားအက်ဆီးဒင့်ဆိုလို့ သူ ကားနှင့် ပြဿနာဖော်တာနေမှာ။ ရေနှင့်ပြဿနာဖြစ်ခဲ့လျှင် နှောင်ကြိုးလေးက ရေထဲခုန်ဆင်းဖို့ ဆုံးဖြတ်မှာ သေချာသည်။

နှောင်ကြိုးရယ် ...

နှောင်ကြိုးလေးရယ် ...။

မင်း မိုက်လိုက်တာ။ လောကမှာ ကားတိုက်မှုတွေ ဖြစ်နေတာ အများကြီး။ ကမ္ဘာပေါ်မှာ ကားတိုက်မှုတွေ အများကြီး။ လူတွေများလာတယ်၊ ကားတွေများလာတယ်။ တိုက်မိခိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကုန်တာ အဆန်းလား။ ဒါဟာ သဘာဝကျတဲ့ အခင်းဖြစ်ပွားမှုတွေပဲကွာ၊ ဘယ်သူဂြိုဟ်မွှေလို့မှ ဖြစ်တာမဟုတ်ဘူး။ မတော်တဆ တိုက်မိခိုက်မိကြတယ်ဆိုရင် ဘယ်သူ့မှာမှ အပြစ်မရှိဘူး။ တစ်ယောက်ယောက်ကမှားလို့၊ ရမ်းကားလို့ ဖြစ်ရတာဆိုရင် အဲသည်လူရဲ့အပြစ်ပဲ။ အဲသည်လူမှာ လုံးဝတာဝန်ရှိတယ်။ ဘေးလူကြောင့်၊ ကြမ္မာဆိုးကြောင့် ဂြိုဟ်မွှေတာတို့ ဘာတို့ ဘာမှမရှိဘူးကွာ၊ မဟုတ်ဘူးကွာ။

တို့ ဘာအယူမှ မသီးဘူး။

"ကျွန်မတို့လည်း ပြေးဆင်းလိုက်ကြပါတယ်၊ တိုက်တဲ့ကားနဲ့ပဲ ဆေးရုံပို့ပါတယ်၊ ဘာမှသိပ်ပြီး ထွေထွေထူးထူး ထိမိခိုက်မိ မရှိပါဘူး ...

"မောင်းလာတဲ့ကားကလည်း အရှိန်နှေးပါတယ်၊ ဘရိတ်လည်း မိတယ်တဲ့၊ ပြောကြတာပါ၊ ကျွန်မက သိပ်နားမလည်ပါဘူး ...

"ကားနဲ့ဝင်ဆောင့်မိလို့ လမ်းပေါ်လဲကျသွားတာလောက်ပဲ ရှိပါတယ်၊ ပွန်းရုံ ခြစ်ရုံပါ၊ ဒါပေမဲ့ သူ သတိလစ်သွားပါတယ် ...

"အကြောက်လွန်တာလား၊ စိတ်ထိခိုက်နေတုန်းမို့လား မသိပါဘူး၊ ဆရာဦးသိန်းဆွေ ဆေးရုံလိုက်သွားပါတယ်၊ နောင်ကြိုးက ကားတိုက်မှုကို ကျေအေးပါတယ် ...

"သူလည်း ဘာမှမှ မဖြစ်တာတဲ့၊ ဆေးရုံရောက်ပြီး မကြာခင် သတိရပါတယ်၊ ဆရာဦးသိန်းဆွေလည်း ပြန်လာပါတယ် ...



"နောက်နေ့ညနေ လူနာကြည့်ချိန်မှာ ရုံးကလူတွေသွားကြတော့ နောင်ကြိုး ဆေးရုံမှာမရှိတော့ပါဘူး၊ ဆင်းသွားပြီတဲ့ ...

"ဖြစ်တဲ့နေ့က သူ့အိမ်ကို သွားအကြောင်းကြားတော့လည်း အိမ်ပိတ်ထားလို့ ဘေးခန်းနဲ့ အိမ်နီးပါးချင်းတွေကိုပဲ ပြောခဲ့ရပါတယ် ...

"ဆေးရုံက ဆင်းပြီဆိုလို့ သူ့အိမ်လိုက်သွားတော့ သူ့ကြီးမေ ဒေါ်စိုးစိုးကြည်နဲ့ တွေ့ပါတယ် ...

"နောင်ကြိုး အိမ်ပြန်မလာဘူးလို့ ပြောပါတယ်၊ စိတ်ပူနေတယ်တဲ့၊ အဲဒီနေ့ကစပြီး နောင်ကြိုး ပျောက်သွားပါတယ်၊ ဆေးရုံကလည်း ဆင်းသွားပြီ၊ အိမ်ကိုလည်း မရောက်ပါဘူး၊ သူ့ကြီးမေ ဒေါ်စိုးစိုးကြည်လည်း အရမ်းစိတ်ပူနေပါတယ် ...

"သူတို့အိမ် တစ်ဖက်ခြမ်းကို ငှားနေတဲ့ လူငှားတွေလည်း ဆင်းသွားကြပါတယ်၊ ဂြိုဟ်မ ဂြိုဟ်မွှေပြန်ပြီတဲ့၊ မနေရဲဘူးတဲ့၊ သေကုန်လိမ့်မယ်လို့ ပြောတယ်ပဲ့ အိမ်နီးပါးချင်းတွေက ပြောပါတယ် ...

"အဲဒီရပ်ကွက်မှာ နောင်ကြိုးနာမည်နဲ့မေးရင် ဘယ်သူမှ မသိပါ၊ အားလုံးက ဂြိုဟ်မလို့ပဲ ခေါ်ကြပါတယ်၊ နောင်ကြိုးရဲ့နာမည်ရင်းကလည်း ဂြိုဟ်မလို့ သိခဲ့ရပါတယ် ...

"အစ်ကိုတာ့ခွန်ဆီကစာတွေလာလို့ ဆရာဦးသိန်းဆွေက နောင်ကြိုး ပြန်ရောက်ပြီလားလို့ မကြာခဏ သွားသွားကြည့်ပါတယ် ...

www.burmeseclassic.com

www.burmeseclassic.com



"ပြန်ရောက်မလာပါ၊ ဒေါ်စိုးစိုးကြည် ကိုယ်တိုင် အိမ်ရောင်းပြီး ပြောင်းသွားပြီလို့ ဘေးနားက ပြောပါတယ်၊ ဘယ်ပြောင်းသွားမှန်း မသိကြပါ။ ဆရာဦးသိန်းဆွေက သတင်းစာထဲ ထည့်ပါတယ်၊ နှောင်ကြိုး ရောက်မလာပါ ...

"ခုထိ နှောင်ကြိုးရဲ့သတင်းကို မရသေးပါ၊ ကျွန်မ သိသလောက် ဒါအကုန်ပဲ ဖြစ်ပါတယ်၊ နောက်ထပ် အကျိုးအကြောင်း သိရတာရှိလျှင် ...

"စာရေးအစီရင်ခံပါမည်ရှင့်"တဲ့။

စုံလိုက်တာ စေ့ပါရော။

နှောင်ကြိုးလေးရယ်။ ဘယ်ရောက်လို့ ဘယ်ပေါက် နေလဲ။ ဘယ်လိုဒုက္ခဆိုးတွေနဲ့ ကြုံနေရသလဲ။ ဆင်းရဲတွင်းနက် နက်ကလေးထဲကနေ လှမ်းမျှော်ပြီး "ကိုကိုလေး ကူလှည့်ပါ"လို့ များ တမ်းတနေသလား။ တို့ရင်ထဲမှာ ပူနေတယ်။ သွေးတွေလည်း ဆူနေတယ်။ အားငယ်တတ်တဲ့ ချစ်သူကံဆိုးမလေးကို ကူညီချင် တယ်။

အဲသည်အချိန်မှာ တို့ ဆေးရုံတစ်ခေါက် ပြန်တက် ရပြန်ရော။

အိမ်ပြန်ခဏနား၊ ဆေးရုံပြန်တက်၊ အဲသည်လိုလုပ် ရတာ။ အမှန်က ဆေးရုံမှာ ဆက်တိုက်နေနိုင်ရင် ပိုကောင်းတယ်။ တို့က ပြန်ချင်လို့၊ မြန်မာပြည်ကို ဖုန်းဆက်ချင်လို့၊ မြန်မာပြည် ကို စာရေးချင်လို့။ ဆေးရုံမှာ ရက်ကြာရှည်ကြီးဆိုတော့လည်း ပျင်းလို့၊ နှောင်ကြိုးလေးကို လွမ်းလို့၊ ချစ်သူလေးအတွက် စိတ်



ပူလို့။ အကြောင်းကြောင်းသော အကြောင်းကြောင်းတွေဟာ တို့ ရင်ထဲက အူတစ်ခွေကို ဆုပ်ကိုင်ဆွဲညှစ်ထားသလို နာကျင်မွန်း ကျပ်နေရတော့တယ် ချစ်သူလေးရယ်။

www.burmeseclassic.com

www.burmeseclassic.com



"သား ... ဖေဖေ့ကို နားလည်ပါ"

"နားလည်ပါတယ် ဖေဖေ"ဟု ကြည်ဖြူစွာ ပြောခဲ့သည်။ ယောက်ျားတစ်ယောက်သည် အခြားယောက်ျားတစ်ယောက်၏ ရင်မှခံစားမှုကို စာနာကြည့်နိုင်သည်။ မိန်းမချင်းဆိုလျှင်လည်း စာနာနိုင်မည် ထင်ပါသည်။ ဤနေရာ၌ ကျန်ရစ်ခဲ့သူသည် သမီးဆိုလျှင်တော့ ဖေဖေနှင့် ပြဿနာကြီးမားလိမ့်မည် ထင်၏။

"ဖေဖေ့ကို တစ်မျိုးထင်သေးလား"

မြန်မာစကားက အခက်သား။ "တစ်မျိုး"ဆိုသည့် စကားလုံးမှာ အဓိပ္ပာယ်တွေ ဆယ်မျိုးလောက် ပါဝင်နေ၏၊ တစ်မျိုးထင်သေးလား ဆိုသည့် "တစ်မျိုး"သည် ဖေဖေ့ကိုနားလည်ကြည်ဖြူခြင်းမှလွဲသည့် ဆန့်ကျင်ဘက် အတွေးအခေါ်အားလုံးကို သိမ်းကျုံး၍ "တစ်မျိုး"ဟု ခေါ်လိုက်ခြင်းဖြစ်သည်။

တံခွန်က မချိမဲ့နှင့် ရယ်၏။

"နမြောတာကလွဲရင် ကန့်ကွက်ဖို့ မရှိပါဘူး"

မိဘတွေတင် ကိုယ့်သားကိုယ့်သမီးကို တစ်ပါးသူစိမ်းလက်ထဲ ထည့်လိုက်ဖို့ နမြောမှာလား။ သားသမီးတွေကလည်း နမြောတာပဲ။



"သားလေး ... မေမေ ချစ်လို့မဝသေးလို့ပါ သားရယ်၊ သူစိမ်းမိန်းမတစ်ယောက်ကို ချစ်သွားမှာလည်း မေမေ မကြည့်ရက်ပါဘူး"တဲ့။

ဒါတောင် မေမေ ကြည်ဖြူသည့် မာနခပ်မြင့်မြင့် ဆရာဝန်မကို ရည်ရွယ်ပြောခြင်းဖြစ်သည်။ မေမေ သဘောမတူသည့် နှောင်ကြိုးလို သူငယ်မလေးမျိုးနှင့်များဆိုလျှင် မေမေဘယ်လိုခံစားရရှာမည်နည်း။

"သီးချိန်တန်လို့ သီးစေချင်တယ်၊ ပွင့်စေချင်တယ်၊ ဒါပေမဲ့ သားရယ်၊ ဘယ်လောက်ချမ်းသာပြီး အဆင်ပြေတယ်ပဲထား၊ အိမ်ထောင်ရယ်လို့ တည်ဆောက်ရင် အိမ်ထောင့်ဒုက္ခဆိုတာ ရှိတာပဲ ...

"မေမေ့သားလေး အဲဒီဒုက္ခတွင်းထဲ ဆင်းချေတော့လို့ မေမေ မကြည့်ရက်လိုက်တာ၊ မခိုင်းရက်လိုက်တာ"တဲ့။

"ခင်လေး သဘောတူရင်သာ ပေးစားပါကွာ၊ ကိုယ်ကတော့ ကိုယ့်သားကို လူပျိုဘဝနဲ့ ကြည့်ချင်သေးတယ်"တဲ့။

ဖေဖေလည်း နမြောခဲ့တာပါပဲ။

ဖေဖေသည် အိမ်ထောင်သည်ဘဝသို့ ရောက်ကတည်းက အိမ်ထောင့်သုခကို ပြည့်ဝစွာ မခံစားခဲ့ရရှာသူ ဖြစ်ပါ၏။ ချုချာသည့် ဇနီးသည်ကို အရိပ်လိုကြည့်ရင်း တစ်ဖက်တစ်လမ်းမှ စီးပွားချည်း ကျုံးရှာသည်။ ဇနီးသည်က သားတစ်ယောက် မွေးပြီးကတည်းက ထာဝရ နေထိုင်မကောင်း ဖြစ်နေတော့သည်။

အလုပ်မှ ပြန်လာသည့်အခါမှာ အလုပ်သမားတွေ ရုံးခပ်ပြင်ဆင်ထားသည့် ထမင်းဟင်းကိုသာ စားရသည်။ မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



နားမှာ ရှုံ့ကာမဲ့ကာ ညည်းညူတာတွေနာခံဖို့ ခပ်ပြုံးပြုံးလေး အခစားဝင်ရသည်။ ဖေဖေ မပျော်ရှာပါ။ မပျော်သည့်အတွက် "အပျော်"ကို ဖေဖေ ဘယ်မှာမှမရှာ။ အလုပ်ထဲ စိတ်နှစ်လျက် နှစ်ပေါင်းများစွာ ခြောက်သွေ့စွာ ရယ်မောပြခဲ့သူသာ ဖြစ်ပါ၏။

"ဖေဖေ့ကို နမြောသေးလို့ မုဆိုးဖိုဘဝနဲ့ ကြည့်ချင်သေးတယ်"ဟု ပြောချင်၏။

ဖေဖေလက်ထပ်မည့် အမျိုးသမီးက အပျိုကြီး။ စင်ကာပူရောက် မြန်မာပြည်ပေါက် အမျိုးသမီး။ ဖေဖေ့ညီတို့၊ ဖေဖေ့ခယ်မတို့နှင့် ခင်၏။ စီးပွားဖြစ်နေသည်။ ဟိုရှေးတုန်းတော့ ရန်ကုန်မှာ ဖေဖေနှင့် မြင်ဖူး တွေ့ဖူးရုံရှိသည်။

နိုင်ငံခြားမှာ စီးပွားလာဖြစ်နေပေမယ့် အိမ်ထောင်ရေးကျတော့ မြန်မာပြည်ပေါက်မို့ မြန်မာစွဲကလေးကို မဖျောက်နိုင်ချေ။

သည်လိုနှင့် အချိန်လွန်ကာ လေးဆယ်တွင်းသို့ချဉ်းပြီမို့ သည်တစ်သက်မှာ အိမ်ထောင်ပြုဖို့ အတွေးကိုတောင် မေ့ဖျောက်ပစ်ဖို့ ကြံစည်နေပြီ။

နဖူးစာရွာလည်ကာ ဖေဖေက ဆိုက် ဆိုက်မြိုက်မြိုက်ရောက်လာသည်။ မုဆိုးဖိုဖြစ်သည်။ သားတစ်ယောက်ရှိပေမယ့် ချီရပိုးရမည့်အရွယ်မှ မဟုတ်တော့ဘဲ။

လက်လွတ်နေပြီ။

"ယောက်ျားတွေများ မိန်းမသေရင် အသုဘလာပို့တဲ့ထဲမှာ ငါ ဘယ်သူ့ယူရကောင်းမလဲလို့ ကြည့်တယ်တဲ့၊ မိန်းမတွေများ မုဆိုးမဖြစ်ရင် ဘယ်တော့မှ မယူပါဘူး"



နှောင်ကြိုးလေးနှင့် သူ့ပိုချစ်သည် ငါပိုချစ်သည် စကားနိုင်လုကြစဉ်က ဝါကျလေးတွေကို သတိတရ ဖြစ်ရ၏။

"ယူပါတယ်ကွာ"

"ရှားတယ် ကိုကိုလေးရဲ့၊ မုဆိုးမတစ်ရာမှာ တစ်ယောက်လောက်ပဲ ထပ်ယူတာ၊ မြန်မာပြည်မှာပြောတာ၊ နိုင်ငံခြားကို ပြောတာမဟုတ်ဘူး"

"အေးပါ ... မယူတာမှ ဟုတ်ရဲ့လား၊ မရတာများလား"

အဲသည်တုန်းက နှောင်ကြိုးက တံခွန့်ကို သူ့လက်သည်းချွန်ချွန်လေးတွေနှင့် ဆွဲဆိတ်၏။

"တစ်ခါတုန်းက လေယာဉ်ပျံတစ်စင်း ပျက်တယ်"

"ပုံလား"

"တကယ့်အဖြစ်အပျက်"

"ဒါဆို အင်းလိုက်ဖို့ မလိုဘူးပေါ့၊ ပုံဆိုရင် အင်းလိုက်ပေးမလို့"

"တကယ်ပြောမလို့ ကိုကိုလေးရဲ့၊ ကောင်းကောင်းနားထောင်"

"ဟုတ်ကဲ့"

"အဲဒီလေယာဉ်ပျံပျက်တော့ သေဆုံးတဲ့ လူတွေထဲမှာ အနုပညာရှင် အမျိုးသမီးတစ်ယောက်ပါတယ်"

"ဟိုက် ... ဘယ်သူပါလိမ့်"

"အနုပညာရှင် အမျိုးသားတစ်ယောက်ရဲ့ ဇနီးလည်းပါတယ်"

"တိုက်တိုက်ဆိုင်ဆိုင်ပါလားနော်"

www.burmeseclassic.com

www.burmeseclassic.com



အဲသည်တုန်းက တံခွန်က ဟာသလုပ်ကာ ရယ်ပေးနေခဲ့သည်။

"မှဆိုးဖိုနှစ်ယောက် ကျန်တာပေါ့ ကိုကိုလေးရယ်၊ တစ်ယောက်က အနုပညာရှင်၊ တစ်ယောက်က အရာရှိ၊ ကဲ... ကိုကိုလေးပြော၊ သူတို့ နောက်ထပ် မိန်းမယူမလား၊ မယူဘူးလား"

"မယူဘူး"

"ယူတယ်"

"တစ်ယောက်က မယူပါဘူး"

"နှစ်ယောက်လုံး ယူတယ်၊ ဘယ်လောက်အကြာမှာ ယူလဲသိလား"

"ဆယ်နှစ်"

"ဖွတ်ချီး၊ တစ်ယောက်က သုံးလအကြာမှာ ယူတယ်၊ တစ်ယောက်က ခြောက်လအကြာမှာ ယူတယ်၊ သုံးလတည်းနဲ့ နောက်တစ်ယောက် ထပ်ယူတဲ့သူက ဘယ်သူဖြစ်မယ်ထင်လဲ ကိုကိုလေး တွေးကြည့်လေ"

"အနုပညာရှင် ဖြစ်မှာပေါ့၊ အနုပညာသမားဆိုတာ ထိရလွယ်တယ်၊ ခံစားလွယ်တယ်၊ ငိုလွယ် ရယ်လွယ်မို့ ချစ်လွယ်တယ်"

"မှားပြန်ပြီကွာ၊ အနုပညာသမားကမှ လူကြားကောင်းအောင် ခြောက်လထိ အောင့်အည်းနေသေးတယ်၊ ဟိုအရာရှိက သုံးလနဲ့ယူတာ"



ဖေဖေကတော့ တစ်လပြည့်အောင်တောင် မကြာပါ။ ဖေဖေ့ခယ်မ အန်တီလေးက တိုက်တွန်းတာလည်းပါသည်။ ဖေဖေ့ညီကတော့ ဖွတ်ကို မြှောက်ပေးတာဟု ဆိုနိုင်၏။

"သားဖေဖေက သားမေမေ သက်ရှိထင်ရှားရှိနေတဲ့ကာလတစ်လျှောက်လုံးမှာ မငြိုငြင်အောင် ထားခဲ့တယ်၊ သစ္စာတရားကို စောင့်ထိန်းခဲ့တယ်၊ လူမှုရေးဖောက်ပြန်မှု မရှိဘူး၊ ဘယ်လောက်ချီးကျူးစရာကောင်းလဲ"တဲ့။ အန်တီလေးက။

ချီးကျူးပါသည်။

ကိုယ့်အဖေမို့လို့ကို ပို၍ချီးကျူးလိုက်သေးသည်၊ ဖေဖေ့ကို အပြစ်မတင်လိုပါ။ နောက်ထပ် အိမ်ထောင်တစ်ခုကို ကမ္ဘာ့ရှုးထိုး ပြုခြင်းမျိုးလည်း မဟုတ်ပါ။ အချိန်ကာလ တိုတောင်းတာတစ်ခုပဲ ပြောစရာရှိသည်။ ယူသင့်ယူထိုက်သည့် ဂုဏ်သရေရှိအမျိုးသမီးကြီးတစ်ဦးနှင့် သိက္ခာရှိစွာ လက်ထပ်ခြင်းပဲဖြစ်သည်။

သို့ပေမဲ့ ...

ပြောခွင့်ရှိလို့ ပြောရမည်ဆိုလျှင် ဖေဖေ့ကို ပြောချင်တာလေးတစ်ခု ရှိပါသည်။

"နှမြောသေးလို့ ခဏစောင့်ပါလား ဖေဖေရယ်၊ ဖေဖေ့ကို မုဆိုးဖိုဘဝနဲ့ ကြည့်လို့မဝသေးပါဘူး"ဟူ၍။

မိဘကတင် ကိုယ့်သားကိုယ့်သမီးကို နှမြောတတ်လေသလား။ သားသမီးကလည်း မိဘကို နှမြောတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ စင်ကာပူမှာ ကျန်ခဲ့သည်။

ညီအစ်ကို မောင်နှမတွေကလည်း အဲသည်မှာ၊ အဲသည်မှာ အခြေချနေသည့် အမျိုးသမီးနှင့်လည်း လက်ထပ်ပြီ ဆိုတော့ ဖေဖေ မြန်မာပြည်သို့ ပြန်လာစရာ အကြောင်းကိစ္စ သိပ်ကိုနည်းသွားလေပြီ။

"ဖေဖေက လက်ချည်းဗလာနဲ့ မိန်းမယူတယ်ဆိုရင် လူအထင်သေးစရာ ဖြစ်မှာစိုးလို့၊ လိုတာလေး နည်းနည်းတော့ ပို့ပေးပါ"တဲ့။

"ရန်ကုန်မှာ ရှိသမျှ စီးပွားရေးတွေ အကုန်လုံး သားဆက်လုပ်ပါ၊ သားတစ်ဦးတည်းပိုင်"တဲ့။

"သားကို ဖေဖေ့အမွေအဖြစ် လုံးဝလွှဲတယ်"တဲ့။

"သားက စင်ကာပူမှာပဲနေမယ်၊ ဒီကမှတစ်ဆင့် ဂျပန်တို့၊ အမေရိကားတို့၊ ကျောင်းဆက်တက်ဖို့၊ အလုပ်လုပ်ဖို့ သွားချင်သွား၊ ခဏတစ်ဖြုတ်လည်ရအောင် ကမ္ဘာပတ်ချင်ပတ် ...

"သား ဆန္ဒရှိရင် ဖေဖေမတားဘူးနော်"တဲ့။



တံခွန် ကမ္ဘာမပတ်ချင်ပါ။ ကျောင်းလည်း သွားမတက်ချင်ပါ။ စင်ကာပူမှာလည်း မနေနိုင်ပါ။ ရန်ကုန်ကိုပြန်ဖြစ်အောင် ပြန်ရမည်။

ရှာရမည်၊ သက်မှုကြင်သူ၊ ချစ်သောကံဆိုးမလေးကို မတွေ့တွေ့အောင် ရှာရပါဦးမည်။ အသက်နှင့်ယှဉ်လျက်မှ ရှိနေသေးရဲ့လား နှောင်ကြိုးရေ။

သွားတုန်းက သုံးယောက်။ ပြန်လာတော့ တစ်ယောက်တည်းမို့ တံခွန့်အဖြစ်က ရင်နာဖို့လည်းကောင်းသည်။ အိမ်မှာ ဖေဖေတို့ မေမေတို့ ရှိစဉ်ကတည်းက သစ္စာရှိ ယာဉ်မောင်းကြီး ဦးဘအေးတစ်ယောက်တည်းကိုသာ အသိပေးလျက် တံခွန်ပြန်လာခဲ့သည်။ ကြယ်တံခွန်ကုမ္ပဏီမှ မည်သူတစ်ဦးတစ်ယောက်မျှ လာမကြိုပါ။

"ကျွန်တော်မောင်းမယ်ဦးလေး"ဟု မပြောဖြစ်တော့ပါ။

"အိမ်ကိုတန်းမပြန်ဘဲ ရန်ကုန်မြို့ပတ်စမ်းပါ ဦးလေးရယ်၊ ကြည့်ချင်လို့၊ လမ်းကြိုလမ်းကြားတွေလည်း ဝင်ပါ"

"ခရီးရောက်မဆိုက် ပင်ပန်းမလား"

"ယောကျ်ားပဲ"

ခတ်ဆိတ်တော်တော်ဖြုန်းပစ်လိုက်သည်။ ခြောက်လဆိုသည့် အတိုင်းအတာကာလအတွင်းမှာ ရန်ကုန်မြို့၏ တိုးတက်မှုအရှိန်ကများသည်။ သည်လောက် ပြောင်းလဲသွားမည်လို့တောင် မျှော်လင့်မထားပါ။ မထင်မှတ်တာတွေ တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့် တမ်းတရသူကတော့ ... ကွယ်ပျောက်လို့ နေပါပြီ၊

မင်း ဘယ်မှာလဲ နှောင်ကြိုးရယ်။



## အခန်း(၁၁)

"ကြယ်တံခွန်"စားတော်ဆက်မှာ လူတွေပြည့်လျှံနေသည်။ မြက်ခင်းပြင်မှာ စားပွဲဝိုင်းတွေ ပြည့်နေသလို စားပွဲဝိုင်းတိုင်းမှာလည်း လူနှင့်ပြည့်၏။ အဆောက်အအုံထဲမှာလည်း နှစ်ထပ်လုံးလုံး စားပွဲပြည့်လူပြည့်။ အဆောက်အအုံက နှစ်ထပ်ခွဲပေမယ့် အပေါ်ဆုံးထပ် တစ်ဝက်သာ ထုတ်ထားသည့် နေရာမှာတော့ စားသောက်ရန် စားပွဲများမရှိပါ။

စင်စစ် ဤစားတော်ဆက်ကို အစက ဦးဥက္ကာပိုင်သည်။ အခု တံခွန် ပိုင်သည်။ ဦးဥက္ကာက ရန်ကုန်မြို့မှာရှိသမျှ စီးပွားရေးလုပ်ငန်းများကို တချို့ စင်ကာပူသို့ရွှေ့သည်။ မရွှေ့ဘဲကျန်သည့်လုပ်ငန်းအားလုံး တံခွန်ပိုင်အဖြစ် စာချုပ်စာတမ်းနှင့် လွှဲသည်။

ဦးဥက္ကာ၏ဇနီး ဒေါ်ဂျူလီယာက မြန်မာပြည်သို့ ပြန်မရောက်တာ ဆယ်နှစ်ရှိပြီမို့ အလည်အပတ်လာရင်း တံခွန်၏ မွေးနေ့ပွဲကို ခမ်းနားစွာ ကျင်းပပေးလိုသည်ဟု ဆို၏။ ထိုအခမ်းအနားကို တံခွန်ပိုင်သည့် "ကြယ်တံခွန်"မှာပဲ ကျင်းပဖြစ်ပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် ကုန်ကျစရိတ်အားလုံးကို ဂျူလီယာက ကျခံပါရစေဟုပြော၏။ ယခုမှ တွေ့မြင်ရင်းနှီးကာ အိမ်ထောင်ပြုဖြစ်သွားပေမယ့် ဦးဥက္ကနှင့် ဒေါ်ဂျူလီယာတို့သည် လူကြီးလူကောင်း ဇနီးမောင်နှံအဖြစ် ကြင်ကြင်နာနာ ရှိကြသည်။ ဦးဥက္ကာအနေနှင့် တံခွန့်အမေရှိခဲ့စဉ်က ဇနီးသည်ရှိသည်သာဆိုငြား ဇနီး၏ကြင်နာပြုစုမှုကို ခံယူရသူ မဟုတ်ပါ။ ဒေါ်ခင်မလေးသာထက်က နှလုံးရောဂါဖြင့် ရွှေ့ရွှေ့ကလေးလောက် လှုပ်ရှားနိုင်သူမို့ ခင်ပွန်းသည်ကို မပြုစုနိုင်ပါ။

ဒေါ်ဂျူလီယာကျတော့လည်း တစ်ဦးတည်း ရုန်းကန်ခဲ့ရသည့်နှစ်တွေ ကြာခဲ့ပြီ။ စီးပွားရေးကလည်း ခိုင်မာပြီမို့ အားကိုးဖွယ် ခင်ပွန်းသည်တစ်ဦးထံမှာ မှီနွဲ့လျက် နားခိုချင်ပြီ။ ထိုသူသည် လူကြီးလူကောင်း ဖြစ်ရမည်။ ကြင်နာညှာတာတတ်ရမည်။ မိမိစီးပွားဥစ္စာတွေကို ခဏတစ်ဖြုတ်အတွင်း မကုန်ကုန်အောင် ဖြုန်းပစ်မည့်သူ မဖြစ်စေရ။

ဘဝတစ်လျှောက် အပြန်အလှန် ကြင်နာဖေးမစွာ ကူညီလက်တွဲ သွားလိုသည်။ မိမိဘက်မှလည်း မိန်းမသားတစ်ယောက်၏ ပြုစုကြင်နာမှုမျိုးဖြင့် ပြန်လည်ပေးဆပ်လိုသည်။ သူတို့အိမ်ထောင်ရေးက အဆင်ပြေချောမွေ့ပါ၏။ တစ်ဦးတည်းသော သားဖြစ်သူ "တံခွန်"နှင့်လည်း အဆင်ပြေလိုစိတ် ရှိပုံရသည်။

"ကျေးဇူးပြု၍ နားဆင်ပါရှင်"

တီးဝိုင်းအဖွဲ့မှ အစီအစဉ် ကြေညာသူ မိန်းကလေး၏အသံ ထွက်လာသည်။



"ကြယ်တံခွန်စားတော်ဆက်ပိုင်ရှင် ဦးတံခွန်ရဲ့မင်္ဂလာရှိသော မွေးနေ့ရက်မြတ်ပါရှင် ...

"ကြွရောက်လာကြတဲ့ မင်းပရိသတ်များကို ဦးတံခွန်ရဲ့ဖခင် ဦးဥက္ကာက စကားအနည်းငယ် ပြောပါရစေလို့ ...

"ခွင့်ပန်ပါတယ်၊ ကျေးဇူးပြု၍ နားဆင်ပေးပါ ...

"ကျေးဇူးတင်ပါတယ်ရှင်"

ဦးဥက္ကာက မိုက်ခွက်ရှိရာသို့ ဝင်လာ၏။

"ကျွန်တော် ဥက္ကာပါခင်ဗျ"

လက်ခုပ်သံတွေ ထွက်လာသည်။ ရယ်သံတချို့လည်းထွက်၏။ ဖိတ်ကြားထားသည့် မိတ်ဆွေတွေထဲမှာ ဦးဥက္ကာတို့ တံခွန်တို့ မိတ်ဆွေ၊ စီးပွားဖက်အလုပ်မိတ်ဆွေတွေ ပါဝင်သည်မို့ ရင်းနှီးစွာ နောက်ရဲပြောင်ရဲတွေ ပါဝင်၏။

"ဒီလောက်နဲ့ မရယ်ကြပါနဲ့ဦး၊ နောက်ထပ် ဒီထက် ရယ်စရာရှိပါသေးတယ်"

ဝါးခနဲ ရယ်ကြပြန်၏။

"မွေးနေ့ရှင်က ကျွန်တော့်သားပါ၊ သားရဲ့မွေးနေ့မှာ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ မီနူးကတ်ကြည့်ပြီး ကြိုက်နှစ်သက်ရာကို မှာယူသုံးဆောင်နိုင်ပါတယ် ခင်ဗျ"

လက်ခုပ်သံ ထွက်လာပြန်သည်။

"ရယ်ကြပါလား ခင်ဗျာ၊ ကျွေးတာကြီးကို မကြိုက်ဘဲစားရတာနဲ့စာရင် ကိုယ်ကြိုက်တာ ကိုယ်မှာစားခွင့်ရတာ ရယ်စရာ မဟုတ်ဘူးလား ခင်ဗျာ"

ခုမှပဲ ရယ်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ဖိတ်စာကမ်းခွင့် မကြုံလိုက်တဲ့ ဖောက်သည်များ၊ စားပွဲများမှာ လာရောက်ပြီး အားပေးချီးမြှင့်ကြတဲ့ ပရိသတ်များလည်း မိမိတို့ကြိုက်ရာ မှာယူစားသုံးပြီးတဲ့ အခါမှာ ...

"ကျသင့်ငွေကို ပေးချေဖို့ မလိုပါဘူးခင်ဗျာ၊ ကျွန်တော့်သားရဲ့မွေးနေ့ပွဲအတွက် ဒါနမြောက်စေဖို့ ကူညီစားသုံးပေးကြပါ"

"ဝေး"ခနဲသံကြီး ထွက်လာသည်။ မူးသည့်သူအချို့ကလည်း မူးသင့်သလောက် မူးပြီမို့ လူပျော်တွေ ဖြစ်ကုန်၏။

ရင်းနှီးသူတွေက တရင်းတနှီးပြောကာအော်ကာ ရယ်ကြမောကြ၏။

"ဦးဥက္ကာက ဘယ်တော့ ထပ်ကျွေးမှာလဲ ခင်ဗျ"

"လာမယ့် တနင်္ဂနွေပါ"

ဦးဥက္ကာ ချက်ချင်းဖြေသည်။ စင်ကာပူမှာ လက်ထပ်ပြီး တံခွန်သာ ပြန်လာခဲ့သည်။ ဦးဥက္ကာ ကျန်ရစ်ခဲ့၏။ ခုမှ တံခွန့်မွေးနေကျမှ ပြန်လာကြသည်မို့ ဦးဥက္ကာ လက်ထပ်ပွဲအတွက် မကျွေးမွေးရသေးပါ။

"လာမယ့်တနင်္ဂနွေကို စီစဉ်ထားပါတယ်၊ သားမွေးနေ့က အရင်ကျသွားလို့ပါ၊ ကျွေးပါ့မယ်၊ ကျွေးမှာပါ"

"ဇနီးချောကိုလည်း ပြပါဦး"

ဒေါ်ဂျူလီယာက ဦးဥက္ကာနားမှာ လာရပ်သည်။ စောစောတုန်းကတော့ သူက တံခွန့်နားမှာ နေပေးနေသည်။ တံခွန်က သူ့အဖေ လာစီစဉ်လို့သာ မွေးနေ့ပွဲကြီး လုပ်လိုက်ရသည်။ လူက မပျော်ပါ။



"အခု ဒီခြံထဲ အဆောက်အအုံထဲမှာ ရှိနေသမျှ လူကြီးလူကောင်း ဂုဏ်သရေရှိ အမျိုးသမီးကြီးများ၊ လူငယ်လူရွယ်များအားလုံးကို တစ်ခါတည်း ဖိတ်လိုက်ပါတယ် ခင်ဗျ၊ ဖိတ်စာမရိုက်တော့ပါဘူး၊ နှုတ်နဲ့ပဲဖိတ်ပါတယ်၊ အခုရှိနေသမျှ လူအားလုံး ကြွခဲ့ကြပါ"

လူငယ်မင်္ဂလာဆောင် မဟုတ်သည်မို့ ဖိတ်စာရိုက်တာတွေ၊ လက်ထပ်တာတွေ၊ ပွဲထုတ်တာတွေ မလုပ်တော့ပါ။ သည်တိုင်းပဲ ကျွေးမွေးဧည့်ခံမည်ဖြစ်၏။

ဦးဥက္ကာ စကားပြောပြီးတော့ တီးဝိုင်းအဖွဲ့က ပြန်တီးသည်။ အဆိုတော်မလေးတွေက သီချင်းပြန်ဆိုကြသည်။ တံခွန်က ဟိုဝိုင်းသည်ဝိုင်းသို့ ခပ်ဖြည်းဖြည်းကူးသည်။

"ဟာ ... စောနှောင်"

"အေး"

စောနှောင်က တံခွန့်လက်ကိုဆွဲ၍ ထိုင်ခိုင်းသည်။ သူ့ခုံကို ပေးလိုက်ရတာမို့ သူက မတ်တတ်ထရပ်သည်။ တံခွန့်ကို အရိပ်လိုကြည့်နေသည့် ဒေါ်ဂျူလီယာက စားပွဲထိုးတစ်ယောက်ကို စောနှောင်အတွက် ခုံတစ်လုံးသွားပို့ဖို့ခိုင်းသည်နှင့် ချက်ချင်းရောက်လာ၏။

"မင်းနဲ့တွေ့ရတာ ဝမ်းသာလိုက်တာ"

တံခွန် တကယ်ပဲ ဝမ်းသာပါသည်။ စောနှောင်က ငယ်သူငယ်ချင်းဖြစ်၏။ တော်တော်လေးလည်း ခင်သည်။ ပြောမနာ ဆိုမနာတွေ။ မတွေ့တာတောင် ကြာပြီ။

www.burmeseclassic.com

www.burmeseclassic.com



စောနောင်နှင့် စကားပြောရင်း မျက်ဝန်းကိုရွှေ့လျှားဖြစ်၏။ မျက်ဝန်းတူရူမှာ အဆိုတော်မလေးတစ်ယောက် သီချင်းဆိုနေသည်။ ဘလောက်စ်အင်္ကျီ ဖားဖားပွပွကြီးနှင့်ပေမယ့် အမြင်ဆန်းကာ တော်တော်လှသည်။ စကတ်က နည်းနည်းတိုနေသည်။ ဒူးဆစ်နှင့် တစ်ညီတည်း။ ဖြစ်နိုင်လျှင် မြန်မာမကလေးတွေ ဟိုတုန်းကလို ခြေမျက်စိ လူမြင်မခံရခေတ်ကို ပြန်မသွားချင်နေပါ။ ခုညင်းဒိုးနှင့် ဒူးခေါက်ခွက် လူမြင်စေတာတော့ ဆိုးလှသည်မို့ ဒူးဆစ်လုံစေချင်သည်။

ဤသူငယ်မ ဒူးဆစ်မလုံပါ။

"ဘာလဲ ... ကိုယ့်ဟိုတယ်က အဆိုတော် ကိုယ်ပြန်ကြိုင်မနေနဲ့၊ လူကြားလို့ မကောင်းဘူး"

"နေဦးကွ၊ ငါ ပိုင်တယ်သာဆိုတယ်၊ ဒါတစ်ခုလုံး ကိုထူးကြီးနဲ့ လွှဲထားတာ၊ ဘယ်ဝိုင်းကတီးလို့ ဘယ်သူတွေဆိုနေမှန်း ငါသိတာ မဟုတ်ဘူး၊ ဒီကောင်မလေးက အဆိုတော်လား"

"သီချင်းဆိုနေမှတော့ အဆိုတော်ပေါ့"

"မင်း သိလား ... သူ့ကို"

"ဘယ်သိမလဲကွ"

"သူ့နာမည် ငါ သိချင်လို့"

တံခွန် ဟိုဘက်သည်ဘက် ငဲ့ကြည့်လိုက်သည်။ စားပွဲထိုးတစ်ယောက်တွေ့တော့ ခေါင်းညိတ်၍ ခေါ်လိုက်သည်။

"အခု သီချင်းဆိုနေတာ ဘယ်သူလဲ"

"မနော်ဟာရီ ... တဲ့"



"နာမည်အရင်းလား"

"မသိဘူး ဆရာ"

"ပြီးရင် သူ ဘယ်မှာနားလဲ"

"တခြားသွားမနားပါဘူး၊ အော်ဂင်နားမှာ ချထားတဲ့ ခုံတွေမှာပဲ ထိုင်မှာပါ"

"ငါ့ဆီ လွှတ်ပေးကွာ၊ ပြောစရာရှိတယ်၊ ငါ ဘယ်ကစောင့်ရင် ကောင်းမလဲ"

"ဆရာ အပေါ်တက်မှာ မဟုတ်လား၊ ဆရာရှိတဲ့စားပွဲကို လွှတ်ပေးပါ့မယ်"

"အေး ... ကောင်းပြီလေ"

ဆက်တက်ခဲ့ကြသည်။

"တံခွန် ... မင်းကို ဒါမျိုးကင်းတယ်မှတ်တာ"

"လုံးဝကင်းတယ်"

"ဘာလုပ်မလို့ ခေါ်တာလဲ"

"ငါ ... ငါ့ဘဝအတွက် သိပ်အရေးကြီးတဲ့ မိန်းကလေးနဲ့ တော်တော်တူနေလို့"

"တူရုံပဲလား"

"တူရုံပဲ"

"တူရုံနဲ့တူတဲ့သူကို ဘာလုပ်မှာလဲ"

"ထဘီမဝတ်ချင်ရင် ဘောင်းဘီရှည်ဝတ်၊ စကတ်တိုရင် အလုပ်ဖြုတ်မယ်လို့ ပြောမလို့"

စောနောင် ခုမှ သဘောတကျဖြစ်သွားကာ ရယ်၏။ အပေါ်ထပ်သို့ရောက်တော့ သူငယ်ချင်းတွေ အားလုံးက တစ်ဝိုင်းဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ"

"ဟာ ... ခွေးကောင်ကြီး"

အားလုံး ဝမ်းသာအားရသံတွေ ဆူညံသွားလေတော့သည်။



## အခန်း(၁၂)

"သူဌေး ခေါ်တယ်ဆိုလို့ပါ"

မနော်ဟာရီ ခြေစုံလေးရပ်နေ၏။

"ထိုင်ပါဦး"

တံခွန်က ခုံတစ်လုံးဆီ လက်ညှိုးညွှန်၏။ ကောင်မလေး ခပ်ကုပ်ကုပ် ဝင်ထိုင်သည်။ မျက်လွှာချထား၏။ တံခွန်က ခြေဆုံးခေါင်းဖျား အစုန်အဆန်ကြည့်သည်။

ဆံပင်သည်ဦးရေဖျားမှာကပ်လျက် တွန့်လိမ်ကောက်ကွေးနေ၏။ ကပ္ပလီမတွေဆံပင်နှင့် တူနေသည်။ ရုတ်တရက်ကြည့်လျှင် အတွန့်အလိပ် ဆံရှည်ခွေလေး လေးငါးဆယ်ချောင်းသာ ဟိုကသည်က ကျမနေလျှင် ခေါင်းတုံးလို့တောင် ထင်နိုင်လောက်သည်။ အလိပ်အခွေက အဲသည်လောက်ထိ တွန့်ကပ်သည်။ ဦးရေဖျားမှာ တွန့်လျက်၊ လိပ်လျက်၊ ခွေလျက် ကွေးကောက်နေသည့် ဆံပင်ကပ်ကပ်တွေကြားထဲကမှ ဆံပင်အလိပ်အခွေအရှည်ကြီး၊ တံခွန် စေ့စေ့ကြည့်၍ ရေတွက်တော့ ဆယ်ချောင်းတိတိ တွဲလောင်းကျနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်သည် မိန်းကလေးတစ်ယောက်၏ ကာယိန္ဒြေကို မထိခိုက်နိုင်ဘူးဘဲထား၊ ကြည့်ရတာတော့ တော်တော်လေး သရုပ်ပျက်နေသည်။ ကြည့်မကောင်းပါ။ စိတ်နောက်နေသည့် အမျိုးသမီး၊ ဆံပင်တွေ မဖြီးမသင်၍ ဂျပ်ခဲကြီးဖြစ်ကာ ကပ်ချင်သည့်နေရာကကပ်၊ ကျချင်သည့်နေရာကကျ ဆိုသလိုဖြစ်နေတာ အမှန်ပါ။

သို့ပေမဲ့ ...

ဤအပြင်အဆင်သည် အရှုံးမတစ်ယောက်နှင့် တူပင်တူနေငြား ဤသူငယ်မနှင့်ကျတော့ လှနေ၏။ ပင်ကိုက လှလွန်းသည်မို့ ဂုန်နီအိတ်အပေါက်ဖောက်ပြီး စွပ်ချထားလည်း လှမည့်သူကလေးမို့ နဂိုရှိသူမို့ နဂိုင်းတွေ ထွက်ချင်တိုင်းထွက်ကာ လှနေ၏။

မျက်နှာမှာ မိတ်ကပ်ထုက ဘယ်လောက်များ တက်နေသည်မသိ။ နီးဖျားလေးနှင့် ခြစ်ချလျှင်တောင် အလွှာလိုက်ကွာမည်ထင်၏။ မိတ်ကပ်ဖွေးဖွေးအပေါ်မှာ ပါးရဲရဲ၊ မျက်ခွံစိမ်းစိမ်း၊ မျက်ရစ်မည်းမည်းတို့က အရောင်ရင့်လွန်းသည်။ မျက်ခုံးက မူလကပင် မပေါက်တာလား၊ ပေါက်ပါလျက် ရိတ်ပစ်၊ မိတ်ကပ်ဖို့ပြီးမှ ကြိုက်ရာပုံ ပြန်ဆွဲထားတာလားမသိ။ နှာခေါင်းရင်းထိပ်ဖျားဆီမှသည် နားထင်ဘက်ဆီသို့ တန်းတန်းမတ်မတ် ထောင်တက်သွားသည်။

မျက်ခုံးက အညိုရောင်။

သူမ မျက်နှာပေါ်မှ အရောင်တွေကို ရေတွက်ကြည့်လျှင် ပန်းရောင်၊ အနီရောင်၊ အစိမ်းရောင်၊ အမည်းရောင်၊ အညိုရောင်၊ မျက်ခုံးအညိုနှင့် မျက်ခွံစိမ်းစိမ်းနှစ်ခုကြားမှာ ခရမ်းရောင်တစ်ရောင်ပါသေးသည်။ နှုတ်ခမ်းက ကြက်သွေးရင့်ရင့်မှိုင်းမှိုင်းကြီး။



ဘာပဲဖြစ်ဖြစ် လှတော့လှ၏။

နဂိုရှိသူမို့ တစ်ရောင်မှ မခြယ်ဘဲ မျက်နှာတစ်ခုလုံး ဆပ်ပြာတိုက်သစ်ပစ်လိုက်လျှင်လည်း လှမှာပါပဲ။ သို့ပေမဲ့ ခုပုံစံက ကလက်လွန်းသည်။ မျက်စိနောက်စရာ ကောင်းသည်။ ခေတ်ကတော့ မီသလား မမေးနှင့်။ မီရုံမက ခေတ်ရှေ့ကကြိုပြေးနေ၏။

အင်္ကျီလုံလဲတာတော့ ချီးကျူးရမည်။

အသားပျော့ပျော့ပါးပါး ဆိုပေမယ့် ထူထဲပွရောင်းသည်။ အလိပ်အခွေလိုင်းတွန့်တွေ ဟိုရှုပ်သည်ရှုပ် လုပ်ထားသည်။ အထူးသဖြင့် လည်မဟိုက်သည်မို့ လုံလုံလဲလဲရှိသည်၊ စကတ်ကျမှ လာတိုနေတာ ခက်၏။ စကတ်အောက်မှ ပေါ်လွင်နေသည့် ခြေသလုံးသားလေးတွေက လူကိုယ်ခန္ဓာ၏ အနိမ့်ဆုံးအပိုင်းမှာ ရှိနေဖို့ မတန်လောက်အောင် လှလွန်းသည်။

"မင်းနာမည် ဘယ်သူလဲ"

"မနော်ဟာရီပါရှင်"

ကောင်မလေးက ရှိရှိသေသေဖြေ၏။ သူ့ကိုလာပြောသည့် ဟိုတယ်ဝန်ထမ်းက "သူဌေးကခေါ်ခိုင်းလို့"ဟုပြောခဲ့သည်မို့ မိမိ၏ကောင်းကျိုး ဆိုးကျိုးသည် သူဌေးအပေါ်မှာ အများကြီး တည်နေတာ သူ နားလည်ပုံရသည်။

"နာမည်ရင်းလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ လုတဲ့နာမည် မှတ်ထားတာပါ"

"နာမည်ရင်း ပြောနိုင်မလား"

"ကျွန်မ မမှတ်မိတော့ပါဘူး"

"ဘာပြောတယ်"

"ကျွန်မ ... အတိတ်မေ့နေပါတယ်"

"ဩော် ..."

ရှိးသားမှုကို အမှတ်ပေးလို့မှ မဆုံးသေး၊ အဖြီးအညာ အချီးတွေက လာပြီ။

"မင်း အတိတ်မေ့နေတယ်လို့ ဘယ်သူက ပြောလဲ"

"ဆရာဝန်နဲ့ ကျွန်မမိဘတွေကပါ"

"မင်းမှာ မိဘရှိလား"

"ရှိပါတယ်"

"အရင်းလား၊ မွေးစားတာလား"

"အရင်းပါ"

"မင်း ... ဒီမှာ သီချင်းလာဆိုတာ မင်းမိဘတွေ သဘောတူလား"

"တူပါတယ်"

"မင်း ဘယ်မှာနေလဲ"

လိပ်စာတစ်ခုကို ရွတ်ပြသည်။

"မင်းက ဘယ်လိုဖြစ်ပြီး အတိတ်မေ့သွားရတာလဲ"

"ကျွန်မ မသိပါဘူး"

"ဆရာဝန်နဲ့ မင်းမိဘတွေက ပြောမပြဘူးလား"



"သူတို့က ပြောပြလို့ သိရတာထက် ကျွန်မဘာသာပြန်ပြီး သတိရမှ ရောဂါပျောက်မယ်တဲ့၊ အဲဒါကြောင့် မသိပါဘူး၊ စိတ်ထင်တာတော့ ရှိပါတယ်"

"ဘာလဲ"

"သစ်ပင်ပေါ်က လိမ့်ကျတာလား မသိဘူး၊ ကျွန်မ သစ်ပင်မြင်ရင် အရမ်းတက်ချင်ပါတယ်၊ မြင့်လေ ကုတ်ကတ် တွယ်တက်ချင်လေပဲ"

"တက်ပြီးပလား"

"သစ်ပင်ကြီးတွေ ရှိတဲ့နေရာက လမ်းဘေး လူမြင်သူမြင် နေရာကြီးတွေမို့ တစ်ခါမှ မတက်ရသေးပါဘူး၊ ကျွန်မ တက်ရင် အမြင့်ဆုံးရောက်မယ်လို့ စိတ်ထဲမှာ ထင်ပါတယ်"

"ဘာတွေ လျှောက်ပြောနေတာလဲ"ဟု အော်ပစ် လိုက်ချင်သည်။ သူ ပေါက်ကရတွေ ပါးစပ်ထဲတွေ့တာတွေ လျှောက်ပြောနေတာ အသိသာကြီး၊ သူ့ဘဝသူ ဖုံးကွယ်ထားချင် သည်မို့ ပြောချင်ရာတွေ ပြောနေတာလည်း ဖြစ်နိုင်သည်။

"ဒီစားသောက်ဆိုင်မှာ သီချင်းဆိုတဲ့မိန်းကလေး စုစုပေါင်း ဘယ်နှယောက်ရှိလဲ မင်း သိလား"

"မန်နေဂျာကြီးက သုံးဆယ့်လေးယောက် ရှိတယ်လို့ ပြောပါတယ်"

"များလှချည်လား"

"ကိုထူးကြီး ခေါ်ပေးစမ်း"ဟု အနားမှ ဝန်ထမ်း တစ်ဦးကို ခိုင်းလိုက်သည်။

"အစ်ကိုလေး ခေါ်တယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတွေက လူတော်တော်များများက တံခွန့်ကို "အစ်ကို"ခေါ်ကြသည်။ တံခွန်ထက် အသက်တော်တော်လေးပိုကြီးသူတွေကျမှ "အစ်ကိုလေး"တို့ "အာစရိ"တို့ ခေါ်ကြသည်။ တံခွန်က "သူဌေး"ခေါ်လည်းမကြိုက်၊ "ဆရာ"ခေါ်လည်းမကြိုက်ပါ။ လက်တိုလက်တောင်း၊ စားပွဲထိုးအဆင့်လောက်ရှိသည့် လူတွေလောက်က "ဆရာ"ခေါ်တာမျိုးကျတော့ တံခွန် လိုက်ပိတ်ပင်မနေတော့ပါ။

"မိန်းကလေးအဆိုတော်တွေ များလှချည်လား ကိုထူးကြီး"

"များဆို ယောကျ်ားအဆိုတော် တစ်ယောက်မှ မရှိဘူး၊ လာစားသောက်တဲ့သူတွေက ယောကျ်ားဆိုရင် နားထောင်ရတာ ပျင်းကြတယ် အစ်ကိုလေး"

"သုံးဆယ့်လေးယောက်လုံး နေ့တိုင်းဆိုတာပဲလား"

"နေ့တိုင်းတော့ မဟုတ်ပါဘူး၊ သူ့အလှည့်နဲ့ သူပါ"

"ကောင်မလေးတွေ ဘာဝတ်ကြလဲ"

"ခင်ဗျာ"

"တစ်ယောက်မှ ထဘီမဝတ်ကြဘူးလား"

"ဝတ်တဲ့သူလည်း ရှိပါတယ်"

"ပြီးတော့ကော"

"ဘောင်းဘီရှည်၊ ဘောင်းဘီတို၊ ဂါဝန်၊ စကတ်၊ အမျိုးစုံဝတ်တာပါပဲ"

"ကျွန်တော် ပြောမယ်ဗျာ၊ ကောင်မလေးတွေကို ပြောပါ၊ အတတ်နိုင်ဆုံး ထဘီဝတ်ကြပါလို့"

"ဟုတ် ... ကဲ့"



"ဘောင်းဘီရှည် ဝတ်ရင်လည်း ဝတ်ပါ၊ ဘောင်းဘီတိုတော့ မဝတ်စေနဲ့ဗျာ၊ ဒါ မြန်မာပြည်"

"ဟုတ်ကဲ့"

"ဂါဝန်ဝတ်ရင်လည်း ဂါဝန်အဖျားစဟာ ဒူးဖုံးပါစေ၊ စကတ်လည်း တူတူပေါ့၊ ခြေမျက်စိထိ လိုက်ဖုံးဖို့ ကျွန်တော်မပြောဘူး၊ ဒူးဆစ်တော့ လုံပစေ"

"အစက ဒူးဆစ်လုံအောင် ရှည်ရှည်ဝတ်တဲ့သူတွေ ရှိပါတယ်၊ တဖြည်းဖြည်းနဲ့ တိုကုန်တာ"

"မတိုဘဲ ကြဲ့ကြဲ့ခံနေတဲ့ သံမဏိစိတ်ဓာတ်တွေ မပါဘူးလား ခင်ဗျား အဆိုတော်တွေထဲမှာ"

"ပါပါတယ် အစ်ကိုလေး၊ ခုထိ ထဘီပဲဝတ်ပြီး အဲဒီထဘီကိုတောင် သိပ်မတိုတာတွေ၊ ဂါဝန်ဆိုလည်း ခြေသလုံးထိ ရှည်ရှည်ဝတ်တာ၊ တချို့များဆို ကြမ်းပြင်မှာတောင် ဝဲနေတာတွေ ပါပါတယ်"

"အဲဒီလို ဝတ်ပါစေဗျာ၊ ဒီမှာ မနော်ဟရီ"

"ရှင်"

"မင်း ... ဩော် ... ကိုထူးကြီး၊ သွားလို့ရပြီနော်"

မန်နေဂျာကြီး ထွက်သွားသည်။

"မင်း ..."

တံခွန် လက်ညှိုးတစ်ချောင်းထောင်၍ ပြော၏။

"ထဘီဝတ်ချင်ဝတ်၊ ဂါဝန်ဝတ်ချင်ဝတ်၊ ဒါမှမဟုတ် ဘောင်းဘီရှည်ဝတ်၊ ဘောင်းဘီတိုတော့ မဝတ်ရဘူး ကြား လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"မင်း ဝတ်သမျှတိုင်းဟာ တိုနန့်နန့်တွေ မဖြစ်စေနဲ့၊ ရှည်ပစေ၊ ရှည်နိုင်သလောက်ရှည်၊ ကြမ်းပြင် ဖုတ်တိုက်ပြီး လမ်းမကြောင်း ချွေးချေးသိမ်းချင် သိမ်းပစေ၊ ကြားတယ်နော်"

"ဟုတ်ကဲ့"

"ပြီးတော့ ... မင်း"

မနော်ဟရီဆိုသည့် ချာတိတ်မကို ဇေ့ဇေ့ကြည့်ပြန်သည်။

"ဒီမှာ အဆိုတော်သုံးဆယ့်လေးယောက် ရှိတယ်တဲ့၊ အကုန်လုံးကိုတော့ တို့ မမြင်ဖူးသေးဘူး၊ ဒါပေမဲ့ အားလုံးထဲမှာ မင်း မိတ်ကပ်အထူဆုံးပဲ ထင်တယ်"

မနော်ဟရီ ဘာမျှပြန်မပြောဘဲ ခေါင်းငုံ့နေသည်။

"မင်းမျက်နှာက အရောင်စုံလွန်းတယ်၊ စုစုပေါင်း ခုနစ်ရောင်၊ မင်း သိလား"

"ဘယ်ဟုတ်မလဲ ဆယ်ရောင်၊ နှုတ်ခမ်းဆိုက နှစ်ရောင်စပ်ဆိုးမှ သွေးခဲလို နီနီပျစ်ပျစ်ကြီးဖြစ်တာ၊ လက်သည်းနဲ့ ခြေသည်းက အရောင်မတူဘူး၊ ခြေသည်းက တစ်ရောင်၊ လက်သည်းကတစ်ရောင်၊ စုစုပေါင်း ဆယ်ရောင်"

ဟု မနော်ဟရီ ကျိတ်ပြောလိုက်သည်။ အသံတော့ ထွက်မလာပါ။ ခေါင်းငုံ့ထား၏။ ဘာကြောင့်မှန်းမသိ၊ ငိုချင်လာသည်။ အဆူခံနေရသည်လေ။



"ဘာဖြစ်လဲလို့ မင်းက ထင်ချင်ထင်မယ်၊ ကလက်တယ်၊ ကျွန်မရဘူး၊ အဆိုတော်တွေ မင်းသမီးတွေ မိတ်ကပ်လိမ်းကြတာပဲ ...

"သူများတွေက လှရုံလိမ်းတယ်၊ မင်းလိမ်းတာက ရုပ်ဖျက်ချင်လို့ လိမ်းသလို ဆပ်ကပ်ထဲက လူရွှင်တော်လို အရုပ်ကြီးတစ်ရုပ် ဖြစ်နေတယ်"

"ကျွန်မ အဲဒီလိုလိမ်းရင် အလုပ်က ဖြုတ်မှာလား"

"ဟာ ... ဘယ်လိုမေးခွန်းလဲ"

"ဟိုတလောက အဆိုတော်တစ်ယောက်ကို စကတ်ရှည်လို့ ဆိုပြီး မန်နေဂျာကြီးက ဆူနေလို့ပါ"

"ကိုထူးကြီးက အဲဒီလိုပဲ ပြောသလား"

မနော်ဟရီ ခေါင်းငုံ့နေပြန်သည်။ တံခွန် ဆက်မမေးတော့ဘဲ စိုက်ကြည့်နေပြန်သည်။ မနော်ဟရီဆိုသည့် ကောင်မလေး။ သူများနှင့်မတူတာတော့ အမှန်ပဲ။ သူ့ကိုယ်သူအတိတ်မေ့နေသည် ဟုလည်း ပြောသေးသည်။

"အတိတ်မေ့တဲ့ ရောဂါဆိုတာကို မင်းက ကြားဖူးနားဝတော့်တော်ရှိပုံရတယ် ... ဟုတ်လား"

မနော်ဟရီ ခေါင်းကို ငုံ့သည်ထက် ငုံ့ပြန်၏။

"အဲဒီရောဂါကို စာထဲမှာတော့ သင်ရတယ်၊ အပြင်လောကမှာ လက်တွေ့အနေနဲ့ သူ့ဆရာဝန်သက်တမ်းမှာ တစ်ယောက်မှ မရှိသေးဘူးလို့ တို့မိတ်ဆွေ စိတ်ရောဂါကုဆရာဝန်ကြီးက ပြောဖူးတယ် ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ တို့မိတ်ဆွေ ဆရာဝန်ကြီး ဗဟုသုတရအောင် မင်းက ကူညီတဲ့အနေနဲ့ ရောဂါအစမ်းသပ်ခံပေးပါလား၊ တို့ အကူအညီ တောင်းတာပါ"

"အဲဒါ မကူညီရင် ကျွန်မကို အလုပ်ဖြုတ်မှာလား"

"ဘာမေးခွန်းလဲ၊ လုပ်ပြန်ပြီ မင်းက လောကကြီးမှာအလုပ်ဖြုတ်မှာ တစ်ခုပဲ အရေးကြီးသလား"

"ကျွန်မမိဘတွေက နွမ်းပါးကြရှာပါတယ်"

"သြော် ... မိဘလုပ်ကျွေးတဲ့သမီးပေါ့၊ မင်းအိမ်ကို တို့ လိုက်လည်လို့ ရမလား"

"ကျွန်မဖေဖေ ကြိုက်မယ်မထင်ပါဘူး"

"မင်းလိပ်စာ ကိုထူးကြီးကို ပေးထားလား"

"ဟုတ်ကဲ့"

"အဲဒါ အမှန်အကန်ပဲလား"

"အမှန်အကန်ပါပဲ"

"သတိတော့ ထားနေပေါ့၊ မင်းအိမ်ပေါ် လာလည်ခွင့်မရရင်တောင် တို့က မင်းအိမ်ရှေ့က ခဏခဏဖြတ်မှာပဲ"

"ကျွန်မကို ဘာမယုံသင်္ကာရှိလို့ပါလဲ"

"သြော် ... အတိတ်မေ့ရောဂါရှင်မို့ စိတ်ဝင်စားလို့ပါ၊ ဒါနဲ့ မင်း ... မင်းသမီးလုပ်ဖို့ကော ဝါသနာပါလား"

"မပါပါဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မ မလုပ်တတ်လို့ပါ"

"အမှုအရာလား"



"ဟုတ်ကဲ့"

"စမ်းကြည့်သေးလား၊ ကိုယ့်ဘာသာကိုယ် မှန်ရှေ့မှာတို့ ဘာတို့"

"စမ်းကြည့်ဖူးပါတယ်၊ မဖြစ်ထွန်းပါဘူး"

"သြော် ... အင်း ... အင်း၊ ဒါပဲလေ၊ မင်းသွားတော့"

"ကျေးဇူးတင်ပါတယ်"

"ဘာကိုလဲ"

"သူဌေးက ကျွန်မကို စကားခေါ်ပြောလို့ပါ"

"အဲဒါ ကျေးဇူးတင်စရာလား"

"မန်နေဂျာကြီး တော်ရုံနဲ့ မဆူရဲတော့ဘူး ထင်တာပဲ၊ ကျွန်မက သူဌေးနဲ့ တိုက်ရိုက်စကားပြောနိုင်တဲ့သူ ဖြစ်သွားတာကိုး"

"အင်းလေ ...၊ ကဲ ... သွား၊ သွားတော့"

မနော်ဟရီ ခေါင်းလေးငုံ့၊ ခါးလေးကိုင်း၍ လျှောက်ထွက်သွားသည်။

တံခွန်နှင့် မနော်ဟရီတို့ထံ စုပြုံကျရောက်နေသည့် မျက်ဝန်းများနှင့် လုံးဝတိတ်ဆိတ်ကာ မပွင့်မဟ၊ စေ့ပိနေသည့် နှုတ်ခမ်းများ၊ ခမှ စုပေါင်းလှုပ်ရှားကာ ဆူညံသံတွေ ထွက်လာတော့သည်။

"ဟော့ကောင် ... ဘာကြောင်တာလဲ"

"ဝါသနာရှင်ကဏ္ဍဆိုလည်း ကိုယ့်ဆိုင်ကလူတော့ အားမဲ့ပေးကွာ"

"ဟာ ... ဒီကောင်တွေ ငါ့အကြောင်း မသိတာကျနေတာ

www.burmeseclassic.com

www.burmeseclassic.com



"သီလွန်းလို့ ခက်နေတာ၊ မင်းက ဘယ်တုန်းက ဘယ်ကောင်မလေးနဲ့ ဆွေးဆွေးနွေးနွေး ပြောဖူးလို့လဲ၊ ခုရှည်ရှည်ဝေးဝေးတွေ လာလုပ်နေတော့ စိတ်ပူစရာပဲ"

"မဟုတ်ဘူး၊ ငါ ရှာနေတဲ့ ကောင်မလေးတစ်ယောက်နဲ့ တော်တော်တူလို့ ဟုတ်များနေမလားလို့ သေချာခေါ်ကြည့်တာ"

"ဟုတ်နေလား"

"မဟုတ်ဘူး ထင်တာပဲ၊ ရုပ်ကနည်းနည်းကွဲတယ်၊ တူတော့ တော်တော်တူတယ်၊ ဘယ်နေရာတွေ တူနေမှန်းမသိဘူး"

"မင်းက ကောင်မလေးတစ်ယောက်ကို ဘာကိစ္စရှာနေတာလဲ"

"ငါ့ဆီက ဘတ်သွားလို့"

"တော်ရုံလောက်ဆို စွန့်လွှတ်လိုက်ပါကွာ၊ အားနဲ့ရှာတဲ့ အမျိုးအစားကို ဖွေမယူပါနဲ့"

"တော်ရုံ မဟုတ်ဘူး"

"ဟာ ... ဘယ်လောက်ဖိုး ပါသွားလဲ"

"တန်ဖိုးကို မဖြတ်နိုင်တာ"

"ဘာပစ္စည်းမို့လို့လဲ"

"အသည်းနလုံး၊ ငါ့ရင်ထဲက နလုံးသားကိုမှ ရွေးပြီးဘတ်သွားတာ"

"ဟား ... ဟား"

နှစ်ခွန်းတည်း သံပြိုင်ရယ်ပေးလိုက်ကြသည်။

"ဘာရယ်တာလဲ"



ပြိုင်တူရယ်ကြပြန်သည်။ နှစ်ခွန်းတည်း။ ဟား ... ဟား။

"ဟေ့ကောင်တွေ၊ ဘာဖြစ်နေတာလဲ"

သံပြိုင်ရယ်သံ နှစ်ခွန်းထွက်လာပြန်လေ၏။

"ဟား ... ဟား"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနှင့် အန်တီဂျူလီယာတို့ကို ကျေးဇူးအထူးတင်ရပါသည်။ သူ့ကိစ္စနှင့်သူ၊ ကိုယ့်ကိစ္စနှင့်ကိုယ် ကင်းကွာနေကြသည့် သူငယ်ချင်းတွေကို ပြန်ဆုံနိုင်ခွင့် ဖန်တီးပေးသည်။

စိတ်ဓာတ် အကြီးအကျယ်ကျလျက် ဘယ်မှမသွားချင်၊ ဘာမှမလုပ်ချင်၊ ဘယ်သူနှင့်မှ မတွေ့ချင် ဖြစ်နေသည့် "တံခွန်" မွေးနေ့ပွဲအပြီးမှ စိတ်နည်းနည်းပါးပါး ကြည်လင်လန်းဆန်းခြင်းဖြစ်သည်။ သို့ပေမဲ့ ကျဆင်းနေသည့် စိတ်ဓာတ်ကတော့ ပြန်တက်မလာသေးပါ။

နောက်တစ်ကြိမ် သူငယ်ချင်းတွေနှင့် ဆုံသည့်ပွဲက ဖေဖေနှင့် အန်တီဂျူလီယာတို့၏ ညည့်ခံပွဲဖြစ်သည်။ သည်ပွဲက လူပိုများ၏။ အန်တီဂျူလီယာ၏ဆွေမျိုးသားချင်းနှင့် မိတ်ဆွေတွေပါ ထပ်တိုးလာသည်မို့ "ကြယ်တံခွန်"၏အကျယ်အဝန်းနှင့် မလောက်ပေ။ ခြံကျယ်သလောက် အဆောက်အအုံပါ ကြီးမားသည့် ဟိုတယ်ကြီးကို ရှာရသည်။ တေးဂီတကတော့ ဟိုတယ်မှ ပင်တိုင်တီးဝိုင်း၊ ပင်တိုင်အဆိုတော်တွေပင်ဖြစ်၏။

အပျိုလူပျို လူငယ်မင်္ဂလာပွဲ မဟုတ်သည်မို့ တီးဝိုင်းတွေ အဆိုတော်တွေ သတ်သတ်ထပ်မငှားတော့ပါ။ တံခွန့်မွေးနေ့



တုန်းက အတိုင်းပင် ဖိတ်ကြားထားသူများသာမက ကိုယ့်ကိစ္စနှင့်ကိုယ် စားသောက်ရန် ရောက်လာကြသူတွေကိုပါ တာဝန်ယူငွေချေသည်။ မီနူးကတ်ပြားကိုကြည့်၍ ကြိုက်ရာမှာယူစားသောက်နိုင်သည်။

ကုန်ကျစရိတ်က သိန်းချီ၏။ သိန်းမှ နည်းနည်းပါးပါးမဟုတ်သော "သိန်းကြီး"ဖြစ်သည်။ တံခွန်က သူ့သူငယ်ချင်းအုပ်စုနှင့် တစ်ဝိုင်းထိုင်သည်။

စကားသံတွေက ဆူညံနေ၏။ ရယ်ကြမောကြ၊ နောက်ကြပြောင်ကြ။ တကယ့် မင်္ဂလာအခမ်းအနားလိုမဟုတ်ဘဲ မိတ်ဆွေတွေ တွေ့ဆုံစားသောက်သည့် ပျော်ပွဲစားလို ပုံစံမျိုးမို့ လူတိုင်းပျော်နေကြသည်။ တီးဝိုင်းမှ အသံသည် နစ်မြုပ်လုဖြစ်နေ၏။ အဆိုတော်တွေ၏အသံသည် ရယ်မောပြောဆိုနေကြသံတွေကို မလွှမ်းမိုးနိုင်ဘဲ ဖြစ်နေသည်။

"တံခွန် ... ဟောကောင်၊ သောင်းထွဋ် မိန်းမယူတော့မယ်၊ သိပြီးပလား"

"ဒီကောင့်ကို ယူမယ့်မိန်းမ ဒီလောကမှာ ရှိသေးလား"

"ဘာလို့မရှိရမှာလဲ၊ မိန်းမများ ပေါလွန်းလို့"

"တစ်ပိဿာ ဘယ်ဈေးလဲ"

"တိုက်တစ်လုံး ကားတစ်စီးနဲ့ တစ်လငါးသောင်းလောက် အပ်နိုင်ရင် မိန်းမရပါတယ်"

"မင်းလိုသာဆိုရင် လခထောင့်သုံးရာငါးဆယ်ရတဲ့ အထက်တန်းပြဆရာတစ်ယောက် မိန်းမ မရတော့ဘူးပေါ့"

"ဘယ်သူလဲ အထက်တန်းပြဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"တို့အုပ်စုထဲက ဒွေးမောင် တစ်ယောက် ကျောင်းဆရာဖြစ်တယ်၊ ဟိုခေတ်က သမီးရှင်တွေဟာ ကျောင်းဆရာကို သမက်တော်ဖို့ မျက်စိကျတယ်တဲ့"

"ဘယ်သူက ပြောတာလဲ"

"အဖေတို့ အမေတို့ ပြောကြတာ၊ ကျောင်းဆရာဆိုတာ စိတ်ရှည်တယ်၊ သည်းညည်းခံတယ်၊ ကိုယ့်သမီးကို အနိုင်အထက်လုပ်မယ်မဟုတ်ဘူး အတာခံမယ်ပေါ့၊ စိတ်ချတယ်တဲ့"

"ဟိုခေတ်ကဆိုတော့ ခုခေတ်မှာ ဒီလိုမဟုတ်တော့ဘူးလား"

"ဘယ်ဟုတ်ပါ့မလဲ၊ ဒွေးမောင် ယောက္ခမလောင်းကြီးက ပြောတယ်တဲ့၊ ညည်းလူက နာမည်သာ ဒွေးမောင်၊ လူက မွဲမောင်၊ အဲဒီကောင်ကိုသာ ညည်းယူရင် ကျုပ်သေရင်တောင် အသေမဖြောင့်ဘူးဆိုလို့ ဒွေးမောင်ကြီး ကြွေနေပါရောလား"

"သောင်းထွဋ်က ဘယ်သူနဲ့ ယူမှာလဲ"

သူငယ်ချင်းတွေက ကွဲကွာနေကြတာ ကြာပြီမို့ တစ်ယောက်အကြောင်း တစ်ယောက်မသိကြတော့ပါ။ အဆက်အသွယ်တွေက ပြတ်တောက်သလို ဖြစ်နေသည်မို့ မေးမြန်းနေကြရသည်။

"အိမ်နားက ချာတိတ်မပဲ"

သောင်းထွဋ် မျက်နှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်မို့ ဝိုင်းရယ်လိုက်ကြသည်။

"မင်းပုံစံက မလုံမလဲရှိလိုက်တာ၊ အသက်မပြည့်သေးရဲ့လားကွာ"



"ပြည့်ရုံပဲ"

"ဟိုက် ... သေရော"

"ဟော့ကောင်တွေ၊ ငါ ချက်ချင်းလက်ငင်းထပြီး သူဌေးဖြစ်ချင်တယ်ကွာ၊ သူဌေးဖြစ်နည်း ကျမ်းရှင်ရှိရင်လည်း တက်မယ်၊ ပြောကြပါဦး ထွက်ရပ်လမ်းကို"

"ဘာကိစ္စ နေ့ချင်းညချင်း သူဌေးဖြစ်ချင်စိတ် ထပေါက်ရတာလဲ"

"လူတကာ သူဌေးဖြစ်ကုန်ကြပြီကွာ၊ ကုမ္ပဏီတွေလည်း မှိုလိုပေါက်နေတာပဲ၊ ဒို့ရှိင်ဘာလခက ထမင်းမကျွေးရရင် လေးငါးထောင် ဆိုလားပဲ၊ မနက်စာတစ်နပ် ကျွေးရင်တောင် သုံးလေးထောင် ရတယ်တဲ့၊ ဒါတောင် ယာဉ်မောင်း၊ မန်နေဂျာမဟုတ်သေးဘူး"

"မန်နေဂျာ ဘယ်လောက်ရမလဲ တွက်ကြည့်၊ သူဌေးဆိုတဲ့သူ ဘယ်လောက်ချမ်းသာမလဲ တွက်ကြည့်"

"တွက်မကြည့်ဘူး၊ သူဌေးဖြစ်သူ ဘယ်လောက်မှ မချမ်းသာဘူး၊ အရင်းအနှီး သိန်းတစ်ရာပိုင်တဲ့ သူဌေးဟာ အကြွေးသိန်းတစ်ရာ့တစ်ဆယ်လောက် တင်နေတာ၊ အားမကျနဲ့"

"အားကျတယ်"

"ဩော် ... မကျပါနဲ့ဆို"

"ကျပါတယ်ဆို"

"ကဲ ... ကျကွာ"

"မကျတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်မှလဲ မရယ်ရပေမယ့် ဝါးခနဲ ရယ်ဖြစ်ကြသည်။ အလုပ်မှာ လူရောစိတ်ပါ မွန်းကျပ်နေကြသည်။ အိမ်ထောင်သည်တွေက အိမ်ထောင့်တာဝန်တွေဖြင့် ထန်တင်းခက်မာနေကြသည်။ အိမ်ထောင်ပြုဖို့ စီစဉ်နေကြသူတွေမှာ ရင်ဆိုင်နေရသည့် အခက်အခဲတွေ ရှိနေသည်။ ကျောင်းသားဘဝတုန်းကလို တာဝန်ကင်းစွာ၊ လွတ်လပ်စွာ ပျော်ရွှင်နိုင်ခွင့် မရှိကြတော့ပါ။

ခုလို တခါတလေ သူငယ်ချင်းတွေ စုမိချိန်လေးမှာ သောကဝန်တွေ အားလုံးကို မေ့ပစ်လိုက်ကြသည်။ အပျော်လွန်ခြင်းဖြင့် ဦးနှောက်ဆေးလိုက်ဖို့က အများ၏တူညီဆန္ဒဖြစ်နေကြသည်။ ရယ်ပစ်ဖို့ကိုပဲ အားထုတ်နေကြသည်မို့ မရယ်ရလည်း ရယ်သည်။ ရယ်ရလည်း ရယ်သည်။

"ဟေ … နေဦး၊ ဟိုကောင် ဌေးမောင် မိန်းမယူဖို့ ဘယ်လောက်စုမိပြီလဲ"

"ဘယ်လောက်မှ မစုမိသေးဘူး၊ အဲဒါကြောင့် နယ်ပြန်ပြီး ကြံကြိတ်ဖတ်လို ဖြစ်နေတဲ့ မိအိုဖအိုဆီကပဲ လက်ကျန်သွားထပ်ညှစ်ရတာ၊ သူလည်း စိတ်မကောင်းဘူး၊ ငါတို့လည်း ကြားရတာ စိတ်မကောင်းဘူး"

"သူက မင်္ဂလာဆောင်ချင်တာလား"

"မဆောင်ပါဘူး၊ တို့သူငယ်ချင်းတွေ ဝိုင်းဝန်းလိုက်ရင် တစ်ယောက်က ခုတင်ဝယ်ပေး၊ တစ်ယောက်က ဘာဝယ်ပေး ညာဝယ်ပေးပေါ့၊ ပစ္စည်းက ပြည့်စုံသွားမယ်၊ ဘုန်းကြီးဆွမ်းကျွေးဖို့ လေးငါးထောင်လေးလိုတာ"



သူတို့ သူငယ်ချင်းတွေအုပ်စုထဲမှာ လောလောဆယ်တော့ ပိုက်ဆံတတ်နိုင်သူဆိုလို့ တံခွန်တစ်ယောက်ပဲ ကျန်ပါသည်။ တခြားချမ်းသာသူတွေက နိုင်ငံခြားသို့ စာသွားသင်ရတာနှင့်၊ အလုပ်သွားလုပ်ရတာနှင့်၊ အပြီးပြောင်းရတာနှင့်မို့ မကျန်တော့ပါ။

"ငါကူညီမှာပေါ့ကွာ၊ မင်းတို့က ငါ့ကိုမှ သတိမရကြဘဲ"

တံခွန် ဝင်ပြော၏။

"သတိရတယ်၊ မင်းက စင်ကာပူရောက်နေလို့၊ ခုမှပြန်ရောက်လို့ ခုမှ ပြောရတာ"

"မင်္ဂလာဆောင်ချင်လည်းဆောင်ပါ။ ငါကူညီမယ်"

"မစုံစမ်းဘဲနဲ့ လောကွတ်သိပ်မချော်နဲ့နော်၊ ဟိုတယ်ကြီး မင်္ဂလာဆောင်တစ်ခုဟာ ငါးသိန်းအောက်မှာ မရှိဘူး၊ သပွတ်နန်းပေါင်း …

"ချဲ့ရင် ဆယ်သိန်းလည်းဟုတ်တယ်၊ နှမြောစုံမက်မရှိ ငွေဖြုန်းတဲ့ပွဲတဲ့"

"ဘယ်သူက ပြောတာလဲ"

"ငါပြောတာ"

"ဘာဖြစ်လို့ ပြောတာလဲ"

"ငါမတတ်နိုင်လို့"

ရယ်ကြပြန်၏။

"ဌေးမောင် နယ်က ပြန်လာရင်သာ ငါ့ဆီလွှတ်ကြပါကွာ၊ ငါက သွားမတွေ့ဘဲ ငါ့ဆီလွှတ်လို့ ပြောတဲ့အတွက်လည်း အပြစ်မတင်ကြနဲ့ဦး၊ ငါက ဘယ်မှမသွားမလာချင်တော့လို့"

www.burmeseclassic.com

www.burmeseclassic.com



"သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ပြောရဦးမယ်၊ မင်းက အဲဒီလို ဟိုမသွားချင်ဘူး၊ ဒီမသွားချင်ဘူး မဖြစ်ရဘူး၊ ငါ့အကြောင်း ဘယ်သူတွေ ဘာပြောနေကြမလဲ ...

"တောင်တွေး မြောက်တွေး ဘာမှမတွေးရဘူး၊ မင်းဟာ လူထဲက လူတစ်ယောက်ပဲ၊ လူတိုင်းဟာ ချို့ယွင်းချက်ရှိတယ်၊ လစ်လာမှုရှိတယ် ...

"ဘယ်သူ့မှာမှ ပြီးပြည့်စုံခြင်းဆိုတာ မရှိဘူး၊ မင်းမှာလိုအပ်နေတဲ့ ကွက်လပ်က သူများလိုအပ်နေတဲ့ ကွက်လပ်နဲ့စာရင် ...

"ဘာမှမဟုတ်ဘူး၊ မင်းနဲ့ ဘဝချင်းလဲချင်တဲ့သူတွေ အများကြီး၊ ဥပမာ ... ငါကွာ"

"စောနောင် ... မင်းက ဆရာဝန်ရင့်မာကြီး၊ ငါနဲ့ဘာဖြစ်လို့ ဘဝချင်း လဲချင်ရမှာလဲ"

"ဆရာဝန်ရင့်မာကြီး မဟုတ်ဘူးကွ၊ ဆရာဝန်ပေါက်စ၊ အလုပ်လျှောက်ရင် ပြည်နယ်တွေ သွားရမယ်၊ မိဘမိသားစုနဲ့ ခွဲနေရမယ် ...

"မင်းက ရန်ကုန်မှာ ကျန်ခဲ့ပြီး မင်းအဖေ စင်ကာပူမှာ သွားနေတာမျိုးနဲ့ တူမလား၊ မင်းက နေနေကျနေရာ၊ ကိုယ့်အသိုင်းအဝိုင်းထဲမှာ စည်းစိမ်ဥစ္စာ တပည့်တပန်းနဲ့ ...

"ငါက နေရာသစ်မှာ လူသစ်တွေနဲ့ မတူပါဘူး၊ နယ်မသွားခင် ရန်ကုန်မှာပဲ ဆရာဝန်ဘွဲ့ကြီးပိုက်ပြီး ထိုင်နေတော့လည်း ဖိုးသုညဖြစ်မယ် ...



"ဂျိပီလုပ်ရင် ကောင်းပါ့မလား၊ လူနာမလာဘဲ ဆရာဝန်တစ်ယောက်တည်း ငုတ်တုတ်ထိုင်နေရတဲ့ အဖြစ်ဆိုလည်း လူမြင်လို့မှ မကောင်းဘူး ...

"လူနာမလာလို့ လူနာလာအောင် ဆေးပုလင်းတွေ၊ ဆေးခွက်တွေ တဖြောင်းဖြောင်းခေါက်ပြီး ဖောက်သည်ခေါ်တော့ကော ကောင်းမလား"

ဝိုင်းရယ်ကြသည်။

"ငါကြားဖူးတယ်၊ အသုဘသေတ္တာ ရောင်းတဲ့လူတွေ၊ ရောင်းမကောင်းရင် ရောင်းကောင်းအောင် သေတ္တာတွေ လျှောက်ခေါက်တယ်ဆိုတာ"

"ဈေးသည်တိုင်း ခေါက်ကြတာပဲ၊ ဟင်းရွက်ရောင်းတဲ့သူက ဟင်းရွက်ခေါက်၊ ရွှေရောင်းတဲ့သူက ရွှေခေါက်၊ ပန်းသီးရောင်းတဲ့သူက ပန်းသီးခေါက်"

ဘာရယ်မဟုတ် ရယ်ကြပြန်၏။

"ဂျိပီအတွက် ဆေးခန်းလုပ်ဖို့ နေရာတစ်နေရာစာဆိုတာကလည်း နည်းတာမဟုတ်ဘူး၊ ဆေးရှာရတဲ့ဒုက္ခက တစ်မျိုး"

"သူများဖွင့်ထားတဲ့ ဆေးခန်းမှာ လခနဲ့ ထိုင်ပါလား"

"အဲဒါမျိုးက နောက်မှာ ဘွဲ့သုံးလေးခုလောက်ပါရင် ဟိုဆေးခန်းကပင့်၊ ဒီဆေးခန်းကဖိတ်ကွ၊ အနည်းဆုံး M.Sc လောက် ပါရင်တောင် မျက်နှာမငယ်ရဘူး၊ ငါတို့လို ခုမှကျောင်းကဆင်းတဲ့ ကောင်တွေကျတော့ ဆေးခန်းတွေကလည်း သိပ်လိုချင်တာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရားက ဟောထားတယ်လေ၊ သုံးဆယ့်တစ်ဘုံမှာ ကျင်လည်သရွေ့ ဒုက္ခတဲ့၊ သဘောပေါက်"

"ပေါက်ပါတယ်၊ လောကကြီးမှာ ငါ အပေါက်ဆုံး"

သောင်းထွဋ်က ဝင်ပြောသည်။

"သက်မတူ ရွယ်မတူ ပေါက်စနလေး သွားကြိုက်မိလို့ ရောက်လိုက်တဲ့ဒုက္ခ၊ ချော့ရတာတစ်မျိုး၊ ပူဆာတိုင်း ဝယ်ပေးရတာတစ်မျိုး၊ မုန့်ဝယ်ကျွေးရတာတစ်မျိုး၊ ပြောမနေပါနဲ့တော့၊ အမျိုးပေါင်း တစ်ကုဋေပဲ၊ တစ်ခါတစ်ခါတော့ သေချင်တယ် ..."

"အိမ်မှာ ထုပ်တန်းကလည်း မခိုင်ဘူး၊ ကြိုးကလည်း သေးနေလို့ ဆွဲကြိုးမချဖြစ်သေးတာ"

အားလုံးထဲမှာ တံခွန့်အသံ တိတ်ပါသည်။ အသံတိတ်နေတာ ကြာတော့ ကြာပါပြီ။ ရယ်ချင်မောချင် စကားပြောချင်စိတ်တို့ဖြင့် တက်ကြွရွှင်လန်းခြင်းတို့ ကင်းခဲ့တာ ကြာပါပြီ။

ခုနေ ဂြိုဟ်မလေးသာ အနားမှာရှိလျှင် ကိုယ်ပျော်နိုင်မလားဟု တွေးမိသည်။ ပျော်မည်ထင်၏။ တွေ့ချင်ပါသည် နှောင်ကြိုးသခင်မလေးရယ်ဟု တမ်းတမိသည်။ သို့ပေမဲ့ တန်ဖိုးရှိရှိကလေး တင်စားရရင်တော့ ...

မေမေ နေကလေး နည်းနည်းပါးပါး ကောင်းသည့်ခိုက် ခြံထဲဆင်း၍ ပန်းပင်တွေ အကြိုအကြား ဝင်သည်။ ဟိုပန်းပင်လေးကိုင်ကြည့်၊ သည်ပန်းပွင့်လေးဆွဲကြည့်နှင့် တစ်ခြံလုံးနှံ့အောင် လျှောက်လိုက်သည်၊ ခြံက ကေဝက်တိတိရှိသည်။ လေးထောင့်လည်းကျ၏။ ပေနှင့်ဆိုလျှင် တစ်ရာ နှစ်ရာ။



မေမေ့စိန်လက်စွပ်မှ စိန်တစ်လုံး ထွက်ကျသည်။

စတုရန်းပေ နှစ်သောင်းဆိုသည့် အကျယ်အဝန်းထဲက ပန်းပင်ကြိုပန်းပင်ကြား မေမေ့စိန်ကလေးတစ်ပွင့်ကို ဘယ်နေရာ လိုက်ရှာရမည်လဲ။ ရှာတော့ ရှာသေးသည်။ မတွေ့ပါ။

ကောက်ရိုးပုံထဲ အပ်တစ်ချောင်းကျသည်ဆိုသည့် စကားပုံက ရှိနေပြီ။ ဂြိုဟ်မဆိုသည့် နှောင်ကြိုးကလေးကို ခြံထဲမှာ မေမေ စိန်တစ်ပွင့် ပျောက်တာနှင့် တင်စားချင်၏။

မင်း ဘယ်မှာလဲ နှောင်ကြိုးလေးရယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

စင်မြင့်ပေါ်မှာ သီချင်းဆိုနေသည့် မိန်းကလေးတစ်ဦး သီချင်းဆိုရင်း မိုက်ခွက်ကို ကိုင်လျက် ပရိသတ် စားပွဲဝိုင်းတွေဆီ လျှောက်လာ၏။

"အဆိုတော်တွေ ဒီလိုပဲ ပရိသတ်ကြားထဲ ဆင်းလာလေ့ရှိလား"

တံခွန် လှမ်းကြည့်ရင်း ဘေးနားမှ စောနောင်ကို မေးလိုက်သည်။

"ဩော် ... သူ့အမေးက လာမေးနေတယ်၊ ငါတို့က ဒါမျိုး ဘယ်နှခါ ရောက်ဖူးလို့လဲ၊ သိမလားကွာ၊ မင်းရဲ့ကြယ် တံခွန်မှာတော့ ဆင်းမဆင်း မသိဘူးလား"

"ငါက ပြန်ရောက်ပြီးမှ ကြယ်တံခွန်ကို လွှဲယူရတာ၊ ဒါတောင် ကိုထူးကြီးနဲ့ပဲ လုံးဝလွှဲထားတာ၊ ငါ မွေးနေ့လုပ်တဲ့နေ့က တစ်နေ့ပဲ ရောက်တယ်"

"ဟော့ ... စာရေးဆရာပေါက်စ၊ မင်း သိလား"

"ပညာရှိကို ဆည်းကပ်ပါ"



ထွန်းဝင်းက လက်မထောင်ပြသည်။

"လောကမှာ အရာရာကိုသိတာ စာရေးဆရာတွေ၊ နှံ့စပ်တာ စာရေးဆရာတွေ၊ မသိတာရှိရင် မေးနိုင်တယ်၊ ဉာဏ်ကြီးရှင် ဖြေဆိုပွဲတောင် ကျင်းပနိုင်သေးတယ်"

"အေး ... အရာရာသိတာ ဟုတ်ပါတယ်၊ အားလုံးအပေါ်ယံချည်းပဲ၊ ဘာတစ်ခုမှ အသေးစိတ် မသိဘူး မဟုတ်လား"

"အပေါ်ယံသိတာ၊ လုံးဝမသိတာနဲ့စာရင် တော်တယ်ခေါ်တယ်"

ထွန်းဝင်းက လက်မကို ဆက်ထောင်ပြထားသည်။

"တချို့စားသောက်ဆိုင်တွေက အဲဒီလိုပဲ ပရိသတ်ထဲကို ဆင်းလာတယ်၊ စားဝိုင်းတွေဆီ ဆင်းတယ်လို့ ခေါ်တယ်၊ တချို့ဆိုင်တွေက ဆင်းမလာဘူး၊ စင်ပေါ်မှာပဲဆိုတယ်"

"လူပေါ်မှာလည်း တည်သေးတယ်၊ တချို့က ဆင်းလာပြီး ပန်းကုံးမျှော်တယ်ပေါ့၊ တချို့က ဆင်းမလာဘူး၊ ဆုချချင်လို့၊ ပန်းကုံးစွပ်ချင်လို့ လှမ်းခေါ်ရင်တောင် ..."

"ခေါ်တဲ့သူကကော ဘယ်လိုခေါ်တာလဲ"

"တချို့က လက်ညှိုးလေးထောင်ပြီးခေါ်တယ်၊ တချို့ကကျတော့ ဝိတ်တာကိုပြောလို့ ဝိတ်တာက ခေါ်ပေးတယ်၊ အဲဒါ အနားသွားရင် လက်ဆွဲနှုတ်ဆက်တယ်၊ ပန်းကုံးစွပ်ပေးတယ်"

"အဆိုတော်ထဲက လက်ဆွဲနှုတ်ဆက်တာမျိုး မလုပ်တဲ့သူ မရှိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



“ရှိတယ်၊ အထူးသဖြင့်ဆိုရင် နိုင်ငံခြားသားတွေကို မလုပ်ဘူး၊ သူတို့က နားမလည် ပါးမလည်နဲ့ သူတို့ယဉ်ကျေးမှုလိုမှတ်ပြီး ပါးချင်းကပ်သွားမှာစိုးလို့ ...

“သူတို့ ယဉ်ကျေးမှုကတော့ ပါးချင်းကပ်တာဘာအရေးလဲ၊ တို့မြန်မာယဉ်ကျေးမှုက တကယ့်အရေး၊ သိက္ခာထိတယ်၊ မခံနိုင်ဘူး”

“မူးမူးရူးရူးနဲ့ လက်ကိုမလွှတ်ဘဲထားတဲ့ကောင်တွေကော မရှိဘူးလား”

“ရှိတာပေါ့၊ မိန်းကလေးက ကျိတ်ရှန်းပေါ့၊ ဝိတ်တာကလည်း မျက်နှာရိပ်မျက်နှာကဲနဲ့ ကူဟန့်ပေးပါတယ်၊ မူးတယ်ဆိုပေမယ့်လည်း သိပ်အမူးကြီးမှ မဟုတ်တာ၊ မိန်းကလေးက နည်းနည်းရုန်းရင် လွှတ်ပေးကြတာ များပါတယ်”

“စင်မြင့်ပေါ်ကနေ ဆင်းမလာတာ အကောင်းဆုံးပဲကွာ”

“မဆင်းတော့ အရနည်းတယ်၊ တချို့က သီချင်းဆိုတာဝါသနာပါလို့ အနုပညာစိတ်နဲ့ ဆိုကြတဲ့သူတွေကျတော့ ဆုချချင်ရင် စင်ပေါ်လာပေးပါတဲ့ ...

“အနုပညာရှင်နဲ့ ပရိသတ်ဟာ ပရိသတ်က အနုပညာရှင်ကို လေးစားစွာ ချီးမြှင့်ပါ၊ အနုပညာရှင်က ပရိသတ်ကို ရင်းနှီးစွာ ချစ်ခင်ပါတဲ့ ...

“အဲဒီလို လူတွေလည်း ရှိပါတယ်၊ သူ့အနုပညာကို သဘောကျပြီး ဆုပေးချင်ရင် ပရိသတ်က စင်ပေါ်တက်ပြီး ချီးမြှင့်ပေါ့၊ ရှိပါတယ် အဲဒါမျိုး”



“ဆုတွေက ကိုယ်ရ ကိုယ်ယူလား”

“တချို့ စားသောက်ဆိုင်တွေက ကိုယ်ရကိုယ်ယူ၊ ကိုယ်ရကိုယ်ယူဆိုပေမယ့် ဆိုင်ရှင်နဲ့တော့ တစ်ဝက်စီ၊ ဆိုင်ရှင်က သူရတဲ့ တစ်ဝက်ထဲက တီးဝိုင်းကို ပြန်ခွဲပေးရတယ်တဲ့ ...

“တချို့ စားသောက်ဆိုင်တွေကျတော့ ဝေယူစနစ်တဲ့၊ ဝေယူလည်း ဆိုင်ရှင်ကတော့ ရှယ်ယာဝင်ခွဲသေးတာပဲ၊ ပန်းကုံးအရ နည်းတဲ့သူတွေလည်း ဝင့်ငွေမဆိုးဘူးပေါ့”

“အရများတဲ့သူက ကြည်ဖြူရဲ့လား”

“သိပ်တော့ ကြည်ဖြူမယ် မထင်ဘူး”

“ကိုယ်ရ ကိုယ်ယူ ကောင်းသားပဲ”

“အဲဒါကျတော့လည်း ညကလီးယားကောင်းလို့ ပန်းကုံးများတယ် ဘာညာနဲ့ အချင်းချင်း အတင်းပြောမှုတွေဖြစ်ပြန်ရော”

“နေပါဦးကွ တခွန်၊ မင်းက ဒါမျိုးဆိုင်ကြီးတစ်ဆိုင်လုံးပိုင်ထားပြီး သူများကို မေးနေရတယ်လို့ပဲကွာ၊ အောက်လိုက်တာ”

“ငါ လုံးဝမလေ့လာရသေးဘူး၊ ရန်ကုန်ပြန်ရောက်ကတည်းက ကိုထူးကြီး ငွေလာအပ်ရင် ယူထားလိုက်တာပဲ ရှိသေးတယ်၊ ခုမှ ထွန်းဝင်းဆီမှာ တပည့်ခံနေရတာ”

“စားသောက်ဆိုင်တွေမှာ လာစားတဲ့သူတွေဟာ ပိုက်ဆံတွေများ ဂုဏ်နီအိတ်နဲ့ ထမ်းလာသလား ထင်ရတယ်၊ တချို့ဆို နှစ်ရာတန်၊ ကိုးဆယ်တန်တွေ အထပ်လိုက်ပေးတာ”

www.burmeseclassic.com

www.burmeseclassic.com



"အဆိုတော်လက်ထဲ ထိုးထည့်လိုက်တာလား"

"အဲဒီလိုတော့ မဟုတ်ဘူး၊ အဲဒါမျိုးကျတော့ ရိုင်းတာပေါ့၊ ဆုချတယ် မခေါ်တော့ဘူးလေ၊ ကောင်တာမှာ လာချပေးရင် ကောင်တာက သိပေးတယ်၊ တချို့ကျတော့လည်း သူတို့ဘာသာသိတယ် ...

"အိမ်က မိန်းမတွေမြင်ရင် နမြောလွန်းလို့ နလုံးသွေးရပ်ပြီး သေသွားနိုင်တယ်၊ ဟိုမှာတွေ့လား၊ ကောင်တာဘေးမှာ ထားထားတာတွေ"

ထွန်းဝင်းပြသည့်ဘက်သို့ အားလုံးလိုက်ကြည့်ကြရသည်။

"ပန်းကုံးက တစ်ရာတန် နှစ်ရာတန်ရှိတယ်၊ သရဖူလေးတွေ့လား ငါးရာ၊ ပန်းခြင်း တွေ့လား၊ အဲဒါလည်း ငါးရာပဲ၊ တချို့ကျတော့ နှင်းဆီတစ်ပွင့်လည်းပေးတယ်၊ နှင်းဆီပန်းက တစ်ပွင့်ငါးဆယ်"

"အဆိုတော်တွေက အိမ်ယူသွားလား"

"ငဒူ ... နှင်းဆီတစ်ပွင့် အိမ်ယူသွားရင် ခြောက်သွားတော့ ငါးပြားတန်ဦးမလား၊ ကောင်တာမှာ ပြန်လဲရင် ဆိုင်ရှင်တစ်ဝက်၊ အဆိုတော်တစ်ဝက်ဆို အစိတ်စီ"

စောနောင်ခမျာ ဆရာဝန်သာ ဖြစ်လာရသည်။ ခြိုးခြိုးခြံခြံမို့ ခေါင်းတညိတ်ညိတ်နှင့် ဗဟုသုတ ရာရတော့သည်။ မောင်မောင်တို့ သောင်းထွဋ်တို့လည်း ခုမှ ကြားဖူးနားဝရှိရသည်မို့ စိတ်ဝင်စားကြ၏။ သူတို့က အဲဒါမျိုး ကိုယ်တိုင်ကြုံဖူးဖို့ ဝေးကြသူများ ဖြစ်ပါ၏။



"သီချင်းကတော့ အကုန်လျှောက်ဆိုတာပဲနော်၊ ဘယ်သူ့သီချင်းဖြစ်ဖြစ်"

"ဆိုတယ်၊ တချို့ကျတော့ စားပွဲတွေက တောင်းဆိုတာ ဘာသီချင်းဆိုပေးပါ၊ ညာသီချင်း ဆိုပေးပါပေါ့"

"ဆိုရလား"

"ဆိုရတာပေါ့၊ ဆိုပေးရင် ဆုချမှာကိုး"

"မရရင်ကော"

"ရအောင်လုပ်ထားရတယ်"

"ပညာပိုင်းဆိုင်ရာပေါ့လေ"

"ဒါပေါ့"

"ဘယ်လိုသီချင်းမျိုး ပွဲတောင်းများလဲ"

"မင်းတို့ကိုပြောရင် ယုံပါ့မလား မသိဘူး၊ ခုခေတ်စတီရီယိုလည်း မတောင်းမဟုတ်ဘူး တောင်းပါတယ်၊ ဒါပေမဲ့ အနှစ် နှစ်ဆယ်တေးနဲ့ နှောင်းခေတ်တေးက ပိုပြီးပွဲတောင်းခံရတယ်"

"ဟုတ်လား"

"လာပြီး စားကြသောက်ကြတဲ့ လူတွေက လူကြီးပိုင်းတွေများလို့၊ လူကြီးတွေမှ အလုပ်နဲ့အကိုင်နဲ့ ငွေရှိကြတာလေ၊ လူငယ်လူရွယ် ကျောင်းသားပိုင်းက ဟိုတယ်တက်ဖြုန်းလောက်အောင် မုန့်ဖိုးဘယ်ရမလဲ ...

"ကိုယ့်စီးပွား ကိုယ်ရှာနေတဲ့သူတွေသာ ကိုယ့်ဘာသာရှာ ကိုယ့်ဘာသာဖြုန်း၊ ဒီတော့ သူတို့အကြိုက်က နှောင်းခေတ်တို့ အနှစ်နှစ်ဆယ်တို့ ဖြစ်တော့တာပေါ့...

www.burmeseclassic.com

www.burmeseclassic.com



"ဖွဲတို့ နဂါးနီတို့၊ မေ့ပါနိုင်တို့လည်း ပွဲတောင်းများတယ်၊ ဆရာဦးသုခရဲ့ဂုဏ်တို့၊ ဘဝသံသရာတို့၊ စန္ဒရား ချစ်ဆွေ သီချင်းတွေ"

"အဲဒီ အဆိုတော်မလေးတွေ ဘယ်လောက်ရလဲ တစ်နေ့ တစ်နေ့"

"လနဲ့ချုပ်ရင် အနည်းဆုံးရတဲ့လူက တစ်သောင်း တစ်သောင်းခွဲလောက်ရှိတယ်၊ များများရတဲ့သူဆိုရင် တစ်လ ခုနစ်သောင်း ရှစ်သောင်း"

"ဟာ ... ရလှချည်လား၊ ငါတောင် ဆိုချင်လာပြီ"

"မင်းဆိုရင် ပန်းကုံးတော့မရဘူး၊ ပန်းခွေပဲရမယ်၊ ငါကိုယ်တိုင် စွပ်မယ်"

စောနောင်က သောင်းထွင့်ကို နှိပ်ကွပ်ပေးလိုက်သည်။ အဆိုတော်မလေးက စားပွဲဝိုင်းတွေကြား ကွေ့ပတ်သွားလာရင်း သီရင်းဆိုရင်း တံခွန်တို့ဝိုင်းနား ရောက်လာသည်။ လက်ယာလက်ဖြင့် မိုက်ခွက်ကို ကိုင်ထားသည်။ လက်ဝဲဘက်က ဘေးသို့ ဆန့်တန်းထားသည်။ သူမလည်တိုင်မှာ ပန်းကုံးတွေက နောက်ထပ် ထပ်စွပ်လို့ မရနိုင်တော့လောက်အောင် ပြည့်ကျပ်နေ၏။ ရေ့တည့်တည့်ချပုံစံတောင် မဟုတ်တော့ဘဲ တချို့စလွယ်သိုင်း ဖြစ်နေသည်။

ဆန့်တန်းထားသည့် လက်ဝဲလက်မောင်း တစ်လျှောက်မှာလည်း တွဲလောင်း တွဲလောင်း ပန်းကုံးတွေ၊ လက်ဖျားမှာ ပန်းခြင်းကို မြှောက်ကိုင်ထားသည်။ ခေါင်းပေါ်မှာက သရဖူ။

"ရလှချည်လား"



လူတစ်ကိုယ်လုံး ပန်းကုံးလက်လက်တွေဖြင့် ဖုံးနေသလား ထင်ရသည်။ အနားရောက်လာမှ သေသေချာချာကြည့်ဖြစ်၏။ ကြည့်ဆို ခြေဆုံးခေါင်းဖျားကို ကြည့်မိတော့တာပါ။

လေဒီရှူးက ရွှေမှုင်ငွေမှုင်တို့ လက်ဖိတ်မှာထွက်နေသည့် ပိတ်စတစ်မျိုးကို ဒေါက်မြင့် ချုပ်ထားသည်။ မိမိကြိုက်နှစ်သက်ရာ အသားစပေးလျှင် လေဒီရှူးချုပ်ပေးသည့်ဆိုင်တွေ ရန်ကုန်မှာ ရှိနေပြီဆိုတာ တံခွန် သိ၏။

စင်ကာပူမှ ဖိနပ်တွေသွင်းဖို့ စီစဉ်တုန်းက ရန်ကုန်မှာ ချုပ်တာတွေကလည်း တော်တော်ကောင်းနေပြီ။ တချို့ဆိုဒီမှာချုပ်ပြီး နိုင်ငံခြားကပဲ ဝင်သလိုလို ရောရောင်းနေပြီမို့ ဖိနပ်ဈေးကွက် သိပ်မကောင်းတော့တာ လေ့လာရင်း သိထားခြင်းဖြစ်၏။

ကိုယ်မှာဝတ်ထားသည့် ဘောင်းဘီက ငွေရောင်ခဲရောင် တောက်နေသည့် အသားထူပျော့ထဲကဖြစ်၏။ ဘောင်းဘီရှည်သည် ပွရောင်းရုံမက ခြေဖျားသို့တိုင်ရှည်၏။ အသားကပျော့သည်မို့ ပွပေမယ့် ဖောင်းဖောင်းကားကားကြီး ဖြစ်မနေဘဲ အိအိတွဲတွဲ ဖားလျားမို့ ကြည့်ကောင်းသည်။

အင်္ကျီကလည်း ဘောင်းဘီနှင့် တစ်သားတည်း တစ်ရောင်တည်းမို့ ပန်းကုံးတွေသာ ဖယ်လိုက်လျှင် ငွေမင်းသမီးလေး၊ ကြယ်နတ်သမီးလေး ဖြစ်နေနိုင်၏။ အင်္ကျီကလည်း ဖားဖားရှည်ရှည် တင်ပါးဖုံး၊ လက်စကမှာ လက်ဖျားလည်းပွပွမို့ သူ့တစ်ကိုယ်လုံး လုံခြုံထူထဲ အိအိတွဲတွဲလေးဖြစ်ကာ အရမ်းကိုကြည့်လို့ကောင်းလှသည်။ ပန်းကုံးတွေနှင့် ဖုံးနေသည်မို့ လည်ပင်းဘယ်လောက်ဟိုက်ထားမထား မမြင်ရပါ။ လုံခြုံမှာပဲဟု ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးက ဝင်းဝင်းမွတ်မွတ် ချောလှ၏။ မျက်ခုံးကျတော့ တစ်စတစ်မျှင်မျှ မတွေ့ရ။ နှာခေါင်းရင်းမှသည် နှားထင်စပ်ဆီသို့ အဖျားရှူးကာ ကော့ထောင်တက်သွားသည့်ပုံစံမို့ တရုတ်ရာဇဝင်ကားတွေထဲမှ သိုင်းမင်းသမီးနှင့် တူနေသည်။ ပရိသတ်တွေ ဆုချထားသည့် သရဖူအောက်မှ ဆံပင်ခွေနွယ်တချို့ တွန့်တွန့်လိမ်လိမ်ဖြင့် ရင်ညွန့်နှင့် ကျောပြင်ပေါ်သို့ ကျဲကျဲကျနေရာ၊ ပန်းကုံးတွေနှင့် ရောယှက်နေ၏။

အရောင်ကတော့ စုံမြဲစုံသည်။

ဆေးဆိုးပန်းရိုက် မျက်နှာသည် ပါတိတ်ဒီဇိုင်းတစ်ခု ဖော်လောက်၏။ သို့ပေမဲ့ အရောင်ရင့်ရင့်ကြီးတွေ ကြားထစ်နေတာမျိုး မဟုတ်တော့ဘဲ ပြေပြေပြစ်ပြစ်ကူးယှက်သွားတာမျိုးဖြစ်နေသည်။ မိတ်ကပ်ကလည်း ထူမြဲထူ၏။

"မနော်ဟရီ"

တံခွန် လွှတ်ခနဲ ခေါ်လိုက်သည်။ မနော်ဟရီက ချိုချိုလေး ပြုံးပြသည်။ အစောကြီးကတည်းက တွေ့မြင်ပြီးသား ဖြစ်နေပုံရသည်။

"အစ်ကို ... ဘာသီချင်း နားထောင်ချင်ပါလဲရှင်"

စကားပြောခွက်ကို ဘေးသို့ဖယ်၍ ချိုချိုလေးမေးသည်။ မျက်နှာလေးက ပြုံးထားလိုက်တာ ချိုရွှင်ကြည်အေးနေ၏။ ဘယ်လောက်ပဲ အပြုံးချိုချို သူ့မျက်နှာမှာ ဣန္ဒြေလေးရှိသည်။ ဝတ်စားထားပုံက လုံခြုံသည်။ ဆေးဆိုးပန်းရိုက်မျက်နှာ ဖြစ်နေပေမယ့် နဂိုရှိသူမို့ နဂိုင်းတွေ အတိုင်းမသိ ထွက်နေသည်။

"မင်းက ဒီမှာလည်း သီချင်းဆိုတာပဲလား"



"ကြယ်တံခွန်ပိုင်ရှင်ရဲ့ ဧည့်ခံပွဲက ဒီမှာလာလုပ်လို့ လာကူဆိုပေးတာပါ"

မနော်ဟရီက ပန်းခြင်းကိုင် လက်တစ်ဖက်၊ မိုက်ခွက်ကိုင်လက်တစ်ဖက်၊ နှစ်ဖက်ကို ရအောင်ပူးပေါင်းလျက် လက်အုပ်လေးချီ၍ လျှောက်သွားတော့သည်။ မသွားမီ နှုတ်ဆက်သွားပုံလေးကလည်း ကျက်သရေရှိလှ၏။

"မင်္ဂလာညချမ်းပါရှင်" ... တဲ့။

တံခွန် ခေါင်းညိတ်လိုက်ရသည်။ သိပ်ကို သိပ်ကို လှလွန်းပါ၏။ သူ့လိုလှတာဆိုလို့ နောက်တစ်ယောက်ပဲရှိသည်။ ဂြိုဟ်မ။

"ဇမ္ဗူဒိပ်ကျွန်းမှာ လှူဒါန်းမယ့်သူတွေ ...
အောင်ပါစေ ...
မင်္ဂလာရက်မြတ် လက်ထပ်မယ့်သူတွေ ...
အောင်ပါစေ ..."

သံချိုအေးလေးက နားထဲသို့ စိမ့်အေးစွာ ဆိမ့်ဆိမ့်ချိုချိုလေး စီးဝင်သည်။ သူ့အသံကလေး ချိုပါဘိ။ ဤသီချင်းကို ရွှေမန်းတင်မောင် ဆိုခဲ့စဉ်က အသံက ချိုချိုအောအော အသံလုံးကြီးကြီးနှင့် နားထောင်လို့ ကောင်းလှသည်။ ရွှေမန်းတင်မောင်၏ အသံက ကြားရသူတစ်ကိုယ်လုံး လွှမ်းခြုံသွားသလို ခံစားရသည်။ ရွှေမန်းသဘင်၏ အောင်မြင်မှုထဲသို့ ကိုယ်က ရောနှောစီးမျောပါဝင်သွားသလို ခံစားခဲ့ရသည်။

ဦးဥက္ကာက ကြိုက်လွန်းလို့ ရွှေမန်းဦးတင်မောင်၏ အသံနှင့်ကို တကူးတက ကူးယူထားသည်။ သူ့အိမ်မှာ မကြာခဏ ဖွင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီသီချင်းဖွင့်လိုက်ရင် တစ်အိမ်လုံးကို မြိုင်ပြီး ကျက်သရေတွေ လျှံတက်သွားသလိုပဲ"... တဲ့။

မကြာခဏလည်း ပြော၏။

တံခွန် နားထဲစွဲနေအောင် အကြိမ်ပေါင်းများစွာ နားထောင်ထားဖူးသည်။ တစ်ခါတစ်ရံ စိတ်လိုလက်ရရှိလျှင် ကိုယ်တိုင်အော်ဆို၏။ ချစ်လှစွာသော နှောင်ကြိုးမလေးကိုတောင် တစ်နေ့ မင်္ဂလာဒုံဥယျာဉ်ထဲမှာ ဆိုပြခဲ့ဖူးသေးသည်။

ခု ... မနော်ဟရီ ဆိုသည့်အသံက ရွှေမန်းဦးတင်မောင်၏ အသံနှင့် ခြားနား၏။ ရှုးရှူးသေးသေး ချိုချိုရှရှနှင့် အေးမြပျို့မျစ်နေ၏။ ဟိုတုန်းကလို ကျက်သရေမင်္ဂလာကြီးနှင့် လွှမ်းခြုံခံလိုက်ရတာမျိုး မဟုတ်ပါ။ ကိုယ့်ရင်ထဲသို့ မင်္ဂလာရှိလှသော စမ်းရေစီးကြောင်းလေး ထိုးဖောက်ဝင်ရောက်လာသလို ခံစားရတာမျိုးဖြစ်သည်။ ခံစားရပုံချင်း ခြားနား၏။ နှစ်မျိုးလုံး အတိုင်းထက်အလွန် ကောင်းကြသည်ချည်းပါပဲ။

"စီးပွားရေးနဲ့ ကြီးပွားရေးနဲ့ ...

သမီးရည်းစားအရေးလည်း အောင်ပါစေ ..."

အသံချိုလေး လွင့်ပျံလာပြန်၏။ တံခွန်က ဘောင်းဘီအိတ်ထဲနှိုက်သည်။ သွားလေရာ ပိုက်ဆံအထပ်လိုက် သယ်လေ့မရှိပါ။ သို့ပေမဲ့ စောစောက လိုရမည်ရဟုဆိုကာ အန်တီဂျူလီယာက ငွေစက္ကူလေးငါးအုပ် လာပေးသွား၍ ဘောင်းဘီအိတ်ထဲ ထိုးထည့်ထားခဲ့တာ။

လက်ထဲမှာပါလာသည့် စက္ကူအုပ်ကို ကြည့်လိုက်တော့ ငါးရာတန် ဖြစ်နေသည်။ ပါချင်သလောက်ပါ၊ တစ်ထပ်



ဆွဲခွာလိုက်၏။ သစ်သစ်ကော့ကော့လေးတွေကို ညီညာအောင် ဆောင့်ထပ်ပြီးမှ ယပ်တောင်ကာသလို ဆွဲဖြန့်လိုက်သည်။ အရွက်နှစ်ဆယ်ခန့်တော့ ရှိနိုင်၏။ ကောင်တာကို ထသွားတော့ တံခွန့်ဆန္ဒကို ကြိုသိနေသလို ဆယ်လိုတေ့ပ်နှင့် ကားကားလေး ကပ်ပေးလိုက်သည်။ ယပ်တောင်လေး ဖြစ်သွားသည်။ ယပ်ခတ်လို့ရ၏။

တံခွန် မနော်ဟရီ့နားသို့ ဖြည်းဖြည်းလျှောက်လာသည်။

"ညီမလေး မနော်ဟရီအတွက်"

ငါးရာတန်စက္ကူ အရွက်နှစ်ဆယ်ခန့်ဖြင့် ဖန်တီးထားသော ယပ်တောင်လေးနှင့် ယပ်ခတ်ပေးလိုက်၏။ ပြီးတော့ မနော်ဟရီကို ပေးလိုက်သည်။ မနော်ဟရီ၏ ဆေးဆိုးပန်းရိုက်မျက်နှာမှာ ခံစားမှု ဖြစ်ထွန်းခြင်းပုံရိပ်တွေ ဖြတ်ပြေးသည်။

ကြေကွဲဝမ်းနည်းခြင်းတစ်မျိုး ပါဝင်မည်ထင်သည်။ ဝမ်းသာလွန်းလို့ ဝမ်းနည်းသွားရတာလား မပြောနိုင်ပါ။ ကြည်နူးရိပ်ကိုလည်းတွေ့၏။ အားနွဲ့ခြင်းနှင့် အားကိုးတတ်သူ အမျိုးအစား၏ မျက်ဝန်းပုံရိပ်ကလည်း ပီပြင်သည်။ တစ်ချိန်တည်းမှာ မာနကိုလည်း တွေ့နေရပြန်သည်။ တင်းတင်းစေ့လိုက်သည့်နှုတ်ခမ်းက တော်တော်လေး ခက်ထန်သွားသည်။

တင်းထားသမျှ နှုတ်ခမ်းကြောမျှင်တွေကို လျှော့ချလိုက်တော့ ရယ်ရွှင်ရိပ်သွားသည့် နှုတ်ခမ်းလှလှလေးက အတိုင်းမသိ မြတ်နိုးဖွယ်လေး ဖြစ်သွားရပြန်သည်။

"ကျေးဇူးတင်ပါတယ် အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



လက်အုပ်ကလေးချီ၏။ လက်ဆွဲနှုတ်ဆက်ဖို့ လက်ကမ်းမပေးပါ။ အနုပညာကို ချီးမြှင့်မြှောက်စား ခံရသည့်အခါမှာ လက်ဆွဲနှုတ်ဆက်မည့်အစား ခုလို လက်အုပ်ကလေးချီတာက မြန်မာ့ယဉ်ကျေးမှု ထိန်းသိမ်းရာလည်းရောက်၊ ဣန္ဒြေလည်းရ၊ ကျက်သရေလည်းရှိ၊ အတိုင်းမသိ ကြည်နူးဖွယ်လေး ဖြစ်ရလေတော့သည်။

"ကြီးပွားရေးနဲ့ စီးပွားရေးနဲ့
သမီးရည်းစားအရေးလည်း အောင်ပါစေ ...
ဗမ္ဘူဒိပ်ကျွန်းမှာ လှူဒါန်းမယ့်သူတွေ
အောင်ပါစေ ...
မင်္ဂလာရက်မြတ် လက်ထပ်မယ့်သူတွေ
အောင်ပါစေ ..."

လူရော အသံပါ လှလွန်းတဲ့ မနော်ဟရီလေးပါပဲကွယ်။

မင်းလိုလှတာ နောက်တစ်ယောက်ရှိသေးတယ်၊ သူ့နာမည်လေးက ဂြိုဟ်မတဲ့။ တို့က "နှောင်ကြိုးလေး"လို့ ခေါ်တယ်။ သူ့ဘာသာ မှည့်ထားတဲ့ နာမည်လေးဖြစ်သလို တို့ကို ခိုင်ခိုင်မြဲမြဲ တုပ်နှောင်တတ်လွန်းတဲ့ အဓိပ္ပာယ်လည်း ပေါ်လွင်စေတယ်လေ။

နှောင်ကြိုးလေးက တို့ကို တစ်ခါမှ သီချင်းဆိုမပြဖူးလို့ သူ့အသံ ဘယ်လိုနေမယ် မသိပါဘူး။ အလှမှာတော့ မင်းထက်သာတယ်လို့ ဆိုချင်တယ်။ နှောင်ကြိုးရဲ့မျက်နှာပြောင်ပြောင်လေးဟာ မိတ်ကပ်၊ ပေါင်ဒါဝေးလို့ သနပ်ခါးရည်ကျဲတောင် တင်ခဲ့ပါဘိခြင်း။



မျက်နှာပြောင်ဖူးဖူးလေးကပဲ ကြွရောင်လက်ပြီး အလှကြီးလှရှာတာ။ မင်းကတော့ ဆေးဆိုးပန်းရိုက် မျက်နှာလေးနဲ့ပဲ ပြိုင်ဘက်ကင်းအောင် လှရက်ပါပေတယ်။ မင်းအသံလေးက တစ်ဖက်သားရဲ့ရင်ကို ထိုးခွဲပြီး နှလုံးသားကို ထိမှန်စေပါတယ်။

ညီမလေး မနော်ဟရီ၊ မင်းအသံလေးကို တို့ စိတ်ဝင်စားမိပြီကွယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

ဦးဥက္ကာနှင့် ဒေါ်ဂျူလီယာတို့ စင်ကာပူသို့ ပြန်သွားကြပြီမို့ တံခွန် တိုက်ကြီးတစ်လုံးလုံး နှစ်ထပ်ခွဲတိုက်မှာ တစ်ယောက်တည်း ဖြစ်နေတော့သည်။ တပည့်တပန်း အခြွေအရံက တော့ ပေါပါဘိ။ စားရေးဝတ်ရေးကတော့ ပူစရာမရှိပါ။ ဝေယျာဝစ္စ ဆောင်ရွက်ပေးမည့်သူတွေလည်း အများကြီး။

သို့ပေမဲ့ အဖော်လို၏။

"မင်းတို့တွေထဲမှာ ငါနဲ့ ဘယ်သူလာနေနိုင်လဲကွာ"

သူငယ်ချင်းတွေကို မေးရသည်။ သူငယ်ချင်းတွေနှင့်က ခုမှပဲ တရန်းရန်းပြန်ဖြစ်သည်။ ရိုးရိုးမေဂျာဘွဲ့ ယူသည့်သူတွေက ကျောင်းပြီးတာနှင့် စားဝတ်နေရေး ရန်းကန်းရင်း ကွာလှမ်းသွားကြသလို စက်မှုနှင့် ဆေးတွေကျတော့လည်း အတွေ့အမြင်နည်းသည်။ ဖေဖေ အပင်ပန်းခံ၍ ပြန်လည်စုစည်းပေးခဲ့လို့သာ ခုမှ ငယ်နရှိန်က ခံစားမှုမျိုးကို ပြန်လည်ဆန်းသစ်ရတော့သည်။



"စောနောင် သွားနေကွာ၊ မင်းက အိမ်မှာ မောင်နှမတွေလည်း ကျန်သေးတယ်၊ မိဘအတွက်လည်း စိတ်မချစရာမရှိဘူး၊ ပြီးတော့ လောလောဆယ်လည်း အားနေတဲ့ကောင်"

"အဲဒီစကားက ဘာစကားလဲ၊ စော်ကားတာလား၊ မော်ကြွားတာလား"

"အလုပ်လက်မဲ့လို့ စွပ်စွဲလိုက်တာပဲ၊ မှတ်ပလား"

"မှတ်ပါပြီ"

ငယ်သူငယ်ချင်းတွေမို့ ပြောမနာ ဆိုမနာ။ စောနောင်က တကယ်တမ်းလည်း လူအားဖြစ်နေသည်။ သူ့အိမ်က မိသားစုများသည်။ သူတစ်ယောက် လျော့၍လည်း ဘယ်လိုမှ လစ်ဟာမသွားပါ။ သူရှိနေသည့်အတွက်လည်း ဘယ်နေရာမှ ပြည့်တင်းမလာဟု သူငယ်ချင်းတွေက နှိမ်ပြောနှင့် အနိုင်ယူကြသည်။

ဟောက်စ်ဆာဂျင်လည်း ဆင်းပြီးပြီ။ ဆရာဝန်ဖြစ်လို့ ဆ-မန့်ပါတ်လည်း ထွက်ပြီ။ အလုပ်လျှောက်လွှာ မတင်ဖြစ်သေးမီ ဆေးခန်းထိုင် ဂျီပီလုပ်ဖို့ကျတော့လည်း အချိန် သည်လောက်ကြီး မလိုလှပါ။ တစ်ပတ်မှာ သုံးလေးရက်၊ တစ်ညနေပိုင်းလေး၊ နှစ်နာရီ သုံးနာရီဆို ပြီးပြီ။ စောနောင် အားပြီ။ စောနောင်ပဲ နေဖြစ်သည်။ သူတို့ တံခွန်၏ အထီးကျန်ကလျှာကြီးကို ဝိုင်းဖြည့်ပေးဖို့ တူညီဆန္ဒ ရှိကြပါပေ၏။

"မင်း ပိစတင်က ဘယ်တော့ကျမလဲ"

"လိုပါသေးတယ်"

"ရန်ကုန်မှာ ရနိုင်လား"

"မနသတ္တဘာဝေါ ဒုလ္လဘောတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ ဘာဆိုင်လဲ၊ ငါမေးတာနဲ့"

"မဆိုင်ပါဘူး၊ ရထားတဲ့ ပါဠိလေးတွေ မေ့မှာစိုးလို့ ရွတ်ကြည့်တာ"

"စကားကောင်း ပြောစမ်းပါ ရွှေဒေါက်တာရဲ့၊ မင်းကို အလုပ်ခန့်မလို့"

"မင်းအလုပ်ပေးရင်တော့ ငါ ရွှေဒေါက်တာ ဖြစ်မှာသေချာတယ်၊ ဆေးဖိုးကို ပိုက်ဆံနဲ့ပေး၊ ဝါးခကို ရွှေနဲ့ပေး"

"ဝါးချင်ရင် အမဲခြောက်အစွတ်တုံးကို မီးကင်ပေးမယ်၊ တစ်နေ့လုံး ထိုင်ဝါး၊ ဘယ်တော့မှ မညက်ဘူး"

"မညက်တော့ ပူစရာလား၊ အတုံးလိုက် မျိုချလိုက်ရုံပေါ့"

"ဒီမှာ စကားကောင်းပြောမလို့"

စောနောင်က မျက်နှာကို လက်ဝါးနှင့်သပ်ချသည်။ မျက်နှာပိုးသတ်တာဟု ပြောပြီး ရယ်နေပြန်၏။

"ငါ့လုပ်ငန်းတွေက အလုပ်သမားတွေကို အခမဲ့ ဆေးကုသခွင့် ဖန်တီးပေးချင်တယ်"

"ဟာ ... ဟော့ကောင်"

စောနောင် ခုန်ထသည်။ တံခွန့်ကို လက်ဆွဲနှုတ်ဆက်၏။ ပြီးမှ ဆောရီးဟုဆိုကာ လက်အုပ်ကလေးချီသည်။

"မင်္ဂလာပါ အစ်ကို"

"တယ် ... သေတော့မှာပဲ"

တံခွန်က ပုတ်ထုတ်သည်မို့ နှစ်ယောက်လုံး ရယ်ဖြစ်ကြသည်။



"တကယ် မင်္ဂလာရှိတာ၊ ကုမ္ပဏီပိုင်ရှင် သူဌေးဆိုတဲ့ လူတန်းစားတွေ အဲဒီစိတ်ကူးမျိုးရဖို့ ကောင်းတာ ကြာပြီ၊ နေ့စားအလုပ်သမားတွေဟာ စားဖို့မှ အနိုင်နိုင်ကွာ၊ သိပ်သနားဖို့ကောင်းတယ်"

"ငါ့အလုပ်သမား မှန်သမျှ ငါဖွင့်ထားတဲ့ ဆေးခန်းမှာ လာဆေးကုကြပစေကွာ၊ ဆေးဖိုး အလကား၊ ဆရာဝန် အလကား"

"ကုန်ကျစရိတ်တော့ များမယ်၊ နည်းနည်းဖြစ်ရုံနဲ့ များများ သည်းပြီး လာတဲ့လူတွေလည်းရှိမယ်၊ တို့လူမျိုးက လမ်းထိပ်မှာ ရေခဲရေ ဝေနေတယ် ဆိုရင်တောင် ...

"သူများတွေ သောက်ကြရကုန်ပြီဆိုပြီး တစ်ခွက်ပြေးသောက်ရမှ ကျေနပ်တဲ့ လူမျိုးကွ"

"နည်းနည်းလား များများလားဆိုတာ မင်း သိရမှာပေါ့၊ မင်း တာဝန်ပဲ၊ အရမ်းများများကြီးဆိုလည်း ဆေးရုံတင်ရမှာပဲဟာ"

"ဟုတ်ပြီ"

"မင်းက နှစ်ဆယ့်လေးနာရီ အွန်ဂျူတီ (On Duty)"

"သေပြီ"

"ငါတို့သူငယ်ချင်းတွေထဲမှာ ဆရာဝန် နောက်ထပ်မရှိတော့ဘူးလား"

"မေ့နေရလား၊ စည်သူလေကွာ တွံတေးက၊ သူလည်း ငါ့လိုပဲ ပိုစတင်စောင့်ရင်း တွံတေးပြန်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ သူ့ပါခေါ်ပြီး နှစ်ယောက်ဆိုတော့ တစ်ယောက်တစ်လဲ နားရတာပေါ့"

"မင်း ဘုရားဖြစ်မယ့် အုတ်ခဲကျိုးလား"

"ငါတ တစ်ယောက်တည်းသမားပဲကွာ၊ ဘာပူစရာရှိလို့လဲ၊ ဒါအလှူပေါ့၊ နောက်ဘဝတွေမှာ လူဖြစ်ဦးမယ်ဆိုရင် ငါ့ကျန်းမာရေး ဘောမသိရန်မခ"

"အေးပါ ... အေးပါ၊ တခြားလူနာတွေကော လက်ခံကုပေးမှာလား"

"လက်မခံဘူး၊ ငါ့အလုပ်သမားတွေအတွက် သီးသန့်ပဲ၊ ဆေးဖိုးရော ဝါးခပါ ဖရီး(Free) ...

"အဲဒီအတွက် မင်းနဲ့ စည်သူပဲ ထားပါ၊ မင်းတို့အတွက် လခနဲ့ပေးရမလား၊ ပါဟက် (Per Head တစ်ဦးချင်းနှုန်း)နဲ့ ပေးရမလား၊ ငါပေးမယ် ...

"လိုအပ်သမျှ ဆေးနဲ့ဆေးပစ္စည်း ဝယ်ဖြည့်မယ်၊ ဪ ... လိုသေးတယ်၊ သူနာပြုဆရာမတစ်ယောက်"

"တံခွန် ... မင်းစေတနာကို ငါ တကယ်ကြက်သီးထပြီး ချီးကျူးတယ်ကွာ၊ ဒီတစ်ခါတော့ စကားကောင်းပြောတာပါ"

တံခွန် ရယ်နေလိုက်သည်။

"နာစေးချောင်းဆိုးသမားတွေ အများကြီးလာမှာ မြင်ယောင်သေး"

စောနောင်က ရယ်၍ပြော၏။

"အဲဒီတော့လည်း တစ်ဖီပေါ့၊ ပရိကိုးလ်ပေါ့၊ နိုကိုလီပေါ့"



"အောင်မယ် ... မင်းက ဘယ်ဆိုးလို့လဲ၊ ဆေးနာမည်တွေသိတယ်"

"မင်းနာမွန်ရင် ဘာမီတွန် တိုက်ပါ့မယ်၊ ဘာမီတွန်က ထိုင်းဆေး၊ တရုတ်ဆေးထက် ပိုဈေးကြီးတာ"

"နိုင်ငံခြားဆေး တော်တော်များများထက် တို့ ဘီပီအိုင်ဆေးက ဈေးပိုကြီးတယ်"

"ဟော့ကောင် ဆရာဝန်၊ ဘီပီအိုင် မဆေါ်တော့ဘူး"

"အေးပါ ... အမ်ပီအက်ဖ် MPF ပါ၊ နှုတ်ကျိုးနေလို့"

စောနောင်နှင့် စည်သူက တံခွန့်အိမ်သို့ ပြောင်းလာကြသည်။ တံခွန့်အိမ်ကြီးက နှစ်ထပ်ခွဲဖြစ်၏။ အပေါ်ဆုံးထပ်ကိုတော့ ဘုရားခန်းမှလွဲ၍ သီးခြားအခန်း မဖွဲ့တော့ပါ။ အလယ်ထပ်မှာ တံခွန်တို့သုံးယောက်လုံး တစ်ယောက်တစ်ခန်းစီ နေလိုက်ကြသည်။ အောက်ဆုံးထပ်မှာ ထမင်းစားခန်း၊ မီးဖိုနှင့် ဧည့်ခန်းအပြင် အခန်းပိုတွေ ကျန်သေးသည်မို့ ဆေးခန်းကို တခြားမှာ မဖွင့်ဘဲ အိမ်အောက်ထပ်မှာပဲဖွင့်ဖို့ ဆုံးဖြတ်လိုက်ကြသည်။ ဆေးနှင့် ဆေးပစ္စည်းကို စောနောင်နှင့် စည်သူတို့က တစ်လဲစီ ထွက်ဝယ်ကြ၏။ တံခွန့်မှာ သူငယ်ချင်းနှစ်ယောက်နှင့် တစ်အိမ်တည်းမို့ အထီးကျန်ကလွှာကြီး ပြေလည်သွားသည်ဟု ပြောနိုင်ပေမယ့် ရင်ထဲမှ လစ်ဟာမှုကိုတော့ မည်သူက လာရောက်ဖြည့်ဆည်းနိုင်မှာတဲ့လဲ။

www.burmeseclassic.com

www.burmeseclassic.com



ချစ်စွာသော ကိုကိုလေး ... တဲ့။

စာကရှည်၏။ စာအိတ်လည်းထူ၏။ မှတ်ပုံတင်၍ ပို့သည်မို့ ပေးပို့သူ လိပ်စာပါပါသည်။ အဲသည်လိပ်စာသို့ တံခွန် လိုက်ခဲ့ပါသည်။

"ကျွန်တော် ဝင်းထိန်ပါ၊ ဂြိုဟ်မကို နားအလည်နိုင်ဆုံး သူငယ်ချင်းပါ၊ ကျွန်တော်တို့နှစ်ယောက်လောက် ရိုးရိုးသား သားနဲ့ မောင်နှမရင်းလို ခင်မင်တဲ့ သူငယ်ချင်းမျိုးလည်း ရှိနိုင်တော့မယ် မထင်ဘူး ...

"ကျွန်တော် ဂြိုဟ်မကို ကူညီလို့ ကျွန်တော့်အမျိုး သမီးနဲ့တောင် ပြဿနာဖြစ်ရပါတယ်၊ တကယ်တော့ ဂြိုဟ်မ နဲ့ သူနဲ့လည်း သူငယ်ချင်းတွေပါ ...

"ဂြိုဟ်မက ဆယ်တန်းမအောင်ဘဲ ကျန်ခဲ့တာ"တဲ့။

ဝင်းထိန်က ဂြိုဟ်မအကြောင်းတွေကို အများကြီး ပြောပြနိုင်သည်။

"အုံးချိုရယ်၊ မြင့်ထွန်းရယ်၊ ကျော်ငြိမ်းရယ် ရှိသေးတယ်၊ ဂြိုဟ်မ သူငယ်ချင်းတွေပဲ၊ ဂြိုဟ်မက မိန်းကလေးသူငယ် ချင်း သိပ်မရှိဘူး ...



"ဂြိုဟ်မက လှတယ် မဟုတ်လား၊ မိန်းမချင်းကျ တော့ မနာလိုတာလား မသိပါဘူး၊ ဂြိုဟ်မကို ကူညီဖို့ ထက် အတင်းပြောဖို့ပဲ စိတ်သန်ကြတယ် ...

"ဘယ်သွားသွား ဂြိုဟ်မပဲ လူဝိုင်းကြည့်ခံရတယ်၊ သူ့ကိုပဲ ဝိုင်းကြိုက်ကြတယ်၊ တကယ်တမ်းကျတော့ လက် ထပ်မယ့်သူ မရှိဘူး ...

"ဂြိုဟ်မက ဂြိုဟ်မွေလို့တဲ့၊ သူ့နောက်မှာ ဂြိုဟ်ဆိုး တွေ အများကြီးရှိနေတယ်တဲ့၊ ဂြိုဟ်မနဲ့ယူရင် ဂြိုဟ်ဝင် မယ်၊ သူ့အဖေနဲ့ အမေဟာ သူ့ကိုမွေးမွေးချင်း ပြိုင်တူ ဆုံးသွားတာ"

ဝင်းထိန်က တံခွန့်ကို ကောင်းကောင်းသိပါသည်။

"အစ်ကိုနဲ့တွဲနေတာ ကျွန်တော် တွေ့တော့ သူ့ကိုမေးတယ်၊ သူ အစ်ကို့ကို သိပ်ချစ်ရှာပါတယ်"

သြော် ... ဂြိုဟ်မလေးရယ်။ မင်း ကိုယ့်ကို သိပ် ချစ်တယ် ဆိုပါလား။

"ဒါပေမဲ့ မချစ်ရဲဘူးတဲ့၊ သူက ဂြိုဟ်မတဲ့"

"ဘာဆိုင်လဲဗျ"

"သူနဲ့ပတ်သက်သူတိုင်း ကံဆိုးမိုးမှောင် ကျတယ်တဲ့၊ ကျွန်တော်တောင် ကျော့ရှင်းနဲ့ကွဲတာ သူ့ကြောင့်တဲ့"

"ကျော့ရှင်း ဆိုတာ"

"ကျွန်တော့် ကောင်မလေးပါ၊ အဲဒါ ဂြိုဟ်မ ကျော့ရှင်းဆီ သွားပြီး ပါးထိုးပေးတာ အစ်ကိုရယ်၊ ငါ့ပါးကိုရိုက်၊ ရိုက်တဲ့၊ ကျော့ရှင်းတဲ့၊ နင်မကျေနပ်ရင် ငါ့ကိုပါးရိုက်တဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



"ဝင်းထိန်နဲ့ ငါနဲ့ ဘာမှမဖြစ်ဘူးတဲ့၊ နင် အထင်လွဲတယ်ဆိုရင် ငါ အနေမတတ်လို့ပဲ ဖြစ်ရမယ်၊ အနေမတတ်တဲ့ ငါ့ကို ဆုံးမပါ သူငယ်ချင်းရယ်ဆိုပြီး ပါးထိုးပေးရှာတယ် အစ်ကို"

ဖြစ်မှ ဖြစ်ရလေခြင်းပါလား ဂြိုဟ်မလေးရယ်။

"အဲဒီတော့မှ ကျော့ရှင်းလည်း စိတ်ပြေပြီး ကျွန်တော်တို့ ပြန်တည့်တာ၊ အစ်ကို သူ့ကို လိုက်စကားပြောတဲ့နေ့က ကားတိုက်ခံရတယ်ဆို"

"တိုက်ဆိုင်မှုပါဗျာ၊ တိုက်လည်း တိုက်သင့်တယ်၊ မိန်းကလေးတစ်ယောက်ကို အငေးလွန်ပြီး ကားမကြည့်ဘဲ လမ်းဖြတ်ကူးတာ၊ ဖြတ်ကြိတ်သွားရင်တောင် ကားအလွန်မရှိပါဘူး၊ ဂြိုဟ်မနဲ့လည်း ဘာမှမဆိုင်ဘူး"

"အစ်ကိုက လက်ထပ်ဖို့ ဆုံးဖြတ်တဲ့နေ့မှာ အကြီးအကျယ်တိုက်တာတဲ့"

"ကိုဝင်းထိန် ... ရန်ကုန်မြို့မှာ ဆိုင်းဘုတ်ကြီးတွေ ရှိပါတယ်ဗျာ၊ ကားမဆင်မခြင်မောင်းမှုကြောင့် ယာဉ်တိုက်မှု ဘယ်နှမှု ဖြစ်ပွားပြီး အသက်ပေါင်း ဘယ်လောက်ဆုံးရှုံးခဲ့ရပြီးပြီဆိုတာတွေ လိုက်ဖတ်ပါ။ အဲဒါတွေကျတော့ကော ဂြိုဟ်မ ဂြိုဟ်မွှေလို့ပဲလား ...

"မေမေ့နှလုံးရောဂါက တော်တော်ဆိုးနေရှာတာ၊ အတက်ခံရထားပြီးသား၊ နောက်တစ်ခါ ထပ်ရရင် မလွယ်ဘူးဆိုတာ ဆေးပညာဗဟုသုတ ရှိတဲ့သူတိုင်း သိတယ် ...



"မေမေက ယှဲ့ယှဲ့လေး အသက်ရှင်နေရတာ၊ ကျွန်တော်တို့ဆို မေမေ့ကို ရွှေလိုဥထားရတာ၊ အလိုလိုက်အလှကြည့်၊ အကောင်းဆုံးဆေးဝါးနဲ့ စိတ်အချမ်းသာဆုံး ထားထားရတာ ...

"ကျွန်တော် ဒီလိုဖြစ်တယ်ဆိုတော့ မေမေ စိတ်မလှုပ်ရှားဘဲ မထိခိုက်ဘဲနေမလား၊ မေမေဆုံးတာ ကျွန်တော့်အက်ဆီးဒင့်ကြောင့် ...

"ပြောမယ်ဆိုရင် ကျွန်တော့်ကြောင့်လို့ ပြောနိုင်တယ်၊ ဂြိုဟ်မနဲ့တော့ ဘာမှမဆိုင်ဘူး"

"အစ်ကို့ကြောင့်လည်း ဘယ်ဟုတ်မလဲ အစ်ကိုရယ်၊ ရောဂါကလည်း ထုထည်ကြီးတယ်၊ လူဆိုတာ သေနေ့စေ့ရင် သေကြရတာပဲ"

"ဒါပေါ့ဗျာ၊ ဒီလိုပဲ တွေးရတာပဲပေါ့၊ ကဲ ... ဒါဆို အဲဒီ သတင်းကြားပြီး ဂြိုဟ်မ ရုံးခန်းထဲက ဆင်းပြေးသွားတယ်၊ ကားတိုက်တယ်၊ အဲဒါကျတော့ကော ဘယ်သူဂြိုဟ်မွှေလို့လဲ၊ ကဲ ..."

"ဂြိုဟ်မ အရမ်းသနားစရာကောင်းတယ် အစ်ကို၊ ကျွန်တော် ပြောပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလေးရယ်။

တစ်သက်မှာတစ်ခါ မချစ်ဖူး ရှုးသွပ်တော့မလောက် ချစ်ရတဲ့ ကိုကိုလေးရယ်။ ကားတိုက်ခံရတယ်တဲ့လား။ ဒါ ဂြိုဟ်မကြောင့်၊ ဂြိုဟ်မ ဂြိုဟ်မွှေတာ။ ဂြိုဟ်မဟာ ဂြိုဟ်မကို ချစ်တဲ့သူတွေအားလုံးကို ဂြိုဟ်မွှေပြီး ဒုက္ခပေးနေတဲ့ မကောင်းဆိုးဝါးမပါ ကိုကိုလေးရယ်။

ကိုကိုလေးကို ကပ်နဲ့ထမ်းတင်သွားရတာတဲ့လား။ သတိမရဘူး၊ မေ့လို့ မြောလို့။ မြတ်စွာဘုရား ... ကယ်တော်မူပါ။ ကိုကိုလေး မသေရဘူး။ ကိုကိုလေး အသက်ရှင်မှဖြစ်မယ်။ ကိုကိုလေးဟာ စိတ်ကောင်းအလွန်ရှိတဲ့ ထက်ထက်မြက်မြက် တက်လူ၊ လူအဖိုးတန်တစ်ယောက်ပါ။ စည်းစိမ်ချမ်းသာနဲ့ ထည်ထည်ဝါဝါ ခံစားနေနိုင်သူပါ။

ဂြိုဟ်မကတော့လေ လူတကာကို ဂြိုဟ်မွှေတဲ့ မကောင်းဆိုးဝါးမ၊ သရဲမ၊ ကဝေမ။ ဂြိုဟ်မ လူ့ဘဝမှာ ရှိနေခြင်းနဲ့ ရှိမနေခြင်းမှာ ရှိမနေတာကမှ လူတကာ ဂြိုဟ်မွှေခံရခြင်းဒုက္ခက လွတ်ကင်းဦးမယ်။ ဂြိုဟ်မ ရှိနေသမျှ လူ့လောကမှာ ဒုက္ခဂြိုဟ်ဆိုးတွေ ဖန်တီးမယ် မိစ္ဆာမတစ်ယောက် ပေါ်ပေါက်နေတာနဲ့ တူတူပဲ။



"အဲဒီ ဂြိုဟ်မလေ၊ သူ့ကိုမွေးမွေးချင်း အဖေရော အမေရော ဖြိုင်တူသေတာ"

"သူ့ကိုစောင့်ရှောက်နေရတဲ့ ဒေါ်စိုးစိုးကြည်လည်း တစ်သက်လုံး လူမွေးလူတောင် မပြောင်ဘူး"

ကဲ့ရဲ့သံတွေ နားထဲမှာ အမြဲလျှံပါတယ်။

မဟုတ်ဘူး ... မဟုတ်ဘူး။ ဂြိုဟ်မ ဂြိုဟ်မမွှေပါဘူး။ ကလေးတစ်ဖက်နဲ့ မိန်းမသားတစ်ယောက်ဟာ ဝမ်းရေးကို ဖိဖိစီးစီး မရှာနိုင်လို့ နွမ်းပါးရတာပါ။ အဲဒါကို နားလည်ပေးကြပါလားရှင်။

ဂြိုဟ်မ အော်၍ ဟစ်၍ ငြင်းချင်ပါ၏။ သို့ပေမဲ့ ဘယ်သူယုံမှာလဲ။ ဘယ်သူလက်ခံမှာလဲ။ ကဲ့ရဲ့သံဂြိုဟ်ခြင်း၊ စကားတင်းဆိုခြင်းတို့သာ ပိုမိုထူထပ်လာပြီး မခံနိုင်လွန်းတဲ့အချိန်မှာ ဂြိုဟ်မ အော်ဟစ်သောင်းကျန်းမိခဲ့လျှင်တောင် ...

"ရိုင်းပျပါပေရဲ့"

ဆိုတဲ့ မှတ်ချက်မှာ မျက်စောင်းတွေ ထပ်ဆင့်ပါလာဦးမှာ။

လူတွေဟာ ကိုယ်ချင်းမစာကြပါဘူး၊ မြေနိမ့်လျှင် လှံစိုက်ချင်ကြတယ်၊ မျက်နှာမွဲမို့ ဖိထောင်းတယ်။ ဂြိုဟ်မအတွက် ဖေဖေက ပျဉ်ထောင်အိမ်လေးတစ်လုံးနဲ့ ငွေလေးနည်းနည်းပါးပါး ချန်နိုင်ခဲ့တော့ ကလေးပေါက်စ၊ ရက်သမီးလေးကို ထိန်းကျောင်းရှာတဲ့ ကြီးမေ ...

အလုပ်ထွက်မလုပ်နိုင်လို့ ရပ်ကွက်ပြောင်း၊ အိမ်ကြီးကြီးကို သေးသေးနဲ့ဖလှယ်၊ ပိုတဲ့ငွေလေးနဲ့ထိုင်စား၊ ကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထားနိုင်မှ ကလေးကို ကျောင်းပို့၊ ကြီးမေက အလုပ်သွား၊ အဲသည်ကျမှ စီးပွားရေးကို ပြန်လှည့်ကြည့်နိုင်တာမို့ ဆုတ်ယုတ်သွားတာ အဆန်းလားဟင် ...။

အဲဒါလည်း ဂြိုဟ်မ ဂြိုဟ်မွေတာပဲလား။

"သူ့ကြောင့်လေ ... သမီးရည်းစားစုံတွဲလည်း ကွဲပါရောလား"

ကျော့ရှင်းရယ်၊ လူတွေပြောကုန်ကြပြီ။ နားလည်ပေးပါ သူငယ်ချင်းရယ်၊ ဂြိုဟ်မကို လှတယ်ပြောမိလို့ ဝင်းထိန်ကို အဆက်ဖြတ်တာဆိုရင် ဂြိုဟ်မ မလှတော့အောင် ဂြိုဟ်မမျက်နှာကို အမာရွတ်ထင်စေလှည့်ပါ။ ဘာလိပ်မီးနဲ့ရင်လည်း လိုးချသွားတော့။

ဆင်းရဲပြီး ကံဇာတာမလှ၊ မြေနိမ့်ရာ အိမ်တိုင်ထူနေရတဲ့ ကံဆိုးမတစ်ယောက်အဖို့ လှပခြင်းဟာ အန္တရာယ်တစ်ခုပါ သူငယ်ချင်းရယ်။ လူတကာ အပြောအဆိုခံရစေဖို့ ပံ့ပိုးတဲ့အထောက်အကူတစ်ခုပါပဲ။ သည်အလှကို မက်ကြသူတွေရှိကောင်းရှိမှာပါပေမယ့် မြတ်နိုးတွယ်တာသူ ကင်းပါတယ် သူငယ်ချင်းရယ်၊ နားလည်ပေးပါ။ ဝင်းထိန်နဲ့ ပြန်ပြီးပြေလည်ကြပါနော်။ တောင်းပန်ပါတယ်။

"ရုပ်ကလေးကတော့ အလှသားနော်"

ကဲ့ရဲ့စရာရှိရင်သာ မျှစ်ချိုး မှိုချိုး။ ချီးမွမ်းစရာရှိတော့ ခပ်ချိုချို။ အလှသားတဲ့။ ဂြိုဟ်မ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပါလို့ ပြောခဲ့ပြီလေ။ ဂြိုဟ်မရဲ့အလှဟာ အလှသားလို့ ပြောရုံနဲ့ လုံလောက်တဲ့ အလှမျိုးမှ မဟုတ်တာ။



"လှလိုက်တာလေးက စက်စက်ကို ယိုပါရောရှင်" လို့ ချီးမွမ်းပါ။

"ရှာမှရှားတဲ့ အလှမျိုးနော်" လို့ ဝန်ခံကြပါ။

"မကောင်းဆိုးဝါးနတ်တွေ ရုပ်လှရင် ပူးကပ်တတ်တယ်၊ သူ့မှာ မကောင်းဆိုးဝါးတွေ ပူးနေလို့ နေမှာပေါ့"

"တချို့ကျတော့ ရုပ်လှတာ ဥစ္စာစောင့်ဆို၊ ဂြိုဟ်မက သိုက်ကများ လာသလား မသိဘာ၊ သိုက်ကလာတော့ သူ့မှာ တပည့်တပန်း သရဲသဘက်တွေ ရှိမှာပေါ့"

"ဝမ်းတွင်းစုန်းများလား"

"သူတို့အိမ်မှာငှားနေတဲ့ မိသားစုဆို အတွဲလိုက်ကို သေတာ၊ ရိုးရိုး ဖျားဖျားနာနာမှာ အတွဲလိုက်သေတယ်လို့ ရှိဖူးလား၊ သူတို့ကျတော့ သေတယ်တော်"

ပြောရက်ကြပါပေရဲ့ရှင်။

ဂြိုဟ်မ နားနဲ့ဆတ်ဆတ်ကြားရတာတွေပါ။ ရင်ထဲမှာ နာကျင်ပါတယ်။ ကြေကွဲပါတယ်။ မခံမရပ်နိုင်လည်း ဖြစ်ပါတယ်။ ပြိုင်ငြင်းခုံပြီးတော့လည်း ရန်ဖြစ်ပစ်လိုက်ချင်ပါတယ်။ ဒါပေမဲ့ ...

ဂြိုဟ်မ အားငယ်တတ်ပါတယ်။ မျက်ရည်လွယ်ပါတယ်။ အားလုံးကိုလည်း ကြောက်ပါတယ်။ အများနဲ့တစ်ယောက်မှာ မှားသည်မှန်သည်ထား၊ ဂြိုဟ်မဘက်မှာ လူမရှိပါဘူးရှင်။

အံကိုကြိတ်ပါတယ်၊ နှုတ်ခမ်းကို ကိုက်ပါတယ်၊ မျက်ရည်မကျအောင် တင်းထားပါတယ်။ ဒါပေမဲ့ ရင်ထဲမှာဆို့နင်

www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲ နာကျင်နေရတဲ့ နှလုံးသားက ပျော့ညံ့အားနည်းလွန်းပါတယ်။ ဖေဖေရယ် ... သမီးကို လာကြည့်ပါ။ မေမေရယ်၊ သမီးဆီလာခဲ့ပါ။ ဖေဖေနဲ့ မေမေရယ်၊ လူ့လောကထဲက ဖြိုင်တူထွက်ခွာသွားတဲ့ အစီအစဉ်မှာ သမီးကို ဘာဖြစ်လို့ ချန်ရစ်ခဲ့ကြတာပါလဲ ဖေဖေနဲ့ မေမေတို့ရယ်။ သမီးကို တစ်ပါတည်း ခေါ်သွားခဲ့ရင် သမီး ခုလိုအဖြစ်ဆိုးနဲ့ လူပြောစရာဘဝမှာ မျက်နှာငယ်စွာ၊ ဆင်းရဲစွာ၊ နာကျင်ကြေကွဲစွာ လူသား‌တစ်ယောက် ဖြစ်မနေရတော့ဘူးပေါ့။

"သူ့ တော်တော်ဂြိုဟ်မွှေလား"

"ဟာ ... မွှေလိုက်သမျှ ပြောမနေနဲ့"

"အဲဒါမျိုးဟာ တန်ပြန်ရတယ်"

"ဘာလဲ ... တန်ပြန်တယ်ဆိုတာ"

"ဥပမာ ဆိုပါတော့ ... သူ့ကြောင့် လူတစ်ယောက် ရေနစ်တယ်ဆိုပါတော့၊ သူ့ကို ရေထဲတွန်းချလိုက်၊ သူသာ သေရင်သေသွားမယ်၊ ဟိုလူမသေတော့ဘူး၊ ဂြိုဟ်မွှေတဲ့ လူတွေဆိုတာ အဲဒီလို တန်ပြန်ပေးရတယ်"

အို ... ဟိုတုန်းက ပြောခဲ့တာတွေ နားထဲဝင်လာတာလေ။ အဲသည်တုန်းကတော့ "အရူးစကားတွေ"လို့ ဒေါသဖြစ်ဖြစ်နဲ့ ကျိန်ဆဲခဲ့ဖူးပါသေးတယ်။ ယုံလည်း မယုံကြည်ခဲ့ပါဘူး။ ဒါပေမဲ့ ... ဒါပေမဲ့ ... ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိပေါ့နော်။

ကျွန်မ မျက်စိမှိတ်လိုက်ပါတယ်။

"ကိုကိုလေးရေ ... ဂြိုဟ်မ လိုက်ခဲ့မယ်"



ရင်ထဲမှာ အကျယ်ကြီး အော်ငိုလိုက်ပါတယ်။ အသံတော့ ထွက်မလာပါဘူး။ အသံထွက်နိုင်တဲ့ ပစ္စည်းတွေလည်း လည်ချောင်းထဲမှာ သွေ့ခြောက် အက်ကွဲကုန်ပါပြီ။ ကိုကိုလေးအတွက် အဲဒီလောက် ပူပြင်းလောင်မြိုက်စွာ ခံစားရပါတယ်။

"ဂြိုဟ်မ ... တန်ပြန်ပေးမယ် ကိုကိုလေးရယ်၊ ဂြိုဟ်မကို ကားတွေ လာတိုက်ကြပါ"

www.burmeseclassic.com

www.burmeseclassic.com



"သူ တမင်တကာ အတိုက်ခံတာ အစ်ကို"

"ခက်လိုက်တာဗျာ၊ ဘာအဓိပ္ပာယ်မှ မရှိဘူး"

"ကျွန်တော်တို့ရပ်ကွက်က ဆင်းရဲသားရပ်ကွက်ပါ အစ်ကို၊ ပညာတတ်လည်း နည်းပါးပါတယ်၊ စာပေ ဗဟုသုတဆိုတာလည်း မရှိသလောက် ရှားပါတယ်၊ ရပ်ကွက်စာကြည့်တိုက်တွေ ဘာတွေလဲ မရှိပါဘူး၊ ပညာမရှိတော့ ဘယ်သူ ဘာပြောပြော ယုံတယ် အစ်ကိုရဲ့ ...

"မဟုတ်တာပြောရင် ပိုယုံတယ်၊ ဟုတ်တာပြောရင်မှ မယုံကြည်ချင်ကြဘူး၊ မဟုတ်ကဟုတ်က ထူးထူးဆန်းဆန်းသာပြော ...

"တစ်ရပ်ကွက်လုံး လက်ခံတယ်၊ အဲဒီဒဏ်တွေ ကြိုဟ်မ ခံရရှာတာပါ"

"ကြံကြံဖန်ဖန်ဗျာ၊ လူတစ်ယောက်မှာ နတ်ဆိုးက ဝင်ပူးနေတာ ဖြစ်နိုင်မလား၊ ရိုးရိုးသားသားပဲ တွေးကြည့်ပါ"

"ကျွန်တော်ကတော့ အစ်ကို့စကားကို လက်ခံတာပေါ့"

"သရဲသဘက်ဆိုတာ လူတိုင်းပြောနေကြတာပဲ၊ ဘယ်သူတကယ်လက်တွေ့ကြုံဖူးလဲ၊ ကျွန်တော်တော့ မတွေ့ဖူးဘူး၊ ခင်ဗျားကော တွေ့ဖူးလား"



"ကြံကြံဖန်ဖန် အစ်ကိုရယ်"

"တန်ပြန်တွေ တက်ပြန်တွေ ဘာအဓိပ္ပာယ်မှမရှိဘူး"

တံခွန် တက်တစ်ချက် ပြင်းထန်စွာခတ်သည်။

"အမိုက်မလေး"

ကြိတ်မနိုင် ခဲမရ ပြောဖြစ်၏။

"ထင်တယ် ကျွန်တော်လည်း၊ ကျွန်တော် ကားတိုက်ခံရတယ်ဆိုလို့ သူ တမင်အတိုက်ခံတာလို့၊ ကျွန်တော်ကတော့ တန်ပြန်တွေ တက်ပြန်တွေ ကြားဖူးနားဝရှိလို့ မဟုတ်ပါဘူး၊ သူ သက်သက်မိုက်တာ၊ မိုက်ရူးရဲပေါ့ဗျာ၊ ကျွန်တော့်ကို သူ ချစ်လို့လုပ်တာ ...

"ဒါမျိုးကို သစ္စာလို့ မခေါ်ဘူး၊ မိုက်ရူးရဲပဲဗျာ၊ ကျွန်တော် ဒေါသတောင်ထွက်တယ်၊ နှောင်ကြိုးသိပ်မိုက်တာပဲ"

တံခွန်က "နှောင်ကြိုး"ဟု ခေါ်လိုက်တာကို ဝင်းထိန်သတိထားမိ၍ပြုံး၏။

"ဆေးရုံက လက်မှတ်ထိုးဆင်းတယ်ပေါ့ ဟုတ်လား"

"ဒဏ်ရာက မပြင်းတော့ ဆင်းလို့လည်းရနေပါပြီ။ တစ်ရက် နှစ်ရက် နေချင်လည်းရတယ်၊ သူက အစ်ကို့ကုမ္ပဏီက လူတွေနဲ့တွေ့မှာစိုးလို့ ညှိချိန်မတိုင်ခင် ဆင်းတာ၊ ပြီးတော့ အိမ်မပြန်ဘူး"

"ကျွန်တော့်ရုံးက လူတွေလိုက်သွားတော့ ကြီးမေပဲတွေ့တယ်၊ နှောင်ကြိုးပြန်မလာလို့ စိတ်ပူနေတယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျော့ရှင်းအိမ်ပေါ် ဖွတ်တက်တာ၊ ဂြိုဟ်မဟာ အဲဒီလို ဖြူစင်ရဲရင့်တာလေးတွေရှိတယ်၊ ကျော့ရှင်းဆီမှာ နှစ်ရက်နေပြီးမှ ကြီးမေနဲ့ဆက်သွယ်ပြီး အိမ်ရောင်းဖို့စီစဉ်တယ်"

"ကျွန်တော့်ကိုရောင်တာ တခြားရည်ရွယ်ချက်ရှိသေးလား၊ တစ်ခုခုပေါ့ဗျာ၊ အထင်လွဲတာတို့ ဘာတို့ရှိသေးလား"

"သူ ဆေးရုံက ဆင်းလာတော့ အစ်ကို့အမေ မဆုံးသေးဘူးထင်တယ်၊ သတင်းစာမှာ နာရေးမပါသေးဘူး၊ အစ်ကို့အမေက အစ်ကို့အတွက် အရမ်းပူဆွေးသောက ဖြစ်ရမှာတဲ့၊ သူနဲ့လည်း ဘယ်လိုမှ သဘောတူမှာမဟုတ်ဘူးတဲ့ ...

"သူမှ ခြေရာမဖျောက်ရင် အစ်ကိုက သူ့ကိုစွန့်လွှတ်မှာ မဟုတ်ဘူးတဲ့၊ သံယောဇဉ်ဆိုတာ မျှဉ်းဖြတ်ရင် ဘယ်တော့မှ မပြတ်ဘူးတဲ့ ...

"တိခနဲဖြတ်မှ ပြတ်တယ်တဲ့၊ ကျွန်တော်လည်းတားပါသေးတယ်၊ အစ်ကိုပြန်လာတဲ့အထိ စောင့်ပါဦးလားလို့၊ သူက မစောင့်တော့ဘူးတဲ့ ...

"အစ်ကို့သတင်း နားထောင်ဦးလေဆိုတော့လည်း မကြားချင်တော့ဘူးတဲ့ အစ်ကိုရာ"

"သူ တကယ်သွားတာ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်၊ ကျွန်တော်ကိုယ်တိုင် ဘူတာလိုက်ပို့လိုက်တာ"

"ကြီးမေက လိုက်ဖို့ ဘာဖြစ်လို့ သဘောတူတာလဲ၊ အဲဒါ မဆန်းဘူးလား၊ နှောင်ကြိုးနဲ့ ကြီးမေနဲ့က အမြဲတမ်း သဘောချင်း ဆန့်ကျင်တတ်တာ"



"ကြီးမေက အပျိုကြီးမို့ ပစိပစပ်များတာပါ၊ တကယ်တမ်းကျတော့ သူ့တူမ သူချစ်မှာပေါ့၊ ဂြိုဟ်မက ဖွတ်ပြောရင် ကြီးမေက ပြိုင်ရန်ဖြစ်ပြီး နောက်ဆုံးကျတော့ လိုက်လျောတာ များပါတယ်"

"သွားမှာက သာစည်"

"သာစည်ထိ ရထားစီးသွားမှာ၊ သာစည်မှာ ရထားပြောင်းစီးမယ်"

"သူသွားမယ့်မြို့ကို ခင်ဗျား အတိအကျ မသိဘူးလား"

"ပြောကိုမသွားတာ အစ်ကို၊ ကျွန်တော့်ဆီ အစ်ကိုတစ်နေ့ရောက်လာမှာတဲ့၊ ပေါ်သွားမယ်တဲ့၊ ကျွန်တော်ကလည်း သိသာသိလို့ကတော့ ပြောပြီးသားပဲ၊ မြှုမထားပါဘူး၊ မိန်းမသားနှစ်ယောက်တည်း အားကိုးရာမဲ့နေတာ၊ အစ်ကို့လိုလူနဲ့ ဖြစ်စေချင်တာပေါ့၊ ကျွန်တော်က အရမ်းသဘောတူတာ"

တံခွန် မချိမဲ့ဖြင့်ပဲ ပြုံးရပါသည်။

"ရအောင်များ တားနိုင်ရင်ဗျာ"

"အဲဒါတော့ မရဘူး အစ်ကို၊ ဂြိုဟ်မကလည်း တားလို့ရတဲ့ အမျိုးအစားထဲက မဟုတ်ဘူး၊ ပြီးတော့ သူ့ကိုတားပြီး ကျွန်တော်က ဘယ်မှာထားရမလဲ၊ လူကြီးလည်းမဟုတ်၊ ကျွန်တော်ကိုယ်တိုင် ကျောင်းသားပဲ ရှိသေးတာ ဝင်ငွေလည်း မရှိ ...

"ဂြိုဟ်မကို သိပ်ကြည့်မရတဲ့အထဲမှာ ကျွန်တော့်မိဘတွေရော၊ မတော်ရသေးတဲ့ ယောက္ခမတွေလည်းပါတယ်၊ သူတို့အိမ်ကို ရောင်းလိုက်တာလဲ ကျွန်တော် မသိဘူး ...

www.burmeseclassic.com

www.burmeseclassic.com



"ရောင်းပြီးသွားမှ ပေါ်ပေါ်ပဲပဲကြီး ဖြစ်နေလို့ နှမြောရသေးတယ်"

"ခက်တယ်ဗျာ၊ လောကမှာ လူတွေဟာ တော်တော်ဆိုးတယ်၊ တစ်ခါတစ်ရံမှာ အဓိပ္ပာယ်မရှိ ကြောင်တတ်ကြသေးတယ်၊ အနိမ့်ခံရတဲ့ တစ်ဖက်သားမှာ သိပ်ကိုဆိုးတယ်ဗျာ ...

"ကျွန်တော် ပြန်ရောက်ရောက်ချင်း သူ့သတင်းမေးတယ်၊ ရှာတယ်၊ တွေ့ကိုမတွေ့တာ၊ ခင်ဗျားကို ထည့်လိုက်ပါလို့ သူပေးခဲ့တဲ့စာရမှ ခင်ဗျားဆီ လာနိုင်တာ"

"ဂြိုဟ်မက မှာခဲ့တယ်၊ အစ်ကိုပြန်လာရင် နေထိုင်ကောင်းတဲ့အခါကျမှ အဲဒီစာကို ထည့်ပါတဲ့၊ မိန်းမရသွားရင်လည်း မထည့်ပါနဲ့တဲ့ ...

"ကျွန်တော်က အစ်ကို ပြန်လာ မလာလည်း စုံစမ်းရသေးတယ်၊ မိန်းမရပြီးလားလည်း စုံစမ်းရသေးတယ်"

"ကျွန်တော်က သူ ရန်ကုန်တစ်နေရာမှာ ပုန်းနေတယ်ထင်တာ"

"ဘာဖြစ်လို့လဲ အစ်ကို"

"ဒီမှာလေ"

ဓာတ်ငွေ့သွင်းထားသည့် မိုးပျံပူဖောင်းလေး၊ ဓာတ်ငွေ့ကုန်သွားပြီမို့ မိုးသို့မပျံတော့ဘဲ လေလျော့ ပျော့ပျော့လေးအဖြစ်နှင့် ကြမ်းပေါ်ပဲကျသည်။ ပူဖောင်း၏အပေါက်ဝ ကြိုးချည်သည့်နေရာမှာ ကတ်ထူစက္ကူနှင့် စာတန်းလေးတစ်ခုပါ၏။

"အရမ်းလွမ်းတာပဲ ကိုကိုလေးရယ်"တဲ့။



"ဒါ ကျွန်တော့်ခြံထဲကရတာ၊ သူနဲ့မတွေ့ဖူးခင်ကတည်းက ကျွန်တော် ဒါမျိုးလေးတစ်ခု ရဖူးတယ်၊ ဘာရယ်မဟုတ် စိတ်ဝင်စားပြီး သိမ်းထားတာ။ လွှတ်တဲ့သူက နှောင်ကြိုးဖြစ်နေတယ်"

"ဂြိုဟ်မက အဲဒီလိုလည်း တစ်ခါတစ်ခါ ကလေးဆန်တယ်"

"ဒီစာနဲ့ ဒီဘောလုံးက လေလျော့ပြီး ခြံထဲမှာကျနေတာ၊ သူကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ဘူး၊ သူ ရန်ကုန်မှာရှိကို ရှိရမယ်ဗျာ၊ ခင်ဗျားကို ဘူတာလိုက်ပို့ခိုင်းပြီး သူ ပြန်လာလည်း ရတာပဲ၊ ခင်ဗျား သိမလား"

"အစ်ကို"

ဝင်းထိန်က မျက်နှာမထားတတ်သည့်ပုံစံနှင့် အနေခက်နေ၏။

"ပြောဗျာ၊ အားမနာကြေး ပွင့်ပွင့်လင်းလင်းပါ၊ နှောင်ကြိုးနဲ့ပတ်သက်ရင် ဆိုးတာရော ကောင်းတာရော ကျွန်တော်အကုန်သိချင်တယ်၊ ချန်မထားပါနဲ့ဗျာ"

"အစ်ကို့ကို ကားတစ်စီးပေါ်မှာ ဆရာဝန်မတစ်ယောက်နဲ့တွဲပြီး ကျွန်တော်တွေ့တာ နှစ်ခါသုံးခါရှိပြီ၊ အဲဒီအမျိုးသမီးဟာ ဆရာဝန်မှန်း ကျွန်တော်သိတယ်၊ သူ့ဆေးခန်းမှာ ပြဖူးတယ်၊ အစ်ကို့ထက်လည်း အသက်ကြီးမယ်ထင်တယ်"

"ဟုတ်တယ်၊ အဲဒါ ဘာဖြစ်လို့လဲ၊ အဲဒါ နှောင်ကြိုးတွေ့သွားလား"

www.burmeseclassic.com

www.burmeseclassic.com



“ဂြိုဟ်မ မတွေ့ပါဘူး၊ ကျွန်တော် တွေ့တာ၊ စိတ်မကောင်းဘူး အစ်ကို”

“မဖြစ်နဲ့၊ သူ့ကို မေမေရှိတုန်းက ပေးစားချင်တာမှန်တယ်၊ ကျွန်တော့်ထက် နည်းနည်းကြီးတယ်၊ ဒါပေမဲ့ သူငယ်ချင်းလို နေကြတာ ...

“ကျွန်တော် မေမေရှိတုန်းကတောင် သူနဲ့လက်မထပ်ဖြစ်တာ၊ ခုဆို ပိုဝေးပြီပေါ့၊ သူက ကျွန်တော့်ကျန်းမာရေးအတွက် ကူညီတာပါ၊ ခင်ဗျား စိတ်ရှင်း”

“ကျွန်တော် ... အစ်ကို ဂြိုဟ်မကို မေ့သွားမှာစိုးလို့”

“ဘာလို့မေ့ရမှာလဲဗျာ၊ မဆိုင်တာ”

“ဂြိုဟ်မကို သတိရအောင် အဲဒီဘောလုံးနဲ့ စာတန်းလေးမီးပေါ်လည်း ပျံမတက်အောင် လေလျှော့ပြီး အစ်ကို့ခြံထဲ ကျွန်တော် လာပစ်ထည့်ထားတာ”

“ဩော် ...”

သွားပြီပေါ့ နှောင်ကြိုးလေးရယ်။

ကိုကိုလေးရဲ့ မျှော်လင့်ခြင်းဗိမာန်လေး ပြိုကျပျက်စီးသွားရပြန်ပြီပေါ့။ မင်း ရန်ကုန်တစ်နေရာရာမှာခိုပြီး ကိုကိုလေးကို အဓိပ္ပာယ်မဲ့ရှောင်ပုန်း၊ မင်းကိုယ်မင်း အညှာတာမဲ့ ရက်စက်မိုက်မဲနေလေရဲ့လို့ မျှော်လင့်စိတ်နဲ့ တိတ်တခိုးပျော်ရတာလေးလည်း ပျက်ပြယ် လွင့်မျောသွားရပြီကောကွယ်။

“စိတ်မဆိုးပါနဲ့ အစ်ကို”

“ဘာလို့ဆိုးရမှာလဲဗျာ”



ကိုဝင်းထိန်တို့အိမ်က အပြန်ခရီးဟာ ပူပြင်းခြောက်သွေ့နေတယ် နှောင်ကြိုးလေးရယ်။ ဆောင်းနေဆိုတာ လျော့လျော့လေးပါ။ တစ်ချိန်တည်းမှာပဲ အအေးဓာတ်လေးလည်း ပေးဆက်နေတဲ့ စိမ့်အေးအေးရာသီဥတုဟာ ကိုကိုလေးအတွက်တော့ နေကမ္ဘာပါပဲ။

မင်းမရှိတဲ့ကမ္ဘာမှာ နေဆယ်စင်း ထွက်နေတယ် နှောင်ကြိုးရယ်၊ နှောင်ကြိုးဆိုတဲ့ အတွယ်အတာကင်းမဲ့လို့ တံခွန်ဆိုတဲ့ လူသားတစ်ယောက် လေဟာနယ်မှာ လွင့်မျောနေသလိုပဲ ပေါ့ရှတ်ရှတ်နိုင်လှတယ်၊ ဘာတစ်ခုမှ အဓိပ္ပာယ်မရှိဘူး၊ ကိုယ့်ရင်ထဲမှာ အေးစက်လစ်ဟာနေတဲ့ လွင်တီးခေါင်ကြီးတစ်ခု ရောက်နေတယ်။

အသည်းမရှိ၊ နှလုံးသားမရှိ၊ အဆုတ်မရှိ၊ ကျောက်ကပ်နဲ့ အူသိမ်အူမတွေလည်း ရှိမယ်မထင်ပါဘူး။ အစာအိမ်တောင်မှ ရှိသေးရဲ့လား။ ကိုယ် ထမင်းစားချင်စိတ်လည်း မရှိဘူး၊ ရေလည်း ချိုးချင်စိတ် မရှိဘူး၊ ဘာမှလဲ မလုပ်ချင်ဘူး၊ ကိုယ့်ကိုယ်ကိုယ် သယ်မ,ထားဖို့တောင် ဝန်လေးလွန်းလှတယ်။

နှောင်ကြိုးလေးရယ် ... တို့ဆီ ပြန်လာပြီး တုပ်နှောင်တည်းပါလားကွယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

ရှိင်းတော့ ရှိင်း၏။

အနုပညာသည်တစ်ယောက်အတွက်ဆိုလျှင် ဆတ်ဆတ်ခါနာနိုင်သည့် စကားတစ်ခွန်းဖြစ်သည်။

"မင်း ... တစ်ညကို ပန်းကုံးတွေဆုချကြတာ ဘယ်လောက်ဖိုးလောက်ရလဲ၊ တို့စကားရှိင်းရင်လည်း သည်းခံခွင့်လွှတ်ပေးကွာ၊ မင်း မနစ်နာစေချင်လို့ ပြောတာ၊ မှားတယ်ဆိုရင်တောင် စေတနာအမှားလို့ ယူဆပေးဖို့ ပြောချင်တယ် ...

"မင်းရသလောက်ထက် မနည်းတဲ့ တန်ဖိုးကို တို့ချီးမြှင့်ပါရစေ၊ ဒီညသီချင်းမဆိုဘဲ တို့နဲ့ စကားနည်းနည်းပြောနိုင်ဖို့ အချိန်လုပ်ပေးပါ"တဲ့။

ဤစကားကို ပြောဖို့အတွက် ပိုင်ရှင်သူဌေးဖြစ်သူ "ဦးတံခွန်"က သူ့အခန်းထဲသို့ ခေါ်၏။

"မနော်ဟရီ ... သူဌေးခေါ်တယ်"တဲ့။

ဝိတ်တာလေးတစ်ယောက်ကလာပြောသည်။ လူချင်းတူတူ၊ အဆင့်အတန်း မခွဲကြေးဆိုလျှင် ပြောချင်သည့်သူက နား



ဆင်စေလိုသည့် သူထံသို့ ပြောစရာစကားကို လာပြောရမည်။ သို့ပေမဲ့ ဘယ်သူဌေးကမှ ကိုယ့်စားသောက်ဆိုင်မှာ သီချင်းဆိုသည့် မိန်းကလေးကို (ထိုမိန်းကလေးက အဆိုတော်ကြီးမဟုတ်ဘဲ သူ့ဆိုင်တစ်ခုတည်း အားကိုး၍ သီချင်းဆိုနေရသူဖြစ်လျှင်) ပြောစရာစကားကို လာပြောမှာမဟုတ်ပါ။ ခေါ်ပြောမှာပါပဲ။

မနော်ဟယ်ရီ ရင်ထဲ ဒိတ်ခနဲ ခုန်သွားသည်။ သူဘာပြောမလို့ပါလိမ့်ဟု တွေးသည်။ ပထမဆုံးဝင်လာသည့်အတွေးက "အလုပ်ဖြုတ်မလို့လား"ပဲဖြစ်၏။ မနော်ဟရီသည် ကြယ်တံခွန်၏ လခစားဖြစ်သည်။

သူများတွေလို တစ်လထောင့်ငါးရာနှစ်ထောင် ပေးပြီး ဆုချသည့်တန်ဖိုးကိုသာ အဓိကထား မက်မောရသည့် စားသောက်ဆိုင်မဟုတ်ပါ။

ဆုရသည့် ပန်းကုံးတွေ သရဖူတွေ ပန်းခြင်းတွေမပါ။ လခအနေနှင့်ကို တစ်ည သုံးရာပေးထားသည်။ နေ့တိုင်းဆိုနိုင်လျှင် တစ်လကိုးထောင်။ ပန်းကုံးတွေရသမျှ ဆိုင်ရှင်နှင့်တစ်ဝက်စီ ပြန်ယူရသေးတော့ ကြယ်တံခွန်မှာ အလုပ်လုပ်ရတာတွက်သားတော်တော်ကိုက်၏။ ဤစနစ်မျိုး ဆိုင်ရှင်က တစ်လကိုးထောင်ပေးတာမျိုး တခြားဆိုင်တွေမှာ မရှိသေးပါ။

မနော်ဟရီတို့ဘက်မှ ကတိတစ်ခု ပြန်ပေးရသည်။ အခြားဆိုင်များသို့ သွားမဆိုရ။ ကိုးထောင်လိုချင်လျှင် သည်မှာပဲဆို။ ဟိုဆိုင်သည်ဆိုင်ကူး၍ ဆိုချင်လျှင် တစ်ညငါးဆယ်ပဲပေးသည်။ ပန်းကုံးကျတော့ ဆိုင်ရှင်နှင့် တစ်ယောက်တစ်ဝက်၊ ကိုယ့်ပန်းကုံး ကိုယ်ယူစနစ်ပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မနော်ဟရီက ဦးဥက္ကာတို့ ညေ့်ခံပွဲညက လျှာရှည်၍ သွားဖျော်ဖြေခဲ့သည်။ မန်နေဂျာ ဦးထူးကြီးကိုတော့ ခွင့်တောင်းပါသည်။ အဲသည်နေ့က ရသမျှပန်းကုံး၊ ပန်းခြင်းနှင့် သရဖူပါ ဆိုင်ရှင်ထံ ပြန်မအပ်ဘဲ (ပိုက်ဆံနှင့်သွားမလဲဘဲ) အမှတ်တရဟု ဆိုကာ မနော်ဟရီ အားလုံး အိမ်သယ်သွားခဲ့သည်။

အဲဒါကို ဆူမလို့လားဟု တွေးမိ၏။

အခန်းထဲရောက်တော့ ပြောသည့်စကားက နည်းနည်းပါးပါး ရိုင်းပျတာတော့ အမှန်ပဲဖြစ်နေပါ၏။ ရိုင်းသည်ပဲ ဆိုပြား စေတနာအရိုင်းဟုပဲ မနော်ဟရီ ခွင့်လွှတ်မိပါသည်။ "ဦးတံခွန်"ဆိုသည့် သူဌေးပေါက်စသည် သည်နေ့မှ "ကြယ်တံခွန်" ကိုလာထိုင်ခြင်း ဖြစ်လေ၏။

"ဘယ့်နှယ်လဲ၊ ဖြစ်မလား"

"ငြင်းရင် ကျွန်မ အလုပ်ပြုတ်မလား"

"ဟား ..."

တံခွန် တစ်ခွန်းတည်းရယ်၏။ မနော်ဟရီ မော့ကြည့်သည်။ ထိုအကြည့်ကို တော်တော်နှင့် ပြန်မသိမ်းဖြစ်ဘဲ ခပ်ကြာကြာလေး လွှတ်ပေးထားလိုက်သည်၊ "ကြည့်ကောင်းသည်" ဆိုတာရှိ၏။ တချို့က ဖူးရွနေအောင်လှသည်။ ရက်ရက်စက်စက်လှသည် ဆိုပေမယ့် သိပ်အကြာကြီး ကြည့်မနေချင်ပါ။ ခဏနှင့် ကြည့်၍ဝသွားသည်။ တချို့ကျတော့ မလှမပမို့ကို မကြည့်ချင်တာ။

တံခွန်သည် ယောကျ်ားတစ်ယောက်မို့ ရက်ရက်စက်စက်လှသည့် အမျိုးအစား မဟုတ်ပါ။ မလှမပမို့ မကြည့်ချင်သည့်



အမျိုးအစားထဲလည်း မဟုတ်ပါ။ ခေါင်းစုတ်ဖွားနှင့် သုံးရက်လောက် မရှေ့ာ်ဘဲ ဆက်ဝတ်ထားသည့် အင်္ကျီဆိုလျှင်တောင် ခုပဲ ရေချိုးလာသလား ထင်ရအောင် သူ့အသားအရေက လတ်ဆတ်စိုဝင်းသည်။

"တို့သူဌေးပေါက်စက ရေချိုးပြီးစ ပြေးဝင်လာသလား ထင်ရတယ်၊ သူ့ကြည့်လိုက်တာနဲ့ လတ်ဆတ်သွားတယ်၊ သူ့ဆီက အရှင်းအသန့်က သူများဆီကူးတယ်"

"ငါတော့ သူ့နားက ဖြတ်လျှောက်ရင် ဆပ်ပြာနံ့မှစင်ရဲ့လား ထင်ရတယ်၊ ခုပဲ ရေချိုးကန်က ခုန်ထွက်လာသလိုပဲ၊ အဲဒီလောက်ထိကွာ"

"ဘယ်ကမလဲ၊ သူ့ဆီကရေစက် ကိုယ့်လာစဉ်မလားလို့တောင် ရှောင်မိတာ ရေပန်းပွားကြီးအောက်က လူသားလိုပဲ"တဲ့။

တစ်ဆိုင်လုံးက အဲသည်လို ဝေဖန်ကြသည်။ တံခွန်တို့က အဲသည်လို ကြည့်ကောင်းသည်။ ကြည့်ကောင်းလှသည်မို့ မနော်ဟရီက ကြည့်ကောင်းကောင်းနှင့် ဆက်ကြည့်နေပေးလိုက်၏။ မနော်ဟရီ၏ မျက်ဝန်းစွမ်းက နည်းနောသည့်သတ္တိမဟုတ်ပါ။ ရင်ဆိုင်ကြည့်ကြည့်၊ တော်ရုံယောကျ်ားမျက်လွှာချသွားစေရမည်။ တံခွန်းက မျက်လွှာချမသွားပါ။

တော်ရုံယောကျ်ားမှ မဟုတ်ဘဲလေ။

"မင်းကို တစ်ခုခုပြောလိုက်တိုင်း အလုပ်ပြုတ်မလားချည်း ပြန်မေးတာပဲ၊ မင်း အလုပ်မပြုတ်ရေးတစ်ခုပဲ ခေါင်းထဲ ရှိပုံရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့အတွက် ငွေတွင်းနက်ပါတယ်၊ ဒီမှာ လှလှပပ ဝတ်စားပြင်ဆင်၊ သီချင်းလေးဆိုရုံနဲ့ တစ်လ လေးငါး သောင်း ရနေတော့"

"မင်း တစ်လကို လေးငါးသောင်းထိ စီသလား"

"စီသလား"ဆိုသည့် စကားက အနုပညာရှုထောင့်မှ ကြည့်ရလျှင် နည်းနည်းပါးပါး မယဉ်မကျေး ဖြစ်နေပြန်သည်။ မနော်ဟရီ ဘယ်လိုမှ သဘောမထားပါ။ တစ်ခုပဲရှိ၏။ ဤ သူဌေးပေါက်စနှင့် စကားပြောရတာ ရင်ထဲဝုန်းဒိုင်းကြဲနေသည်။ ဘာတွေမှန်းမသိ၊ တလှပ်လှပ် တခုန်ခုန်နေသည်။ အဲသည်အလှပ် အရှားကပဲ မနော်ဟရီဆိုသည့် မိန်းမသားကို ကြည်နူးပီတိတွေ သယ်ဆောင်လာ၏။

"ဟုတ်ကဲ့"

"တစ်ညကို ထောင့်ငါးရာ နှစ်ထောင်ပေါ့"

"ဟုတ်ကဲ့"

"တခြားလူတွေကော မင်းလိုပဲရလား"

"တချို့က ကျွန်မလောက် မရပါဘူး၊ တစ်ညလုံးမှ ဆိုင်ကပေးတဲ့လခနဲ့ပါပေါင်းမှ တစ်သောင်းခွဲလောက် အလွန်ဆုံး နှစ်သောင်းပေါ့၊ အဲဒီလောက်ပဲ ရတဲ့သူတွေရှိပါတယ်၊ တချို့ကျတော့ တစ်လကို တစ်သိန်းလောက်လည်း ရပါတယ်"

"သူတို့က ဘာလို့ပိုရတာလဲ"

"စားပိုင်းတွေက ဆုချတာများလို့ပါ"

"အဲဒီလူတွေကို ဘာဖြစ်လို့ ပိုဆုချတာလဲ"



"အမျိုးမျိုး ရှိပါတယ်၊ အသံကောင်းလို့၊ သီချင်းကြိုက်လို့၊ လှလို့၊ အပြောကောင်းလို့၊ တချို့ကျတော့ တော်တော်လေး မူးနေတဲ့ဝိုင်းက ပိုက်ဆံကို ဘယ်လောက်မှန်းမသိ အထပ်လိုက်ဆွဲပြီး ကောင်းတာသွားသိနိုင်းလို့ နင့်နေအောင်ရသွားတာမျိုးလည်း ရှိပါတယ်"

"မန်နေဂျာကြီးက စကတ်ရှည်လို့ ဆူပါတယ်"ဆိုတာ နားထဲဝင်လာသည်။ တံခွန် သက်ပြင်းမောကိုချ၏။

"မင်းတို့ စားဝိုင်းတွေဆီကို မိုက်ခွက်ကိုင်ပြီး ဆင်းသွားတဲ့ အကျင့် မလုပ်နဲ့ကွာ၊ ကိုယ်က အနုပညာသမားပဲ၊ စင်ပေါ်မှာပဲဆိုပေါ့၊ ဆုချချင်တဲ့သူက စင်ပေါ်လာချ၊ ဆုချချင်လို့ လက်ယပ်ခေါ်တာကို မင်းတို့က ဆင်းသွားပြီးမယူနဲ့"

"ကျွန်မကတော့ အခု သူဌေးပြောလိုက်တော့ နားထောင်မှာပါ၊ တခြားသူတွေမှ မသိသေးတာ"

"ကိုထူးကြီးနဲ့ ပြောခိုင်းမယ်"

"သူဌေး ... ကျွန်မကိုခေါ်တာ အဲဒါတွေ ပြောဖို့လား"

"မဟုတ်ဘူး၊ တခြားပြောစရာတွေ အများကြီးရှိတယ်၊ မင်း အချိန်ရလား"

"ကျွန်မက အချိန်သူဌေးပါ"

"အေ ... အဲဒါက စပြောရမှာပဲ၊ တို့ကို သူဌေးမခေါ်နဲ့ကွာ၊ တချို့က အစ်ကိုတဲ့၊ တချို့က ဆရာတဲ့၊ တချို့က အစ်ကိုလေးတဲ့၊ အဲဒါတွေထဲမှာ ဆရာဆိုတာတောင် သိပ်မကြိုက်ဘဲ လက်ခံထားရတာ၊ ကိုတံခွန် ... ဦးတံခွန် တစ်ခုခုခေါ်လည်း ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

"မင်းအကြောင်းကို တို့သိချင်တယ်၊ ဖြစ်နိုင်ရင်တော့ ကောင်းတာရော၊ ဆိုးတာရောပေါ့၊ အားလုံးသိချင်တယ်၊ ပြောနိုင်မလား"

"ကျွန်မအကြောင်းက သိပ်မဆန်းပြားပါဘူး၊ မိအိုဖအို နှစ်ပါးကို လုပ်ကျွေးချင်တာပါ၊ တခြားလည်း လုပ်မစားတတ်ဘူး၊ ဈေးရောင်းရင်တော့ ရတာပေါ့လေ ...

"ခုလို ဝင်ငွေမကောင်းဘူးပေါ့၊ ကျွန်မ မန်နေဂျာကြီးဆီမှာ ကိုယ်တိုင်လာလျှောက်ပြီး အလုပ်တောင်းပါတယ်၊ ရပ်တော့ သဘောကျပြီတဲ့ ...

"သီချင်းဆိုပြပါဦးဆိုလို့ ဆိုပြရပါတယ်၊ ကျွန်မ အလုပ်ရတယ်၊ ဒီလောက်ပါပဲ"

"အဖေအမေက အရင်းလား"

"မိဘတစ်ဝမ်းကွဲရယ်လို့မှ မရှိတာ"

မနော်ဟရီ ပြုံး၍ပြောသည်။

"ညီအစ်ကို မောင်နှမကော"

"ကျွန်မ တစ်ယောက်တည်းပါ"

"ဘယ်နှတန်းထိ ကျောင်းနေဖူးလဲ"

"ဆယ်တန်းပါ"

"အောင်လား"

"ကျပါတယ်၊ ဘယ်နှနှစ်ဆက်တိုက် ကျတာလဲလို့ မမေးပါနဲ့တော့၊ ဘာရယ်မဟုတ်ပါဘူး၊ ရှက်ပြီးလိမ်မိမှာစိုးလို့ပါ"



တံခွန် ပြုံးလေ၏။

တံခွန်ပြုံးရွှင် တော်တော်ကြီးချို၍ ကြည်လင်လန်းဆန်းသွားတတ်သည်။ ခပ်ငယ်ငယ်ကဆို ပြောင်ဘွဲ့ရခဲ့သူမို့ မျက်နှာထား ချိုတတ်တာက အကျင့်လိုဖြစ်နေသည်။ ခုမှသာ စင်ကာပူမှ ပြန်ရောက်ပြီးကတည်းက မျက်နှာထားက စူစူတင်းတင်း ဖြစ်နေသည်။ အပြုံးက ရှားပါးပစ္စည်းလို ဖြစ်နေ၏။ ရှားပါးတော့မှ ပို၍ မက်မောဖွယ်ဖြစ်ကာ ပိုကြည့်ကောင်းနေရပြန်၏။

"ကျောက်မြောင်းမှာနေတယ် ... ဟုတ်လား"

"ဟုတ်ကဲ့"

"အိမ်ပိုင်လား"

"ငှားနေတာပါ"

"ဒီမှာ အလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ"

"လေးလပါ"

"အိမ်မဝယ်နိုင်သေးဘူးလား"

"ဆရာက အိမ်ဈေးမသိဘူး ထင်ပါတယ်"

"ဆရာ"ဆိုတာ မကြိုက်ပေမယ့် လက်ခံထားနိုင်မည်ဆိုလို့မို့ ဆရာခေါ်လိုက်ပုံရသည်။ တခြားအသုံးအနှုန်းတွေသူ မကြိုက်ဘူး ထင်ပါရဲ့။

"တို့က ကန်ထရိုက်တာပဲ၊ မသိဘဲရှိပါ့မလား"

"ကျွန်မ ဘယ်ဝယ်နိုင်ပါ့မလဲ"

"အေးလေ ... ဟုတ်တာပဲ၊ သီချင်းဆိုတာ ဝါသနာပါတယ်ပေါ့ ... ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အမှန်ကို ဝန်ခံရရင် ကျွန်မ ဘာမှဝါသနာမပါပါဘူး"

"ဟင် ... ဘယ်လိုလဲ၊ ကြားရတာ ထူးဆန်းသား"

"ကျွန်မ အားကစား၊ ဂီတအနုပညာ၊ ရုပ်ရှင်၊ ပန်းချီ၊ အိမ်တွင်းမှု အချက်အပြုတ်၊ စာရေးစာဖတ်တာကအစ ဘာမှဝါသနာမပါပါဘူး"

"ဒါဆို မင်း တစ်နေ့ တစ်နေ့ ဘာလုပ်နေလဲ၊ မင်းရဲ့ အချိန်ပိုတွေကို ဘယ်လိုသုံးလဲ"

"အရင်တုန်းက သုံးခဲ့တာတွေတော့ ထားပါတော့၊ အခု သုံးရပုံကို ပြောပြရမှာလား"

"ပြော"

"မနက်ကို ဆယ်နာရီမှ အိပ်ရာထပါတယ်"

"ဟာ ... အိပ်ပုပ်ကြီးလှချည်လား"

"ဒီဆိုင်က ဆယ့်နှစ်နာရီသိမ်းတော့ လိုက်ပို့တဲ့ဖယ်ရီက လှည့်ပို့တာနဲ့ ကျွန်မ တစ်နာရီထိုးမှ အိမ်ရောက်တော့ ရေချိုးတာနဲ့ ဘာနဲ့"

"အဲဒီအချိန်ကြီး ရေချိုးရလား"

"မိတ်ကပ်တွေလည်း ဖျက်ရတဲ့တူတူပါ၊ ကျွန်မ အိပ်ရာ ဝင်တဲ့အချိန်က နှစ်နာရီနီးပါးဆိုတော့ ..."

"အင်းလေ ... ဒီလိုတော့လည်း ဟုတ်သားပဲ"

"အဖေဖြစ်ဖြစ်၊ အမေဖြစ်ဖြစ် တစ်ယောက်ယောက်က ထမင်းတစ်အိုးတော့ တည်ထားပါတယ်၊ သူတို့ဘာသာ ပဲပြုတ်တို့ ဘာတို့ဝယ်ပြီး နယ်စားထား၊ ကျွန်မဖို့လည်း ချန်ထားပေါ့လေ ..."



"များသောအားဖြင့်ကတော့ အမေက ထမင်းချက်ပြီး အဖေက လက်ဖက်ရည်တို့၊ ပဲပြုတ်နံပြားတို့ ထွက်ဝယ်တာများပါတယ်"

"အိမ်မှာ ဖျော်မသောက်ဘူးလား"

"အဲဒါ ကျွန်မတို့လို ဆင်းရဲသားတွေ အကျင့်လားမသိဘူး၊ လက်ဖက်ရည်ဆိုင်ကို ချိုင့်လေးဆွဲပြီး ပြေးဝယ်တာပါပဲ၊ အိမ်မှာ နို့ဆီ၊ သကြား ထားနိုင်တဲ့ အခြေအနေရှိလည်း မထားဖြစ်ကြပါဘူး"

"အင်း ... ပြောပါဦး"

"ကျွန်မ မျက်နှာသစ်၊ ရေချိုးပြီး ထမင်းကြမ်းစား၊ လက်ဖက်ရည်သောက်ပေါ့၊ ပြီးတော့ ဘုရားရှိခိုး၊ ဆွမ်းတော် ပန်းတော်၊ သောက်တော်ရေကပ်၊ ပုတီးစိပ်၊ ကျွန်မ ကုသိုလ်ရေးကို တစ်နေ့မှာ တစ်နာရီ၊ တစ်နာရီခွဲနီးပါး အချိန်ပေးပါတယ်"

"ဒါကျတော့ ဝါသနာပါတယ်ပေါ့"

"အဲဒါလည်း ဝါသနာပါလို့ မဟုတ်ပါဘူး၊ ဒီဘဝမှာကံဆိုး လွန်းလို့ နောက်ဘဝမှာ ကံကောင်းချင်တာရယ်၊ ဖြစ်ချင် တာလေးတွေ ဆုတောင်းချင်တာရယ်ပါ၊ ဘုရားရှိခိုးပြီးချိန် မှာ ဆယ့်နှစ်နာရီတော့ ရှိပါပြီ"

"အင်းပေါ့"

"အဲဒီအချိန်မှာ အဖေနဲ့အမေ ထမင်းစားဖို့ ခူးခပ်ကျွေးပါ တယ်"

"ဟင်းလည်း ဘယ်သူမှ ချက်တယ်ပြောသံ မကြားပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ ဈေးမသွားနိုင်လို့ ဟင်းကို ချိုင့်ဆွဲစားပါတယ်"

"ကောင်းမလားကွာ"

"ကျွန်မတို့လို လူတန်းစားအဖို့ကတော့ ချိုင့်ဆွဲဟင်းတွေက နတ်သုဒ္ဓါပါ"

"သွားယူရလား"

"လာပို့ပါတယ်"

"ပြီးတော့ကော"

"ဆေးကြော၊ အိမ်သိမ်း၊ တံမြက်စည်းလှည်း၊ အဝတ်လျှော်၊ မီးပူတိုက်ပေါ့၊ ကျွန်မ မနက်စာကို နေ့လယ်နှစ်နာရီမှာ စားတဲ့အချိန်ထိ မအားပါဘူး"

"ဟုတ်မှာပေါ့"

"ထမင်းစားပြီးတော့ ညစာထမင်း ကျွန်မ ချက်ပါတယ်၊ အဖေနဲ့အမေက အဲဒီအချိန်မှာ လက်ဖက်ရည်ဖြစ်ဖြစ်၊ တစ်ခါတလေလည်း မုန့်သည်လာရင် ဝယ်စားပါတယ်၊ အဆာပြေစားပြီး ညနေငါးနာရီလောက် ညစာစားဖို့ ကျွန်မက တစ်ခါတည်းပြင်ဆင် ...

"စားပွဲဝိုင်းလေးပေါ်မှာ အုပ်ဆောင်းနဲ့ အုပ်ထားလိုက်ပြီး ကျွန်မ နားပါတယ်"

"ဘယ်လိုနားလဲ"

"တစ်ခါတလေ ကာတွန်းဖတ်ပါတယ်၊ တစ်ခါတလေကျတော့ အင်္ကျီတို့ ဘာတို့ပေါ့လေ၊ ပွနေလို့ ကျပ်နေလို့ ချုံ့ရချဲ့ရတာ ရှိပါတယ်၊ အိမ်အတွက် လိုအပ်နေတာတွေ ရှိရင်လည်း အဲဒီအချိန်မှာ ဈေးသွားပါတယ် ...



"အဝတ်အစား ဘာညာကအစပေါ့လေ၊ ဝယ်ဝါတယ်"

"မင်းဟာ သိပ်လည်း မနားရပါလား၊ ကာတွန်းကျတော့ ကြိုက်တတ်လား"

"ကြိုက်တယ် မဟုတ်ပါဘူး၊ ဒီလိုပဲ ဖတ်တာပါပဲ"

"မဂ္ဂဇင်းတွေ၊ ဝတ္ထုတွေ ဘာတွေ မဖတ်ဘူးလား"

"တစ်ခါတလေ ဖတ်ပါတယ်"

"စာဖတ်သင့်တယ်၊ ဝါသနာပါတာ မပါတာ ဖယ်ထား၊ အလိမ္မာဆိုတာ စာမှာရှိတယ်၊ ဗဟုသုတ အကြားအမြင်ဂါစပြီး ယဉ်ကျေးမှုအဆုံးပေါ့၊ အားလုံး စာပေကယူတတ်ရင် ရတယ်"

"ကျွန်မ အဲဒီလိုမျိုး ဆုံးမသွန်သင်တာ တစ်ခါမှ မခံရဖူးပါဘူးရှင်"

မနော်ဟရီ ခေါင်းလေးငုံ့လိုက်သည်။ အသံလေးနည်းနည်းတုန်သွား၏။ မျက်ရည်ဝဲသည် ထင်ပါရဲ့။ သူ့မိဘတွေကိုယ်တိုင်က စာမှပေမှ တတ်ကြရဲ့လားမသိ။

"မိဘတွေကကော"

မနော်ဟရီ ခေါင်းလေးခါ၍ ဆက်ငုံ့နေသည်။

"နောက်ကို ဖတ်ပါ့မယ်"

တံခွန် သနားသွားရတော့သည်။ နာယူပုံလေးက မြန်ဆန်၏။

"မင်း ရည်းစားရှိလား"

"ရှင် ..."

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သည့် မေးခွန်းမို့ ခေါင်းလေးမော့လာသည်။ နှုတ်ခမ်းလေးပွင့်၏။ ပြီးတော့ ချက်ချင်းပဲ ပြန်ငုံ့သွားသည်။

"ကျေးဇူးပြုပြီး ဖြေပါ မနော်ဟရီ၊ တို့ သိချင်တယ်"

"ကျွန်မ မရှိဘူးထင်ပါတယ်၊ ကျွန်မ ကိုယ်ကျင့်တရားထိန်းပါတယ်၊ ပျက်ပျက်စီးစီး အမျိုးအစားထဲမှာ မပါပါဘူး၊ ကျွန်မက အတိတ်ကိုမေ့နေတော့ ..."

"သိပ်မမှတ်မိပါဘူး၊ ဒါပေမဲ့ ကျွန်မ မိကောင်းဖခင်သားသမီးပါ၊ လောလောဆယ်မှာလည်း ရည်းစားမထားဘူး"

"မင်းကလှတော့ ပြောတဲ့သူတွေတော့ အများကြီးရှိမှာပေါ့"

"ဒီဆိုင်မှာပဲ ရှိပါတယ်၊ အိမ်မှာ ရပ်ကွက်ထဲမှာ အပြင်လည်း သိပ်မထွက်တော့ သူတို့နောက်က ဘာညာလိုက်ချင်ရင်တောင် လိုက်ခွင့်မရပါဘူး ..."

"ညနေစောင်းရင် ရေမိုးချိုး၊ ညစာစားပြီး ဒီဆိုင်ကလာခေါ်တဲ့ ဖယ်ရီနဲ့ ကျွန်မ လိုက်လာခဲ့ရတာပါပဲ"

"ဒီဆိုင်ကဆိုတော့ ဘယ်သူတွေလဲ"

"ကျွန်မက ကျောထောက်နောက်ခံမရှိတဲ့ မိန်းကလေးမို့ နှုတ်ဆော့ကြတာပါ၊ ကျွန်မ ဘယ်သူ့ကိုမှ ဘယ်လိုမှ သဘောမထားပါဘူး"

"မင်း အားကိုးလောက်တဲ့သူ တွေ့ရင် အိမ်ထောင်ပြုဖို့ ရည်ရွယ်ချက် ရှိလား"



"တွေ့မယ် မထင်ပါဘူး"

"တွေ့ရင်"

"မတွေ့ပါဘူး"

"တွေ့နေပြီ"

"ရှင် ..."

"ဒီမှာလေ"

တံခွန် ပြုံးလိုက်သည်၊ လက်မတစ်ချောင်းထောင်၍ သူ့ရင်ဘတ်ကို သူ ထိုးထားသည်။

"တို့ မင်းကို လက်ထပ်ချင်တယ်၊ မင်းနဲ့ မင်းမိဘနှစ်ပါး ခွင့်ပြုရင်ပေါ့"

တံခွန် ဆက်ပြုံးနေသည်။ မနော်ဟရီက မျက်နှာလေးမော့နေသည်။ ထူးဆန်းအံ့သြလွန်းသည်မို့ မျက်ဝန်းလေးတွေလက်နေကြသည်။ လက်နေသည့်မျက်ဝန်းမှာ အရောင်တွေ ဖြတ်ပြေးနေ၏။ တစ်မျိုးနှင့်တစ်မျိုး အရောင်မတူတာ တံခွန် သတိထားမိသည်။ ပထမတော့ အံ့သြသွားတာ၊ နောက်တော့ ပျော်သွားတာ၊ ပြီးတော့ ကြေကွဲနာကျင်သွားတာ။

မျက်ဝန်းအလက်အဖြာနှင့်ကို စကားပြောတတ်သူ မိန်းကလေးပါပဲ။

မမိုတ်မသုန်စောင့်ကြည့်၊ စူးနစ်စွာကြည့်နေသည်မို့ မျက်ဝန်းပုံရိပ်အားလုံးကို တံခွန် တွေ့လိုက်သည်။ သိရှိခံစားလိုက်ရသည်။ ရင်ထဲမှာ နာနာကျင်ကျင် ကြေကြေကွဲကွဲလေး ဖြစ်ရသည်။ သနားလိုက်ပါဘိ မိန်းကလေးရယ်။

www.burmeseclassic.com

www.burmeseclassic.com



မနော်ဟာရီက တော်တော်ကြာကြာကြီး မော့ငေးနေမိပြီးမှ နှုတ်ခမ်းကိုပြန်စေ့ဖို့ ပထမဆုံး သတိရသည်။ မျက်ဝန်းကို ကွယ်ဝှက်သိမ်းဆည်းဖို့ သတိရသည့်အချိန်မှာ မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်လျှံနေပြီ။ သည်တိုင်း ဆက်လက်မော့ငေးနေလည်း စီးကျမှာပဲ။ ငုံ့ချလိုက်လျှင်တော့ ပေါက်ခနဲ ပေါက်ခနဲ ကိုကျမည်။ တင်းတင်းစေ့ပစ်လိုက်သည့် နှုတ်ခမ်းမှာ မာကျောမှုလေးတွေ ဖြစ်ထွန်းချိန်မှာပဲ မနော်ဟာရီ မျက်နှာလေးကို ငုံ့ပစ်လိုက်သည်၊ ဝတ်ထားသည့် သတ္တုပြာနုနု ဘလောက်စ်ဖားဖားပေါ်သို့ မျက်ရည်စက်တွေ တပေါက်ပေါက် ကျလေ၏။

"ဘာလို့ငိုတာလဲ၊ မယုံလို့လား"

"ယုံပါတယ်"

ဖြေသံလေး မဆိုင်းမတွ ထွက်လာသည်။

"ဆရာဘာပြောပြော ကျွန်မ ယုံပါတယ်၊ ဆရာက တည်တည်တံ့တံ့သမားပဲ"

"ဒါဖြင့် ဘာလို့ငိုတာလဲ၊ တို့က မင်းစိတ်တိုင်းကျမယ့် အခမ်းအနားမျိုးနဲ့ လက်ထပ်မှာ"

"အဲဒါကိုလည်း ယုံပါတယ်"

"မင်း အဖြေပေးနိုင်မလား"

"ကျွန်မ လုံးဝမျှော်လင့်မထားမိလို့ ကျွန်မ လုံးဝမစဉ်းစားတတ်အောင်ပါ"

"ငိုတာကကော"

"ဝမ်းနည်းလို့ပါ"

"မင်္ဂလာစကားပဲ၊ ဝမ်းနည်းစရာလား"



သည်တစ်ခါတော့ အဖြေထွက်မလာဘဲ ခေါင်းကိုပိုလို့သာ ငုံ့သွားတော့သည်။ လက်ကိုင်ပဝါလေးနှင့် သူ့မျက်ရည်ကို သူ သိမ်းနေသည်။

"မင်း စဉ်းစားပေါ့၊ အချိန်ယူပါ၊ တို့ စောင့်နေမယ်၊ တစ်ခုတောင်းပန်ရဦးမယ်၊ ဒီစကားကို ရုံးခန်းထဲခေါ်ပြောတဲ့အတွက် မင်း ခွင့်လွှတ်ဖို့ပါ ...

"တို့ အများကြီးစဉ်းစားတယ်၊ မင်းအတွက် ဣန္ဒြေအရဆုံး နေရာကိုရှာတာ၊ ဒီရုံးခန်းက အဆင်ပြေပေမယ့် မင်းသာ အထအနကောက်တတ်ခဲ့ရင် ..."

"ဟင့်အင်း"

မနော်ဟာရီ ခေါင်းခါရှာသည်။ အမိပွာယ်မသေချာ၊ ဝိုးတဝါးပေမယ့် အထအန မကောက်ပါဘူးဟု ဆိုချင်တာဟုတွေးယူနိုင်၏။

"တို့ စော်ကားလိုစိတ် မရှိဘူး၊ မင်းကိုမလေးစားလို့၊ တန်ဖိုးမထားလို့လည်း မဟုတ်ဘူး၊ တို့ မြတ်နိုးလို့ လက်ထပ်ချင်တဲ့ မိန်းကလေးကို တန်ဖိုးထားတာပေါ့ ...

"မင်း ပို့သုံးတာကလည်း ရင်ထဲမှာ တရင်းတနှီးဖြစ်လို့၊ ပြီးတော့ မင်းက တို့ထက် ဆယ်နှစ်နီးပါး ငယ်နိုင်တာပဲ၊ အဲဒါကြောင့်"

"ဆယ်နှစ်ကြီးတော့ မငယ်ပါဘူး"

"နီးပါးလို့ပြောတာ"

"ကွာလှ လေးငါးနှစ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း လက်ခံမှာလား၊ဟာ ... မေးမိပြန်ပြီ၊ စဉ်းစားဖို့ အချိန်ပေးထားတာပဲ"

မနော်ဟာရီ ခေါင်းလေး ပြန်မော့လာသည်။ မျက်ရည် စင်နေပြီဖြစ်သည်။ မျက်နှာလေးက လန်းလန်းဆန်းဆန်း ဖြစ်နေ၏။ မျက်လုံးတစ်ဝိုက် ပါးပြင်ပေါ်မှာ တချို့မိတ်ကပ်နည်းနည်း ကွက်နေသည်။ သူများသာဆို အရုပ်ဆိုးလိုက်မယ့်ဖြစ်ခြင်း။ မနော်ဟာရီကတော့ လှမြဲလှသည်။

"ကျွန်မ ပြန်ချင်ပါတယ်"

"ဒါပေါ့ ... ပြန်ချင်မှာပေါ့၊ မင်းရင်ထဲမှာ ဝုန်းဒိုင်းကြဲနေမှာပဲ၊ အေးစက်စက် ကျဉ်ရှုရှုကြီး ဖြစ်နေမှာပဲ၊ တို့ ကိုယ်ချင်းစာနိုင်ပါတယ်"

တံခွန် ပြုံးပြုံးကြီး ပြောပြန်သည်။ မနော်ဟာရီ ယှဲ့ယှဲ့လေး ပြုံးဖြစ်သွားရသည်။

"ဆရာ့ရင်ထဲမှာကော အခု အဲဒီလို ဖြစ်နေလား"

"ဖြစ်နေတယ်၊ မင်းမျက်နှာကြီး ထူအန်းအန်းနဲ့ ပုရွက်ဆိတ်တွေ တက်လာသလို ရွစိစိ မဖြစ်ဘူးလား"

"ဖြစ်တယ်"

မနော်ဟယ်ရီ ရယ်လိုက်သည်၊ အပြုံးလွန်မို့ အရယ်ဟု ဆိုရပေမယ့် အသံထွက်ရယ်ခြင်း မဟုတ်ပါ။

"မောမောနုံးနုံးကြီးလည်း ဖြစ်မှာပေါ့"

"ဟုတ်ကဲ့"

"မင်း တော်တော်ချစ်စရာကောင်းတာပဲ"

မနော်ဟာရီ မျက်နှာလေး ပြန်ငုံ့ပြန်၏။



"မင်း တို့ကို စဉ်းစားတဲ့ခါမှာ တို့အကြောင်းကိုသိဖို့ လိုတယ်လေ၊ မင်း မမေးတော့ဘူးလား"

"ကျွန်မ သိပါတယ်"

"တယ်ဟုတ်ပါလား၊ တို့က အဲဒီလို တိုင်းသိပြည်သိလား"

"ကြယ်တံခွန်မှာတော့ ဆိုတဲ့သူ၊ တီးတဲ့သူ၊ ဝိတ်တာတွေ၊ ဝန်ထမ်းအဆင့်ဆင့် အားလုံး ယောကျ်ားရော မိန်းမတွေပါ ဆရာ့အကြောင်းပဲ အားရင်ပြောနေကြတာ"

"ဩော် ... ကြယ်တံခွန် အေတီ အတင်းဌာနကြီးပေါ့၊ သိတယ် မဟုတ်လား၊ အေတီဆိုတာ အတင်းပြောတာ"

"ကောင်းသတင်းတွေပါ၊ ဆရာ့ကမ်းလှမ်းချက်ကိုဆိုရင် မိန်းမသားတွေ တော်တော်များများက လိုလိုလားလား မျှော်လင့်နေမှာပါ"

"အဲဒီအထဲမှာ မင်းမပါတာ တို့သိပါတယ်"

"ကျွန်မလည်း ပါချင်ပါနိုင်တာပဲ"

"မင်းပါရင် ခုကတည်းက လက်ခံသွားမှာပေါ့"

"ဈေးကိုင်တာလည်း ဖြစ်နိုင်တာပဲ"

"ဒါဆိုရင် မင်းက လက်ခံဖို့များတာလား"

"ခုချိန်ထိတော့ လက်ခံဖို့ ရာခိုင်နှုန်းတော်တော်နည်းပါသေးတယ်"

"ဒီမှာ စာအိတ်နှစ်လုံး"

တံခွန်က မနော်ဟာရီရှေ့သို့ စားပွဲထဲမှယူ၍ ချပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"နံပါတ်တစ်လို့ ရေးထားတဲ့ ဒီစာအိတ်ကို မင်း အရင်ဖတ်ပါ၊ တို့ကို မစဉ်းစားခင်နဲ့ စဉ်းစားဆဲကာလမှာ မင်းသိဖို့ လိုအပ်တဲ့ တို့အကြောင်း ...

"တို့မှာ သိပ်ချစ်ခဲ့ရတဲ့ ချစ်သူလေးတစ်ယောက် ရှိဖူးတယ်၊ တို့ချစ်လွန်းလို့ နည်းနည်းကလေးမှ မခွဲနိုင်ဘူး၊ မေမေ သဘောမတူလည်း တစ်နည်းနည်းတော့ စီစဉ်မယ်၊ လုံးဝမခွဲနိုင်ဘူး ...

"အဲဒီလို ဆုံးဖြတ်ထားတာ၊ သူ့ကို ချစ်လည်းချစ်၊ သနားလည်းသနား၊ သူ့ရဲ့အားကိုးမှုကိုလည်း ခံချင်တယ်၊ သူ လောကနဲ့ ရင်ဆိုင်တဲ့အခါမှာ သူ့ရှေ့ကို တို့ မားမား ရပ်ပေးချင်တယ် ...

"သူ အေးချမ်းအောင် သူ့ကို အရိပ်လို မိုးနေပေးချင်တယ်၊ ချစ်တယ်ဆိုတဲ့စကားလုံးထက် အများကြီးပိုချစ်ခဲ့တယ် ...

"ဒါတွေပြောနေရတာ တို့ရင်ထဲမှာ ချိုမြိန်တယ်၊ ရှက်စရာလို့လည်း မထင်ဘူး၊ မင်း နားထောင်နိုင်မယ်ဆိုရင် သူ့ကို တို့ ဘယ်လောက်ချစ်တယ်ဆိုတာ နောက်တစ်ရက် ထပ်ပြောချင်သေးတယ်"

"သူ ... ဘယ်ရောက်သွားလို့လဲ"

"အဲဒီ နံပါတ်တစ်စာအိတ်ထဲမှာ သူ ဘယ်ရောက်သွားလဲဆိုတာပါတယ်၊ သူရေးခဲ့တဲ့စာ၊ သူ့လက်ရေး၊ တို့ကို သူ အချစ်လွန်ပြီး မိုက်ရူးရဲလုပ်သွားတဲ့အကြောင်း၊ အဲဒီစာထဲမှာပါတယ်၊ မင်း ဖတ်ကြည့်လေ"



"ဒီဒုတိယစာအိတ်ကရော"

"ပေးမယ့်သာ ပေးထားတာ၊ ကြိုရေးထားတာ မင်းသိဖို့ ပေးထားတာ၊ အဲဒီထဲမှာက စာရွက်တစ်ရွက်ပဲရှိတယ်၊ တို့ ရေးထားတာ ...

"မင်း ... တို့ကို အဖြေပေးပြီးမှ တို့ရှေ့မှာပဲ ဖတ်ဖို့၊ မင်း ငြင်းသည်ဖြစ်စေ၊ လက်ခံသည်ဖြစ်စေ အဖြေပေးပြီးမှ အဲဒီစာအိတ်ကို ဖောက်ဖတ်ပါ"

"ကျွန်မ နားလည်ပါပြီ"

"မင်းအတွက် ကားစီစဉ်ပေးမယ်၊ တို့ကိုယ်တိုင်မောင်းပြီး ပြန်ပို့ပေးဖို့ မင်း မျှော်လင့်မလား မသိဘူး"

"ကျွန်မ ဘာကိုမှ မျှော်လင့်ဖော့ မရှိပါဘူး"

"ဘာပဲဖြစ်ဖြစ် တို့ ကျေးဇူးတင်ပါတယ်"

"ကျွန်မ ပြန်တော့မယ်"

"ဪ ... အေး"

တံခွန် ထိုင်နေရာမှ ထရပ်သည်။ စားပွဲကိုပတ်၍ မနော်ဟရီ့နားသို့ ဖြည်းဖြည်းလျှောက်လာသည်။

"မင်းမျက်နှာမှာ မိတ်ကပ်နည်းနည်းကွက်နေတယ်"

"ကျွန်မ ငိုလိုက်လို့ပါ"

"မိတ်ကပ် အဲဒီလောက်မထူရင် ကွက်မှာမဟုတ်ဘူးလို့ တို့ ထင်တယ်"

"ဆရာက မိတ်ကပ်ထူတာကို တော်တော်မုန်းပုံရတယ်"

"မုန်းတယ်၊ သနပ်ခါးပါးပါးလိမ်းထားတာမျိုးကို တို့ကြိုက်တယ်၊ တို့သိပ်ချစ်တဲ့ မိန်းကလေးက မျက်နှာမှာ ဘာမှ မလိမ်းဘူး၊ ပြောင်ပြောင်လေးလှတယ် ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းမို့လို့ပဲ၊ သူများသာဆို လှမှာမဟုတ်ဘူး၊ မင်းကတော့ မိတ်ကပ်ပဲကွက်ကွက်၊ ဘာပဲဖြစ်ဖြစ် လှနေတာပါပဲ"

မနော်ဟရီ ခေါင်းလေးငုံ့ရပြန်သည်။

"မင်းရင်ထဲမှာ ဝုန်းဒိုင်းကြဲနေသလား"

"အေးစက်စက် ကျင်ရှရှကြီး ဖြစ်နေမှာပေါ့"

"မျက်နှာကြီး ထူနေလား"

သူမေးခဲ့သည့် မေးခွန်းတွေအားလုံး နားထဲပြန်ကြားလာသည်။ အဲဒါတွေ အားလုံးဖြစ်နေသည်။ ခြေထောက်တွေမခိုင်ချင်တာက ပိုသေးသည်။ တံခွန်က စားပွဲပေါ်မှ ဘဲလ်ကိုနှိပ်သည်။ ချာတိတ်တစ်ယောက် ဝင်လာ၏။ တံခွန် သူ့ယာဉ်မောင်းကို ကားမောင်းပြီး ပြန်ပို့ခိုင်းပေးဖို့ သေသေချာချာမှာ၏။ မနော်ဟရီက နှုတ်ဆက်သည်။

"နောက်ခန်းမှာ ထိုင်နော်"

တံခွန် ပြုံး၍မှာသည်မို့ မနော်ဟရီ ခေါင်းလေးငုံ့၍ တစ်ချက် ပြုံးရလေတော့သည်။ ရင်ခုန်သံ နည်းနည်းငြိမ်ပေမယ့် ပုစွန်ဆိတ်ကလေးတစ်ကောင်ဝင်ပြီး ဟိုခုန်သည်ပေါက် လုပ်နေတာ ခက်လေ၏။



## အခန်း(၁၆)

"သမီး နေမကောင်းဘူးလား"

"ကောင်းပါတယ် အမေ"

"သမီးအဝတ်တွေတောင် အမေ ဖွပ်ထားလိုက်သေးတယ်"

"ဘာလို့ လုပ်ထားရတာလဲ အမေရယ်၊ ကျွန်မလုပ်မှာပေါ့"

"မနက်တုန်းက သမီးက ငေးငေးငိုင်ငိုင်နဲ့ နေကောင်းပုံမရဘူး၊ အဝတ်လည်း ဖွပ်မသွားနိုင်လို့ အမေ အားတုန်းလုပ်လိုက်တာ၊ အစောကြီး ပြန်ရောက်လာတာ နေမကောင်းလို့လား"

"ဟုတ်ကဲ့ ... နည်းနည်းပါ"

အမေ့စိတ်ထဲတော့ ထူးသည်။

မနော်ဟရီဆိုသည့် သမီးလေး၊ ခုတလော မှိုင်မှိုင်တွေတွေ ရှိလှ၏။ သမီးအလုပ်က ပိုက်ဆံတွေလည်း အများကြီးရသည်။ ကိုယ်ကျင့်တရားလည်း မပျက်ပြား၊ သမာအာဇီဝတစ်ခုပဲလို့ ကြည့်နေရပေမယ့် အမေ့ရင်ထဲမှာတော့ သနားလှသည်။ သမီး မိတ်ကပ်စ,လူးကတည်းက စ,သနားရသည်။ သမီးကလေး

www.burmeseclassic.com

www.burmeseclassic.com



မိတ်ကပ်လူးတာ လှရုံပရုံမှ မဟုတ်ဘဲ အများကြီး အထူကြီး လိမ်းသည်ဆိုကတည်းက သမီးက သူ့အပြင်ရုပ်နှင့် သီချင်းဆိုသည့်ရုပ် နည်းနည်းပါးပါး ကွဲပြားစေချင်လို့ပဲ ဖြစ်မည်။

လူပုံအလယ်မှာ သီချင်းဆိုရတာကို သမီးက ရှက်များရှက်နေရှာလား မသိပါ။ ဝမ်းရေးမို့ ကြိုးစားနေရတာ ဆိုလျှင် သမီးရှာစာဖွေစာလေးတွေနှင့် စားသောက်နေရသည့် အမေနှင့် အဖေ မျိုလို့ကျနိုင်ပါ့မလား။ ပြီးတော့ သီချင်းဆိုရတာ မြင်တော့သာ ကြော့ကြော့လေး၊ ပြုံးပြုံးလေး၊ ရွှရွှလေး၊ ဘယ်လောက်ပင်ပန်းတယ်ဆိုတာ လူတကာ မသိကြပါ။ ရှေးခေတ် အငြိမ့်မင်းသမီးကြီး ဖြစ်ခဲ့ဖူးသည့် အမေကတော့ သိပါ၏။

အသံချဲ့စက် ဘယ်လောက်ကူကူ လည်ပင်းကြောမတင်းဘဲ ပင်ကိုသံက လည်ချောင်းထဲကကို ထွက်မလာပါ။ ဆိုရင်း ဆိုရင်း အာခေါင်တွေ ခြောက်လာသည်။ လည်ချောင်းတစ်လျှောက် အက်ကွဲချင်လာသည်။ ရေငတ်လာသည်။ ဒါတွေ အမေလုပ်ခဲ့ဖူးသည်မို့ သိပ်သိသည်ပေါ့။ သမီးလေး ကြယ်တံခွန်မှာ သီချင်းဆို သွားလျှောက်မည် ဆိုတုန်းက အမေပဲ သင်ပေးလေ့ကျင့်ခဲ့ရသည်။ သမီးမရသည့် အနုစိတ်နှစ်ဆယ်တေးနှင့် နှောင်းခေတ်တေးတွေ အမေပဲ ဆိုပြခဲ့ရသည်။

"အဆင်ပြေရဲ့လားသမီး"

"အလုပ်မှာလား၊ ပြေပါတယ်"

"မူးမူးရူးရူးသမားတွေ ဆွဲလားယမ်းလားများ ရှိလားသမီးရယ်"

"မရှိပါဘူး အမေ"



"ဘာမှမဖြစ်ရင်လည်း နားနော်"

"ဟုတ်ကဲ့"

အမေ့ကို ထွက်သွားစေချင်တာ ကြာပြီ။ တစ်ယောက်တည်းမှ လွတ်လပ်၏။ လက်မှနာရီကိုကြည့်တော့ ကိုးနာရီပဲရှိသေးသည်။ ခါတိုင်းဆို သည်အချိန် သီချင်းဆိုလို့ကောင်းတုန်းပါ။ တံခွန်က ပထမ စာအိတ်နှစ်အိတ်ပေးပြီး ပြန်ခါနီး ထရပ်တော့ နောက်ထပ်တစ်အိတ် ထပ်ပေးသည်။ ဘာမှန်းမသိ၊ ပေးလို့ယူလာခဲ့သည်။ အိမ်ကျမှ ဖွင့်ကြည့်တော့ အဲသည်စာအိတ်ထဲမှာ ငွေစက္ကူအချပ်နှစ်ဆယ်တိတိ။ ငါးရာတန်တွေမို့ ကျပ်တစ်သောင်း။

အတန်ကြီးသည်မို့ အခေါက်ပါးကာ ပိုက်ဆံမှန်းမသိလို့ ယူလာမိခဲ့ခြင်းပါ။ သည်ညလုပ်အားမှ မစိုက်ထုတ်ရဘဲ မနော်ဟရီ ငွေမလိုချင်ပါ။

ရည်းစားစကား အပြောခံခဲ့ ကျပ်တစ်သောင်းလိုဖြစ်နေပါရောလားဟု နာကြည်းသည့်ဘက်မှ လှည့်မတွေးချင်ပါ။ တံခွန် ဘာပဲပြောပြော၊ ဘာပဲလုပ်လုပ် မနော်ဟရီမနာကျင်ရက်တာ သေချာသည်။ လက်ထပ်ခွင့်ကို သူ့ရှေ့ခန်းမှာ ခေါ်တောင်းသည့်အတွက် သူ တောင်းပန်၏။ မနော်ဟရီအဖို့မှာ မတောင်းပန်မီက ကျေနပ်ပြီးသား ဖြစ်နေတာ သူသိစေချင်ပါ၏။

သူ ဖတ်ဆိုသည့် စာအိတ်ကို ဖွင့်လိုက်သည်။ စာခေါက် တစ်ခေါက်။ ဖြန့်လိုက်၏။ ခေါင်းစဉ်ကို တွေ့သည်။

"ဩော်"

သူ ဖတ်ဆိုတော့လည်း ဖတ်ရပါဦးမည်။ မနော်ဟရီဆိုတာ သူ ထားရာနေ၊ သူစေရာသွား၊ သူခိုင်းသမျှ ဆောင်ရွက်နေမည့်သူဆိုတာ သူ သိစေချင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ချစ်လှစွာသော ကိုကိုလေး ...

"ချစ်လှစွာသော"ဆိုတာ ရေးရိုးရေးစဉ် ပေါ့ပေါ့လေး ရေးလိုက်တာ မဟုတ်ပါဘူး၊ တကယ့်ကို ရင်ထဲမှာ ချစ်ရလွန်းလို့၊ အဲဒီအချစ်ကလည်း သန့်ရှင်းလှပလွန်းလို့၊ နှလုံးသားမှာ အနက်ရှိုင်းဆုံးခံစားပြီး ဒီစာကို ရေးရတာပါရှင်။

ကိုကိုလေးရယ် ... ဂြိုဟ်မ ဆိုတာ ဂြိုဟ်ဆိုးအပေါင်းကို သယ်ဆောင်လာတဲ့ မိန္ဒာမပါ။ အများသူငါ ကဲ့ရဲ့ပြောဆိုကြသလို မကောင်းဆိုးဝါးတွေ ပူးကပ်နေတဲ့ စုန်းမ၊ ကဝေမပါ။ ဂြိုဟ်မနဲ့ ပတ်သက်သမျှ ဘယ်သူမှ ကံမကောင်းကြပါဘူး။

ဂြိုဟ်မရဲ့တစ်သက်တာမှာ အချစ်ဆုံးဟာ ကိုကိုလေးပါ။ အမြတ်နိုးဆုံး၊ အမက်မောဆုံး၊ တွယ်တာဆုံး၊ အားကိုးဆုံး၊ အချစ်ဆိုတဲ့ ခက်မကြီးက ဖြာထွက်သမျှ သံယောဇဉ်အကြင်နာအားလုံး ကိုကိုလေးတစ်ယောက်တည်း အပေါ်မှာသာ အပိုဆုံးပါ။ ဂြိုဟ်မမှာ ဘယ်သူရှိလို့လဲ။ အဖေနဲ့အမေဆိုတာ မမြင်ဖူးလိုက်ပါဘူး။ ညီအစ်ကိုမောင်နှမ ဘယ်မှာလဲ။ တစ်ဦးတည်းသော သွေးသားဖြစ်တဲ့ ကြီးမေနဲ့ကလည်း အလွန်ချစ်ကြပေမယ့် မတည့်အတူနေ ဆိုတာလို၊ ကြီးမေ ကိုယ်တိုင်က မပစ်ရက် မစွန့်ရက်လို့သာ ထားရပေမယ့် ဂြိုဟ်ဆိုးဆိုတာကို ယုံကြည်တတ်တဲ့ အယူသီးသူ တစ်ယောက်ပါပဲ။



ဂြိုဟ်မမှာ ချစ်စရာဆိုလို့ တွယ်တာနှောင်ဖွဲ့စရာဆိုလို့ ကိုကိုလေးတစ်ယောက်တည်းပါ။ ကိုကိုလေးကိုပဲ အရမ်းချစ်ခဲ့ရသူပါ။ ကိုကိုလေး ယုံပါနော်။ ချစ်လွန်းလို့ စွန့်ခွာမယ့်သူပါ ကိုကိုလေးရယ်။

ဂြိုဟ်မရဲ့ ဂြိုဟ်ဆိုးတွေ ကိုကိုလေးအပေါ်မှာ ကျရောက်သင့်သလောက် ကျရောက်ကုန်ကြပြီ။ ကိုကိုလေးနဲ့သာ တစ်သက်လုံး တူတူနေသွားမယ်ဆိုရင် ကိုကိုလေးမှာ အသက်တိုခြင်း၊ အဆင်းမလှ ပျက်စီးရခြင်း၊ ဆင်းရဲခြင်း၊ ခွန်အားချည့်နဲ့ခြင်း၊ လိုအင်ဆန္ဒမပြည့်ဝခြင်း၊ အလိုရှိရာ တောင့်တရာတို့နှင့် ကင်းဝေးခြင်းဆိုတဲ့ ဒုက္ခအပေါင်းဖိစီးတော့မယ်။

အဲဒါကြောင့် ချစ်လျက်နဲ့ ပြေးပုန်းရသူပါ ကိုကိုလေးရယ်၊ ကိုကိုလေး ခွင့်လွှတ်ပါတော့နော်။ ဂြိုဟ်မကို လိုက်မရှာပါနဲ့။ ဂြိုဟ်မလေ ရန်ကုန်မြို့နဲ့ အဝေးဆုံး ကိုကိုလေး ရှိရာအရပ်နဲ့ အဝေးဆုံး မြန်မာပြည်ရဲ့မြောက်ပိုင်းအကျဆုံး မြို့တစ်မြို့ကို ထွက်သွားပါပြီ။

အဲဒီမှာ ကြီးမေရဲ့အဒေါ် ကျွန်မရဲ့အဘွားတစ်ယောက် ရှိနေပါတယ်၊ အဘွားနဲ့လာနေဖို့ စာရေးဆက်သွယ်ရင်း အဘွားစီမံတဲ့အတိုင်း နာခံပါ့မယ်လို့လည်း စကားပြန်ပြီးပါပြီ။ အဲဒီကိုရောက်တာနဲ့ ကျွန်မ လက်ထပ်ရပါမယ်။ စီးပွားရေးဥစ္စာ အသင့်အတင့်နဲ့ ကျွန်မတို့တူဝရီးကို စောင့်ရှောက်တာဝန်ယူနိုင်တဲ့သူလည်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို မေ့ဖြစ်အောင် ကြိုးစားပြီး ကိုကိုလေးလည်း သင့်တင့်သူနဲ့ အိမ်ထောင်ပြုပါ။ ကျွန်မကို လိုက်မရှာပါနဲ့၊ မတမ်းတပါနဲ့။ ကိုကိုလေး ဒီစာကိုဖတ်နေရတဲ့ အချိန်မှာ ကျွန်မမှာ ကာမပိုင် ခင်ပွန်းနဲ့ ဖြစ်နေလောက်ပါပြီ။

အဲဒီလူမှာတော့ ဂြိုဟ်ဆိုးတွေ မကပ်ဘူးလားလို့ ကိုကိုလေး မေးချင်ပါလိမ့်မယ်။ အဲဒီအတွက် ကျွန်မ မပူပင်ပါဘူး၊ မစိုးရိမ်ပါဘူး၊ ဖြစ်လာတဲ့ဒုက္ခ မှန်သမျှကိုလည်း ရင်ဆိုင်တော့မယ်လို့ ကျွန်မ ဆုံးဖြတ်လိုက်ပါပြီ။

ကိုကိုလေးမေမေ နေကောင်းပါစေ
ကိုကိုလေးနဲ့ မထိုက်တန်တဲ့ ဂြိုဟ်မိစ္ဆာမ
တစ်ခါက ...
နှောင်ကြိုး"

စာရွက်ထပ်လေးကို မနော်ဟရီ ရင်မှာကပ်လိုက်သည်။ အိမ်မိုးဆီသို့ မော့ကြည့်နေလိုက်၏။ အဖေနှင့် အမေတို့ဘက်ခန်းမှ မီးရောင်မမြင်ရတော့ပါ။ လူကြီးတွေမို့ စောစောအိပ်တတ်သည်။ စောစောထတတ်သည်။ အအိပ်လည်းဆတ်၏။ ခါတိုင်း မနော်ဟရီ တစ်နာရီလောက် ပြန်ရောက်လျှင် ကားဟွန်းတီးဖို့တောင် မလို၊ ကားရပ်သံကြားသည်နှင့် အိမ်မီးကို ချောက်ခနဲ ဖွင့်တတ်ကြသည်။ သည်နေ့တော့ စိတ်ချလက်ချ အိပ်ကြပြီထင်၏။



မနော်ဟရီအဖို့မှာတော့ အိပ်ဖို့ အရမ်းစောနေသေးသည်။ မျက်ဝန်းအိမ်ကို ဆွဲထုတ်၍ ကြယ်တံခွန်သို့ ပို့ကြည့်သည်။ ဦးတံခွန် ရုံးခန်းထဲမှာ ထိုင်နေတုန်းပဲလားဟု မှန်းကြည့်သည်။ သူ ပြန်လောက်ပါပြီ။ သူရှေးပဲ၊ အကြောင်းထူးမရှိဘဲ ဘယ်မှာ ညဥ့်နက်အိပ်ပျက်ခံလိမ့်မလဲ။

တယ်လီဖုန်းကလေးတစ်လုံးလောက် အပိုင်ရှိဖို့ တမ်းတမ်းမွတ်မွတ် ဖြစ်မိသည်။ ဆက်ကြည့်ချင်လို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းဆက်ဖို့အတွက် လမ်းထိပ်သို့ ထွက်ရသည်။

"ကျွန်မ နေမကောင်းလို့ ခွင့်သုံးရက်လောက်ပေးပါ"

မန်နေဂျာကြီးထံ ခွင့်တိုင်ရသည်။ မန်နေဂျာကြီးက မကြည်ဖြူချင်ပါ။

"မနော်ဟရီ ... လူကြိုက်များလာလို့ ဈေးကိုင်တာလား"

တဲ့ ...။

"တကယ် နေမကောင်းတာပါ ဆရာ"

"ဒါဖြင့် အစ်ကိုလေးအိမ်ကို လိုက်သွားလေ၊ သူ့ဌေးအိမ်ကိုပြောတာ၊ အဲဒီမှာ ဆေးခန်းဖွင့်ထားတယ်၊ အခမဲ့ကုသခွင့်ရှိတယ်၊ ဆရာဝန်အဆင်သင့်ပဲ၊ မသိဘူးလား"

"ဟင့်အင်း"

"သွားလိုက် ... သွားနိုင်ရဲ့လား၊ အရမ်းနေမကောင်းဖြစ်နေတာလား၊ ညက အကောင်းကြီးပဲဟာ၊ အစ်ကိုလေး ညက ဆူသလား"

"မဆူပါဘူး"



ညက မနော်ဟရီ သီချင်းမဆိုဖြစ်ပါ။ တံခွန်နှင့် စကားပြောပြီး မျက်ရည်ကျ၊ မိတ်ကပ်အကွက်အပျက်နှင့် အိမ်ပြန်ရောက်လာခဲ့သည်။

"မနေ့ကလည်း မဆိုဖြစ်တော့ ပျက်ရက်များမှာစိုးတယ်"

အားကိုးလောက်သည့် မန်နေဂျာကြီးပါပဲ။ သူ့အလုပ်လိုကို သဘောထား တက်ကြွပါပေ၏။

"ဆေးခန်းသွားမှာလား"

"မပြောတတ်သေးပါဘူး"

"ဘယ့်နှယ် မပြောတတ်ရမှာလဲ၊ သွားမှဖြစ်မှာပေါ့၊ အဲဒီမသွားလည်း တခြားသွားရမှာပဲ၊ တခြားသွားတော့ ပိုက်ဆံကုန်တာပေါ့"

"ဟုတ်ကဲ့ ... နားလည်ပါပြီ၊ ဒါပဲနော်"

"အင်း ... သွားဖြစ်အောင် သွားလိုက်နော်၊ အဖျားတာရှည်နေမယ်"

သူ့ကို ဖျားနေပါတယ်လို့ ဘယ်သူက ပြောလို့ သူက အဖျားတာရှည်နေမယ် ပြောရတာတဲ့လဲ။

မနော်ဟရီ အိမ်ပြန်လာသည်။ ညက အစောကြီး အိပ်ရာဝင်ပေမယ့် အိပ်မပျော်ပါ။ သည်နေ့နံနက်လည်း ခါတိုင်းလို ဆယ်နာရီထိ အိပ်လို့မရ။ အစောကြီးနိုးနေသည်။ အိပ်ရေးမဝသည်မို့ ခေါင်းထဲက မူးနေ၏။ လမ်းထိပ်ထွက်၍ တယ်လီဖုန်းဆက်ပေမယ့် ဖြီးချင်လိမ်းချင်စိတ်မရှိ၊ လမ်းထိပ်တင်မို့လို့လည်း မလိုအပ်၍ မျက်နှာပြောင်နှင့် ထွက်လာခဲ့ခြင်းဖြစ်သည်။ ခေါင်းလေးပဲ ဖြီးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"တို့ချစ်သူက မျက်နှာကို ဘာမှမလိမ်းဘဲ မျက်နှာပြောင်လေးနဲ့ နေတတ်တယ်"ဟု အနားမှာ လာပြောနေသလို ကြားယောင်မိတာလည်း ပါ၏။

"ကျွန်မ ရှင့်ကိုချစ်ပါတယ် ဦးတံခွန်"ဟု တိုးတိုးလေး တစ်ယောက်တည်း ကျိတ်၍ဝန်ခံချင်သည်။ သူလိုလူကို ငြင်းပယ်စရာ ဘာအကြောင်းရှိမှာလဲ၊ ဘယ်လိုလူက သူ့ကို မိုက်မဲစွာငြင်းဆိုမှာတဲ့လဲ။ သူကသာဆွတ်လျှင် ညွတ်မည့်သူချည်းပါ၊ မဆွတ်ဘဲလည်း ညွတ်နေကြမှာတွေ တစ်ပုံကြီး။ ဦးနှောက်ထဲမှာ သူ့အတွက် ထောက်ခံသံတွေ ညံညံစီနေသည်။ နှလုံးသားထဲမှာကျတော့ကော။

သူမှသူပါပဲ။ တကယ်တော့ သူ့ကိုချစ်ရတာ သူ့အသိုင်းအဝိုင်း အဆောင်အယောင် ဂုဏ်ဒြပ်၊ သူ့ပစ္စည်းတွေနှင့် ဘာမှုမပတ်သက်ပါ၊ အဲဒါတွေက သူ့အပေါ်ချစ်မိသည့် အချစ်ကို မပံ့ပိုးကြပါဟုပြောလျှင် လူတစ်သောင်းမှာ တစ်သောင်းလုံးက ရယ်မောကြမှာပဲ ထင်သည်။ ယုံကြည်သူ ရှိမည်မထင်ပါ။

ဘယ်သူမှ မယုံကြည်မည့်စကားကို အကျိုးမဲ့စွာ မပြောချင်တော့ပါ။

သူ့မှာသာ လိုအပ်လျှင် ပေးဆပ်ခြင်းဖြင့် အချစ်တွေ သွန်ချပေးချင်သည်။ သို့ပေမဲ့ သူက မည်သည့်ရှုထောင့်မှာမှ ကွက်လပ်မရှိသော ပြည့်စုံလူသားဖြစ်လို့နေချေ၏။ ဥပမာပေးရလျှင် တောဘုရင် ခြင်္သေ့ကြီး၏ ခြေချရာလမ်းမှာ အနင်းခံနံ့ကောင်ကလေးက ရွှေခြင်္သေ့ကြီး ခြေဖဝါးမှာ သွေးခြည်တွေ ဥကုန်ပါပြီဆိုသည့် အကြင်နာစိတ်ဖြင့် ...



"နှာသွားလား အချစ်ရယ်"ဟု မေးမိတာမျိုးဖြစ်နိုင်၏။ တစ်တောလုံး အုတ်အော်သောင်းတင်း ရယ်မောကြပါလိမ့်မည်။ တံခွန်နှင့်ယှဉ်တော့ အစစအရာရာမှာ တံခွန်သည်သာ မြင်းမိုရ်တောင် ... မနော်ဟာရီက ဆီးကင်းရဲ့အစေ့ကလေးရယ်ပါ။

မတူမတန်လို့ပါ ဆရာရယ်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ"

အမေတို့များ ရိုးရှာ၏။ အိမ်ရှေ့မှ ကျူးအော်ခေါ်နေသည်။ နောက်ဖေးပေါက်က ဆင်းပြေးပြီး "မရှိဘူး" ညာလို့မရတော့ဘူးပေါ့။ ထွက်တွေ့ရုံသာ ရှိတော့သည်။

ညှော့သည်ယောကျ်ားက မနော်ဟာရီကို သေချာကြည့်သည်မှ ရှုးရှုးစိုက်စိုက်ကြီး။

"မနော်ဟာရီနဲ့ တွေ့ချင်လို့ပါ"

"ကျွန်မပါ"

"ဟာ ... လုံးဝမမှတ်မိဘူး၊ ကျွန်တော်က စားသောက်ဆိုင်မှာ မိတ်ကပ်နဲ့ပဲ မြင်ဖူးထားတာ၊ အပြင်နဲ့ လုံးဝမတူပါလား၊ မထင်ဘူး၊ နည်းနည်းမှကို မထင်တာ၊ မနော်ဟာရီပါပြောမှ သေချာကြည့်မှ နည်းနည်းဆင်တယ်"

"ထားပါတော့ ... ကိစ္စကို ပြောပါဦး"

"မနော်ဟာရီ နေမကောင်းဘူးဆိုလို့ ဆေးခန်းက ကားလွှတ်ပေးလိုက်တာ၊ မထနိုင်ရင်တောင် ထမ်းတင်လာခဲ့ဖို့ ထမ်းစင်ပါ ပါတယ်"



သေရော။ အဲဒါမှ လဲသေပစ်လိုက်ဖို့ ရှိတော့သည်။ ကားက တောင်းအေ့စ် Town Ace နောက်ပေါက်ကြီး၊ တကယ်ပဲ ထမ်းစင်ပါလာပုံရသည်။

"ကျွန်မက နည်းနည်းပါးပါးပါ၊ အသံနည်းနည်းပျက်လို့ သီချင်းဆိုမရလို့ ခွင့်ယူထားတာပါ၊ အအေးနည်းနည်းမိတယ်၊ နှာစေးချောင်းဆိုးဆိုတော့ သီချင်းဆိုလို့ ဘယ်ရမလဲ၊ ကောင်းသွားမှာပါ၊ ဆေးဝါးကုသဖို့ မလိုပါဘူး"

"သိပ်မဖြစ်ဘူးပေါ့"

"မဖြစ်ပါဘူး"

"မဖြစ်ရင်တော့ ဆရာ့အိမ်ကို ခဏလိုက်ခဲ့ပေးပါ"

"ဆရာဆိုတာ"

"သူဌေး ဦးတံခွန်ကို ပြောတာပါ"

"ကျွန်မအလုပ်ရှင်မှ မဟုတ်ဘဲ"

"ဆရာ ... အရမ်းနေမကောင်း ဖြစ်နေပါတယ်"

"ရှင်"

"အဖျားတစ်ရှာလေးတောင်ရှိလို့ နာ့စ်တွေ ရေခဲတင်နေရပါတယ်၊ ဆေးခန်းက ဆရာဝန်တွေက ဆေးရုံတက်ဖို့ ပြောနေပါတယ်"

"အို ... ချက်ချင်းကြီး ဘယ်လိုဖြစ်သွားတာလဲ"

"ညက ရေချိုးမှားတယ် ထင်တာပဲ၊ ရေချိုးခေါင်းလျှော်ပြီး မသုတ်မိဘူးတဲ့၊ အခန်းက အဲယားကွန်းနဲ့ဆိုတော့ သန်းခေါင်ကျော်ကစပြီး ဖျားတာ"

"သတိမှ ရရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"သတိတော့ရတယ်၊ မှာစရာရှိလို့ မနော်ဟရီ နေမကောင်းရင်လည်း ဆေးခန်းပြပါ၊ နေကောင်းရင်လည်း ဆရာနဲ့လာတွေ့ပါတဲ့"

မထနိုင်လျှင်တောင် ကပ်နှင့်ထမ်းချသွားမည့် သစ္စာရှိတပည့်ကျော်သည် မလိုက်ပါဘူးဆိုလျှင် ကြိုးနှင့်တုပ်၍ မွေ့ချီသွားမှာလား စိုးရိမ်ရသည်။ မနော်ဟရီ ကိုယ်တိုင်ကလည်း လိုက်ချင်ပါသည်။

အခန်းထဲ ပြန်ဝင်သည်။

မှူလက ထူထူမည်းမည်း မျက်ခုံးအပြားကြီးကို ပါးကျဲအောင် သေးမျှင်အောင် ဟိုနားသည်နား နည်းနည်းပါးပါး ကွက်နုတ်ထားသည့် မျက်ခုံးမွေးမှိန်မှိန်ကိုကြည့်၍ သက်ပြင်းမောကိုချဖြစ်၏။ ခါတိုင်း မိတ်ကပ်လိမ်းလျှင် မျက်ခုံးမွေးမခြစ်တော့ဘဲ အပေါ်က ကြိုက်နှစ်သက်သည့်ပုံကိုပဲ ပုံစံချ၍ ဆွဲလိုက်သည်။ ခုတော့ အောက်ခံမျက်ခုံးကို မိတ်ကပ်နှင့်ဖုံးဖို့ အချိန်မရသလို မိတ်ကပ်လိမ်းရမည့် ခရီးလည်းမဟုတ်ပါ။ ဘလိတ်ဓားကိုဆွဲကာ လက်ကျန်မျက်ခုံးမွေးအားလုံးကို ရိတ်ချပစ်လိုက်တော့သည်။ ကမန်းကတန်းလုပ်ရသည်မို့ အရေပြားတောင်စပ်သည်။ မျက်ရည်ကျချင်၏။ ရှိပါစေတော့။

မျက်နှာပေါ် အောက်ခံကရင်မ်ပါးပါးတင်၊ တို့ဖတ်ရိုက်၊ မျက်ခုံးကို ခါတိုင်းဆွဲနေကျပုံစံအတိုင်း နှာခေါင်းထိပ်မှာကြီးကြီးလုံးလုံးနှင့် အဖျားရှူးပြီး နားထင်စပ်ဆီသို့ တန်းတန်းကော့ထောင်တက်သွားသည့် ပုံစံဆွဲချလိုက်သည်။ မျက်ရစ်မည်းမည်းကြီးကြီးဆိုး၍ မျက်ဝန်းအိမ် ကျယ်သွားအောင် ပြုပြင်သည်။



နှုတ်ခမ်းနီပါးနီ မတင်တော့ပါ။ ဘိုကေသာသာ ဆံပင်လေးပေါ်မှ ခါတိုင်းဆောင်းနေကျ ဆံပင်တုကိုစွပ်၏။ ဆံပင်အားလုံးကောက်ကောက်လိမ်လိမ်နှင့် ဦးရေဖျားမှာ ကပ်နေသည်။ အဲဒါတွေကြားထဲကမှ ဟိုတစ်ချောင်းသည်တစ်ချောင်း၊ ဟိုနားသည်နားက စုစုပေါင်းမှ ဆယ်ချောင်းလောက် ခွေကာလိမ်ကာ နွယ်ရှည်ကျနေ၏။

တယ်လီဖုန်းထွက်ဆက်ကတည်းက လဲထားသည့် ကျိုးဥရောင် တီရှပ်ဖားဖားနှင့် ရှမ္မိုင်အနက်ပြောင်စိုစို လုံချည်တို့ကို မလဲဖြစ်တော့ပါ။ မှန်ထဲမှာကြည့်တော့ မနော်ဟရီ့ပုံစံက တော်တော်လေး ကိုးရိုးကားရား ဖြစ်နေသည်။ ဆံပင်နှင့်မျက်ခုံးက ခေတ်ရှေ့ပြေးလျက် အင်္ကျီနှင့် လုံချည်က ရိုးရိုးသား မပြောင်မရောင်မို့ မလိုက်မဖက် ရှိလှသည်။ မျက်နှာကျတော့လည်း ပြောင်သာသာရယ်လေ။

ဘာပဲဖြစ်ဖြစ် နဂိုရှိသူကတော့ နဂိုင်းထွက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ရာ့နှစ်ထိ ဆင်းသွားပြီ၊ သူက ဆေးရုံမတက်ချင်ဘူး ပြောနေတယ်၊ ဒီတိုင်းဆိုရင်တော့ ရပါပြီ"

စည်သူက မနော်ဟရီ့ကို ခုမှမြင်ဖူးသူမို့ ပြုံးပြုံးကြည့်နေ၏။ စောနောင်က ရှင်းပြနေရသည်။

"အေးလေ ... ဒီမှာလည်း ဆရာဝန်က နှစ်ယောက်၊ နာ့စ်လည်း တစ်ယောက်ရှိနေပြီ၊ ဘာလိုလို့လဲ"

ဦးအောင်ကြိုင် ရောက်နေသည်။ ဦးဥက္ကာ၏လူယုံမို့ တံခွန့်အပေါ် ဦးလေးသားချင်းလို စောင့်ရှောက်ဖို့ တာဝန်ကျနေသူဖြစ်၏။ သူက တံခွန့်ကို အလိုလိုက်ချင်သည်။ မနော်ဟရီက ဘာကြောင့်မှန်းမသိ၊ တံခွန့်ကိုကြည့်၍ ငိုချင်နေ၏။

သူ့ကို ခြေသလုံးလေး၊ ခြေဖဝါးလေး နှိပ်ပေးချင်သည်။ မျက်ခုံးရိုးလေး၊ နားထင်ကြောလေး ထောက်ပေးချင်သည်။ လူကြီးသူမနှင့်နေ၍ လူကြီးသူမကို ပြုစုခဲ့ဖူးသူမို့ အဲသည်လိုလူနာအကြိုက် အပြုအစုကလေးတွေ မနော်ဟရီ လုပ်တတ်ပါ၏။ တံခွန် မျက်ကြောစင်းစင်းချကာ မနော်ဟရီကို လှမ်းကြည့်နေသည်။

"မသေတာ ကံကောင်း"



မသေနိုင်မှန်း သေချာသည်မို့ စ,နိုင်နောက်နိုင်ဖြစ်ကြ၏။

"ဘာထွင်တာလဲကွာ"

"မေ့သွားလို့ပါ၊ ခေါင်းသုတ်ဖို့လည်း မေ့တယ်၊ အဲယားကွန်းပိတ်ဖို့လည်း မေ့တယ်"

တံခွန် ဖြည်းဖြည်းပြော၍ ယဲ့ယဲ့ပြုံးသည်။ အပြုံးလေးကိုမြင်ရမှ မနော်ဟရီ့ရင်ထဲ ငြိမ်းရလေ၏။

"ဘာမှန်တာလဲ"

တံခွန် လက်ကိုင်ပဝါနှင့် မြန်မြန်အုပ်၍ ဟပ်ချိုးဟုချေလိုက်သည်။

"ညကတော့ ဘာမှန်တယ် မသိဘူး၊ ခုတော့ နှာမှန်နေတာ၊ မတွေ့ဘူးလား"

ဆရာဝန် သူငယ်ချင်းနှစ်ယောက် ရယ်စရာတွေပြောရင်း ဦးအောင်ကြိုင်ကို လက်ကုတ်၏။ နာ့စ်ကို မျက်စပစ်၏။ သူတို့အားလုံး နားလည်ကြပါပေသည်။ အလှိုအလှိုနှင့် ကြက်ပျောက်ငှက်ပျောက် ပျောက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



"နေမကောင်းလို့ဆို"

လောလောဆယ် အဖျားတစ်ရှာနှစ်သမားက သတင်းပြန်မေးနေ၏။

"နည်းနည်းပါ၊ ဆရာ ဘယ်လို ဖြစ်သွားတာလဲ၊ စိတ်ပူလိုက်တာ"

တံခွန် ယှဲ့ယှဲ့ပြုံးပြန်သည်။

"လက်ခံဖို့ စိတ်မကူးသေးဘူးလား"

မနော်ဟရီ မေးတာကိုမဖြေဘဲ သူမေးချင်တာပဲ မေးသည်။

"မစဉ်းစားရသေးတာပါ"

"ခုချက်ချင်း ဆုံးဖြတ်လိုက်တော့လေ"

မနော်ဟရီ ရင်ထဲမှာ စစ်ခနဲတောင်ကျဉ်၏။ လှိုက်ဆို့ကာ အသက်ရှူဖောင်ကျပ်သည်။ ကြေကွဲဝမ်းနည်းခြင်းတွေ ရင်မှာ လှိုင်းထန်၏။ လှိုက်ခုန်လာသည့်ရင်ကို မထိန်းနိုင်ပါ။ မောမောလျှလျှ ရှိုလှပါဘိ။

"မဖြစ်နိုင်ပါဘူး ဆရာ"

အံကြိတ်၍ ပြောချလိုက်သည်။



"ဆရာ နေမကောင်း ဖြစ်နေတုန်းမှာ ငြင်းရတာ အားနာပါတယ်၊ အဲဒီအချိန်မှာ အနှောင့်အယှက်ဖြစ်မယ့်စကားကို မပြောချင်ပါဘူး၊ ဒါပေမဲ့ ကျွန်မ ငြင်းပါတယ် ဆရာ"

"ဘာဖြစ်လို့လဲ"

အငြင်းခံရသည့် တံခွန်၏မျက်နှာက ဖျားလက်စနှင့်မို့ နီရဲကာ ပျက်စီးပြီးသားပါ။ ကိုယ့်စိတ်နှင့်ကိုယ် ငြင်းဆန်သည့် မနော်ဟရီက မျက်စိမျက်နှာပျက်နေသည်မှာ ဆန်းသည်၊ ငိုချမိတော့မလောက်ကို ပျက်ပျက်စီးစီး ရှိုလှသည်။ တံခွန်က မနော်ဟရီကို ငေးစိုက်ကြည့်နေ၏။ မနော်ဟရီက မျက်နှာမော့၍ ခေါင်းလွှဲထားသည်။

"တို့နဲ့ မမေ သဘောတူတဲ့ ဆရာဝန်မ လက်ထပ်သွားပြီဆိုတာရော သိလား"

တံခွန်က ထပ်ပြောသည်။

"တို့မျက်နှာကို ကြည့်ပါလား၊ ရဲရဲဖြေပါ၊ တို့က ဘယ်လို အကျပ်ကိုင်နိုင်မှာလဲ၊ တို့ကို ဘာဖြစ်လို့ လက်မခံတာလဲ"

"ကျွန်မ မချစ်လို့ပါ"

မနော်ဟရီ အောက်နှုတ်ခမ်းကို ကိုက်ပစ်လိုက်သည်။ ငိုချလိုက်ချင်၏။ ငိုချင်တာမှ အကျယ်ကြီးကို အော်ဟစ်ငိုပစ်လိုက်ချင်တာပါ။ မျက်လုံးအိမ်ကိုလည်း ပိတ်ပင်တားဆီးမနေချင်တော့ပါ။

ရင်ထဲဆန္ဒအတိုင်း မဆောင်ရွက်နိုင်တဲ့ ဘဝပါလားကွယ်။

"ဘာလို့ငိုတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေက စီးကျသွားခဲ့ပြီ။ ထိန်းမရတော့ပါ။ သည်တစ်ခါ မိတ်ကပ်မရှိသည်မို့ မိတ်ကပ်တော့ မကွက်ပါ။ မျက်လုံးပတ်ဝန်းကျင် မျက်ရစ်တစ်လျှောက်မှာ ဆိုးခဲ့သည့် လိုင်နာအမည်းတွေ မျက်ရည်နှင့် ပျော်၍ပျက်ကုန်၏။ ပိုက်ဆံအိတ်ကို ဖွင့်၍ လက်ကိုင်ပဝါထုတ်ကာ သူ့ရှေ့မှာပဲ သုတ်ရသည်။

"ကျွန်မအဲတွက် တစ်သက်တာ အားကိုးရမယ့် လူကောင်းတစ်ယောက်ကို မချစ်နိုင်တဲ့ ကျွန်မရဲ့မိုက်မဲမှုအတွက် ငိုတာပါ"

"မမိုက်နဲ့တော့လေ"

မနော်ဟာရီ့အင့်ခနဲ ရှိုက်လိုက်သည်။ သည်းသည်းနိုက်နိုက်ကိုပဲ ငိုပစ်လိုက်တော့သည်။ ငိုရင်း ငိုရင်းက ပုံကျလာသည်။ ခုတင်ဘေး ကုလားထိုင်ပုကလေးပေါ်တွင် ထိုင်နေလျက်က တံခွန့်ခုတင်ပေါ်သို့ လက့်ဝါးတင်၊ လက်ပေါ်မျက်နှာအပ်၍ ငိုပစ်လိုက်တော့သည်။ တသိမ့်သိမ့် ရှိုက်သည်။ တံခွန်က ဘာမျှ မပြောဘဲ ငေးလို့ပဲ ကြည့်နေလိုက်သည်။

သူ ငိုရှာပါစေ။

မနော်ဟာရီ ငိုရှိန်ကိုတန့်၏။ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်စွမ်းမရှိသည့် မိန်းမအဖြစ် အပြစ်တင်သည်။ ငိုချင်တာ အောင့်ထားနိုင်ရမယ်လေ။ တစ်ဖက်သားက အရမ်းဖျားနေတာ မဟုတ်လား။ လူမမာခုတင်မှာ မျက်နှာအပ်၍ ငိုသည်ဆိုတော့ အတိတ်နိမိတ် ကောက်တတ်သူသာဆိုလျှင် စိတ်ဆိုးလိုက်မယ့် ဖြစ်ခြင်းလေ။

"ကျွန်မကို ခွင့်လွှတ်ပါ"



မျက်ရည်လက်ကျန်အားလုံးကို သိမ်း၍ စိတ်ကိုပါ ဒုံးဒုံးချ၍ တင်းလိုက်သည်။ နှုတ်ခမ်းကို တင်းတင်းစေ့၏။

"မင်းအဖြေကို ပြင်ဦးမလား"

"မပြင်တော့ပါဘူး"

"တို့ သိပ်ချစ်တာကိုရော ယုံလား"

"ယုံပါတယ်"

"တို့ကိုမချစ်နိုင်ရင်တောင် တို့မှာလိုအပ်နေတဲ့ အကူအညီကို ပေးဆပ်ရတဲ့အနေနဲ့ တို့ဘဝထဲ ဝင်မလာနိုင်ဘူးလား"

"ဆရာ့မှာ အားလုံးပြည့်စုံနေပါတယ်"

"ဒီမှာ ကြည့်ပါဦး"

တံခွန် ခြုံထားသည့် ချည်စောင်ပါးလေးကို တစ်ဖက်သို့ ဆွဲချလိုက်သည်။ ဘောင်းဘီရှည်ဝတ်ထားသည့် ခြေထောက်နှစ်ချောင်းပေါ်လာ၏။ တစ်ဖက်က ပြည့်ပြည့်တင်းတင်း၊ တစ်ဖက်က ပြားကပ်နေ၏။

"ဟင်"

မနောဟာရီ လက်တစ်ဖက် ဘောင်းဘီပြားကပ်ပေါ်သို့ ရောက်သွားသည်။

"အို ... ဖြစ်မှ ဖြစ်ရလေ"

ခြေထောက်တစ်ချောင်း ဒူးဆစ်အပေါ်နားမှစ၍ ငုံးတိတိကို ပြတ်နေတာပါလား။ ဖြစ်မှဖြစ်ရလေ၊ ဖြစ်မှဖြစ်ရလေခြင်းကွယ်။ ကံဆိုးလှချည်လား။ အရာရာပြည့်စုံတဲ့သူရဲ့ မတန်မရာချို့ယွင်းချက်ကြီးပါလား။ ကျွန်မ ဘာလုပ်ပေးရမလဲ။ ဘယ်လိုကူညီရမလဲ။ ကျွန်မ ခြေတစ်ဖက်ကိုဖြတ်ပြီး အဲသည်မှာ အစားထိုးတပ်ဆင်ပေးရမလား။

www.burmeseclassic.com

www.burmeseclassic.com



မကြည့်ရက်ဘူး၊ မမြင်ရက်ဘူး။

စောင်ကို ခပ်ခနဲ ဆွဲဖုံးပစ်လိုက်သည်။ ကိုယ်ကို ရှေ့သို့ကိုင်း၍ တိုးကပ်လိုက်သည်။ တံခွန့်ကို တဝကြီးငေးကြည့်ပစ်လိုက်သည်။ တံခွန်ကလည်း ပြန်ကြည့်သည်။ အကြည့်ငေးကြီးနှစ်ခု ကြာရှည်ကြာမျှ ဆုံစည်းသည်။ နှလုံးသားထဲမှစကားတွေကို ဖလှယ်ကြလေ၏။

"တို့နားမှာ အဖော်အဖြစ် နေမပေးနိုင်ဘူးလား၊ တို့မတန်မရာ တောင်းဆိုမိသလိုများ ဖြစ်သွားလားကွာ"

တံခွန့်အသံက တိုးတိမ်၏။ မနော်ဟာရီ မချိမဲ့နှင့် နာကျင်ကြေကွဲစွာ ပြုံးလိုက်သည်။

"ကျွန်မရဲ့ခြေထောက်တစ်ဖက်ကို ဖြတ်ပြီးတော့ အစားထိုးတပ်ဆင်ပေးချင်တာပါ"

တံခွန်က ဘေးနားမှာရှိနေသေးသည့် နောက်ထပ်ချည်စောင်ပါးတစ်ထည်ကို လှစ်ပြပြန်၏။ တံခွန် သုံးစွဲနေကျခြေတုတစ်ဖက်။

"အို ..."

မနော်ဟယ်ရီ မမြင်ရက်လွန်းသည်မို့ စောင်ကိုဆွဲဖုံးပစ်လိုက်ရပြန်သည်။ မျက်နှာကိုမော့၍ အနိုင်နိုင်တင်းသည့်ကြားမှ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် စီးသွန်ကျတော့သည်။

"တို့နဖူးကို စမ်းကြည့်မလား"

မနော်ဟာရီ ရှေ့သို့ထပ်တိုး၍ နဖူးပေါ် လက်တင်ကြည့်သည်။

"အရမ်းပူတာပဲ"

BURMESE CLASSIC .com



တံခွန့်နဖူးပေါ်မှာရှိနေသည့် မနော်ဟာရီ၏လက်ကို တံခွန်က သူ့လက်ဖြင့် ထပ်ဆင့်အုပ်မိုးထားလိုက်သည်။

"တော်တော်ဖျားနေတာပဲ"

ရှိုက်သံတစ်ဝက်နှင့် ပြောဖြစ်၏။ တံခွန့်ကိုယ်ပူများက မနော်ဟာရီ၏ နှလုံးသားထဲသို့ သောကဝေဒနာပူအဖြစ် ကူးစက်တော့သည်။

"တို့ကိုချစ်ပြီလား"

တံခွန် မျက်စိမှိတ်ပြုံးနှင့် တိုးတိုးဖွဖွလေးမေးသည်။ အဖြေကို နားလည်ပြီးသား ဖြစ်နေ၏။

"ဟိုး ... အစောကြီး၊ အကြာကြီး၊ အဝေးကြီးကတည်းက အရမ်းချစ်ခဲ့တာပါ ကိုကိုလေးရယ်"

မနော်ဟာရီ၏ လက်ဖျားလေးကို တံခွန်က လက်နှစ်ဖက်လုံးနှင့် ဆွဲယူဖျစ်ညှစ်ရှာ၏။ ခုတော့ တံခွန် မျက်စိဖွင့်လိုက်ပြီလေ။

"အတိတ်မေ့ရောဂါ ပျောက်ပြီလား"

"ဆိုးလွန်းတဲ့ အတိတ်ကို သတိမရချင်လို့ တမင်မေ့ထားတဲ့ ဝေဒနာပါ"

"ကြီးမေကော"

"ဆုံးရှာပြီ၊ ခုနေတာက အိမ်ရှင်အဘိုးကြီးအဘွားကြီးနဲ့ပါ၊ ကြီးမေက အဲဒီအိမ်မှာပဲ ဆုံးပါတယ်၊ ကျွန်မမှာလည်း အားကိုးမရှိလို့ မိဘလိုပဲ သဘောထားပြီး နေလိုက်တာ"

"မျက်ခုံးမွေးတွေ နမြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရိတ်ထားတာပဲ၊ ပြန်ပေါက်မှာပါ"

"ဆံပင်အတုကြီးနဲ့ မအိုက်ဘူးလား"

ဂြိုဟ်မ ဆံပင်တုကို ဆွဲဖြုတ်သည်။

"ပထမဆုံး စတွေ့လိုက်ကတည်းက မှတ်မိတယ် သိလား၊ အသေချာကြီး အခိုင်လုံကြီးတော့ မဟုတ်ဘူးပေါ့"

"ဦးအောင်ကြိုင်ကြီးတောင် မသိဘူး၊ မျက်ခုံးက မျက်နှာပုံစံကို သိပ်ပြောင်းလဲတာ"

BURMESE CLASSIC .com

"သိပ်မကြာခင်မှာပဲ သေချာသွားတယ်၊ နောက်မှဖတ်ဆိုတဲ့ စာအိတ်လေး ပါလား"

"ဟုတ်ကဲ့"

ဂြိုဟ်မ သူ့လက်ကိုင်အိတ်ကိုဖွင့်၍ မဖတ်ရသေးသည့် စာအိတ်ကိုထုတ်သည်။ ဖွင့်ဖတ်၏။

"မနော်ဟရီ ... ဆိုတဲ့ နှောင်ကြိုးမလေးကို သိပ်ချစ်တယ်။ ဒုက္ခိတကြီးကို ပစ်မထားပါနဲ့"

စာကလေးက တို၏။ "ကိုကိုလေးရယ်"ဟု ရေရွတ်ကာ တံခွန့်လက်မောင်းတစ်ခုလုံးကို ဆွဲယူဖက်ထားလိုက်မိတော့သည်။ မနော်ဟရီ အရမ်းငြင်းချင်နေရင်တောင် သည်စာလေးတစ်ကြောင်းကြောင့် မငြင်းရက်နိုင်တော့ပါဘူးရှင်။ ကိုကိုလေးဆီက အကူအညီကိုယူပြီးတော့သာ ဒုက္ခဂြိုဟ်ဆိုးတွေ မမျှဝေချင်တာပါ။ ကိုကိုလေးမှာ လိုအပ်လစ်ဟာနေပြီ ဆိုတာမျိုးနဲ့ ကြုံရရင် ဂြိုဟ်မဆိုတဲ့ နှောင်ကြိုးလေးက ပေးဆပ်ဖြည့်ဆည်းခြင်းနှင့် ထာဝရပါရမီဖြည့်ချင်သူပါ ကိုကိုလေးရယ်။



"ခြေထောက်မကောင်းတာ လုံးဝမသိဘူး၊ လမ်းလျှောက်တာ သိပ်နေးသွားတယ်လို့တော့ ထင်မိတယ်၊ ဒါလည်း စိတ်မကောင်းဖြစ်နေတဲ့အချိန်မို့ ဖြည်းဖြည်းလှုပ်ရှားတာပဲလို့ ထင်တာ"

"မြန်မြန်လျှောက်ရင် ဆတ်တောက် ဆတ်တောက်နဲ့ ထော့နဲ့ ထော့နဲ့ ဖြစ်ချင်တယ်၊ ခြေတုက ဟိုမှာကတည်းက လုပ်လာတာဆိုတော့ တော်တော်လေးတော့ အသားကျပြီး ဖြည်းဖြည်းလျှောက်ရင် မသိသာဘူး"

"ကိုကိုလေးကသာ ကျွန်မကို သိနေတယ်၊ ကျွန်မက ကိုကိုလေးခြေထောက်အကြောင်း မသိဘူး၊ ကျွန်မညံ့တယ်နော်"

"ညံ့ညံ့လေးမှ ပိုချစ်တယ်၊ တို့ကို ပိုအားကိုးတာပေါ့၊ တို့က အားကိုးခံချင်တယ်"

"ကျွန်မက ဘဝလုံးပုံပြီးအားကိုးမယ့်သူ တစ်ကောင်ကြွက်ပါ"

"မင်္ဂလာဆောင်ဖိတ်စာရိုက်ရင် အဆင်ပြေအောင် ခုကတည်းက နာမည်အရင် ပြောင်းရအောင်နော်"

"ကိုကိုလေးသဘောပါ"

"မနှောင်ကြိုးခင်ဆိုရင် ကြိုက်လား"

"ကြိုက်ပါတယ်"

နှောင်ကြိုး တခစ်ခစ် ရယ်လိုက်သည်။ မျက်ရည်တွေခြောက်ကုန်၏။ ရင်ထဲမှာ အရမ်းပျော်သွားရသည်။ လစ်ဟာအေးစက် ကျင့်ရှိနေသမျှတွေလည်း ထွက်ပြေး ပျောက်ဆုံးကုန်

www.burmeseclassic.com

www.burmeseclassic.com



ကြပါပြီ။ ရင်ထဲမှာ လိုအပ်လျက်ရှိသည့် ဟင်းလင်းပြင်ကြီးမှာ အချစ်တို့ဖြင့် ပြည့်သိပ်ဖိတ်လျှံလေ၏။

"ကိုကိုလေးကို ကျွန်မ အရမ်းချစ်တာပဲ"

မေးသူမရှိပါဘဲ ဖြေပစ်လိုက်၏။

"အဲဒါ အရမ်းယုံတာပဲ"

တံခွန်ကရယ်၍ ပြော၏။ ရယ်သံတွေက အခန်းတစ်ခုလုံးမှာ ဝဲပျံလွှမ်းခြုံနေတော့သည်။

BURMESE CLASSIC .com



ကိုကိုလေးဘေးနားမှာ ကျုံ့ကျုံ့ကလေးထိုင်ပြီး ကျွန်မရဲ့ လွင့်မျောဘဝကို ရပ်တန့်ပစ်လိုက်တော့မယ်ရှင်။

သူ့နားမှာ နေခွင့်ရရင် ကျွန်မ အရမ်းပျော်နေခဲ့တာပါပဲ။ အပျော်လွန်ပြီး တခစ်ခစ်လည်း ရယ်နေခဲ့ရတာပါပဲ။ ရှိုက်ငင်ငိုကြွေးခြင်းဆိုတာ ကိုကိုလေးနဲ့ ကင်းကွာမှ ကျွန်မဆီရောက်လာကြမှာ။ ကိုကိုလေးနဲ့ မခွဲတော့ဘူး ကိုကိုလေးရယ်။ ရေမှုရေချမ်း ကမ်းလှမ်းပြီး တစ်သက်လုံး ပါရမီဖြည့်တော့မယ်။

ကိုကိုလေးက ပြောပါတယ်။ "ဂြိုဟ်ဆိုး"ဆိုတာ အလကားတဲ့။ ဘယ်သူက "ခိုက်"တယ်၊ ဘယ်ဝါက"ဂြိုဟ်မွှေ" တယ်ဆိုတာ မရှိဘူးတဲ့။ လူသားတိုင်းဟာ ကံ ... ကံ၏အကျိုးကို ခံစားစံစားကြရတာပဲတဲ့။ အယူသီးခြင်းဟာ ဘုရားဟောမဟုတ်ဘူးတဲ့။ တစ်နေ့ တစ်နေ့ သုသာန်မှာ လာရောက်သင်္ဂြိုဟ်နေကြတဲ့ အသုဘတွေဟာ သေနေ့စေ့လို့ ကံကုန်ကြတာတဲ့။ အဲသည်လူတွေ အသက်သေကြတာကော ဘယ်သူဂြိုဟ်မွှေတာလို့ ပြောရမလဲတဲ့။

ဖြစ်ချိန်တန်ရင် ဖြစ်တယ်တဲ့။

ပျက်ချိန်တန်ရင် ပျက်တယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အမိပွာယ်မဲ့ စွဲလမ်းခြင်းဟာ ဝေဒနာတဲ့။ တရားတွေလည်း ဟောပါတယ်။ ယုတ္တိယုတ္တာတွေနဲ့လည်း နိုင်လုံစေပါတယ်။ “ဂြိုဟ်မ”ဆိုတဲ့ အစွဲအလမ်းကိုလည်း ချွတ်ပါတယ်။ ကျေးဇူးရှင် ကိုကိုလေးရယ်။ ကျွန်မ ချစ်အားကိုးစိတ်တွေရဲ့ထုထည်၊ အတိုင်းအဆကို ပြောလို့လည်း မပြတတ်တော့ပါဘူးရှင်။

ကိုကိုလေး ကျွန်မကို စိတ်ဆိုးလို့ ဆူရင်၊ မာန်ရင်၊ ရိုက်နှက် ကန်ကျောက်ရင်တောင် အပြုံးမပျက် ပြုစုတော့မယ်။ ဒုက္ခိတကြီးကို ပစ်မထားပါနဲ့ဆိုတဲ့ စကားကို မကြားရက်နိုင်လွန်းလို့ နောက်ကို ဘယ်တော့မှ မပြောပါနဲ့။ ကျွန်မ ကိုကိုလေးချစ်တဲ့၊ ကိုကိုလေးကို အလွန်ချစ်တဲ့ ကျွန်နှင့်တူသောဇနီးမယားတစ်ယောက်ရဲ့ဘဝမှာ တစ်သက်လုံး ပျော်တော့မယ် ကိုကိုလေးရယ်။

သံယောဇဉ်နှောင်ကြိုးတွေနဲ့သာ ကျွန်မကို “တွယ်တာရစ်နှောင်ဖွဲ့”တော့နော် ...။

စာချစ်သူတိုင်းကိုချစ်တဲ့

နေနွယ်ဇင်မြင့်

BURMESE CLASSIC .com

www.burmeseclassic.com